
http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။




စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | ➾ | ၁၉၅၂ ၂၀၀၃ (၁၂) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ➾ | ၇၅ ၂၀၀၄ (၁) |
| ထုတ်ဝေခြင်း | ➾ | ၂၀၀၄ ခုနှစ်၊ မတ်လ၊ ပထမအကြိမ် |
| အုပ်ရေ | ➾ | ၅၀၀ |
| တန်ဖိုး | ➾ | ၇၀၀ ကျပ် |
| အဖုံးဒီဇိုင်း | ➾ | ဘိုဘိုထွန်း |
| ကွန်ပျူတာစာစီ | ➾ | စံကွန်ပျူတာ |
| ထုတ်ဝေသူ | ➾ | ဒေါ်သင်းသင်းအ (ယာယီ- ၀၅၆)<br>ပုညခင်စာအုပ်တိုက်<br>တိုက် ၆၁၊ အခန်း ၁၁၊ ကမ္ဘာအေးဘုရားလမ်း<br>(ပါရမီလမ်းထောင့်) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | ➾ | ဒေါ်ခင်ခင်ဝင်း<br>ကလျာပုံနှိပ်တိုက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ်သူ | ➾ | ဦးမြသိန်း<br>သိန်းမြင့်ဝင်းပုံနှိပ်တိုက်<br>၄၆၊ ၁၁လမ်း၊ ရန်ကုန်မြို့။ |

www.foreverspace.com.mm



http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m

ဆောင်းဦးရာသီမှာ . . .
သစ်သီးလေးတစ်လုံး ရှိတယ် . . . ။
ဒီသစ်သီးကို စားမိပြီးတဲ့နောက်
အထင်ကြီးမှု မရှိဘူး . . .
ကြောက်ရွံ့မှုတွေ မရှိဘူး . . .
ယှဉ်ပြိုင်မှုတွေ မရှိဘူး . . .
ဆန္ဒတွေ မရှိဘူး . . .
ဘာမသိ ရင်ခုန်ခဲ့တဲ့
အချစ် တစ်ခုပဲ လိုတယ် . . . ။

အပိုင်း (၁)

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/






မမကျော့ရဲ့ အသက်သုံးဆယ်ပြည့်ပြီး နောက်တစ်နေ့တွင် မေမေက စကား စ,လာပါသည်။

"နောက် သုံးနှစ်လောက်ဆိုရင်… အချိန်က တော်တော်ကို နှောင်းသွားပြီ မမကျော့၊ ရဖို့ မရဖို့ဆိုတာ မသေချာတော့ဘူး၊ အခုတောင် အချိန်နည်းနည်း နှောင်းနေပြီ၊ ပြီးတော့…ကိုယ့်ရုပ်ရည်က သိပ်လှတာလည်း မဟုတ်"

မမကျော့သည် မေမေ့ စကားကို ကြားတော့ ကြားသားပင်။ သို့သော် မေမေ ဘာကိုရည်ရွယ်ပြောနေမှန်း မသိ။ ဘယ်သူ့ကို ဦးတည်ပြောနေမှန်းမသိ။ ကိုယ့်ဘာသာ ဖတ်လက်စ စာအုပ်ထဲမှာသာ အာရုံစိုက်လျက်သား။

"နောက် သုံးနှစ်လောက်ဆို အရွယ်ကလည်း မသိမသာ ကျလာပြီး၊ ကံဆိုးရင် မဆန့်မပြဲ ဝ,လာဦးမယ်၊ ကိုယ့်ဘာသာ ဘယ်လောက်တော်တော် … ဘယ်လောက်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ပညာတတ်တတ်… အသက်ကြီးကြီး ဝဝ၊ ဖိုင့်ဖိုင့် အမျိုးသမီးဖြစ်နေရင် ဘယ်ယောကျ်ားက ယူချင်ပါဦး မလဲ"

အင်း… မေမေ ဘာပြောနေပါလိမ့်။ မေမေ့အသံက မမရဲ့ အာရုံထဲ ထင်ထင်ရှားရှား တိုးဝင်လာတာမို့ မမ နည်းနည်းတော့ လှုပ်လှုပ်ရှားရှား ဖြစ်လာရပါသည်။

"အဲဒါကြောင့်… ပညာတတ်တဲ့၊ ထက်မြက်တဲ့ မိန်းမတွေ အပျိုကြီးဖြစ်နေကြတာ၊ ကိုယ်က တော်နေတော့ ဘဝင်မြင့်ပြီး တော်ရုံယောကျ်ားကို စိတ်မဝင်စား… ကိုယ့်လိုတော်တဲ့ ယောကျ်ားတွေကျတော့ သူတို့ထက် ငယ်တာ၊ လှတာလေးတွေကိုပဲ စိတ်ဝင်စားပြီး ကိုယ့်ကျ စိတ်မဝင်စား…"

မေမေ နည်းနည်းတော့ လွန်လာပြီ။ မမကျော်က စာအုပ်ကို စားပွဲပေါ် ဖျတ်ခနဲ ပစ်ချကာ အသင့်အနေအထား ပြင်ဆင်လိုက်ပါသည်။ မမမှာလည်း ခုခံကာကွယ်ပိုင်ခွင့်တွေ ရှိသည်။

"အသက်ပဲ သုံးဆယ်ရှိပြီ… ခုချိန်ထိ ကြေး(ကျိုး)များ ကောင်းတုန်း… မိန်းမဖြစ်ပြီး ကိုယ့်အိမ်ထောင်လေးနဲ့ ကိုယ် မိန်းမ ပီပီသသ နေမယ်ဆိုတာမျိုး ခေါင်းထဲ



ထည့်မထားတာများ အံ့ဩပါရဲ့၊ သူ့ကိုယ်သူ ဆယ်ကျော်သက်ကလေး မှတ်နေသလား မသိဘူး၊ ခုချိန်ထိ ပေါ့ပေါ့ ပါးပါး နေချင်တုန်း"

ဒါ…မမကျော်ကို ပြောတာဆိုတာတော့ သေချာသွားပါသည်။ အဲ့ဒါမျိုးတွေကို မမ စိတ်ညစ်ရတာပေါ့။ ကိုယ့်ဘာသာ အေးအေးဆေးဆေးနေလို့လည်း မရ။ မမ အသက်ကို မေမေက လက်ချိုးရေတွက်ပြီး မမ ယောကျ်ား မရမှာကို အချိန်ရှိသရွေ့ ပူပန်နေပါသည်။ မမဖြင့် ကိုယ့်ကိုကိုယ် အသက်ကြီးပြီဟု ဘယ်တုန်းကမှ မတွေးမိခဲ့ဘူးပါ။ အလုပ်လုပ်လို့တောင် အားမရသေးပါ။ မမ ကျားကုတ်ကျားခဲ တည်ထောင်ထားရတဲ့ မဂ္ဂဇင်းတိုက်ထဲမှာသာ မမရဲ့ အချိန်တွေကို မြှုပ်နှံထားခဲ့ရသည်။ အဲဒီအလုပ်ဟာ မမကျော်ကို စိတ်ကျေနပ်မှု အပြည့်အဝပေးသည်။ ပြီးတော့… အယ်ဒီတာချုပ် မမကျော်ဆိုတာ ငယ်ရွယ်ပြီး ထက်မြက်တဲ့ မိန်းကလေးဆိုတာ အားလုံးက အသိအမှတ်ပြုထားပြီးသားပင်။

မမက ကိုယ့်အလုက်ကို ကိုယ်ကျေနပ်ပြီး ကိုယ့်ကိုကိုယ် ယုံကြည်သူဖြစ်သည်။ မမ ဘဝကို မမ အစွမ်းအစဖြင့် အောင်မြင်တင့်တယ်အောင် တည်ထောင်ထားခဲ့တာ။ အဲဒီဘဝကို မမက အလွန်ပင် တန်ဖိုးထားပါသည်။ ဘာဖြစ်လို့

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဒီဘဝကို တော်ရုံလူလက်ထဲ ထိုးအပ်မလဲ။ မမက ခုခံကာကွယ်ဖို့ အသင့်ပြင်ဆင်ကာ …

"မေမေက ဘာတွေကို ဒီလောက် ပူပင်နေရတာလဲ… မေမေရယ်၊ မမဖြင့် ကိုယ့်ကိုကိုယ် အသက်ကြီးပြီလို့ တစ်ခါမှ မစဉ်းစားမိပါဘူး… မေမေ့သမီး ဘယ်လောက်ငယ်သေး၊ နုသေးတယ်ဆိုတာ မေမေလည်း သိသားပဲ၊ မမအရွယ်ကို အသက်ကြီးပြီလို့ မေမေ့ိလို့ ပြောထွက်တယ်"

"နောက်သုံးနှစ်ဆို မသေချာတော့ပါဘူးလို့ ငါပြောပြီးပါပကော၊ အဲဒီအချိန်ဆို ညည်း ဒီလောက်ကြည့်ကောင်းနိုင်ပါဦးမလား… မငယ်တော့တာကိုတော့ ဖုံးဖိမရပါဘူး… ညည်းမှာ ငယ်ဂုဏ် မရှိတော့ပါဘူး"

"မလှတော့ မငယ်တော့ရော ဘာဖြစ်လဲ မေမေရာ…"

"ညည်း… ယောကျ်ားကောင်းကောင်းမရတော့မှာ စိုးရတာပေါ့…"

"မရတော့ရော ဘာဖြစ်လဲ၊ မမ ယောကျ်ားမရလို့လည်း ဘာမှဖြစ်မသွားပါဘူး၊ မမက ကိုယ့်ကိုကိုယ်ပဲ အားကိုးတယ်… အားကိုးအားထားတွေ ဘာတွေလည်း မလိုပါဘူး…"



"မဟုတ်သေးဘူးလေ၊ မိန်းမ တစ်ယောက်တည်း ရပ်တည်လို့မှ မတင့်တယ်တာ … အိမ်ထောင် ဦးစီးတစ်ယောက်တော့ ကိုယ့်ရှေ့မှာ မားမားမတ်မတ် ရှိမှ လူလေးစားမယ် မဟုတ်လား"

"အခုရော… မမကို လူမလေးစားလို့လား"

"ညည်း … စကားကို ကပ်မပြောစမ်းပါနဲ့အေ"

"မမက အိမ်ထောင်မပြုတော့ဘူးလို့ မပြောပါဘူး မေမေရယ်… မမ စိတ်ကြိုက်တွေ့ရင် ပြုမှာပေါ့… ဒီလောက် စိတ်ပူမနေပါနဲ့… အခု မေမေပြောနေတဲ့ပုံက နောက် သုံးနှစ်လောက် ဆိုရင်ပဲ မမမှာ အိုမင်းရွတ်တွ ဝ,ဖိုင့်ပြီး ယူမယ့်သူ မရှိတော့မှာစိုးလို့ အခုကတည်းက ဗွတ်အတင်း ရောင်းနိုင်းနေတဲ့ ကုန်ပစ္စည်းတစ်ခုလို ဖြစ်နေတာကိုး"

"ညည်း စိတ်ကြိုက်က ဘယ်တော့မှ တွေ့မှာလဲ… အိုဒီလောက် ကြေး(ဂျီး)များတာ… တွေ့မှာကို မဟုတ်ဘူး၊ ညည်း ဘယ်သူ့ကိုမှ စိတ်တိုင်းကျမှာ မဟုတ်ဘူး"

"တစ်ကွေ့ကွေ့တော့ တွေ့ဦးမှာပဲ မေမေရယ်…"

မမက ဖတ်လက်စ စာအုပ်ကို ကောက်ကိုင်ရင်း

www.foreverspace.com.mm
www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။

www.foreverspace.com.mm



အေးအေးဆေးဆေး ပြောမိပါသည်။ မေမေက မအေးဆေးနိုင်ဘဲ…

"ညည်း ဘာသာ ညည်းကတော့ တွေ့ပါဦးတော့မလား၊ ဒီမှာ မေမေပြောတာကို နားထောင်… သမီးကို လာပြီး စပ်ကြပဟပ်ကြတဲ့သူတွေ ရှိတယ်… သမီး သူတို့နဲ့ တွေ့ကြည့်ပါလားကွယ်"

"မတွေ့ချင်ပါဘူး… မေမေရယ်"

"တွေ့ရုံကလေးပဲဟယ်… ဘာဖြစ်လဲ… မကြိုက်လို့ ငြင်းလည်း ရတာပဲ"

"မမက စပ်ဟပ်တာတွေကို အကြည့်ခံနေရမယ့် အရွယ်လား၊ ကိုယ့်အစွမ်းအစနဲ့ကိုယ် တွေ့ဆုံချစ်ကြိုက်ပြီးမှ ရွေးချယ်လို့ ရပါသေးတယ်… မမကို ဒီလောက်လည်း အထင်မသေးပါနဲ့"

"ညည်း အဲဒီလိုများ တွေ့လာမလားလို့ ငါ စောင့်နေတာ ဘယ်နှစ်နှစ်လောက် ရှိပြီလဲ မမကျော်၊ ညည်းဘာသာ အစွမ်းအစမရှိလို့ စပ်ဟပ်နေတာတွေကို လက်ခံစဉ်းစားနေရတာပေါ့… ပြောစကား နားထောင်စမ်းပါ"

"မမ စဉ်းစားဦးမယ်"

"စဉ်းစားရင်လည်း မြန်မြန်စဉ်းစား၊ စဉ်းစားရင်လည်း

www.foreverspace.com.mm



ခါးကိုင်းသွားဦးမယ်၊ ခုတောင် စာတွေရေးရ၊ ချုပ်ရ၊ တည်းဖြတ်ရ၊ စာအုပ်တွေဖတ်ရနဲ့ မျက်စိတော့ မှုန်ချင်နေပြီ မဟုတ်လား"

မေမေက ခပ်ငေါ့ငေါ့ပြောပြီး မနားက ထွက်သွားပါသည်။ မမ ပခုံးတွန့်မိရင်း စိတ်ထဲ အီလည်လည်နှင့် ကျန်ရစ်ခဲ့ရသည်။

ကိုယ့်ဘဝကိုယ် ကျေနပ်နေပျော်နေတဲ့ မမဟာ မေမေပြောကာမှ ကိုယ့်ဘဝမှာ လိုအပ်ချက်ကြီးတစ်ခု ရှိပါသေးသလားဆိုတာ စဉ်းစားမိရပါသည်။ မေမေ့တုန်းကတော့ အသက် နှစ်ဆယ်တောင် ကောင်းကောင်း မပြည့်သေးခင် အိမ်ထောင်ကျခဲ့တာဆိုတော့ မမအရွယ်ဟာ ကြီးလှပြီပေါ့။ ဟိုတုန်းကတော့ မိန်းကလေးဆိုတာ ပညာများများ တတ်စရာမလို၊ ငွေ ရှာနိုင်စရာ မလို၊ သားသမီးဘဝမှာ မိဘအရိပ်ကို မှီခို၊ အရွယ်ရောက်လို့ ဇနီးမယားဘဝ ရောက်တော့ လင်ယောကျ်ား အရိပ်ကို မှီခို၊ ဒီလိုမဟုတ်လား။ မိန်းမသားဆိုတာ ရှန်းကန်စရာ မလိုတဲ့ နုနုနယ်နယ် လူတန်းစား တစ်ရပ်လို့ ယူဆထားကြတယ် မဟုတ်လား။

ခုခေတ်မှာတော့ ဒီလိုမဟုတ်ကြတော့ဘူး မေမေ။ မိန်းမတွေဟာ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းနိုင်ကြတယ်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ယောကျ်ားတွေထက်ပိုပြီး စွမ်းဆောင်နိုင်တဲ့ မိန်းမတွေ၊ အရည်အချင်းရှိတဲ့ မိန်းမတွေ၊ မိသားစုကို ဦးဆောင်လုပ်ကျွေးနေတဲ့ မိန်းမသားတွေ အများကြီးမှ အများကြီးပါ။

မမက ယောကျ်ားဆိုတာ ကိုယ့်ဘဝရဲ့ အားကိုးရာတစ်ရပ်အဖြစ် သတ်မှတ်အထင်မကြီးနိုင်သူမို့ မေမေ့ကို စိတ်ထဲက ဆင်ခြင်တွေ ပေးနေမိပါသည်။

မမကျော့ဆိုတာ ကိုယ့်ဘဝကိုယ် ကိုယ့်အစွမ်းအစဖြင့် တည်ထောင်ခဲ့ရသူဖြစ်သည်။ မမ အသက်(၂၀)လောက်ကတည်းက ဘဝကို ရုန်းကန်ခြင်းနဲ့ စ,ခဲ့ရတာပင်။ ဆယ်တန်းအောင်မြင်ပြီးတော့ မမမှာ တက္ကသိုလ်မတက်နိုင်။ အဝေးသင်တက်ရင်းသာအလုပ်ထဲ ခြေစုံပစ်ဝင်ရပါသည်။ စာပေ ဝါသနာပါသော မမက ဂျာနယ်တစ်စောင်မှာ Reporter ဝင်လုပ်ရသည်။ တစ်နေ့တစ်နေ့ ဟိုနေရာ ဒီနေရာ ပြေးရလွှားရ သတင်းယူရ၊ အင်တာဗျူးရတာလည်း ဖတ်ဖတ်မောပါ။ ရိုက်ကွင်းတွေ၊ ကန်တော့ပွဲတွေ၊ မင်းသား မင်းသမီးအိမ်တွေမှာ မမ ခြေရာတွေ ထပ်ခဲ့ရပါသည်။ မတူမတန်သလို အပြောမျိုးတွေလည်း အပြောခံခဲ့ရဖူးပါသည်။ မျက်နှာလည်း ငယ်ခဲ့ရဖူးပါသည်။

မမ ပင်ပန်းတကြီး ရုန်းကန်နေရချိန်မှာ မမ



နဲ့ဘေးမှာ ဖေးမလက်ကမ်းချင်သူတွေ ပေါ်ပေါက်ခဲ့ဖူးပါသည်။

"သမီးကိုကြည့်ရတာ ပင်ပန်းလိုက်တာကွယ်… မိန်းကလေးတန်မဲ့ ပြေးလွှားလှုပ်ရှားနေရတာ… သမီး အကူအညီလိုရင် ဦးကိုပြောနော်"

"အန်ကယ့်ကားနဲ့ အကြိုအပို့ လုပ်ပေးမယ်လေ … သမီးဘတ်(စ်)ကား တိုးစီးနေရတာကို မကြည့်ရက်လို့ပါကွာ"

"မမကျော့ရဲ့ ဘဝကို ပြုစုပျိုးထောင်ပေးမယ့် ဥယျာဉ်မှူးတစ်ယောက် ဖြစ်ခွင့်ရချင်တယ်၊ သူများ လခစားလုပ်ရတာ အောက်ကျပါတယ်ကွာ၊ အလုပ်ထွက်လိုက်ပါ၊ ကိုယ် အရင်းအနှီးထုတ်ပေးမယ်၊ ကိုယ်ပိုင် စီးပွားရေးလုပ်ပေါ့၊ မမ ဘယ်လောက်လိုသလဲသာ ပြောပါ…"

အဲ့ဒီလို အရွယ်စုံ ယောကျ်ားတွေရဲ့ အပြောကို မမက ရယ်တော့ ရယ်ချင်သားပင်။ ပန်းစိုက်တဲ့သူ အများစုဟာ ပန်းမခူးဘဲ နေနိုင်ကြလို့လား။ ဒီယုန်မြင်လို့ သည်ချုံထွင်နေကြတာတွေကို မမ သဘောပေါက်ပြီးသားပင်။ အဲဒီလိုလူတွေကို အထင်သေးရင် ယောကျ်ားဆိုတာ ဒီလိုပါလား။ အသက်အရွယ်မရွေး အိမ်ထောင် ရှိရှိ၊ မရှိရှိ ဖောက်ပြန်တတ်တဲ့

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



သဘောတွေ ရှိတတ်ပါလားဟု သိမြင်လာသည်။ အဲဒီလို သိမြင်လာလေ ယောကျ်ားဆိုတာကို အထင်မကြီးနိုင်လေပင်။ မမကျော့်ဆိုတာ ဘဝကို ကိုယ်စွမ်းကိုယ်စနဲ့ တည်ထောင်မယ့် မိန်းမကွယ့်။

မမက အားတင်းရုန်းကန်ရင်းကပင် အနုပညာ အသိုက်အဝန်းနှင့် ရင်းနှီးလာသည်။ မမရဲ့ ရိုးသားစွာ ရုန်းကန်ခြင်းကို အသိအမှတ်ပြုခံရသည်။ ဒီလိုနှင့် အသိမိတ်ဆွေ ဆရာသမားများထံမှ စာမူတောင်းခံပြီး မမ ထုတ်ဝေသူ ဖြစ်လာသည်။ အဲ့ဒီကမှတစ်ဆင့် မဂ္ဂဇင်းတစ်စောင်ကို ဦးစီး ထုတ်ဝေနိုင်လာခဲ့သည်။ သူများပြောလို့ မရသည့် ကိစ္စကို မမသွားပြောလျှင် အောင်မြင်သည်။ သူများကို လုပ်မပေးနိုင်သည့် ကိစ္စမျိုးပေမယ့် မမဆို လုပ်ပေးချင်ကြသည်။ ငယ်ရွယ် ထက်မြက်ပြီး အရည်အချင်းရှိတဲ့ မမကျော့်၊ ရိုးသားစွာ ဘဝကို ထူထောင်ခဲ့တဲ့ မမကျော့်။ ဒါဟာ မမကျော့်ရဲ့ ဂုဏ်ပုဒ်တွေ ဖြစ်သည်။ ဘယ်ယောကျ်ားကိုမှ မမှီခိုရဘဲ ကိုယ့်ဘာသာ ထူထောင်ထားခဲ့တဲ့ ဂုဏ်ပုဒ်တွေလည်း ဖြစ်သည်။ အဲဒီတော့ ဒီဘဝကို တော်ရုံလူလက်ထဲ မအပ်ချင်တာ ဘာဆန်းသလဲ။

ခုတော့… မေမေ တကျိကျိ တိုက်တွန်းလွန်းတာမို့



အိမ်ထောင်ရေး ကိစ္စကြီးကို မမ ခေါင်းထဲထည့်ထားရပြီ။ မမ စိတ်ရှုပ်ရပြီ။ မမဘဝဟာ အိမ်ထောင် မပြုတဲ့အတွက် မပြည့်စုံ မတင့်တယ် လူစဉ်မမီတော့ဘူးလားဟု စဉ်းစားလာရပြီ။

မမက ရည်းစား မထားဘူးတဲ့ အရိုင်းကလေးတော့လည်း မဟုတ်ပါ။

မမ ပင်ပင်ပန်းပန်း ရုန်းကန်နေရစဉ်က အမောလေးများ ပြေနိုင်မလားလို့ ရည်းစားလေးတစ်ယောက်တော့ ထားခဲ့ဖူးပါသည်။ သို့သော် သိပ်မကြာခင်မှာပဲ အဲ့ဒီ ရည်းစားရဲ့ အသုံးမကျမှုတွေက တစ်ခုပြီးတစ်ခု ပေါ်လာပြီး မမကို စိတ်ပျက်စေသည်။ အားရင် လက်ဖက်ရည်ဆိုင်မှာ အပေါင်းအသင်းတွေနဲ့ထိုင်ပြီး အကျိုးမရှိတဲ့ စကားတွေ ပြောနေတာ၊ သာမန်လခစားဘဝကို ကျေနပ်နေပျော်ပြီး ဘဝတက်လမ်း မရှာတာ၊ စာမဖတ်တာ၊ ဗဟုသုတ ခေါင်းပါးတာ၊ အတွေးအခေါ် နိမ့်တာ၊ ကိုယ့်ရည်းစားဆီက ပိုက်ဆံချေးပြီး ပြန်မပေးတာ၊ အတူတူစားကြသောက်ကြပြီးတိုင်း မမကပဲ ရှိစုမဲ့စု ပိုက်ဆံလေးနှင့် ဒိုင်ခံရှင်းပေးရတာ၊ သူကတော့ အရူးလို အပေါ်လိုလုပ်ပြီး မသိချင်ယောင်ဆောင်နေတတ်တာ။ အမယ်လေး… ပြောရရင် မကုန်သေးဘူး။ စိတ်ပျက်စရာတွေက များမှများ။ ကြာ

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



တော့ မမစိတ်ထဲ စိတ်ပျက်၊ စိတ်ကုန်၊ အထင်သေး အော့ကြောလန်၊ အော်ဂလီဆန်လာကာ လမ်းခွဲပစ်လိုက်သည်။

အဲဒီတော့မှ မမဘဝဟာ အေးဆေးကာ ပုံမှန်ပြန်ဖြစ်လာသည်။ အဲဒီကတည်းက မမကျော့ဟာ ရည်းစားဆို 'ကြောက်ပါပြီ' ဆိုကတည်းကပဲ။ စာအုပ်တွေကသာ၊ မမရဲ့ အလုပ်တွေကသာ၊ မမရဲ့လစဉ်မှန်မှန် ထွက်နေကျ မဂ္ဂဇင်းတွေကသာ မမအတွက် ချစ်စရာအကောင်းဆုံး ရည်းစားတွေဖြစ်ပါသည်။

ရည်းစားဆိုတာကိုတောင် ဒီလောက် ကြောက်နေတဲ့ မမကျော့ဟာ သူစိမ်းယောက်ျားတစ်ယောက်နဲ့ လက်ထပ်ပြီး တစ်သက်လုံး အတူနေသွားရမယ့် ကိစ္စကို တွေးကြည့်ရုံနဲ့ ကြက်သီးမွေးညင်း ထ,ချင်သည်။ ယူပြီးမှ မကောင်းရင် ပြန်အမ်းလို့လည်း မရ။ ဘယ်လိုအပျင့်ပုပ်တွေ သူ့ဆီမှာ ပါလာမှန်းလည်း မသိ။ ကိုယ့်ကို ဘယ်လိုပညာပြမယ်မှန်းမသိ။ ကိုယ့်စည်းစိမ်ဥစ္စာကို ညာဝါးဖြီးဖြန်းယူပြီး တခြား မိန်းမနဲ့ ဖောက်ပြန်သွားရင်လည်း တစ်ဒုက္ခ။ ဘုရားရေ… တွေးကြည့်တာနဲ့တောင် တော်တော် ဦးနှောက်ခြောက်ရပါလား။

❖ ❖ ❖

နောက်နေ့ နောက်နေ့များတွင်လည်း မေမေ့ရဲ့ တိုက်တွန်း နားချသံတွေကို တညံညံ ကြားနေရတော့သည်။ မေမေက စဉ်းစားပြီးပြီလား မေးတိုင်း မမက ခေါင်းခါပြမို့ မေမေ စိတ်တိုလာတာကိုလည်း မမကျော့ ရိပ်မိပါသည်။

"ကြည့်ဖို့လေး စဉ်းစားနိုင်းတာတောင် အိုက်တင်ခံနေတယ်… ကြည့်ဖို့လူတောင် မရှိတော့အောင် ဟိုင်းသွားမှ သိမယ်"

မေမေကတော့ သူ့သမီး မမကျော့ နေ့ချင်းညချင်း အိုမင်းသွားတော့မလို အစိုးရိမ် ပိုနေပါသည်။

တစ်နေ့တွင် … အိမ်ထောင်ပြုတာ သိပ်မကြာသေးသော မမ သူငယ်ချင်း မေသီ အိမ်လာလည်သောအခါ မေမေက စစ်ကူရသလို ဝမ်းသာသွားသည်။ မေသီက ဗိုက်ကြီး

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



တကားကားနှင့် မမတို့အိမ်ထဲ ဝင်လာလာချင်း အော်ကျယ် အော်ကျယ် ပြောသည်မှာ…

"ပြုတော့… မမရေ…ပြုတော့၊ အချိန်နှောင်းရင် ဒုက္ခရောက်လိမ့်မယ်… ခုကတည်းက ပြုတော့…"

ရုတ်တရက်မို့ မေသီ ဘာပြုခိုင်းနေမှန်း မမ စဉ်းစားမရပါ။ မေသီက သူ့ဗိုက်ကို ပွတ်ပြရင်း…

"ဒီအရွယ်မှာ ကလေးတစ်ယောက် လွယ်ထားရတာ မလွယ်ဘူး၊ အသက်နည်းနည်းကြီးလာတော့ သိပ်ဒဏ်မခံနိုင်တော့ဘူး၊ ခါးနာရတာတို့, မအီမသာ ဖြစ်ရတာနဲ့၊ ခပ်ငယ်ငယ်ဆို ကလေးတစ်ယောက် မွေးရတာ ဘာမှ မခက်ဘူး၊ ငါ့ရုံးက စာရေးမလေး တစ်ယောက် အသက် (၂၂)နှစ်နဲ့ ကလေးတစ်ယောက် မွေးလိုက်တာ ထမင်းစားရေသောက်ပဲ၊ ဘာမှ ညည်းညူသံ မကြားလိုက်ရဘူး၊ ဟော…ခု ကလေးက ကြီးလာတော့ သူက အပျိုကလေးလို ပြန်ဖြစ်ပြီး လှတုန်း … နုတုန်း၊ ရုပ်ကလည်း မကျဘူး… မိန်းမ ဆိုတာ အသက် သုံးဆယ်ကျော်လာတာနဲ့ သားသမီးယူဖို့ကအစ အခက်အခဲ ဖြစ်နိုင်တယ်၊ ပြုမယ်ဆို သိပ်အချိန် မနှောင်းခင် ပြုလိုက်တော့ မမရေ… ဒီ့ထက် အသက်ကြီးလေ ဒုက္ခပိုရောက် လေပဲမှတ်…"

www.foreverspace.com.mm



မေမေကတော့ စစ်ကူရသွားပုံနှင့် ကျေနပ်သွားကာ မမကို 'ဘယ့်နှယ့်ရှိစ… ငါမပြောဘူးလား' ဟူသော မျက်လုံးကြီးဖြင့် တစ်ချက် လှမ်းကြည့်လိုက်ပြီး…

"အဲဒါကြောင့် အန်တီက ပြောနေရတာပေါ့ မေသီရယ်၊ မေသီ့ သူငယ်ချင်းကို နားချပါဦးကွယ်၊ အန်တီ ဘယ်လောက်ပြောပြော သင်းက ခေါင်းမာနေတယ်လေ၊ သူက နည်းနည်း ဘဝင်မြင့်နေသလား မသိဘူး… ဘယ်ယောကျ်ားနဲ့မှ သူနဲ့ မတူမတန်တော့သလိုဘဲ၊ အင်မတန် ကြေး(ဂျီး)များတဲ့ သူငယ်မ …"

"သူ ကြေး(ဂျီး)များတာကိုတော့ မေသီ သိပြီးသားပဲ အန်တီ၊ သူနဲ့ Shopping ထွက်ရရင် မေသီ စိတ် သိပ်ညစ်တာပဲ… အင်္ကျီတစ်ထည် ဝယ်ဖို့အရေးကိုတောင် အဖက်ဖက်က စဉ်းစားတော… အရောင် ကြိုက်တော့လည်း ပုံစံမကြိုက်… ပုံစံကြိုက်တော့လည်း ချောင်မလား… ကြပ်မလား…. ကြည့်ကောင်းပါ့မလား၊ အားလုံးကြိုက်တော့လည်း ဈေးကြီးတယ်… မတန်ဘူး ဆိုတာက လာသေး၊ တစ်ထည်ဝယ်ဖို့အရေး တစ်နာရီလောက်ကြာအောင် စဉ်းစားတယ်၊ မဝယ်ဘူး ဆုံးဖြတ်ပြီး အိမ်ရောက်မှ လိုချင်တယ် ဖြစ်ပြန်ရော၊ ဝယ်ပြီးမှ

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



မကြိုက်ဘူးဆိုပြီး တဇွတ်တောက်တောက် ပြောပြန်ရော၊ အင်္ကျီဝယ်ဖို့တောင် ဆုံးဖြတ်ချက်ခိုင်ခိုင် မချရဲမှတော့ အိမ်ထောင်ပြုဖို့ကိစ္စကို မဆုံးဖြတ်ရဲတာ မဆန်းတော့ဘူး၊ အပျိုကြီးတွေများ ဥကိုကျတာ … တွေကို တွေဝေတာ…”

“ဟဲ့…အင်္ကျီဝယ်တာလည်း စဉ်းစားသင့်တာတွေ ထည့်စဉ်းစားရဦးမှာပေါ့… ဝယ်ပြီးမှ အဆင်မပြေရင် ဝတ်လို့လည်း မရဘဲ ပိုက်ဆံကုန်တာသာ အဖတ်တင်တော့ နစ်နာတာပေါ့… ယောက်ျားယူဖို့ ကိစ္စကလည်း အင်္ကျီဝယ်သလိုပဲ… ယူပြီးမှ အဆင်မပြေရင် ကိုယ်ပဲ နစ်နာတယ်”

“ကိုယ်ကြိုက်လို့ ဝယ်ပြီးတဲ့ အင်္ကျီဆိုတာ နည်းနည်းပါးပါး အဆင်မပြေရင် ပြုပြင်သင့်တာ ပြုပြင်ပြီး ဝတ်ရတယ်လေ မမရယ်၊ ပွနေရင် သီလိုက်၊ ပခုံးဆက်တွေ အတိုအရှည်တွေ အဆင်မပြေရင် ပြေအောင် ပြုပြင်ပြီး ဝတ်ရသလိုပေါ့၊ ယူပြီးတဲ့ ယောက်ျားက အဆင်မပြေရင် ပြေလည်အောင် နည်းနည်းပါးပါးတော့ ပြုပြင်ယူရဦးမှာပေါ့၊ အလုံးစုံ ပြီးပြည့်စုံတဲ့ ယောက်ျားဆိုတာ လောကမှာ မရှိပါဘူး …”



“မမက အင်္ကျီဝယ်ပြီးမှ အဆင်မပြေရင် ပြုပြင်ဝတ်ဖို့ ဘယ်တုန်းကမှ စိတ်မရှည်တာ… မပြေရင် မဝတ်ဘဲ ထားလိုက်တာပဲ… ပြုပြင်တယ်ဆိုတာကလည်း ရနိုင်တာရှိသလို မရနိုင်တာလည်း ရှိတယ်၊ ပွနေတာကို သီလို့ရချင်ရမယ်… ကြပ်နေတာကို ဘယ်လိုစပ်ချုပ်မလဲ၊ တိုနေတာကို ဘယ်လိုရှည်အောင် ဆက်မလဲ၊ ပြုပြင်ယူလို့မရတဲ့ ယောက်ျားမျိုးတွေနဲ့ တွေ့ရင် ဘယ်လိုလုပ်မလဲ၊ အိမ်ထောင်ပြုတယ်ဆိုတာ အဖက်ဖက်က စဉ်းစားရတယ်…”

“ငါ ငယ်ငယ်တုန်းက ညည်းလိုသာ စဉ်းစားနေရရင် ညည်းတောင် လူဖြစ်လာမယ် မထင်ဘူး… မမရဲ့…”

“အန်တီ ပြောတာလည်း ဟုတ်သားပဲ မမရယ်… နင့်လိုသာ မိန်းမတိုင်း စဉ်းစားနေရင် အားလုံး အပျိုကြီးတွေဖြစ်ပြီး မျိုးဆက်သုဉ်းသွားမယ့် အန္တရာယ်တောင် ရှိလာနိုင်တယ်…”

မေသီနဲ့ မေမေက အတိုင်အဖောက် ညီညီဖြင့် မမ ယောက်ျားယူရေးကို အဖန်ဖန် တိုက်တွန်းနေကြပါသည်။ မမမှာ နားတွေအူလာကာ ထ၍ထွက်ပြေးချင်လာပါသည်။ မေမေက မမ အတင်းကို မမရှေ့မှာပင် အားပါးတရ ပြောနေသည်မှာ မကြားချင်မှ အဆုံး။

www.foreverspace.com.mm
www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"သူက သူ့ကိုယ်သူသာ ဘယ်ယောက်ျားနဲ့မှ မတူဘူး… မတန်ဘူးထင်ပြီး ဘဝင်မြင့်နေတာလေ… အန်တီဖြင့် သူယူမယ့် ယောက်ျားကိုတောင် သနားပါသေးတယ်၊ သူက သူ့ရှိတဲ့ လက်ဆယ်ချောင်းကို ဘောလ်ပင်ကိုင်ဖို့နဲ့ စာအုပ်ကိုင်ဖို့လောက်ပဲ ချိုးချင်နေတာလေ… အိမ်မှုကိစ္စဆို ဘာမှလုပ်ချင်တာ မဟုတ်ဘူး… လုပ်လိုက်ရင်လည်း အချိုးကမပြေဘူး… မိန်းမပီသတဲ့ အမျိုးအစားထဲမှာတော့ အန်တီ့သမီး မမကျော် မပါဘူး… သူယူတဲ့ ယောက်ျားခမျာ ထမင်းဟင်းတောင် နပ်မှန်အောင် စားရပါ့မလား မသိဘူး"

"မိန်းမဆိုတာ… ယောက်ျားကို ထမင်းချက်ကျွေးဖို့ မွေးဖွားလာတာမှ မဟုတ်ဘဲ မေမေ"

"ဟဲ့… စကားကို ကပ်နေပြန်ပြီ…"

မမက စိတ်ညစ်လာကာ မမရဲ့ ခပ်တိုတို ဆံပင်တွေကို လက်တစ်ဘက်ဖြင့် ဖွပစ်လိုက်မိတော့ မေမေက မျက်လုံးပြူးလာပြန်ကာ…

"အဲ့ဒီ ဆံပင် တိုစိစိကိုလည်း ငါ နည်းနည်းမှ ကြည့်လို့မရဘူးအေ… မိန်းမပီပီ ဂုဏ်ရှိရှိ ဆံပင်လေးအရှည်ထားဖို့ ပြောရတာလည်း အခွန်းတစ်ရာ မကတော့ဘူး

www.foreverspace.com.mm



လုပ်တော့သာ လူကြီးအလုပ်၊ စိတ်က ရင့်ကို မရင့်ကျက်သေးတာ၊ ငါတွေ့ဖူးသမျှ အပျိုကြီးတွေ အားလုံး ဒီအတိုင်းပဲ၊ အသက်ဘယ်လောက်ကြီးကြီး ကလေးကလား မရင့်မကျက်တွေချည်းပဲ"

"မမ စိတ်နှလုံးကသာ မရင့်ကျက်ချင်နေမယ်၊ ဦးနှောက်ကတော့ ရင့်ကျက်တယ် မေမေ"

"ညည်း ပြောလိုက်ရင်တော့ ဆင်ခြင်စကားလုံးတွေက မကုန်နိုင်မခန်းနိုင် ထွက်လာတတ်ပါတယ်"

"အပျိုကြီးတွေ မရင့်ကျက်တာက အိမ်ထောင့်တာဝန်တွေ မရှိသေးလို့ပါ အန်တီရယ်… အိမ်ထောင်ကျသွားရင် ကိုယ့်ယောက်ျားနဲ့၊ ကိုယ့်ယောက်ျား အသိုက်အဝန်းနဲ့၊ အားလုံး ဟာမိုနီဖြစ်အောင် လူမှုရေးကအစ ဝတ္တရားကျေပွန်နိုင်အောင် ညှိယူရ… နားလည်ပေးရတာတွေ များလာရင်တော့ တဖြည်းဖြည်း ရင့်ကျက်လာရတာပဲ၊ မေသီလည်း ဒီလိုပဲ ဥစ္စာ…"

မေသီကလည်း တစ်မှောင့်မို့ မမက မေသီ့ကို မျက်စောင်းထိုးကြည့်မိပါသည်။ မေမေကတော့ မေသီ့ စကားကို ထောက်ခံနေပါသည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



မေမေ့ရဲ့ နောက်ဆုံးအပိုဒ် စကားလေးကတော့ မမရဲ့ရင်ကို မညှာမတာ ပြေးဝင်ဆောင့်လိုက်သည်။

"မိန်းမဆိုတာ အိမ်ထောင်ပြုချိန်တန် ပြုရမယ် မဟုတ်လား၊ ဒါမှ လင်နဲ့၊ သားနဲ့၊ ကိုယ့်မိသားစုလေးနဲ့ လူစဉ်မီမယ် မဟုတ်လား... အန်တီက သူ့ကို လူစဉ်မီစေချင်တယ်လေ"

မမက မေမေ မမြင်အောင် ပခုံးတွန့်ပြလိုက်မိပါသည်။ မေမေ ပြောသလိုဆို အပျိုကြီးဆိုတာ လူစဉ်မမီတဲ့ သူတွေချည်းပဲပေါ့။ မမမှာ ကိုယ်လူစဉ်မီဖို့အရေး... အမြန် အိမ်ထောင်ပြုရမလို ဖြစ်နေသည်။

⌘ ⌘ ⌘

www.foreverspace.com.mm







မမကျော်သည် မေမေ ကြည့်မိုင်းသည့် သူတွေကို မကြည့်မချင်း နေ့တိုင်းနေ့တိုင်း နားဒုက္ခကို ခံစားနေရသည်။ မေမေက မမ အိမ်ထောင်ပြုချင်လာအောင် အဖက်ဖက်က တိုက်စစ်ဆင်နေခဲ့သည်။ နားချသည့် စကားလုံးတွေမှာ တစ်နေ့ တစ်မျိုး မရိုးစေရပါ။

မေမေက မမကို အသက်ကြီးပြီရယ်လို့လည်း မကြာခဏ ခြိမ်းခြောက်တတ်ပါသေးသည်။ တကယ်ဆို မမ အသက်က ခုမှ သုံးဆယ်ပြည့်ရုံလေး ရှိသေးတာပါ။ ဒါကို အသက်ကြီးပြီရယ်လို့ ပြောနိုင်မလား။ ဟိုင်းပြီလို့ သတ်မှတ်ချင်ကြသေးလား။ ပြီးတော့ မမထံမှာ ဇရာရဲ့ အရိပ်အယောင်တွေကလည်း တစ်ခုမှ မတွေ့ရသေးပါ။ မမရဲ့ အသွင်အပြင်ကလည်း အိုမင်းထိုင်းမှိုင်း မနေသေးပါ။ မမက ဆံပင်တွေကို ခပ်တိုတိုပဲ ညှပ်ထားကာ မှဲ့ပြောက်အစွန်းအထင်းမရှိ ချောမွတ်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.m



နေသော မျက်နှာပေါ်မှာ ရွှေကိုင်းပါးပါး မျက်မှန်လေးကို တပ်ထားသည်။ ငါးပေခုနစ်လက်မရှိတဲ့ ကိုယ့်အရပ်ကို ကိုယ် အားနာစွာ ဖိနပ်ဆို ကြိုးသိုင်းအပါးလေးတွေပဲ စီးသည်။ (အဲဒီလို ဖိနပ်ပါးပါးလေးမှ ခပ်သွက်သွက်သွားလို့ အဆင် ပြေသည်။ ဒေါက်ဖိနပ်လို တမင်လှအောင် ထိန်းလျှောက်နေ စရာမလို) အရောင်ရင့်ရင့်အဆင်မျိုးကို ထဘီနှင့် အင်္ကျီ လက်ပြတ်ချုပ်ဝတ်ကာ အပေါ်က CKအင်္ကျီ အရောင်ဖျော့ဖျော့ လေးတွေ၊ ကုတ်အင်္ကျီတွေ ထပ်ဝတ်တတ်တာဟာ မမကျော့်ရဲ့ ပင်ကိုယ်စတိုင်လ်ဖြစ်သည်။ သိပ်မလှပေမယ့်လည်း မမက စမတ်ကျပါသည်။

မမကျော့်ဟာ ကိုယ့်ကိုကိုယ် လူကြီးတစ်ယောက် လို သဘောထားကာ ဘယ်လိုနေရာမှာမှ ဆရာကြီး သမ္မာ ကြီးလို မိန့်မိန့်ကြီး အိုက်တင်မခံဘူးပေါ့။ အလုပ်ကိစ္စပေါ် လာပြီဆို ဘယ်သူ့တာဝန် ဘယ်ဝါ့တာဝန် ခွဲခြားမနေဘဲ ကောက်ထ,သွားလိုက်တာပင်။

သို့သော်…မမက ဘယ်လိုပဲ သူငယ်လေးလို နေနေ…မမ ပတ်ဝန်းကျင်က မမကို အပျိုကြီးရယ်လို့ သတ် မှတ်လာကြတာကတော့ အတော့်ကို ဆိုးရွားလေသည်။ အဲ့ဒီ သတ်မှတ်ချက်ကြီးကို ကွယ်ရာတစ်မျိုး…ရှေ့တင်တစ်မျိုး

www.foreverspace.com.m



ချပြောလာကြသောအခါ မမလောက် ဒေါသထွက်ရတာ မရှိ တော့ချေ။ အဲ့ဒီလိုသတ်မှတ်ချက်တွေကို မမကျော့်ရဲ့ အသက် သုံးဆယ်ပြည့်ပြီး နောက်ပိုင်းမှ စ,ကာ ဆက်တိုက် ကြုံရတော့ တာဖြစ်သည်။

မက ဘာကလေးမပြောလိုက်နှင့် 'အပျိုကြီးမို့လို့' ဆိုသည့် ပြုံးတွေ့ချင်မှုတွေက ဟိုကဒီက ထွက်ပေါ်လာသည်။ မမ ကြေးများတာ၊ စီစာကြောင်တာ၊ ကပ်စေးနှဲတာတွေဟာ ဟိုးငယ်ငယ်လေးကတည်းက ပါလာတဲ့ ဗီဇဖြစ်သည်။ လူတွေ က မမ အသက်ငယ်တုန်းကတော့ ဒါတွေကို ထူးထူးထွေထွေ အပြစ်မပြော၊ သုံးဆယ်ကျော်လာမှ 'အပျိုကြီးတွေဆိုတာ ဒီလိုပါပဲ'ဟု တွေ့သလို ငေါ့သလို ခွင့်လွှတ်ပေးရသလို ပြော တတ်ကြတာကို ပြန်ကြားရတိုင်း မမမှာ အသည်းတယားယား မခံချိမခံသာ ဖြစ်ရပါသည်။

တစ်နေ့တွင် မမ အိပ်ရာအထမှာ ခေါင်းထဲက တစစ်စစ် ကိုက်တက်လာတာမို့ တစ်ရက်လောက် ရုံးမသွားဘဲ နေဖို့ စိတ်ကူးကာ မဂ္ဂဇင်းတိုက်ကို ဖုန်းလှမ်းဆက်လိုက်ပါ သည်။ သို့သော် နေ့လယ်လောက်ကျတော့ ခေါင်းက ကြည် ကြည်လင်လင် ဖြစ်လာတာမို့ အိမ်မှာ အအားမနေနိုင်တော့ဘဲ မဂ္ဂဇင်းတိုက်သို့ ထွက်လာခဲ့သည်။

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



မမ ရုံးခန်းထဲ လှမ်းဝင်တော့မည့် ဆဲဆဲမှာမှ ရုံးခန်းထဲက လျှံကျလာသော အသံတွေက မမ ခြေလှမ်းတွေကို တုံ့ဆွဲထားလိုက်သည်။

"ဒေါ်မမကျော်ကတော့…တစ်နေ့တခြား အပျိုကြီး ပီသလာတယ် သိလား…မနေ့က သူခိုင်းတဲ့ ကိစ္စလေး လုပ်ဖို့ မေ့မိတာနဲ့ ဖျစ်တောက်ဖျစ်တောက် ပြောမဆုံးဘူး…အပျိုကြီးတွေများ အဲ့ဒီအတိုင်းပဲ…"

"ဟုတ်တယ်…ဟုတ်တယ်…မနေ့က ငါက သူ အလုပ်ရှုပ်နေတာကို အလိုက်မသိ စကားလာလာပြောလို့တဲ့…အော်ထုတ်လိုက်တာ တုန်တောင် တုန်သွားတယ်၊ ဒေါသကလည်း ကြီးပါ့…"

"မမက ကပ်စေးနဲလိုက်တာလည်း အရမ်းပဲဟယ်၊ တက္ကစီခတွေ ထုတ်ရင်လည်း စစ်လိုက်ဆေးလိုက်တာ တရားလွန်ပဲ…အပျိုကြီးလို့ မပြောရဘူး…"

ရုံးက Staff ကောင်မလေးတွေဟာ မမ မရှိလျှင် မရှိသလို အလုပ်တွေကို ပစ်ထားကာ စားပွဲပေါ်မှာ လက်ဖက်သုပ်တွေ၊ အချဉ်ထုပ်တွေ၊ အာလူးကြော်ထုပ်တွေကို ချပြီး စားပွဲကြီးကျင်းပရင်း မမ အတင်းကို မြိန်ရေရှက်ရည် ပြောနေကြတာဖြစ်သည်။ မမက ဒေါသကို ထိန်းကာ ရုံးခန်းထဲ

www.foreverspace.com.mm



မဝင်ဘဲ အသာကွယ်ရပ်နေဆဲ ရုံးမှာ အရည်မရ အဖတ်မရတွေ အပြောဆုံး ကိုထွန်းကြည်ကပါ ဝင်ပြောလိုက်သည်မှာ…

"ဟဲဟဲ…ခင်ဗျားတို့ မမအပျိုကြီးက ခေါင်းကိုက်လို့ ဆိုလား…ဒီနေ့တော့ မလာနိုင်ဘူးတဲ့ဗျ…ညည်းတို့က တော့ လွတ်လပ်ရေး ရနေတာပေါ့…အပျိုကြီးဆိုတာ ကတော့ ဒီလိုပဲဗျ…"

"ဒါမျိုးကို Spinster Syndrome လို့ ခေါ်တယ်၊ အပျိုကြီးရောဂါစုပေါ့၊ အသက်ကြီးလာရင် ဘာမဟုတ်တဲ့ သရိုးသရီ အသေးအမွှားလေးတွေ ဖြစ်ဖြစ်လာတတ်တယ်၊ ဒါမျိုးက အင်္ဂလိပ်ဆေးနဲ့ မရဘူး၊ ခမည်းလိုနေလို့ ဖြစ်တာ"

မမ ကိုယ့်ဒေါသကို ကိုယ် မနည်းထိန်းကာ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဒီဒေါသနှင့် ရုံးထဲဝင်သွားရလျှင် ရန်ပွဲတွေ ဝုန်းဒိုင်းကြဲကုန်တော့မည်။ မဂ္ဂဇင်းက အယ်ဒီတာ ဒေါ်မမကျော်နဲ့ သူ့ရုံးက စာရေးမလေးတွေ ရန်ဖြစ်ကြတယ် ဆိုတဲ့ အဖြစ်ဟာ လူကြားလို့လည်း မကောင်းပါ။ ဖြစ်ရတဲ့ အကြောင်းရင်းက 'အပျိုကြီး' လို့ ပြောမိလို့ဆိုလျှင် ပိုပြီးတော့တောင် ကြားလို့မကောင်းပါ။

မမ ရုံးက ကြော်ငြာလိုက်တဲ့၊ စာအုပ်ဖြန့်တဲ့

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m



ကောင်မလေးတွေဟာ တစ်နေ့တစ်နေ့ အလှပြင်နေကာ… အားရင်မုန့်စား၊ လစ်လျှင်လစ်သလို ဖုန်းခိုးဆက်၊ တစ်နေရာရာ သွားခိုင်းလျှင် နီးနီးလေးမှာ ဘတ်စ်ကားလမ်း သင့်နေတာ တောင် သက်သာကျိုးကာ တက္ကစီ ငှားစီးသွားသည်။ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် ဘယ်စာရေးဆရာဆီမှာ စာမူသွားယူ ပါဟု မှာထားလည်း အမေ့မေ့ အလျော့လျော့ အပေါ့ပေါ့ အဆဆနှင့် သွားယူချင်မှ ယူသည်။ အဲဒီတော့ ဖောင်ပိတ်ချိန်ထိ စာမူကရောက်မလာ၊ မမမှာသာဒုက္ခတွေများ၊ တချို့ စာရေး ဆရာတွေက စိတ်တို၊ မဂ္ဂဇင်းစာအုပ် စောစောပို့ခိုင်းရက်နဲ့ နောက်ကျပြီးမှရောက်လို့ မျက်နှာပျက်ရတာလည်း အခါခါ။ မမမှာ တစ်နေ့တစ်နေ့ စိတ်တိုင်းမကျရတာတွေ များလွန်းလို့ ပြောရဆိုရ ဒေါသထွက်ရ၊ နောက်ဆုံးတော့ အပျိုကြီးမို့လို့ ဒီလိုဆိုတာသာ အဖတ်တင်သည်။

မမကျော့သည် ကားကို အိမ်ကိုပဲ တန်းမောင်း လာခဲ့သည်။ ခုတလောမှာမှ ဟိုကဒီက အပျိုကြီးခေါင်းစဉ်တွေ တပ်လွန်းတာကို မမ ဒေါသဖြစ်ရလွန်းလို့ မောတောင်နေပြီ။

မမက အိမ်ထဲဝင်လာ၊ ဧည့်ခန်းစားပွဲပေါ် လက် ထဲက စာအုပ်တွေကို ပစ်ချ၊ ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင် ချကာ မျက်လုံးစုံမှိတ်ထားပြီး ရှုးရှူးရှားရှားဖြစ်နေသည့် ကိုယ်

www.foreverspace.com.m



ဒေါသကို ခွတ်အတင်း ထိန်းချုပ်နေရဆဲ မေမေက အနား ရောက်လာကာ…

"ဟယ်…သမီး မမကျော့…ခုပဲ ထွက်သွားတာ ချက်ချင်း ပြန်လာရသလား … ဘာဖြစ်လို့လဲ…နေ မကောင်းဘူးလား…ခေါင်းပြန်ကိုက်နေသလား"

"စိတ်တိုလို့ပါ…မေမေရယ်"

"အဲဒါကြောင့် မေမေ ပြောတာပေါ့…မမကျော့ရယ်၊ ဒီအရွယ်ဆိုတာ ဒီလိုပဲ…အလုပ်တွေက များတော့ စိတ်ဖိစီးပြီး ဒေါသတွေထွက်…ဒီလို အချိန်မျိုးမှာ ကိုယ့်ကို ဖေးမဖျောင်းဖျ နှစ်သိမ့်နိုင်မယ် ရင်ခွင်တစ်ခု သာ ရှိခဲ့ရင် ဖြေသာဦးမယ်…မဟုတ်လား"

မေမေ့ စကားက မီးလောင်ရာလေပင့်မို့ မမ ဘာမှ ပြန်မပြောတော့ဘဲ မျက်လုံးကို ခွတ်မှိတ်ထားဆဲ မေမေ့အသံက အလန့်တကြား ထွက်လာပြန်သည်။

"ဟယ်…ကြည့်စမ်း…ခုမှ သမီးမျက်နှာကို မေမေ သေသေချာချာ ကြည့်မိတယ်…မျက်လုံးထောင့်စွန်း တွေမှာ ကျီးခြေထောက်တွေတောင် ပေါ်နေပြီ…"

"အမ်…ဘာလဲ ကျီးခြေထောက်…"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.m



မမက လန့်ဖျပ်သွားကာ ဖွတ်ခနဲ မျက်လုံးထောင့်တွေကို လက်ဖြင့် စမ်းကြည့်မိပါသည်။

"ညည်း မျက်လုံးထောင့်မှာ အရေးအကြောင်းလေးတွေ မှာထွက်နေတာကို ကျီးခြေထောက်လို့ခေါ်တယ်လေ၊ ဒါမျိုးက အသက် ၃၀ကျော်လာရင် ထွက်တတ်တယ်၊ ဒေါသတွေထွက်…စိတ်တွေဖိစီးရင် ရုပ်လည်းကျတာပဲ၊ ဒီအရွယ်ဆို ခန္ဓာကိုယ် အရေပြားက နည်းနည်းခြောက်ပြီး ရင့်တဲ့ဘက်ကိုရောက်လာပြီ၊မိန်းမဆိုတာ အိမ်ထောင်သားမွေး မလုပ်ရင်လည်း တစ်နေ့ကျရင် အိုမင်းလာရမှာပဲ"

မေမေက ဘယ်ကလည်းက အကွက်ချောင်းနေသည်မသိဘဲ အခွင့်သာတုန်း ဖိဖိပြောနေသည်။ မမက ကိုယ့်ရုပ်ကိုယ့်ရည် ဒီအရွယ်နှင့် အိုမင်းလာမှာကိုတော့ ကြောက်ရွံ့ကာ မှန်အပြေးအလွှား ထ,ယူပြီး ကြည့်လိုက်သည်။ အင်…ဘယ်မှာရှိလို့လဲ…။

"မေမေကလည်း ဘယ်မှာရှိလို့လဲ..မရှိပါဘူး…"

"ဒီအတိုင်းကြည့်တော့ ဘယ်ရှိမလဲ…ဒါမျိုးက ရယ်လိုက်,မဲ့လိုက်..မျက်လုံးတွေကို ခပ်တင်းတင်းရှုံ့ပြီး မှိတ်လိုက်မှ မသိမသာ ပေါ်လာတာ…"

www.foreverspace.com.m



မမက မျက်နှာကို အမျိုးမျိုး တွန့်ကြည့်တော့မှ ထိုအရေးအကြောင်းလေးတွေ ပေါ်လာပါသည်။ မမက မှန်ကို မသိမသာ ဆောင့်အောင့်ချရင်း…

"ဘာမှ သိသာတာလည်း မဟုတ်ဘဲနဲ့…"

"ခု မသိသာပေမယ့် နောက်တော့ သိသာလာမှာပေါ့…ခုလိုသာ စိတ် ခဏခဏ ဖိစီးရင် ဆံပင်တွေလည်း ကျွတ်ချင် ကျွတ်တတ်သေးတယ်…ခေါင်းကပြောင်ပြောင်၊ အရေပြားက တွန့်တွန့်…အဲဒီလို ဖြစ်လာရင် ဘယ်လိုလုပ်မလဲ"

"တော်ပါတော့ မေမေရယ်…တောင်းပန်ပါတယ်…မေမေ့ရဲ့ ပြောင်မြောက်တဲ့စကားလုံးတွေကို ခဏလေး ပြန်သိမ်းထားပေးပါ…မမ ခေါင်းနောက်လွန်းလို့ပါ…"

"ငါက…ငါသေရင် ညည်း အဖော်သဟဲ မရှိမှာစိုးလို့၊ စောစောစီးစီး စိတ်အေးထားချင်တာပါအေ၊ ခုနေတော့ ညည်းက လုပ်နိုင်ကိုင်နိုင်တုန်းကိုး…အားကိုးမရှိလည်း ဖြစ်တာပေါ့၊ ကြီးလာမှ အလုပ်လည်းမလုပ်နိုင်,အားကိုးရာလည်း မဲ့ဆိုရင်…"

"မေမေ ပြောတာနဲ့ မမ ထိုင်တောင်ငိုချင်လာပြီ…"

မမက တကယ်ပဲစိတ်ဆင်းရဲလာပါသည်။ မေမေ

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ကတော့ မမနားက ခွာမသွားသေးပါ။ မမကို ဘယ်လို ဆွဲဆောင်စည်းရုံးရပါ့မလဲဆိုတာ အကြံဉာဏ်ထုတ်နေပုံရသည်။ မေမေက မမရှိနေသည့် ဧည့်ခန်းထဲမှာပင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ထိုခဏတွင် တယ်လီဖုန်းသံ မြည်လာတာမို့ မမ ဖုန်းကောက်ကိုင်လိုက်တော့ စင်ကာပူ ရောက်နေသော မောင်လေး ဖြစ်နေပါသည်။

"ဟဲလို…မမလား၊ ဟဲဟဲ…ထူးထူးဆန်းဆန်း အိမ်ကပ်လို့ပါလား…မဂ္ဂဇင်းတိုက် မသွားဘူးဘူးလား"

"ခေါင်းကိုက်နေလို့ဟ…"

"အားပါး…မမ အသံက မပျော့ပျောင်းလိုက်တာဗျာ၊ အပျိုကြီးတွေက အသက်ကြီးလေ…အရာရာ အလို မကျဖြစ်ပြီး စိတ်တိုလေ…"

"လာပြန်ပြီ…ဒီ အပျိုကြီး၊ နင် စကားပြောရင် အဲဒါ ထည့်မပြောလို့ မရဘူးလား စည်သူကျော်…"

"အပျိုကြီးမို့လို့ အပျိုကြီးပြောတာ နာစရာလား မမရဲ့"

"အေးပေါ့…ငါက အပျိုကြီး ဖြစ်နေတာပေါ့…နင့်ကို အရွယ်ရောက်အောင်ပြုစုပျိုးထောင်ရ၊ နိုင်ငံခြားသွားချင်တယ်ဆိုလို့ ပိုက်ဆံစုရ၊ အဲဒါနဲ့ပဲ အချိန်တွေကုန်ပြီး အပျိုကြီး ဖြစ်နေတာပေါ့…"

www.foreverspace.com.mm



"ကျွန်တော့်ကို လွှဲမချပါနဲ့ မမရာ…မမဘာသာ ကြေးများနေတာပါ…"

"အေးလေ…ထားပါတော့၊ ငါ့ဘာသာ ဘယ်လိုကြောင့်ပဲ အပျိုကြီးဖြစ်ဖြစ်ပေါ့…အားတော့ မငယ်ပါဘူး၊ မောင်လေးတစ်ယောက်လုံးရှိနေတာပဲ၊ ငါ အသက်ကြီးလို့ အလုပ်မလုပ်နိုင်ဘဲ အိုမင်းမစွမ်း ဖြစ်နေရင် နင့်လုပ်စာ ထိုင်စားမှာပေါ့…"

"ဟဲဟဲ…မမက ယောက်မနဲ့ တည့်အောင် နေနိုင်မှာမို့လို့လား…မမ စိတ်ညစ်ရမှာနော်…ကျွန်တော့်ကို ချည်း အားကိုးမနေနဲ့…တကယ်ပြောတာ…"

"ကောင်စုတ်လေး…နင်က ကိုယ့်အစ်မကို လုပ်ကျွေးမယ်တော့စိတ်မကူးဘူး…ခုကတည်းက မိန်းမယူဖို့ စိုင်းပြင်းနေပြီ…"

"ဟဲဟဲ…အခုတောင် အဲ့ဒီစိုင်းပြင်းတဲ့စကား ပြောမလို့၊ ကျွန်တော် ချစ်သူရနေပြီ မမရေ…"

မမ ခေါင်းထဲဒိန်းခနဲတောင် မြည်သွားသလား ထင်ရ၏။ ခေါင်းက ပိုကိုက်ချင်လာသည်။ မမမှာ ဒီမောင်လေး တစ်ယောက်တည်း ရှိတာ။ မမနဲ့ဆို ခြောက်နှစ်တောင် အသက်ကွာတဲ့ ဒီမောင်လေးကို မမ အများကြီး မျှော်လင့်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ခဲ့တာပါ။ တော်ရုံမိန်းမဆို ကိုယ့်မောင်လေးနဲ့ တန်တယ်လို့ တောင် မထင်။ ခုတော့ ကိုယ့်မောင်လေးကပါ ကိုယ့်ကို အပျိုကြီးစကားပြောကာ သူကတော့ မိန်းမယူဖို့တောင် စိတ်ကူးနေတာ ဘယ်လောက် စိတ်ဆင်းရဲစရာ ကောင်းသလဲ။ မမှာ ရင်တွေတောင် ပူလာရကာ…

"နင်…တကယ်ပြောတာလား … စည်သူ"

"တကယ်ပေါ့ မမရ … ဒီအရွယ်ဆို ချစ်သူရတာ ဆန်းလို့လား … မမအသံကြီးက အလန့်တကြားနဲ့"

"စကားကို ခပ်ပေါ့ပေါ့ မပြောစမ်းနဲ့ စည်သူ…ဒါ သိပ်အရေးကြီးတဲ့ ကိစ္စ၊ ကောင်မလေးက ဘယ်ကလဲ၊ ဘာလုပ်လဲ,ဘယ်အရွယ်လဲ…မျိုးရိုးကရော ဘယ်လိုလဲ…စိတ်သဘောထားကရော ကောင်းရဲ့လား…စိတ်ဓာတ်သေးသိမ်ညံ့ဖျင်းမနေဖို့ အရမ်းအရေးကြီးတယ်နော်၊ ပြီးတော့ နင့်အပြင် တခြားယောကျ်ားလေးတွေနဲ့ ရှင်းရှင်းလင်းလင်းကော ရှိရဲ့လား၊ သူ လှေနံနှစ်ဖက် နင်းရင်လည်း ကိုယ်က သိနိုင်တာ မဟုတ်ဘူးနော်၊ တချို့မိန်းကလေးတွေက ကိုယ်ပိုင်အရည်အချင်း မရှိတော့ ကိုယ့်ကို ပြည့်ပြည့်စုံစုံထားနိုင်မယ့် လူမျိုးကိုမှ ရွေးချင်ကြတာ၊ ခုနေတုန်းတော့ နင့်ထက် သာတာ

www.foreverspace.com.mm



မတွေ့သေးလို့ငြိမ်နေပေမယ့် နင့်ထက်သာတာတွေ့ရင် ကောက်ခနဲ ပါသွားမှာ"

"အမယ်လေးဗျာ…မမပြောတာတွေကြားမှ ကျွန်တော် တောင် မိန်းမယူဖို့ ကြောက်သွားတယ်"

"ကြောက်ရမယ်လေ…ဒါ တစ်ဘဝလုံးအတွက် အရေး ကြီးတယ်၊ အရွေးမှားရင် သွားပြီ"

"မမကတော့ဗျာ…မမတင် ဇီဇာကြောင်နေတာ မဟုတ် ပါဘူး…ကျွန်တော့်အတွက်ပါ လိုက်ဇီဇာကြောင်နေ တော့တာပဲ၊ ကျွန်တော် မမ လမ်းစဉ်လိုက်ရင် မမလိုပဲ အထီးကျန် ဖြစ်သွားမှာပေါ့"

"စည်သူနော်…ငါ အကောင်းပြောရင် ဖောက်မလာ နဲ့…"

"စိတ်အေးအေးထားပါ မမရာ၊ မမယောက်မလောင်း လေးက ချောချောလေးပါ၊ မမတွေ့ရင် သဘောကျ မှာပါ"

"ဟဲ့…လှတာတစ်ခုလေးနဲ့ ဘာလုပ်ရမှာလဲ…နင်နော် မဟုတ်တာကို ရှာမလာနဲ့၊ ငါနဲ့အတွေ့ပဲ"

"အမိက,က ကျွန်တော်တို့ အချင်းချင်း မေတ္တာစစ်, မေတ္တာမှန်နဲ့ ချစ်ဖို့ပါပဲ မမရာ… အဲဒါက ပိုအရေး

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

ကြီးတယ်၊ မမစိတ်အေးအေးထားပြီးသာ စောင့်နေပါ၊ ဒီမှာ ကျွန်တော် ငွေစုပြီးပြီ၊ မိန်းမယူဖို့ ပြန်လာခဲ့မယ်''

''ဟဲ့…နင် ငါ့ဆီက အတည်ပြုချက်မရသေးဘဲ သေချာပေါက်ကြီးလုပ်မလာနဲ့နော်…ဒီရောက်မှ အချိုးမပြေရင် ငါ လုံးဝလက်မခံဘူး…ဒီလောက် အရေးကြီးတဲ့ ကိစ္စကို ခပ်ပေါ့ပေါ့ မတွေးနဲ့…နင့်အရွယ်က ငယ်သေးတယ်…ငါပြောတာ ကြားလား…ဟဲ့…ငါ မေးနေတယ်လေ…စည်သူ၊ ဟဲလို…ဟဲလို…ကြည့်စမ်း အစုတ်ပလုတ်လေး ဖုန်းချသွားပြီ''

မမက ဖုန်းချပြီးပြီးချင်း ဆိုဖာပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်လေသည်။ ရုတ်တရက်ကြီး သွေးပဲဆောင့်တိုးတော့သလို မူးမိုက်ပြာဝေလာသည်။ ဒီနေ့မှာမှ စိတ်ဆင်းရဲစရာတွေက မမခေါင်းပေါ် ပိကျလာသည်။ မမမှာ အဖက်ဖက်မှ ထိုးနှက်တိုက်ခိုက်ခြင်းကို ခံနေရသည်။

''သားက ဘာတဲ့လဲ…မိန်းမယူတော့မလို့တဲ့လား''

''ဟုတ်တယ်…မေမေ၊ သူကြည့်ရတာ ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် ခွတ်တရွတ်ယူတော့မယ့်ပုံပဲ…မမဖြင့် သေသာ သေချင်တော့တယ်…''



''အဲဒါကြောင့် မေမေ မပြောဘူးလား သမီးရယ်၊ ဘယ်သူ့ကိုမှ တစ်သက်လုံး အဖော်သဟဲလုပ်လို့ မရပါဘူးဆို…ညည်းက တဆိတ်ရှိ မောင်လေးရှိသားပဲ၊ မောင်လေးနဲ့ နေမှာပေါ့ဆို…အဲ့ဒီမောင်လေးက မိန်းမယူသွားရင် ညည်းကို ဂရုစိုက်နိုင်ပါဦးတော့မလား…သူ့အိမ်ထောင်နဲ့သူ မယားနဲ့သားနဲ့ ကြားထဲမှာ ကိုယ်က ကန့်လန့်ကန့်လန့်နဲ့ ရှုပ်ထောင်နေဦးမယ်၊ ပြီးတော့ ညည်းက ဆရာလုပ်ချင်၊ဩဝါဒပေးချင်၊ထိုးမိုးချုယ်လှယ်ချင်ရတာနဲ့၊ ယောက်မနဲ့ ရေရှည်အတူနေလို့ မဖြစ်ပါဘူး…''

မေမေ့ရဲ့စကားက ဒုံရင်းပဲ ပြန်ရောက်လာတာမို့ မမ စိတ်ရှုပ်လာရသည်။ မေမေ့ ကြည့်ရတာ မမကို ဒီလိုပဲ နေ့တိုင်း နားပူနားဆာ လုပ်နေတော့မည့် ပုံပင်။

''မေမေ စကားပြောရင် မမ ယောကျ်ားယူဖို့ကိစ္စမပါရင် မပြီးဘူးလား…မမကို ဒီလိုပဲနေ့တိုင်း နားပူနားဆာ ပြောနေတော့မှာလား''

''ညည်း နားမဝင်မချင်း ပြောတော့ ပြောနေရမှာပဲ၊ မေမေ စပ်ဟပ်တဲ့သူကို ကြည့်ချင်ကြည့်…မကြည့်ရင် ညည်း သဘောကျတဲ့ သူကို မေမေ့ဆီ ခေါ်လာခဲ့၊

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



အဲဒီ့ နှစ်ခုထဲက တစ်ခုခုကို ဆုံးဖြတ်ရင် မေမေမပြောတော့ဘူး”

“မမမှာ သဘောကျတဲ့သူ မရှိပါဘူးဆို”

“ညည်းကို ချစ်စကား ပြောထားတဲ့သူ မရှိဘူးလား”

“မရှိဘူး”

“အဲဒါတွေ ညံ့တာပေါ့…ဒီအရွယ်ပဲ ရောက်နေပြီ၊ ဒါမျိုး ပြောတဲ့သူတောင် မရှိဘူးဆိုတော့ မစွံပါဘူး”

“မမကို ကြိုက်တဲ့သူတွေတော့ ရှိတာပေါ့၊ ဒါပေမယ့် မမက စိတ်ဝင်စားပုံ မပြတော့ ဘယ်သူက စ,ရဲမှာလဲ၊ ဒါက အရှိန်အဝါနဲ့လည်းဆိုင်တယ်… မမအရှိန်အဝါကို အလိုလိုလန့်ပြီး မရလောက်ဘူးထင်ရင် မစ,တော့ သူတို့လည်း သိက္ခာမကျ၊ ကိုယ်နဲ့လည်း အခင်အမင် မပျက်နေလို့ရတာပေါ့၊ ဒါကို…မမမစွံဘူးလို့ ပြောလို့ ရမလား၊ မမ အနေအထားက ရရ,မရရ လူတကာ လက်တည့်စမ်း ချစ်စကားပြောရမယ့်အရွယ်မှ မဟုတ်တာ…”

“ထားပါတော့…ထားပါတော့…အပျိုကြီးတိုင်းမှာ ဆင်ခြေတစ်ခုတော့ ရှိကြတာပဲ၊ ဒါဆို…မေမေ့ဆီ လာစပ်ဟပ်တဲ့ သူတွေကို သမီး ကြည့်ကြည့်လိုက်”



“မမ ကြည့်ရင် မေမေ ခုလို နားပူအောင် နေ့တိုင်း မပြောဘဲ နေမှာလား”

“အေးပေါ့…မပြောဘဲ နေပါ့မယ်”

“ဒါဆိုလည်း မမ တွေ့ကြည့်မယ်…ဒါပေမယ့် အဲဒီ့ လူတွေထဲက တစ်ယောက်ယောက်ကို လက်ခံပါ့မယ်လို့တော့ အာမခံနိုင်ဘူး”

“ငြင်းချင်လည်း ငြင်းပေါ့…ဒါပေမယ့် ကျိုးကြောင်း ခိုင်လုံမှုတော့ ရှိရမယ်”

“ရတယ် မေမေ…မမကလည်း အကြောင်းမဲ့ သက်သက်တော့ မငြင်းပါဘူး”

“ဒါဆို…နက်ဖြန်က စ,ပြီး အစီအစဉ် ဆွဲရမယ်”

မေမေက တက်ကြွစွာပင် မမ့,အနားက ထွက်ခွာသွားတော့မှ မမ နားအေးပါးအေး ကျန်ရစ်ခဲ့ပါသည်။

ကြည့်ကြသေးတာပေါ့ မေမေရယ်…။

မေမေ့ လူတွေကပဲ သိပ်တော်နေမလား၊ မမကပဲ ကြေးများနိုင်မလားဆိုတာ။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m



www.foreverspace.com.m



## အစီအစဉ် (၁)

*တင်မောင်ကြူ*

| | | |
|---|---|---|
| *အသက်* | … | ၃၆ နှစ် |
| *အလုပ်အကိုင်* | … | စီးပွားရေးသမား |
| *ရုပ်ရည်* | … | မလှသော်လည်း ရုပ်မဆိုး |
| *လက်ရှိအခြေအနေ* | … | သားမယားကို လိုလေ သေးမရှိ တည့်တောင့်တင့်တယ် ထားနိုင်သော ပြည့်စုံကြွယ်ဝ ချမ်းသာသူ၊ ပညာအရည်အချင်း အသင့်အတင့်။ |

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm





"ဘုရားရေ…ရွှေဆိုင်ကြီးများ ရွှေ့လာလေသလား"

မမကျော့်သည် မေမေရဲ့ **အစီအစဉ်(၁)**ကြီးကို တွေ့တွေ့ချင်းပင် ဘုရားတမိသွားလေသည်။ မေမေ့ရဲ့ တင်ပြချက်ကို ကြားကတည်းက မမက ဒီလူကို သိပ်တော့ အထင်မကြီးလှ။ သို့သော် ဒီလိုပုံကြီးဆိုတာကိုတော့ မမ ကြိုတင်မျှော်လင့်မထားခဲ့ပါ။

မေမေက လူကြီးချင်း အချိန်းအချက်လုပ်ကာ လူငယ်တွေချင်း အေးအေးဆေးဆေးတွေ့ပြီး စကားပြောကြဆိုသဖြင့်သာ ထိုပုဂ္ဂိုလ်နှင့်တွေ့ဆုံဖို့ စားသောက်ဆိုင် တစ်ခုမှာ ချိန်းဖြစ်ခဲ့ကြတာ ဖြစ်သည်။

မမသည် မမဆီ လှမ်းလာနေသော ထိုပုဂ္ဂိုလ်ကို တွေ့တွေ့ချင်းပင် စိတ်ပျက်သော ခံစားမှုကြီးရဲ့ လွှမ်းမိုးမှုကို ခံလိုက်ရသည်။

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဒီပုံကို ကြည့်ပါဦး။ ဝတ်ထားတဲ့ ရွှေတွေဟာ အတုံးလိုက် အတစ်လိုက်။ လည်ပင်းက ရွှေဆွဲကြိုးကြီးဟာ ဝင်းအိပြောင်လက်နေပြီး ဒဂါးပြားလို အပြားကြီးကြီးလည်း တပ်ထားပါသေးသည်။ လက်မှာ ရွှေရောင်နာရီတစ်ခု၊ လက်နှစ်လုံးလောက်နီးနီး ဖျက်ရှိသည့် ဟန်းချိန်းကြီး တစ်ခု။ လက်ချောင်းတွေမှာ ရွှေချည်းသက်သက် ထုထည်ကြီးကြီး လုပ်ထားသည့် လက်စွပ်ကြီးက တစ်ကွင်း။ ကျောက်စိမ်းကို စိန်တွေ ဝန်းရံထားသည့် လက်စွပ်ကြီးကတစ်ကွင်း။ သူ့ရဲ့ လက်ဝတ်လက်စားတွေထဲမှာ တစ်ခုမှ သေးသေးမွှားမွှားမပါ။ အားလုံးဟာ ထုနှင့် ထည်နှင့်…။

ရုပ်ရည်က ရုပ်ဆိုးတာ မဟုတ်ဘူးဆိုတာတော့ သေချာသည်။ သို့သော် သူ့မျက်နှာမှာ ဘာလိုနေမှန်းမသိ။ လေးလေးနက်နက် တည်တည်ငြိမ်ငြိမ်လည်းမရှိ။ မျက်လုံးတွေရဲ့ မဖြူစင်မှုက အထင်းသားပေါ်လွင်နေသည်။ မညာမတာ ပြောရလျှင် လူပါးခပ်ဝဝ ရုပ်ရည်မျိုး။ ညာညာတာတာ ပြောရလျှင် လူရည်လည်သော ရုပ်ရည်ရူပကာမျိုးဟု ပြောရမည် ထင်ပါသည်။

အသားက ဖြူဆွတ်ရုံမက နည်းနည်းတောင် နီစပ်စပ်ဖြစ်ချင်သည်။ အရပ်အမောင်းကတော့ သာမန်ပင်။



ပုတာလည်း မဟုတ်၊ ထူးခြားထင်ရှားတာလည်း မဟုတ်။ လူက သိပ်မဝလှပေမယ့် ဗိုက်ကတော့ သိသိသာသာ စူကာ ဘူစွာဗိုက်မျိုး။

ချိုင်းကြားမှာ ပိုက်ဆံအိတ် အကြီးကြီး ညှပ်ထားကာ ခါးမှာတော့ ဟန်းဖုန်းနှင့်…။ သူ့ဘာသာ ဘယ်လောက်ချမ်းသာလို့ ရွှေတွေပဲ ဘယ်လောက်ဝတ်ဝတ် အဝတ်အစားကျတော့ သပ်သပ်ရပ်ရပ်မရှိ။ စပို့ရှပ် အစင်းကျားတစ်ထည်နှင့် ပုဆိုးကို ဝတ်ထားပုံကလည်း စမတ်တကျ မရှိလှ…။

ချိန်းထားသည့် စားသောက်ဆိုင်ကို မမက မိနစ်မတန်မဲ့ ကြိုရောက်နေရကာ သူကတော့ ဆယ်မိနစ် နောက်ကျပြီးမှ ရောက်လာသည်။

"မမကျော် ထင်တယ်နော်…ဓာတ်ပုံထဲမှာတော့ မြင်ဖူးထားတယ်…ဆောရီးဗျာ…ကျွန်တော် နည်းနည်း နောက်ကျသွားတယ်…အလုပ်က အမြဲရှုပ်နေတာပါဗျာ…တစ်ခါမှကို မအားရပါဘူး။ မမနဲ့ တွေ့ဖို့ မနည်းသေပြေးရှင်ပြေး အချိန်လုလာရတာ၊လုပ်ငန်းက တစ်ယောက်တည်း မနိုင်ဘူး ဖြစ်နေတာ၊ ခန့်ထားမိတဲ့ မန်နေဂျာတွေက နည်းနည်းလေးမှ အသုံးမကျတော့

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ပိုဆိုးတာပေါ့၊ ကျွန်တော် တစ်ယောက်တည်း ချာလပတ် ရမ်းနေတာ…ချမ်းသာရတာ သိပ်တော့ မမိုက်ဘူးဗျ…ခေါင်းသိပ်စားတာ၊ငွေက မလိုချင်လည်း သူ့အလိုလို ဝင်ချင်နေတာ၊ လက်မခံချင်လို့ ရှောင် ပြေးရင်တောင် မလွတ်ဘူး…”

သူ့အသံက ကျယ်လောင်လွန်းတာမို့ မမဖြင့် မျက်နှာ ဘယ်သွားထားရမှန်းမသိ။ ဟောင်ဖွာဟောင်ဖွာ ပြောနေ ကြွားနေတဲ့ စကားတွေဟာ အတောမသတ် တရစပ် ထွက်နေသည်မှာ သူမို့ မမောနိုင် မပန်းနိုင်။ မမကို ခုထိ ပြောခွင့်မပေးဘဲ သူချည်း လုပြောနေတဲ့ ပုံစံကြီးကို မမက စိတ်ပျက်လက်ပျက် ထိုင်ကြည့်နေရပါသည်။

ဒီလူ့ကို နာမည်ကြားကတည်းက မမ စိတ်ပျက် ခဲ့ရတာ။ နာမည်ကိုက တုံးအတောကျနေသည်။ ရှေ့က ‘တင်မောင်’ဆိုတာက တော်သေးရဲ့၊ ‘ကြူ’ ဆိုတာကြီးက ဘာအဓိပ္ပာယ်မှန်းမသိ အူကြောင်ကြောင်နိုင်နေသည်။ လူတွေ့ တော့ ပျက်လက်စ စိတ်က တစ်စစီ ကျိုးပဲ့ကြေမွသွားရ၏။

“ဘယ်လောက် မအားသလဲဆိုရင် မနက်ကတည်းက ခုထိ ဘာမှကိုမစားရသေးတာ…ဗိုက်ထဲက တဂွီဂွီ တောင်မြည်နေပြီ၊မမကျော် ဘာမှာထားလဲ၊ ကျွန်တော်



တော့ ထမင်းပဲ စားတော့မယ်၊ ဟိတ်…ဝိတ်တာ လာကွာ…မြန်မြန်လေး လုပ်ပေးစမ်းပါ၊ ကြက်ရယ်, ဝက်ရယ်, ငါးရယ်, ပုစွန်ရယ်ချကွာ”

“အဲဒါတွေက အမျိုးမျိုးရှိတယ်ဗျ ခင်ဗျ၊ ကြက်ဆို ပေမယ့် ကြက်တောင်ပံ ချဥ်စပ်ရှိတယ်၊ ကြက်နှာနတ် ရှိမယ်၊ တခြားဟင်းအမည်တွေ အများကြီးရှိတာ ခင်ဗျ၊ ဘယ်လိုချက်တာမျိုးကို စီစဥ်ပေးရပါမလဲ‥ဒီမှာ မီနူး ကြည့်ပြီးမှာပါတယ် ခင်ဗျာ…”

“ရတယ်ကွာ…အဲ့ဒီ အသားတွေ ပါတဲ့ဟာဆို ဘာ မဆိုချ၊ မင်းတို့ ဟင်းနာမည်တွေက ရှုပ်တယ်‥မမှာ တတ်ဘူး”

“ဒီက အစ်မကော ဘာမှာမလဲခင်ဗျာ…”

“ရေသန့်တစ်ဘူးပဲ ပေးပါတော့ရှင်…ကျွန်မ…ရုတ် တရက် ရင်ပြည့်သွားလို့…”

မမ ဘာအဓိပ္ပာယ်နှင့် ပြောလို့လည်း ပြောမှန်း သိပုံမရပါ။ သူ့ခေါင်းထဲမှာ ဂဏန်းတွေသာ ရှိပုံရပါသည်။ သူက သူစားချင်တာတွေ မှာပြီးမှ မမကို စကားပြောရန် ပါးစပ်ကြီးဟာဆဲ သူ့ hand phone က ထ,အော်လာပြန်သည်။ သူက ဖုန်းကို ဟန်ပါပါ ကိုင်ကာ ဟောင်ဖွာဟောင်ဖွာ ပြော တော့သည်။

စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဥ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"ဟာ…ဒီဈေးနဲ့တော့ ဘယ်ရပါ့မလဲ…ခင်ဗျား စဉ်းစဉ်းစားစားလည်း ပြောဦးဗျာ…ကျုပ်တို့က စီးပွားရေးကို ကြီးကြီးမားမားတွေပဲ လုပ်နေတာပါဗျ… အသေးအမွှားစကားမပြောဘူး…ခင်ဗျားပြောတဲ့ဈေးက ရယ်စရာကြီးလို့ဖြစ်နေလို့ပါ၊ ဟား…ဟား ဟား… ချမ်းတော့ချမ်းသာတာပေါ့ဗျာ၊ဒါပေမယ့် ငွေဆိုတာက တော့ ရှာရမှာပဲလေ၊ သိတယ်မဟုတ်လား … ငွေဆို တာ ဒုတိယဘုရားသခင်ပဲ၊ငွေရှိရင် ဘာမဆိုရနိုင်တယ် လေ…"

သူ့စကားလုံးတွေက သူ့ဓာတ်ကို အထင်အရှား ပြနေသည်။ ကြားရသည့် အသံဟာ လောဘဓာတ်ကြော ပူလောင်ပြင်းပြနေ၏။ ပြောရင်းက ဝါးလုံးကွဲ အော်ရယ်လိုက် သံကြီးက စားသောက်ခန်းမထဲ ဟိန်းထွက်လာကာ ဟိုက ဒီက လှည့်ကြည့်ကြလေသည်။

သူ ဖုန်းပြောပြီးသည့်အခါ စားသောက်ဖွယ်ရာ များ တစ်ခုပြီးတစ်ခုချလာပါသည်။ သူက မမကျော့်ကို ဂရု မထားနိုင်ဘဲ သူ့ဗိုက်သူဖြည့်ဖို့သာ စိတ်စောနေကာ ခွန်းခက် ရင်းကို ခပ်သွက်သွက် ကောက်ကိုင်လျက် စားရင်းဝါးရင်း ပြောသည်မှာ…

www.foreverspace.com.mm



"မမကျော့် အကြောင်းကို ကျွန်တော် ကြားဖူးနေတာ ကြာပြီဗျ…အိမ်က အမေက တဖွဖွပြောနေတာလေ၊ အမေက ကျွန်တော့်ကို အရမ်းအိမ်ထောင်ချပေးချင်နေ တာ…ကျွန်တော်က ကျွန်တော့်အလုပ်တွေနဲ့ ကျွန်တော် အမြဲလုံးလည်လိုက်နေတာဆိုတော့ ဒီအိမ်ထောင်ပြုရမယ် ဆိုတဲ့ ကိစ္စကြီးကို မေ့တေ့တေ့တောင် ဖြစ်နေတာ… ခုတော့ အသက်ကလည်း မငယ်တော့ဘူးလေ…အမေ့ စကားကိုလည်း မပယ်ရှားချင်တော့ဘူး၊ အင်း… ပြီးတော့ မမကျော့်ကို ဓာတ်ပုံမြင်ကတည်းက သဘော ကျမိတာလည်း ပါတာပေါ့၊ အင်း…ပြီးတော့"

"ခဏလေးရှင့် … ခဏလေး၊ ကျွန်မကိုလည်း စကား ပြောဖို့ အခွင့်အရေး ပေးသင့်တယ်လို့ ရှင် မထင်ဘူး လား …"

မမက စိတ်မရှည်နိုင်တော့တာမို့ ဖွတ်ဖြတ်ပြော တော့မှ သူက ခပ်ကြောင်ကြောင် ဖြစ်သွားပြီး…

"ရပါတယ်၊ ပြောပါ…ပြောပါ"

"ကျွန်မက မေးခွန်းနည်းနည်း မေးချင်တာပါ…"

"မေးပါ…ရပါတယ်…"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။



"ရှင် အိမ်ထောင်ပြုရင် ပျော်ရွှင်မယ်လို့ ထင်လား… ဘာရည်ရွယ်ချက်နဲ့ အိမ်ထောင်ပြုမှာလဲ…"

"အိမ်ထောင်ပြုရင် ပျော်ရွှင်မလား…အင်း ဒီမေးခွန်းကို အပွင့်လင်းဆုံးဖြေရမယ်ဆိုရင် ကျွန်တော်က အိမ်ထောင်မပြုလည်း ပျော်နေတာပဲဗျ၊ ပျော်ရွှင်မှုဆိုတာ ငွေနဲ့ ပေးဝယ်လို့ ရတာပဲမဟုတ်လား၊ ကာရာအိုကေဆိုင်သွားမလား၊ ဘယ်ဟိုတယ် တက်စားမလဲ၊ ဘယ်club သွားမလဲ…ငွေရှိရင် အားလုံးအိုကေနေတာ… လွတ်လပ်ပြီး ငွေရှာနိုင်တဲ့ ယောကျ်ားတစ်ယောက်ဟာ ပျော်ရွှင်မှုကို လိုသလောက်ရနိုင်တာပဲ၊ အခု အိမ်ထောင်ပြုဖို့ဆုံးဖြတ်ရတာက ယောကျ်ားတစ်ယောက်ရဲ့ဘဝမှာ ကိုယ်ပိုင်မိသားစုရှိမှ တင့်တင့်တယ်တယ်ဖြစ်ပြီး လူလေးစားမယ် ထင်လို့ပါ…"

"သြော်…သြော်…ဒီလိုလား၊ ဟုတ်ပါပြီ…ဟုတ်ပါပြီ၊ ဒီလိုဆိုရင် ရှင့်ကို ကျွန်မ နောက်ဆုံးမေးခွန်းလေး တစ်ခု ထပ်မေးပါရစေဦး ကိုတင်မောင်ကြူ၊ ရှင် အိမ်ထောင်ပြုပြီးတဲ့အခါ ရှင့်ဇနီးမယားကို ဘယ်လိုပုံစံနဲ့ ထားမယ်များ စိတ်ကူးထားပါသလဲ…"

"ဟာ…ဒါကတော့ စိတ်ချပါ၊ လိုလေသေးမရှိစေရ



ပါဘူး၊ စည်းစိမ်ဥစ္စာအပြည့်နဲ့ ထားမှာပါ၊ ကျွန်တော့်မိန်းမကို ရွှေလိုဥထားမှာ၊ ဘာအလုပ်မှ မခိုင်းဘူး၊ အလှအပပြင်ပြီး အိမ်မှာပဲနုနုရွရွလေးနေ၊ကျွန်တော့်ကို ပြုစုတဲ့ အလုပ်တစ်ခုပဲလုပ်…ကျွန်တော် အလုပ်က ပြန်လာလို့ အဆင်သင့်ရှိနေရင် ကျေနပ်ပြီ၊ သေချာပါတယ်…ကျွန်တော်နဲ့ လက်ထပ်တဲ့ မိန်းကလေးဟာ ကံကောင်းမှာပါ"

"သြော်…သြော်"

ဆောရီးပဲ ကိုတင်မောင်ကြူရေ…အဲဒီလို ကံကောင်းမှုကြီးကို လက်မခံပါရစေနဲ့။ မမသည် သူ့ရဲ့ စကားအဆုံးမှာ သူနဲ့ ဆက်ပြောစရာစကား ကုန်သွားလေသည်။ မေမေရယ်…ဘယ်လိုလူမျိုးနဲ့မှ စပ်ဟပ်ရပါသလဲ။

သူက စားနေရင်း နာရီတစ်ချက် ကြည့်လိုက်ပြီး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားကာ…

"ဟာ…ပြဿနာပဲ၊ ခုမှ သတိရတယ်…"

"အရေးကြီးတဲ့ အပွိုင့်မန့်တစ်ခု ရှိတယ်…"

သူက စားလက်စကို ပိုမြန်အောင် တစ်လုပ်ပြီး တစ်လုပ် ခပ်မြန်မြန် ပလုတ်ပလောင်း စားလိုက်ရင်း…

"ကဲ…ကျွန်တော် လစ်လိုက်ဦးမယ်၊ မမကျော်ကိုတော့

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဥ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



အရမ်းအားနာတယ်၊ နောက်မှ မမကျော့်အိမ်ကို အေးအေးဆေးဆေးလာတွေ့ဦးမယ်၊ စီးပွားရေးသမား ဘဝကိုတော့ နည်းနည်းနားလည်ပေးဗျာ၊ ကျွန်တော့်တို့လို လူမျိုးက ကိုယ် သိပ်သဘောကျတဲ့ မိန်းကလေးတစ်ယောက်နဲ့ အချိန်ဖြုန်းချင်တာတောင် အချိန်က အရမ်းကို ရှားပါးနေတတ်တာမျိုးလေ၊ ဪ…ဒါနဲ့ မမကျော့်ကော ဘယ်ပြန်မှာလဲ၊ ကျွန်တော်ဘယ်လိုက်ပို့ပေးရမလဲ…"

"ရပါတယ်…ကျွန်မမှာ ကားပါပါတယ်၊ ရှင့်လမ်းသာ ရှင် ဖြောင့်ဖြောင့်သွားပါ…ကျွန်မလည်း ကျွန်မလမ်း ကျွန်မ ဖြောင့်ဖြောင့် သွားမယ်လေ…"

"ဒါဆို…ကျွန်တော် လိမ့်ပြီဗျာ…"

သူက မမ စကားထဲက အဓိပ္ပာယ်ကိုလည်း တွက်စစ်ကြည့်ပုံမရဘဲ စားပွဲထိုးလက်ထဲ ငွေတစ်ထပ် ထည့်ပေးခဲ့ပြီး ခပ်ပျာပျာ ထွက်သွားလေသည်။ မမသည် သူ့ကိုကြည့်ရင်း အောကြောလန်လာကာ ဟားတိုက်ရယ်ချင်စိတ်ပင် ပေါက်လာသည်။ မမက မမှန်ဘေး တံခါးမှန်ချပ်တွေမှ တစ်ဆင့် သူ့ကားရပ်ထားသည့် နေရာဘက်ကို လှမ်းကြည့်လိုက်သည်။ သူက သူ့ရဲ့ Crown ကားကြီးရှေ့မှာ ရပ်တန့်ပြီး

www.foreverspace.com.mm



ကားဘောနက်အစွန်းကို စိုက်ကြည့်နေသည်။ သူစိုက်ကြည့်သော နေရာမှာ ကွမ်းတံတွေး တစ်ကွက် စန်းထင်းနေတာကို မမ လှမ်းမြင်ရပါသည်။ သူ ဘာလုပ်တယ် ထင်ပါသနည်း။ သူက သူ့ပုဆိုး အောက်နားစကို ဖျတ်ခနဲ ဆွဲယူကာ ကွမ်းတံတွေးကွက်ကို သုတ်ပစ်လိုက်ပါသည်။

မမကျော့်သည် ထိုမြင်ကွင်းကို မြင်ရသောအခါ မအောင့်အည်းနိုင်တော့ဘဲ တဟားဟား ရယ်မိလေသည်။

⌘ ⌘ ⌘

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



www.foreverspace.com.mm



"ဒီလိုလူကိုမျှား ငြင်းရတယ်လို့ မမရယ်…ဒီလောက် ပြည့်စုံတဲ့ လူကိုမျှားဟာယ်…ညည်း စဉ်းစားကြည့် စမ်းပါဦး…ကိုယ့်ကိုလည်း တင့်တောင့်တင့်တယ် ထားနိုင်မယ်၊ ရုပ်ကလည်း အဆိုးကြီး မဟုတ်ဘူး၊ လုပ်ရည်ကိုင်ရည်ကလည်းရှိတယ်၊ ကိုယ့်ထက် အသက် ကြီးတော့ ကိုယ့်ကိုလည်း ငဲ့ညှာမယ်၊ ဒီအရွယ် ဒီလို အနေအထားနဲ့ လူပျိုလူလွတ်ဆိုတာ ရှားသွားပြီ၊ဒါမျိုး ဆိုတာ ကံကောင်းလို့ တွေ့ရတာ"

"မေမေက မြင်ရတဲ့ ဟာတွေကိုပဲ ပြောနေတာကိုး၊ မမြင်ရတာတွေကိုမှ မေမေ မသိတာ၊ မေမေ မမြင်တာ တွေကို မမြင်ပြီးပြီ၊ ဒီလူမှာ ငွေကလွဲရင် တခြားဘာမှ မရှိဘူး"

"ဟင်း…ညည်းဟာက ရှုပ်နေတာပဲ၊ မြင်ရတာ မမြင်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ရတာတွေကော ဘာမှန်းကိုမသိဘူး…နားကို မလည်ဘူး…ဒီလောက်ပြည့်စုံမြင့်မားတဲ့လူကိုမှ လက်မခံရင် တခြား ဘယ်လိုလူတွေကိုမှ ညည်းက သဘောကျမှာလဲ…"

"သူက ငွေတစ်ခုပဲ မြင်တာ၊ ကျန်တာ ဘာမှမမြင်ဘဲ"

"ကဲ…ရှင်းရှင်းပြော၊ ကျိုးကြောင်းခိုင်လုံအောင်ပြောပြီး ငြင်းမှ မေမေ လက်ခံနိုင်မယ်…"

မမကျော့ကလည်း ပြောချင်လွန်းတာမို့ ထိုင်ရာက နေတောင် ထ,လိုက်ပါသည်။ တကာယ်ကို အားရပါးရ လက်ဟန်ခြေဟန်ဖြင့် ချက်ကျလက်ကျ ပြောပြလိုက်ချင်ပါသည်။ မမက လက်ချောင်းတစ်ချောင်းချင်း ဆန့်ထုတ်ကာ…

"နံပါတ်(၁) သူဟာ ငွေတစ်ခုတည်းကိုပဲ ကိုးကွယ်သူဖြစ်တယ်၊ နံပါတ်(၂) အိမ်ထောင်ပြုသင့်တဲ့အချိန်မှာ မပြုဘဲ ငွေနဲ့အပျော်ရှာနေသူတစ်ယောက် ဖြစ်တယ်၊ နံပါတ်(၃) မိန်းမတစ်ယောက်ကို သူ့အိမ်အပြန်ကို စောင့်ပြီး ပြုစုဖို့ တစ်ခုတည်းအတွက် ရည်ရွယ်ပြီး ချောင်ထိုးထားချင်သူ ဖြစ်တယ်၊ နံပါတ် (၄) ပြောတာဆိုတာ နေတာထိုင်တာ ပြုမူတာအားလုံး အဆင့်အတန်းနိမ့်ကျတယ်…အဲ့ဒီ အချက်လေးချက်ကို ခိုင်ခိုင်လုံလုံ



တွေ့ရတဲ့အတွက် မမ ငြင်းပါတယ် မေမေ၊ မေမေပဲ စဉ်းစားကြည့်ပါဦး…အဲ့ဒီလို လူမျိုးကို မမ ဘယ်လိုယူရမလဲ၊ ငွေတစ်ခုတည်း ကြည့်ရအောင်ကလည်း မမက သူ့ကို မှီခိုစားမှ ပြည့်စုံမယ့် အစွမ်းအစမရှိတဲ့ အတုံးအအ,မျိုးမှ မဟုတ်တာ၊ ပြီးတော့ သူ့လိုလူမျိုးက ယူတဲ့မိန်းမကို ချောင်ထိုးထားပြီ အပြင်မှာ ပွေချင်တိုင်းပွေနေဦးမှာ.."

"အေးလေ…ဒါဆိုလည်း ပြီးတာပါပဲ၊ နောက်တစ်ယောက်နဲ့ တွေ့ကြည့်ဦးပေါ့…"

"အမ်…နောက်တစ်ယောက်…"

"ဟုတ်တယ်လေ…သူက မောင်တင်မောင်ကြူလို ပိုက်ဆံရှိရှိ လူရည်လည်လည်မျိုးမဟုတ်ပါဘူး၊ရိုးသားအေးဆေးတယ်၊ ပညာတတ်တယ်၊ ညည်းသဘောကျလောက်မှာပါ၊ မေမေ့ မိတ်ဆွေရဲ့ သားငယ်ပဲ၊ သူတို့သားအမိက ညည်းကို ဆွမ်းကျွေးတစ်ခုမှာ တွေ့ပြီး ကတည်းက သဘောကျနေတာ"

မေမေကတော့ မလျှော့ပါ။

မမကလည်း ဘယ်လိုလူစားမျိုးလာလာ စိတ်တိုင်းမကျမှာ သေချာပါသည်။ မမ စိတ်တိုင်းကျဖို့ဆိုတာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.m



လူ့ပြည်က အပ်တစ်စင်းနဲ့ နတ်ပြည်က အပ်တစ်စင်း ထိဖို့ ခက်သလောက်ကို ခက်ခဲနေပါသည်။

⌘ ⌘ ⌘

www.foreverspace.com.m



**အစီအစဉ် (၂)**


*ထူးဇလ*

| | | |
|---|---|---|
| *အသက်* | ... | ၃၃ နှစ် |
| *ပညာအရည်အချင်း* | ... | B.E (Civil) |
| *အလုပ်အကိုင်* | ... | ရုံးဝန်ထမ်း |
| *ရုပ်ရည်* | ... | အသင့်အတင့် |
| *လက်ရှိအခြေအနေ* | ... | တစ်လ လစာငါးသောင်းဖြင့် ရှီးသားအေးဆေးစွာ ရပ်တည်လျက်ရှိ။ |

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။





"ဟယ်…နှလိုက်တာ၊ နှာမည်နဲ့မှ မလိုက်…"

မမကျော်သည် ကိုယ့်အရင်ဆောစီးစွာ ရောက်နှင့်နေသော ထူးဗလကို မြင်မြင်ချင်းပင် စိတ်ထဲကျိတ်၍ ရယ်ချင်သွားရလေသည်။

သူ့ပုံစံက အသားဖြူဖြူ၊ ပိန်ပိန်ပါးပါး၊ ပုံတုံးတုံးညှပ်ထားသော ဆံပင်တိုကလေးကို ပိပိပြားပြား ဖြီးထားလိုက်သည်မှာ ဆံပင်တစ်စတလေပင် ကပိုကယို ထွက်မနေ။ ရှပ်အင်္ကျီအဖြူ ကော်လံကတုံးလက်ရှည်ကို ကြယ်သီးအစေ့တပ်ဝတ်ထားပုံကလည်း အင်မတန် သပ်ရပ်ခေါက်ရိုးကျိုးနေပါသည်။ သူ့ကို ကြည့်လိုက်တာနှင့် ရိုးသားအေးဆေးရုံမက တုံးအကာ ခပ်ထုံထုံ ခပ်နုံနုံဖြစ်နေမှန်း သိသာသည်။ လောကမှာ ပညာတတ်ပေမယ့် လူစွမ်းလူစ မရှိဘဲ ခပ်အအ၊ ခပ်နုန

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဖြစ်နေတတ်သူတွေ ရှိတတ်တာကို မေမေ မသိလို့သာ ဒီလူနှင့် စပ်ဟပ်တာ ဖြစ်မည်။

သူက အလွန်အားနာရိကျိုးသော ပုံစံလေးနှင့် မမကို မြင်မြင်ချင်း ခါးကလေးညွတ်လျက် မတ်တပ်ထ၊ရပ်ကာ ထိုင်ခုံတစ်လုံးကို ပျာပျာသလဲ ရွှေ့ပေးပါသည်။

"ထိုင်ပါ မမကျော်၊ အလုပ်မအားတဲ့ ကြားက ခုလို အချိန်ပေးပြီး လာတွေ့ရတာ အားနာပါတယ်…"

"ရပါတယ် ကိုထူးဗလ…ရှင်လည်း အလုပ်မအားတဲ့ ကြားက လာရတာ မဟုတ်လား…"

"ကျွန်တော် အားပါတယ် ခင်ဗျ…"

"ရှင့်မှာ အလုပ်ရှိတယ် မဟုတ်လား…"

"အလုပ်က ပုံမှန်ပဲ သွားနေရတာ…မနက် ၈ နာရီ ရုံးတက်၊ ညနေပုံမှန်အတိုင်း ရုံးဆင်း…အထွေအထူး မရှိပါဘူး…အေးအေးဆေးဆေးပါပဲ၊ အလုပ်သိပ်မရှိတော့ တစ်ခါတစ်ခါ ပျင်းစရာတောင် ကောင်းနေသေးတယ်…"

"သြော်…သြော်…ဒါဆို ကိုထူးဗလမှာ အချိန်တွေ ပိုနေတာပေါ့နော်…အားလပ်ချိန်တွေဆို ဘာတွေများ လေ့လာပါသလဲ…"



"သိပ်အထွေအထူးတော့ မရှိပါဘူး…သူငယ်ချင်းတွေ အိမ်လျှောက်လည်၊ ရုပ်ရှင်ကြည့်၊ အိပ်၊ ဒီလောက်ပါပဲ၊ ကျွန်တော်တို့အရွယ်က ဘွဲ့လည်းရ…အလုပ်လည်းရှိဆိုတော့ ပြည့်စုံနေပြီလေ…အခြေကျသွားပြီ၊ တခြား ဘာမှမလိုတော့ဘူး…"

ရှင့်လို အတွေးအခေါ်သာ လူတော်တော်များများမှာ ရှိနေမယ်ဆိုရင် အဲ့ဒီလူတွေက ဘယ်တော့မှ တိုးတက်ထွန်းကား ကြီးပွားလာမှာ မဟုတ်ဘူး ကိုထူးဗလရေ…။

မမက ရင်ထဲ နင်တင်တင်နှင့်ပင် စကားကုခပ်တိုးတိုး ခပ်ဖွာဖွာ ပြောနေသော ထူးဗလထံမှ မျက်နှာလွှဲကာ အသင့်ချထားသော ရေတစ်ခွက်ကို ယူသောက်လိုက်ရသည်။

"ကိုထူးဗလ ရောက်နေတာ ကြာပြီလား…"

"နာရီဝက်လောက် ရှိပြီခင်ဗျ … အိမ်က စောစော ကြိုထွက်လာတာ…"

"သြော်…ရှင့်မှာ အချိန်တွေ တော်တော်ပိုနေတာကိုး"

မမက သူ့ကိုအကဲခတ်ရသလောက်တော့ သူက ကိုတင်မောင်ကြူထက်စာရင် ရည်မွန်ပါသည်။ သို့သော် ခပ်ထုံထုံနှင့် တိုးတက်ချင်စိတ် မရှိတာကြီးက အထင်းသား ပေါ်လွင်နေ၏။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"ကိုထူးဗလ အလုပ်ကရော အဆင်ပြေရဲ့လား…"

"ပြေပါတယ်…ခင်ဗျ"

"ကိုထူးဗလ အိမ်ထောင်ပြုရင်ကော ဒီအလုပ်ပဲ ဆက်လုပ်မှာလား…ပြောင်းလဲဖို့ စိတ်ကူးရှိလား…"

"ဆက်လုပ်မှာပေါ့…အလုပ်တစ်ခုကနေ တခြားတစ်ခု ပြောင်းတယ်ဆိုတာ လွယ်တာမှ မဟုတ်တာ…ကံမကောင်းရင် လက်ရှိအလုပ်ထက်တောင် အခြေအနေ ဆိုးသွားနိုင်တယ်လေ…ကျွန်တော်က ဘဝကို အေးအေးဆေးဆေးလေးပဲ ဖြတ်သန်းသွားချင်တာ…အချိန်တန် လခထုတ်လို့ ပိုက်ဆံရရင် ကိုယ့်မိန်းမလက်ထဲ တစ်ပြားမကျန် အပ်ပြီး ကိုယ်လိုမှ ပြန်တောင်းသုံးရုံပဲ"

ရှင့်တစ်ယောက်တည်း သုံးဖို့တောင် ကွက်တိဖြစ်နေတဲ့လခကို မမကျော့က ဘာလုပ်ရမှာလဲ။ အချိန်တန် လခအပ်ပြီး အိမ်ဦးခန်းမှာ ဒူးနန့်နေမယ့် ရှင့်ကို ကျွန်မက ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်အလုပ်နဲ့ကိုယ် ဂျင်ခြေလည်နေတဲ့ ကြားက ပြုစုနေရဦးမှာလား။

မမသည် အပေါ်ယံကလေးက ပြုံးထားရကာ စိတ်ထဲမှာတော့ အငေါ်တူးနေမိသည်။ ဒီတစ်ယောက်လည်း

www.foreverspace.com.mm




မဟန်ဘူး။ ကြည့်ရတာ ကိုယ့်ပြန်အားကိုးမယ့်ပုံ…။တစ်သက်လုံး လခစားဘဝမှာ အပျော်ကြီး ပျောက်နေမယ့်ပုံ။

မမသည် ထိုတစ်ယောက်ကိုလည်း တာ့တာ ပြလိုက်ပါသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။









"မေမေပဲ စဉ်းစားကြည့်လေ…မမ ယူတဲ့ ယောက်ျား ဟာ မမထက် မသာရင်တောင် မမနဲ့ ရင်ပေါင်တန်း နိုင်မှ မမက အထင်ကြီးလို့ ရတော့မှာပေါ့"

"ကြံဖန် ကြေးများနေပြန်ပြီဟယ်…ညည်းက ပိုက်ဆံ ချမ်းသာတဲ့ စီးပွားရေးသမားကျ တစ်မျိုးအပြစ်ပြော… ပညာတတ်ပြီး အေးဆေးတဲ့သူကျတော့လည်း မကြိုက်၊ ယောက်ျားဆိုတာ အလုံးစုံတော့ ဘယ်ပြည့်စုံနေမှာလဲ၊ တစ်နေရာမှာ ပိုနေရင် တစ်နေရာမှာ လိုနေမှာပေါ့"

"မမကို အပြစ်တင်မစောပါနဲ့ မေမေရယ်…လောက မှာ ဘွဲ့အကြီးကြီးရထားတိုင်း ပညာတတ်လို့ ခေါ်တာ မဟုတ်ဘူး၊ ဘွဲ့ကြီးပိုက်ထားပြီး ဘာမှ မလေ့လာ မဆည်းပူး တက်လမ်းမရှာဘဲနေရင် ဘာမှဖြစ်လာတာ မဟုတ်ဘူး၊ လူ့စွမ်းလူ့စကလေးလည်း ရှိဦးမှ ဖြစ်တာ၊

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



မေမေ့ ထူးဗလက လူစွမ်းလူစ မရှိတဲ့ ခပ်တုံးတုံးလူ ဖြစ်နေတာကိုး''

''ငါ့ထူးဗလ မဟုတ်ပါဘူး…ညည်း ထူးဗလပါ…''

''အမယ်လေး…မမ ထူးဗလလည်း မဟုတ်ပါဘူးနော်၊ ကဲ…ဘယ်သူ့ထူးဗလမှ မဟုတ်ဘူးဘဲထား''

မမကျော့်တို့ သားအမိမှာ အစီအစဉ် တစ်ခုပြီး တိုင်း…ငြင်းခုံရ၊ စကားနိုင် လုရတတ်ပါသည်။ ခုလည်း ထူးဗလအကြောင်း အကြိတ်အနယ် ဆွေးနွေးရင်း အငြင်းပွားစ ပြုလာသည်။

''သူကြည့်ရတာ ရေသာခိုမယ့်ရုပ်…အားရင် အေးအေး ဆေးဆေး နှပ်နေမယ့်ရုပ်၊ မမ ကြည့်တာနဲ့ သိတယ်၊ သူနဲ့ မမ ယူပါပြီတဲ့…ပစ္စည်းခန်းကအစ မမပဲ နစ်နာ သွားပြီ၊ သူက သူတစ်ယောက်စာ လောက်ငရုံ လခ လေးပဲ ရှာပေးမယ့် မယားပစ္စည်း လင်ပိုင်တယ်တို့ ဘာတို့ကရှိလာဦးမယ်၊ ယောက်ျားဆိုတာက အစိုးရတာ မဟုတ်ဘူး၊ ခု ရိုးသားအေးဆေးပေမယ့် အိမ်ထောင်ကျ ပြီးမှ ရုပ်ချင်ရုပ်လာတတ်တာ…မမနဲ့ယူပြီးမှ မမပစ္စည်း လည်း သူပိုင်တာပဲဆိုပြီး မမပိုက်ဆံနဲ့ တခြား မိန်းမ တစ်ယောက်ကို ပေးကမ်းထောက်ပံ့ရင် ဘယ်လိုလုပ်

www.foreverspace.com.mm



မလဲ၊ ကွာမယ်ပြမယ်ဆိုပြီး မမပစ္စည်း တစ်ဝက်ကို ခွဲပေးပါတွေ ဘာတွေ လုပ်လာရင်ကော''

''ညည်း ပြောသလိုဆို ယောက်ျားယူဖို့အရေး ရှေ့နေ တွေနဲ့ တိုင်ပင်ပြီးမှ ယူရတော့မလို ဖြစ်နေပြီ''

''တိုင်ပင်သင့်ရင် တိုင်ပင်ရမှာပဲ မေမေ၊ မိန်းမဆိုတာ ယောက်ျားတွေ လှည့်ကျတာ၊ ခုတုံးလုပ်တာ မခံရဖို့ အရာရာ သတိရှိနေမှ တန်ရုံကျတာ''

''အပျိုကြီးတွေဟာလေ…ကြီးလာလေ…တွက်တတ် ချက်တတ်လေ…အတွေ့တွေကြီးလာလေ… အိမ်ထောင် ကျဖို့ ခဲယဉ်းလေပဲ၊ ညည်းလိုသာ တွက်ချက်နေရင် ဘယ်မိန်းမမှ အိမ်ထောင်မကျတော့ဘူး''

''မမက တွက်ချက်တာ တစ်ခုတည်းနဲ့ ငြင်းနေတာ မဟုတ်ပါဘူး…မေမေရယ်၊ မေမေ့ လူတွေကို မမ ရင်မခုန်တာလည်း ပါပါတယ်…''

''အလိုတော်…ညည်းက ဒီအရွယ်ကြီးနဲ့ ရင်ခုန်ချင် သေးလို့လား၊ အံ့ရောဟယ်…မကြီးမငယ်''

''မမ အသက် အဲဒီလောက်လည်း အိုမင်းမနေသေး ပါဘူး မေမေရယ်''

''အေးပါ…ထားပါတော့၊ ဒါဆိုလည်း ညည်းကို ရင်ခုန်

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m



ကောင်း ခုန်စေမယ့် တစ်ယောက်နဲ့ တွေ့ကြည့်လိုက်ဦး"

"ဟင်…မေမေကလည်း…မမ မကြည့်ချင်တော့ပါဘူး"

"ကဲ…ဒီတစ်ယောက် နောက်ဆုံးပါပဲ၊ ညည်းအသည်းက ခပ်နုနုဆိုတော့ သဘောကျချင် ကျသွားမှာပေါ့၊ ဒါမှ မကြိုက်ရင်တော့ ငါလည်း မတတ်နိုင်တော့ဘူး၊ ညည်းဘာသာ ယူချင်ယူ၊ မယူချင်နေတော့"

မေမေက ခပ်ပြတ်ပြတ် ပြောကာ လှည့်ထွက်သွားလေသည်။

⌘ ⌘ ⌘

www.foreverspace.com.m



## အစီအစဉ် (၃)

### *မျိုးမဟာ*

| | | |
|---|---|---|
| *အသက်* | … | ၃၀ နှစ် |
| *ပညာအရည်အချင်း* | … | ဘွဲ့ရ |
| *အလုပ်အကိုင်* | … | မရှိ၊ သို့သော် မိဘအမွေအနှစ်ရှိ။ |
| *ရုပ်ရည်* | … | အလွန်ချောမော |
| *လက်ရှိအခြေအနေ* | … | ရုပ်ရှင်မင်းသားဖြစ်ရန် ကြိုးစားလျက်ရှိ။ |

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.m



www.foreverspace.com.m



တကယ်တော့ မေမေက မမကျော့်ကို လျှော့တွက်ခဲ့တာသာဖြစ်သည်။ အဲ့ဒီအတွက် မမမှာ မခံချိမခံသာ ဖြစ်ရလေသည်။

မမက ရင်ခုန်ချင်သေးတယ်ဆိုတာနဲ့ပဲ ရုပ်ရည်ချောမောပြီး ရုပ်ရှင်မင်းသား ဖြစ်ချင်တဲ့ ဒီလိုလူမျိုးနဲ့ တွေ့ပေးရသတဲ့။

အဲ့ဒီနေ့က မမမှာ စိတ်ရှုပ်ရလွန်းလို့ ရှုးတောင်ရှုးချင်သွားသည်။

မျိုးမဟာ တကယ့်ကို ချောမောလှသူ ဖြစ်ပါသည်။ သို့သော် ချောတိုင်း ရင်ခုန်ရမှာလား။ ရင်ခုန်တိုင်းကော…အသုံးမကျတဲ့ လူတစ်ယောက်ကို ကိုင်းညွှတ်ရမှာလား။ မစဉ်းစား မချင့်ချိန်ဘဲ လက်ခံလိုက်ရမှာလား…။

မျိုးမဟာက အသက်ထက် များစွာ နုပျိုတာတော့

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



အမှန်ပင်ဖြစ်သည်။ မမနဲ့ အသက်ချင်း မတိမ်းမယိမ်းဆို ပေမယ့် မမထက် များစွာနုပျိုပါသည်။ ဝတ်တာ စားတာက လည်း ခြေဆုံးခေါင်းဖျား တန်ဖိုးကြီးတွေချည်း ဖက်ရှင်အဆန်း ထွင်ကာ ရုပ်ရှင်မင်းသား ရှုံးလောက်အောင် ဝတ်ဆင်ထား ပါသည်။

သို့သော် သူ့မျက်နှာဟာ ပေါ့ပေါ့ လှပ်လှပ် ကလေး။ မျက်လုံးတွေထဲမှာ လေးနက်မှု မရှိ။ လူပုံကြည့်တာ နှင့် အနှစ်မရှိဘဲ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား လူပေါ်ကြော့ တစ်ယောက်ဆိုတာ သိသာလွန်းနေပါသည်။

သူက မမကို တွေ့တွေ့ချင်း ဟန်မဆောင်နိုင်ဘဲ စကား စ,လာပါသည်။

"မမက ပျိုဖြူမဂ္ဂဇင်းမှာ အယ်ဒီတာလည်း အယ်ဒီတာ ထုတ်ဝေသူလည်း ထုတ်ဝေသူဆိုတော့…မင်းသား မင်းသမီးတွေ…ဒါရိုက်တာတွေ…ရုပ်ရှင်ကုမ္ပဏီတွေနဲ့ ရင်းနှီးမှု ရှိမှာပေါ့နော်…"

"အင်း…ရှိသင့်သလောက်တော့ ရှိပါတယ်၊ ဒါပေမယ့် စာရေးဆရာတွေနဲ့ ပိုရင်းနှီးတယ်…မမတို့ မဂ္ဂဇင်းက စာပေဘက်ကို ပိုပြီး အလေးထားတယ်၊ Pop က နည်းတယ်"



"စာရေးဆရာတော့ ကျွန်တော် စိတ်မဝင်စားပါဘူး၊ ရုပ်ရှင်လောကကိုပဲ စိတ်ဝင်စားတယ်…ကျွန်တော်က မင်းသားဖြစ်ဖို့ ကြိုးစားနေတာလေ…ကျွန်တော့်ကို မမအသိ ရုပ်ရှင်လောက,က လူတွေနဲ့ ဆက်သွယ်ပေး နိုင်မလား"

"မင်းက တကယ် ဝါသနာပါတာလား"

"တကယ်ပေါ့ မမရ…ကျွန်တော့်အတွက် ငွေမလို တော့ဘူး၊ အောင်မြင်မှုပဲ လိုတာ၊ ကျော်ကြားချင်တာ၊ မမ ကူညီမယ် မဟုတ်လားဟင်"

ကောင်လေးက သူ့ရဲ့ လှပသော ရုပ်ရည်ကလေး ကို မမရှေ့ မသိမသာတိုးလာကာ မမကို ခပ်ညို့ညို့ကြည့် လေသည်။ မမက မျက်နှာကို မသိမသာ နောက်ဆုတ်လိုက် ရင်း…

"စဉ်းစားကြသေးတာပေါ့ …"

မျိုးမဟာက ဘာမှဆက်မပြောတော့ဘဲ တိတ် ဆိတ်သွားပါသည်။ သူ့ကိုကြည့်ရတာ မမကို လက်ထပ်ချင် တာက နည်းနည်း…သူ မင်းသားဖြစ်ဖို့ ပံ့ပိုးစေချင်တာက များများ ဖြစ်ပုံရသည်။ ခဏကြာတော့ သူက မှာထားသည့် စားစရာတွေကို မမစားဖို့ ပျာပျာသလဲ ပြင်ဆင်ပေးနေပြန်သည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မမ ငုံ့စားနေတော့မှ သူက စားပွဲပေါ် လက်တင် မေးထောက်ကာ မမကို ငေးကြည့်ရင်း…

"မမ…"

ဟု တိုးဖွဖွလေး ခေါ်လိုက်ပါသည်။

တကယ့်ကို ရုပ်ရှင်ထဲက အိုင်တင်အတိုင်း။ ပြီးတော့ သူက ရင်ခုန်စရာ ကောင်းလောက်သော အသံမျိုးဖြင့် ခပ်ချွဲချွဲ ပြောပြန်သည်။

"မေမေပြတဲ့ ဓာတ်ပုံကို မြင်ပြီးကတည်းက မမကို ကျွန်တော် သိပ်ချစ်ခဲ့ရတာ၊မမနဲ့သာလက်ထပ်ခွင့်ရရင် ကျွန်တော် အရမ်းပျော်မှာ…"

မမက စားနေရင်းက သူ့ကို မျက်လုံးပင့်ကြည့် မိသောအခါ သူ့ရဲ့ ရီတီတီ မျက်ဝန်းတွေနှင့် ဆုံမိပါသည်။ သို့သော် ရင်ခုန်ဖို့တော့ ဝေးပါသေးရဲ့ … မင်း ညာနေတာ မသိရင် ခက်လို့။

မမက သူ့ကို မျက်ခုံးပင့်ကြည့်မိကာ…

"မင်းက မင်းသားဖြစ်ချင်တာဆို၊ တို့နဲ့ လက်ထပ်လိုက် ရင် မင်း တက်လမ်းတွေ ပိတ်သွားဦးမယ်…"

မမက ငေါ့ပြောလိုက်သော်လည်း သူက အတည် မှတ်ကာ…



"မမပြောတာ ဟုတ်တော့ ဟုတ်တယ်နော်၊ တက်ခါစ က အိမ်ထောင်သည်ဆိုရင် ပရိသတ်က စိတ်ဝင်စားပါ့ မလား မသိဘူး၊ ဒါပေမယ့် ကိစ္စတော့ မရှိပါဘူး… လူမျိုလို့ ညာထားရင် ရတာပဲ…အိမ်ထောင်ဘက်က နားလည်ပေးဖို့သာ လိုတာ"

လဲသေလိုက်ပါလား…။

မမက တစ်ဖက်လှည့်ကာ နှုတ်ခမ်းကို ရွဲ့ပစ်လိုက် မိပါသည်။

မင်းလို ယောက်ျားမျိုးကို ငါက ရူးလို့ လက်ထပ် ရမှာလား။

မင်းသားတောင် မဖြစ်ရသေးဘူး၊ မိန်းမရရင် ချောင်ထိုးထားဖို့ ကြံစည်နေသည်။ မမကို ခုတုံးလုပ်ကာ အောင်မြင်မှုရဖို့ ရည်ရွယ်နေသည်။ တော်တော် တရားကျဖို့ ကောင်းပါသည်။

သူကျတော့ တင်မောင်ကြူလို ပျာယာခတ်ပြီး ပြန်မသွားဘဲ တတ်နိုင်သမျှ အချိန်ဆွဲကာ စကားသံ ပျော့ပျော့ ပျောင်းပျောင်း ကလေးတွေဖြင့် မမကို အရည်ပျော်အောင် ကြိုးစားနေသည်။ တင်မောင်ကြူလို ဂွမ်းဒေါကြီးလည်းမဟုတ်။ ထူးဇလလို ခပ်နုနုလည်းမဟုတ်။ မမကို ခပ်ညှိညှို့ မျက်ဝန်း

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။

www.foreverspace.com.mm



တွေ့နှင့် တစ်ချိန်လုံးကြည့်ကာ လိုတာထက်ပိုသည့် ဂရုစိုက်မှု တွေပေးကာ…သူဖြစ်ချင်တာ ဖြစ်ရဖို့ မမထံက စကားလုံးတွေ အစ်အောက်ထုတ်နေပါသည်။

ဩော်…ယောကျ်ားဆိုတာ အမျိုးမျိုး အဖုံဖုံ ပါလားဟု တွေးကာ မိမိ စိတ်ထဲမှာ အချဉ်ပေါက်လာရပါသည်။ မမ စိတ်တိုင်းကျမယ့် ယောကျ်ားမျိုး ဒီတစ်သက် တွေ့မှ တွေ့ပါ့မလားဟု စိတ်ပူစရာပင်။ ဒီလို ချောမော ညို့ငင်တတ်တဲ့ ယောကျ်ားမျိုးရှေ့မှာတောင် မမရဲ့ ခံစားချက်က စိတ်ပျက်လက်ပျက် ရယ်မောလိုက်ချင်တာထက် မပိုရ။

အမှန်အတိုင်း ပြောရရင် မမကလည်း ကိုယ့်ရဲ့ နှလုံးသားကို ဝုန်းဒိုင်းကျဲ ခုန်ပေါက်စေမယ့် အရူးအမူး ချစ်ခြင်းမျိုးကို ကြုံကြိုက်လိုက်ချင်ပါသေးသည်။

ခုတော့ဖြင့် အချိုးမပြေလှတဲ့ ယောကျ်ားတွေနဲ့ပဲ ဆုံတွေ့ရကာ မမရဲ့ ရန့်ခုန်သံတွေ ဆိတ်သုဉ်းနေခဲ့ရလေသည်။

⌘ ⌘ ⌘

www.foreverspace.com.mm







“လောကမှာ မိန်းမတစ်ယောက်ကို အသုံးချပြီး တက်လမ်းရှာချင်တဲ့ ယောကျ်ားတွေလည်း ရှိသေးတယ် မေမေ၊ မမက ရင်မခုန်ဘူးဆိုတာနဲ့ပဲ ဒီလို မလောက်လေး မလောက်စား ခပ်ပေါ့ပေါ့ ကောင်လေးမျိုးနဲ့ တွေ့နိုင်းရတယ်လို့ မေမေရယ်၊ ဒါ…မေမေ‥မမကို အထင်သေးတာပဲ”

“ဟွဲ…ဒါကတော့ စပ်ကြုဟပ်တွဲထဲက တစ်ယောက်ကို တွေ့ကြည့်နိုင်းတာပဲ…သူ့မှာ ဘယ်လိုစိတ်မျိုး ရှိတယ်ဆိုတာ မေမေမှ မသိတာ၊ ညည်းကိုလည်း ငါက အမေတစ်ယောက်ရဲ့အာဏာသုံးပြီး ဒီလူကိုတော့ ယူကို ယူရမယ်လို့ အတင်းအကြပ် တိုက်တွန်းတာ မဟုတ်ပါဘူး…ကိုယ့်ဘာသာ ကိုယ်လိုချင်တဲ့ သူတွေကို တွေ့ကြည့်…စကားပြောကြည့်၊မကြိုက်ဘူးဆိုတာ

စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



တော့ ငါဘာပြောသလဲ…ငါက ညည်းကို လူစဉ်မီစေချင်လို့သာ အိမ်ထောင်ပြုဖို့ တိုက်တွန်းနေရတာ၊ တိုက်တွန်းတာနော်…အမိန့်ချတာ မဟုတ်ဘူး"

"လာပြန်ပြီ…ဒီလူစဉ်မမီတဲ့ စကားအသုံးအနှုန်းကြီးကို၊ မမက ဒီအတိုင်းလည်း လူစဉ်မီသားပဲ ဥစ္စာ…မေမေကလဲ…"

ဒေါ်ခင်အေးကျော်မှာ ကိုယ့်သမီးကိုသာ စိတ်ပျက်လက်ပျက်ကြည့်မိရပါသည်။ဒီသမီးတစ်ယောက်က ယောကျ်ားဆို အပြစ်ရှာသည့် မျက်လုံးမျိုးတွေနှင့် ကြည့်ကာ ဘယ်သူ့ကိုမှ စိတ်တိုင်းမကျနိုင်၊ အရွယ်ရောက်ကတည်းက အလုပ်ထဲ အာရုံစိုက်ကာ ယောကျ်ားတစ်ယောက်လို ဖျတ်လတ်တက်ကြွစွာ အလုပ်လုပ်ရင်း ငါတကော ကောချင်စိတ်တွေ ဝင်လာသလားဟု ထင်ရပါသည်။ ဘယ်ယောကျ်ားကိုမှ ညှိယူပြီး အဆင်ပြေပြေ ပေါင်းသင်းဖို့ စိတ်ကူးထဲ မထည့်၊ ယောကျ်ားယူဖို့ စဉ်းစားနိုင်းပြီဆို အတွေးခေါင်ခေါင်နှင့် လျှောက်တွေးပြီး အဆိုးတွေပဲ မြင်မြင်နေတတ်သေးသည်။

ကိုယ့်တုန်းကတော့ စောစောစီးစီး အိမ်ထောင်ကျကာ ကိုယ့်ယောကျ်ားရဲ့ အကောင်းအဆိုးတွေထဲ အလိုက်သင့် အဆင်ပြေအောင် မှုမှုတတ တွေးခေါ်နေထိုင်ရင်း အိမ်ထောင်



ရေးလည်း သာယာခဲ့ပါသည်။ ကိုယ့်ယောကျ်ားက စောစောစီးစီး နှလုံးရောဂါနဲ့ ဆုံးသွားတော့လည်း ဒီသား, ဒီသမီးတွေနဲ့မို့ အထီးမကျန်ခဲ့။ မမကျော်က ထက်မြက်တာမို့ မိသားစုကို ဦးဆောင်ရှာဖွေကာ ကိုယ့်မှာ သက်သက်သာသာ အေးချမ်းစွာ နေခဲ့ရပါသည်။ ဒါဟာ မိသားစုဘဝရှိခြင်းရဲ့ အကျိုးကျေးဇူးပဲ မဟုတ်လား။ ကိုယ်မရှိတဲ့အခါ ဒီသမီးတစ်ယောက်တည်း အထီးကျန် ဖြစ်နေရမှာမျိုးကိုတော့ ဒေါ်ခင်အေးကျော် စိုးရိမ်လှပါသည်။

"မေမေ…ရုပ်ရှင်တွေ ကြည့်ဖူးတယ် မဟုတ်လား… ရုပ်ရှင်တွေထဲမှာလိုပေါ့…ကောင်မလေးက ကောင်လေးကို မင်းသားဖြစ်အောင် အနစ်နာခံပံ့ပိုးပေး၊ကောင်လေးက မင်းသားဖြစ်လာတော့ ကောင်မလေးကို လူရှေ့သူရှေ့ပွဲတက်မယားအဖြစ်မခေါ်ဘဲ ချောင်ထိုးထား…သူက လူပျိုယောင်ဆောင်နေ…ကောင်မလေးမှာတော့ မျက်ရည်နဲ့ မျက်ခွက်၊ အမယ်လေး…အဲဒီလို မေမေရေ…သူက အဲဒီလိုဇာတ်မျိုးခင်းချင်သေးတာ၊ ဒီက မမကျော်တို့ကလည်း ဝေးပါသေးရဲ့…မမကျော်ကိုများ သူလှည့်စားတိုင်း ငြိမ်ခံနေမယ့် ခပ်အအ,မိန်းမထင်နေတယ်.."

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



"ကဲ…ထားပါတော့ မမရယ်၊ အပြစ်ရှာပြောမနေပါနဲ့တော့၊ ဘယ်လောက်အပြစ်ကင်းတဲ့ ယောကျာ်းပဲဖြစ်ဖြစ် ညည်းအပြစ်ရှာရင် မတွေ့ဘဲမှ မနေတဲ့ဥစ္စာ၊ ညည်းပြောသလိုလည်း ဟုတ်ချင်မှ ဟုတ်မှာပါ၊ သူကလည်း သူစိတ်ဝင်စားတဲ့ အသိုက်အဝန်းက ညည်းနဲ့ နီးစပ်တာကို သိလို့ သိချင်တာတွေ မေးကြည့်တာ ဖြစ်မှာပါ…ဒါက လူ့သဘာဝပဲ၊ အပြစ်ရယ်လို့ ပြောလို့မှ မရတာ…ယောကျာ်းဖြစ်ဖြစ်, မိန်းမပဲဖြစ်ဖြစ် ဘယ်လောက် ခြောက်ပစ်ကင်းတယ်ပဲဆိုဆို…အပြစ်ရှာတဲ့ မျက်စိနဲ့ကြည့်ရင် အပြစ်ကတော့ တွေ့မှာပဲ၊ ညည်းမှာ အကောင်းမြင်တဲ့ စိတ်ကလေး ရှိဖို့ပဲလိုတာ"

"ဟင်…မေမေ ပြောသလိုဆို မမက အဆိုးမြင်ဝါဒီကြီး ကျနေတာပဲ"

"ကဲ…ထားလိုက်ပါတော့၊ ဒါကို အငြင်းမပွားချင်တော့ပါဘူး၊ ညည်းကို ငါ တစ်ခုပဲ မေးချင်တယ်၊ ညည်းက ဘယ်လိုလူစားမျိုးနဲ့မှ အိမ်ထောင်ပြုမှာလဲ"

မေမေက မေးသောအခါ မမက လက်ချောင်းလေးတွေကို ချိုးကာ ချိုးကာဖြင့် အားတက်သရော ပြောသည်မှာ…



"ပညာတတ်ရမယ်၊ ရုပ်ရည်ကလည်း အသင့်အတင့်ရှိရမယ်၊ ငွေကြေးလည်းပြည့်စုံရမယ်၊ လုပ်တဲ့အလုပ်ကလည်း ဂုဏ်သိက္ခာရှိရမယ်၊ စိတ်သဘောထားကြီးရမယ်၊ အတွေးအခေါ် မြင့်မားရမယ်၊ အနေအထိုင်အပြုအမူ အပြောအဆို ရည်မွန်အဆင့်အတန်းမြင့်ရမယ်၊ စည်းကမ်းရှိရမယ်…"

"တော်ပြီလား…ဒီလောက်ပဲလား…"

"ကျန်သေးတယ် မေမေရဲ့…မမကိုလည်း ဂရုစိုက်ရမယ်၊ ကြင်နာရမယ်၊ ဦးစားပေးရမယ်၊ သစ္စာရှိရမယ်၊ လေးစားမှုလည်း ရှိရမယ်၊ အင်း…တော်ပါပြီ…ဒီလောက်ပါပဲ…"

မမ စကားဆုံးလျှင် မေမေက မဲ့ပြုံးကြီး ပြုံးကာ…

"ညည်းပြောတဲ့ အချက်တွေက ဂျာနယ်ထဲမှာ ပါတဲ့ စိတ်ကူးထဲက ချစ်သူပုံရိပ်တွေလိုဖြစ်နေပြီ မမကျော်၊ ဒီမှာ မေမေ သေချာပေါက် ပြောရဲတယ်၊ လောကမှာ အဲဒီလောက်ပြည့်စုံတဲ့ ယောကျာ်းမျိုးကို ညည်းတွေ့ရင် မေမေ ခေါက်ဖြတ်ခံလိုက်မယ်…ဟုတ်ပြီလား…"

မေမေက မမကို မျက်စောင်းတစ်ချက်ထိုးလျက် လှည့်ထွက်ရင်း…

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.m

"တော်ပြီ…ဒီနေ့ကစပြီး ညည်း ယောက်ျားယူဖို့ကိစ္စထဲမှာ ငါမပါတော့ဘူး၊ အေး…တစ်ခုတော့ရှိတယ်၊ မိုးတစ်လုံးလေတစ်လုံး ပြောထားပြီး ဘာမဟုတ်တာနဲ့ ကြိုက်လာလို့ကတော့ ငါနဲ့အတွေ့ပဲ"

မမသည် ခုမှပင် စိတ်အေးလက်အေး နေခွင့်ရလေသည်။ မမ အိမ်မှာရှိသည့်အခါတိုင်း 'အသက်ကြီးပြီ' တို့ 'နောက်သုံးနှစ်ဆို အိုပြီ' တို့ အချိန်တိုင်း သတိပေးမနေတော့ဘူး ဆိုလျှင် မမက နှပျိုဖူးတ်လတ်စွာ ဆက်လက် ရှင်သန်နေထိုင်ခွင့်ရပြီဖြစ်ပါသည်။

⌘ ⌘ ⌘

www.foreverspace.com.m

အပိုင်း (၂)

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm

# ကိုပဍ္စ



စာရေးဆရာ 'ကိုပဍ္စ' ဟု ဆိုလိုက်လျှင် စာပေအသိုက်အဝန်းက ငွေကြေးအရ မအောင်မြင်သော်လည်း အတွေးအခေါ်ပါသော ဝတ္ထုများကို ရေးသူဟု အသိအမှတ်ပြုကြလေသည်။ သို့သော် သူ့အဖေကတော့ သူ့အလုပ်ကို အသိအမှတ် မပြုချင်ပေ။ သူ့မှာ လူကသာ ဟိုသွားဒီသွား အလုပ်များ ပြစရာမရှိပေမယ့် စိတ်ကတော့ ဘယ်သောအခါမှ အားရတယ်လို့ မရှိဘဲ အမြဲတွေးတောကြံဆနေခဲ့ရတာ ဖြစ်သည်။ ဒါကို သူ့အဖေက နားလည်မပေးနိုင်ဘဲ အမြဲ ဆူပူအပြစ်တင်သည့် ဒဏ်ကို သူ လိုမ့်ပိမ့်ခံနေရတာဖြစ်သည်။

"မင်းကြည့်ရတာ ငါ မအားရပါဘူးကွာ…ယောကျ်ား ဖြစ်ပြီး အားအားရှိ ငြိမ်ကုပ်ပြီး ထိုင်နေတာပဲ၊ သူများ တကာ ယောကျ်ားတွေလို ကျားကျားလျားလျား အပြင် ထွက် သွားလာပြီး အလုပ်တစ်ခု လုပ်ပါတော့လား၊

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။





ဘွဲ့လည်း ရနေပြီပဲဥစ္စာ၊ ခုတော့ မင့်ဟာက စာအုပ်တွေကို မိုးအလင်း ထိုင်ဖတ်ချင်ဖတ်…မဖတ်ရင် ငှူငူကြီးထိုင်ပြီး ငိုင်နေ၊ အိမ်မှာ ထိုင်ရတာ အားမရရင် လက်ဖက်ရည်ဆိုင်သွားပြီးတော့တောင် ငိုင်နေလိုက်သေးတယ်၊ အဖေလုပ်တဲ့သူကို နည်းနည်းပါးပါးကူညီမယ်မျှားစိတ်ကူးပါလား…ခုတော့ ငါ့မှာသားမွေးထားပြီးအားမကိုးရဘူး၊ သူများတကာက ဦးလွန်းမြတ်တို့က တော့ဗျာ…သားမွေးထားတာ အရွယ်လည်းရောက်ပြီဆိုတော့ နားရပြီပေါ့လို့ပြောရင် ငါက မရှိုးသွားဖြဲလေး ရယ်ရယ်ပြပြီး စိတ်ကူးထဲမှာပေါ်လာတဲ့ မင်းမျက်နှာကို လက်သီးနဲ့ ပြေးထိုးချင်စိတ် ပေါက်ပေါက်လာတယ်"

"ကျွန်တော်က…ကျွန်တော့်အလုပ်နဲ့ ကျွန်တော်မို့လို့ အဖေ့ကို မကူညီနိုင်တာပါ"

"မင်းက ဘာအလုပ်တွေများ ကြီးကြီးကျယ်ကျယ် လုပ်နေရလို့လဲ…"

"ကျွန်တော့်မှာ စာရေးတဲ့အလုပ်ရှိတယ်လေ အဖေ"

"စာက မေ့သလောက်ရှိမှ တစ်ခါရေးတာ မဟုတ်လား၊ ငါတွေ့တာတော့ မင်း ဘာအလုပ်မှမလုပ်တဲ့ ပျင်းပျင်းနဲ့ ထိုင်နေတာ များပါတယ်ကွာ"

"ဒါ…တွေးနေတာ အဖေ…လူက ငြိမ်နေပေမယ့် ဦးနှောက်က တွေးနေ၊ အလုပ်လုပ်နေတာ.."

"ဒါကတော့…မင်း ညာပြောနေလည်း ငါသိရတာမှ မဟုတ်တာ၊ မမြင်ရတဲ့အလုပ်ကို ဘမ်းပြပြီး ရေသာခိုဖို့ စိတ်ကူးမနေနဲ့ ဟော့ကောင်၊ မင်းကိုယ်မင်း ပြန်ကြည့်လိုက်စမ်း…လူပုံစံကိုက စုတ်တီစုတ်ဖွား…ဆံပင်ကလည်း မေ့သလောက်ရှိမှ တစ်ခါညှပ်ချင်ညှပ်တယ်၊ အဝတ်အစားကျတော့လည်း ညှိုးညှိုးမှိန်မှိန်၊ မင်းအခန်းထဲ ဝင်ကြည့်ရင်လည်း ကြည့်မိတဲ့လူတောင် ခေါင်းမူးလောက်အောင် ရှုပ်ပွေပွေနေတာ…ဒါ မန္တလေးက သူဌေး ဦးလွန်းမြတ်ရဲ့ သားတဲ့ကွာ…ငါဖြင့် ဒါ ငါ့သားလို့ ပြောရမှာတောင် ရှက်ပါရဲ့"

အဖေက သူ့ကို ဘယ်တော့မှ အကောင်းအမြင်၊ အထင်လည်း မကြီးချေ။ အချိန်ရှိသမျှ ပြစ်တင် ရှုတ်ချနေတာကို သူ နားရည်ဝနေပြီ။ အဖေ တစ်ခါဆူပူတိုင်း သူ့မှာ ဒဿနတစ်ခု ရတတ်ပါသည်။ ဒါဟာ ခံယူချက် မတူတဲ့ လူကြီးနဲ့ လူငယ်ရဲ့ ဖြစ်နေကျ ပဋိပက္ခ ဖြစ်သည်။ အဖေ့ကို သူနားလည်ပေးနိုင်သော်လည်း သူ့အလုပ်ကို အထင်သေး ပြက်ရယ်ပြုတာကိုတော့ သူက အခံရခက်လေသည်။ အဖေက

www.foreverspace.com.mm
www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



သူ နားမလည်သည့် စီးပွားရေးကိစ္စတွေကို ရှင်းပြတိုင်း သူကလည်း အဖေ နားမလည်သည့် သူ့အလုပ်ကို ရှင်းပြဖို့ ကြိုးစားမိလေသည်။

"စာရေးတယ်ဆိုတာ…အဖေတို့အလုပ်နဲ့ သဘာဝချင်း မတူပါဘူး အဖေ…ကျွန်တော့်အလုပ်က ကာယအားထက် ဉာဏအားကိုစိုက်ထုတ်ရတာပါ၊ ဦးနှောက်ထဲမှာ ကုန်ကြမ်းရှိဖို့ စာဖတ်ရပါတယ်၊ ဒါ တမင်ပျင်းပျင်းရှိတိုင်း အပျင်းပြေဖတ်နေတာ မဟုတ်ပါဘူး…ကုန်ကြမ်း ဖြည့်တာပါ…လေ့လာနေတာပါ၊ လက်ဖက်ရည်ဆိုင်ထိုင်တာ,ဦးတည်ရာမဲ့ လျှောက်သွားနေတာဟာလည်း လူတွေရဲ့ အပြောအဆို အမူအရာတွေကို လေ့လာနေတာပါ"

"မင်းက တွေးခေါ်လေ့လာပြီး ကုန်ကြမ်းဖြည့်တယ်ဆိုရင် ကုန်ချောလေးတော့ မှန်မှန်ထုတ်ရမှာပေါ့…ခုမင့်ဟာက ကုန်ချောကျ စိတ်ရမှ ထုတ်နေတာ"

"စာရေးတာပဲ အဖေရယ်…ဇီလင်လာမှ ရေးလို့ရမှာပေါ့…အဖေတို့ အလုပ်နဲ့ မတူပါဘူးဆို"

"မင်းတို့ အနုပညာသမားတွေမှာ အဲ့ဒါ ငါ ကြည့်မရတာပဲ၊ ဒီဇီလင်လာမယ့် အချိန်ကြီးကို စောင့်စောင့်ပြီး

www.foreverspace.com.mm



အလကားဝေလေလေလုပ်နေတာ၊ ပြီးတော့ အနုပညာသမားကွ…လွတ်လပ်မှုကိုမြတ်နိုးတယ်ဆိုပြီး နေချင်သလိုနေ,လုပ်ချင်သလိုလုပ် စည်းကမ်းမရှိ ဗလချီးနန်း အဲဒါတွေကို ငါ အထင်မကြီးနိုင်တာ"

ဒါတော့ အဖေ နည်းနည်းလွန်လာပြီ။ သူက အဖေ့ကို စိတ်နာစ ပြုလာပါသည်။ အဖေ့စကားတွေက သူ့မာနကို ထိပါးလာသည်။ လူဆိုတာ ကိုယ့်ယုံကြည်ချက်ကို ထိပါးလာလျှင် ဆတ်ဆတ်ခါ နာတတ်စမြဲပဲ။ သို့သော် သူ…မျက်နှာငယ်လေးဖြင့် ကြိတ်မှတ်သည်းခံရလေသည်။

အဖေက သူ့ယုံကြည်ခက်ကို ထိပါးရုံမက သူ့ဘဝကိုပါ ထိပါးလာသည်မှာ…

"မင်း အိမ်ထောင်ပြုတော့…ဟော့ကောင်၊ ယောင်ခြောက်ဆယ် လုပ်မနေနဲ့တော့၊ ဒီအရွယ်ပဲရှိနေပြီ၊ ကိုယ့်အိုးကိုယ့်အိမ်နဲ့ ကိုယ့်စီးပွားရေးနဲ့တည်တည်ငြိမ်ငြိမ်နေဖို့ သင့်ပြီ…"

အဖေ ပြောသလိုဆို သူ့ဘဝက မိန်းမ မယူရင်ဘဲ မတည်မငြိမ် ယောက်ယက်ခတ်နေရသလို ဖြစ်သည်။ တကယ်တော့ သူက ထွေရာလေးပါး ကိစ္စများမြောင်လှသော မိန်းမတွေကို အလိုမရှိခဲ့တာဖြစ်သည်။ မိန်းမဆိုတာ အပိုပစ္စည်း

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ပဲ။ ယောကျ်ားတစ်ယောက်ကို အလုပ်ပိုစိတ်ရှုပ်စေတာ မိန်းမဖြစ်သည်။ ထိုယောကျ်ားရဲ့ လွတ်လပ်ခွင့်ကို အပိုင်သိမ်းလိုတာ မိန်းမဖြစ်သည်။ မိန်းမတွေရဲ့ လွှမ်းမိုးစွက်ဖက်မှုကြောင့် သူ့ယုံကြည်ချက်တွေ…သူ့အတွေးအခေါ်တွေကို ပျက်စီးမခံနိုင်ပါ။ ပြီးတော့ သူ အင်မတန် တန်ဖိုးထားသော စာမူခ နည်းနည်းလေးကို မိန်းမ ထဘီဖိုး၊ မိတ်ကပ်ဖိုးလည်း အဖြစ်မခံနိုင်ပါ။ သူဟာ တကယ်တော့ ကပ်စေးနဲသော ယောကျ်ားတစ်ယောက်ဖြစ်ပါသည်။

သူက အဖေ ဘာပြောပြော သူယုံကြည်ရာကိုသာ ဆက်လုပ်ခဲ့လေသည်။ သူဟာ ငွေကြေးသက်သက်အတွက် အလုပ်လုပ်သူ မဟုတ်။ အနုပညာကို အရူးအမူး ဖက်တွယ်ထားသော အနုပညာသမားစစ်စစ်သာ ဖြစ်သည်ဟု သူ ခံယူထားခဲ့သည်။

သို့သော် အဖေက သူ့ကို စကားလုံးများဖြင့် တိုက်ခိုက်ရုံမက အဖေတစ်ယောက်ရဲ့ ပါဝါကိုသုံးကာ သူ့အတွက် သင့်တော်သည်ဟု ယူဆသော မိန်းမများနှင့် တွေ့ဆုံစေခဲ့သည်။ သူ အလွန်စိတ်ပျက်ရသော မိန်းမများ ဖြစ်သည်။

သူ ပထမဆုံးတွေ့ရသော မိန်းမမှာ ခါးကြောရှည်ရှည် မိန်းမဖြစ်သည်။ ခါးကြောရှည်သော မိန်းမတွေဟာ

www.foreverspace.com.mm



ပျင်းရိတတ်သည်ဟု သူ ကြားဖူးသည်။ ထိုမိန်းမကို ကြည့်ရတာလည်း ပျင်းရိမည့်ပုံမျိုး ဖြစ်သည်။ အထိုင်အထ၊ အသွားအလာက အစ နှေးကွေးလေးလံနေသည်။ ဤမြေ့ရှိတာက သတ်သတ်၊ ပျင်းရိတာက သတ်သတ်၊ သူခွဲခြားတတ်ပါသည်။

ပြီးတော့ အဲဒီမိန်းမဟာ အပေါ်ယံ ရွှေမှုန်ကြဲကာ…အထဲကတော့ နောက်ချေးခံနေသော အမျိုးအစားဖြစ်သည်။ မျက်နှာမှာတော့ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ အဖွေးသားလိမ်းထား၊ အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ထားပြီး သူစားဖို့ စားစရာတွေ လာချပေးသော သူမလက်ချောင်းတွေကို အသေအချာ စိုက်ကြည့်မိတော့ လက်သည်းထဲမှာ ချေးတွေ ဝင်နေသည်။

သူက ထိန်းမိန်းမ မမြင်အောင် နှာခေါင်းရှုံ့မိသည်။ စိတ်ထဲ အော်ဂလီဆန်လာတာမို့ သူမ ချပေးသည့် စားစရာတွေကို နည်းနည်းလေးမှမတို့ထိခဲ့ပါ။ သူက သူသာ ညစ်ပတ်ချင် ညစ်ပတ်မည်၊ သူယူမည့် မိန်းမကိုတော့ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်လေး ဖြစ်စေချင်သည်။ သူသာ ပျင်းချင်ပျင်းမည်၊ သူယူသည့် မိန်းမကိုတော့ အပျင်းမကြီးစေချင်။ ဒါ ယောကျ်ားတစ်ယောက်ရဲ့ အတ္တဖြစ်သည်။

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



သူ ဒုတိယမြောက် တွေ့ဆုံရသော မိန်းမကတော့ သူ့ထက် အသက်ခုနစ်နှစ်လောက် ငယ်ရွယ်ကာ အသုံးအဖြုန်းကြီးသော အလွန်လှချင်သော မိန်းမဖြစ်သည်။

ထိုမိန်းမက သိပ်လှတာမို့ ပထမတော့ သူ့ရင်ထဲ ဘာလိုလိုတောင် ဖြစ်မိသေးသည်။ သို့သော် အဲ့ဒီ အလှရဲ့ နောက်ကွယ်က ငွေယိုပေါက်ကြီးတွေကို မြင်လာသည်။ သူက ဖေဖေ့ အလိုဆန္ဒအရ ထိုမိန်းမရဲ့ အိမ်သို့ အလည်သွားခဲ့ရတာဖြစ်သည်။ သူမက သူနှင့် စကားပြောနေဆဲ ဖုန်းလာတာမို့ ဖုန်းထ ကိုင်လိုက်သည်။ သူမပြောတဲ့ စကားတွေက သူ့ပိုက်ဆံအိတ်ကို ခြိမ်းခြောက်နေသည်ဟုပင် ထင်ရပါသည်။ နားထောင်ကြည့်ပါဦး။

"မေမီရယ်…သတင်းရရချင်း ပြောရောပေါ့၊ တော်ကြာ သူများဦးသွားပါဦးမယ်၊ ဒါဆိုလည်း ဒီလိုလုပ်လိုက်ဟယ်…အဲ့ဒီဆိုင်ရှင်ဆီ ဖုန်းဆက်ထားလိုက်၊ ဒီနေ့ရောက်လာတဲ့ ဒီဇိုင်းအသစ်တွေအားလုံးကို ကျွန်မတို့အတွက် ချန်ထားပါလို့၊ အိုကေ…အဲ့ဒီလိုပဲ လုပ်လိုက်၊ ပိုက်ဆံလား…အဆင်ပြေတာပေါ့၊ ဖေဖေ့ဆီ လက်ဖြန့်တောင်းခဲ့ရုံပဲ၊ ဟဲ့…ဖုန်းမချနဲ့ဦး…ပြောစရာ ကျန်သေးတယ်၊ ငါတို့ ဟိုနေ့က သွားကြည့်ခဲ့တဲ့ စိန်

www.foreverspace.com.mm



လော့ကတ်ကလေးကို ငါမျက်စိထဲက ဖျောက်မရဘူးဟယ်၊ နင် ဒီနေ့ အဲ့ဒီဆိုင်ဘက်ရောက်ရင် ဝယ်ထားလိုက်စမ်းပါ…တို့တွေ့တော့မှ ပိုက်ဆံပြန်ပေးမယ်၊ အိုကေနော်…ဒါပဲ…ဒါပဲ"

စကားလုံးတွေ ကြားတာနဲ့တောင် သူ ဖျားသွားပါသည်။ သူ့ရသမျှ ပိုက်ဆံကလေးဟာ ဒီမိန်းမကြောင့် လုံးပါးပါးသွားနိုင်သည်။ သူမကြည့်ရတာ မိဘလုပ်စာကို ထင်တိုင်းကျဲ သုံးဖြုန်းနေပုံရသည့် ခပ်ပေါ့ပေါ့ ရေပေါ်ဆီမိန်းမမျိုးဖြစ်သည်။ ယောကျ်ားရလျှင်လည်း ယောကျ်ားလုပ်စာကို ဆက်လက်သုံးဖြုန်းပစ်ဦးမည့် မိန်းမမျိုး။ ကိုယ်ပိုင်အသိဉာဏ်ပညာမရှိ၊ ထက်မြက်မှုမရှိ၊ သေသည့်တိုင် လှချင်ပချင်စိတ်ကို လျှော့မည့်ပုံလည်းမရ။ ဒီလှတစ်မျက်နှာလေးနှင့် သူလိုတာရဖို့ ယောကျ်ားဆီမှာ နားပူနားဆာ ချွဲနွဲ့တောင်းဆိုနေမည့် မိန်းမမျိုးမို့ သူ ဝေးဝေးက ရှောင်ခဲ့ရလေသည်။

သူ တတိယမြောက် တွေ့ရသည့် မိန်းမကတော့ အလွန်ပင် မာယာများလေသည်။ သူနဲ့ တွေ့လိုက်ကတည်းက သူမရဲ့ ရုပ်ဟာ မခို့တရို့လိုလို ပြုံးစနဲ့နွဲ့လိုနှင့် ဘာဖြစ်နေမှန်းကိုမသိ၊ ကြည့်ပုံ ရှုပုံကိုက တည့်တည့်မကြည့်။ မျက်လုံးမျက်ဆံကို ဝှံကာဝှံကာ စွေကာစောင်းကာဖြင့် အမူပိုပို ကြည့်

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



တတ်သည်။ အဲ့ဒီ အကြည့်တွေနဲ့ ဆုံတိုင်း သူ ကြက်သီးထ ချင်သည်။ စိတ်ထဲ ခပ်ရှိန်းရှိန်းနှင့် ကြောက်လာသောကြောင့် ဖြစ်သည်။

သူမက စကားပြောနေရင်းလည်း ဘာမဟုတ်တာ လေးကို ခိုးခိုးခစ်ခစ် ထ ရယ်ချင် ရယ်နေတတ်သည်။ စကား ကလည်း အလွန်များ၊ စကားပြောသည့်အခါ မျက်နှာပေါ်က ပန္နည်းတွေက တစ်ခုမှ အနားမရ။ မျက်လုံးတပင့်ပင့်၊ နှာခေါင်း လေးကို ရှုံ့သည့်အခါ ရှုံ့၊ မျက်ဝန်းလေးက ဝေ့၊ နှုတ်ခမ်းလေး က ရွဲ့လိုက်၊ မဲ့လိုက်၊ ပြုံးလိုက်၊ အမူအရာတွေဟာ အိုဇာဖြစ် လွန်းနေသည်။ သူတောင် သူမ မျက်နှာကိုကြည့်ရင်း မူးလာ သည်။

ဒီကြားထဲ သူနဲ့ စကားပြောနေတုန်း ကလေး တစ်ယောက်လောက် အနားရောက်လို့ကတော့ အတင်းမွှေ့ချီ နမ်းရှုံ့ပြီသာမှတ်။ ကလေးကို နမ်းရတာနဲ့၊ ကလေး နမ်းဖို့ သူ့ပါးကို ပေးရတာနဲ့၊ မျက်စိကို နောက်နေသည်။ ပြီးတော့ ဒါဟာလည်း မာယာတစ်မျိုးဆိုတာ သူ နားလည်သည်။ ဒီလောက် မာယာများသော မိန်းမကို လက်ထပ်ရဲလောက်တဲ့ အထိတော့ သူ သတ္တိမကောင်းပါ။

နောက်ဆုံး တွေ့ရသော မိန်းမကတော့ အလွန်



ထက်မြက်သော၊ သူ့ဘဝ သူ့ခံယူချက် သူ့လွတ်လပ်မှု အား လုံးကို လွှမ်းမိုးကြိုးကိုင်လိုသော ဘုရင်လုပ်ချင်သည့် မိန်းမ ဖြစ်လေသည်။ စ တွေ့ကြပြီဆိုကတည်းက သူမက သူ့ကို ဩဝါဒပေးဖို့ ကြိုးစားလာခဲ့သည်။

"ရှင်က စာရေးဆရာဆို၊ နာမည်တော့ ကြားဖူးပါ တယ်၊ ဝတ္ထုတော့ မဖတ်ဖြစ်ပါဘူး၊ ရှင့်ကို ကျွန်မ နည်းနည်းတော့ အကြံပြုချင်ပါတယ်၊ ရှင် ဒီလို မရေ မရာ မသေချာတဲ့ အလုပ်ကို လုပ်နေမယ့်အစား ကိုယ့် အတွက် ခိုင်မာတဲ့ အလုပ်တစ်ခုကိုလုပ်ဖို့ ကြိုးစားပါ လား၊ ပြီးတော့ ရှင်က ဦးလွန်းမြတ် သားပဲဟာ၊ ဦးလွန်းမြတ်ဆိုတာ တကယ့် ဒိတ်ဒိတ်ကျဲ စီးပွားရေး သမားပဲ၊ ရှင် ဦးလွန်းမြတ် သားဖြစ်ပြီး ခုလို အခြေတင် အယောင်မရှိ ဖြစ်သလို ဝတ်စားသွားလာနေတာကြီး ကလည်း မသင့်တော်ပါဘူး၊ ရှင် ပြင်ဆင်သင့်တယ်၊ ဒါ ကျွန်မ စေတနာနဲ့ အကြံပေးတာပါ"

သူမက သူ့ရဲ့မူလပထမ 'ပဋ္ဌ'ကို ပြင်ဆင်ပုံသွင်း ဖို့ ကြိုးစားနေခဲ့တာမို့ သူ စိတ်ချဉ်ချဉ်နှင့် စကားမဆုံးမီ ထ ပြန်လာခဲ့ပါသည်။

အဲ့ဒီနောက်မှာတော့ သူ ဘယ်မိန်းမကိုမှ ကြည့်ဖို့

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



စိတ်မကူးတော့ချေ။ မိန်းမဆိုတာ အားလုံး ဒီလိုချည်းပဲ၊ ဘယ်မိန်းမမှာမဆို သူ စိတ်တိုင်းမကျ။ မနှစ်သက်တဲ့ အချက်တွေ တစ်ချက်ဖြစ်စေ…အားလုံးဖြစ်စေ ရှိနေဖို့ သေချာပါသည်။ မိန်းမတွေနှင့် ခပ်ကင်းကင်းနေမှ ဘဝဟာ လွတ်လပ်ငြိမ်းချမ်းမည်ဟု သူ ယုံကြည်လေသည်။

နောက်ဆုံးတော့ ဖေဖေက အဲ့ဒီ မိန်းမတွေထဲက တစ်ယောက်နှင့် သူ့ကို အတင်းအကြပ် အိမ်ထောင်ချပေးဖို့ ကြိုးစားသောအခါ သူ ဖေဖေ့ထံမှ ထွက်ခွာဖို့ အကြောင်းပြချက် လုံလောက်သွားသည်။

"ကျွန်တော် စီးပွားရေးလည်း မလုပ်ချင်ဘူး…မိန်းမလည်း မယူချင်ဘူး…ဖေဖေ"

သူက ထိုစကားကို ပြောပြီး အိမ်မှ ဆင်းလာခဲ့သည်။

သူ ရန်ကုန်ကိုရောက်တော့ တိုက်ခန်းကလေးငှားကာ သူ့ဘဝကို တစ်က စ,လိုက်သည်။

သူ့တိုက်ခန်းကလေးရဲ့ တံခါးဝမှာ…

*'ကိုယွ (စာရေးသူ)…'*

ဟု ဆိုင်းဘုတ်ကလေး တပ်လိုက်သည်။

သူ့အခန်းထဲမှာ သူကသာ ဘုရင်ဖြစ်သည်။

www.foreverspace.com.mm



သူ တစ်နေကုန် ရေမချိုးဘဲ စာရေးချင် ရေးနေနိုင်သည်။ နေ့ရော ညပါ မှားကာ တစ်ညလုံး စာဖတ်နေလို့လည်း အပြစ်ပြောမည့်သူမရှိ။ သူ ခေါင်းစုတ်ဖွားနှင့် ဝရန်တာထွက်ထိုင်ပြီး ငေးနေ တွေးနေလျှင်လည်း 'အပျင်းကြီးလိုက်တာ' ဟု စွပ်စွဲမည့်သူမရှိ။ သူ့အခန်းထဲမှာ ပစ္စည်းတွေကို ထင်တိုင်း ရှုပ်ပွထားလို့ရသေးသည်။ သူ့နံဘေးမှာ မိန်းမဆိုသည့် အပိုပစ္စည်းတစ်ခု ရှိမနေတာကလည်း သူ့အတွက် ငြိမ်းချမ်းမှုတစ်ခုပင် ဖြစ်ပါသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mn

www.foreverspace.com.mn



ထိုနေ့ နေ့လယ်က မမကျော်သည် မဂ္ဂဇင်း ဖောင်ပိတ်ခါနီးပြီမို့ စာမူတွေကို ပြန်စစ်ဆေးရင်း…

"ဟင်…ကိုပဥ္စ စာမူလည်း မတွေ့ပါလား…ကေသီကို တို့ သွားယူဖို့ ပြောထားတာ မယူရသေးဘူးလား"

"အမယ်လေး…အဲဒီ စာရေးဆရာဆီ နောက်ထပ်သွား ရမှာတောင် ကြောက်ပါရဲ့"

"ကေသီကလည်း…ညည်းတာက အရင်ပဲ၊ ဘာဖြစ်လို့ လဲ၊ အယ်ဒီတာတစ်ယောက်က ဖုန်းဆက်ထားပြီးသား မဟုတ်လား…စာမူတောင်းခဲ့တဲ့ စာလည်းပို့ပြီးသား၊ မဟုတ်လား…စာမူတောင်းခံတဲ့ စာလည်းပို့ပြီးသား၊ ပြီးတော့ အယ်ဒီတာကိုငြိမ်းမောင် ကိုယ်တိုင်တစ်ခေါက် သွားပြီးပြောထားသေးတာ၊ ကေသီက စာမူသွားယူရုံပဲ ဥစ္စာ"

"ကေသီ တစ်ခေါက်သွားပြီးပြီ မမရဲ့…သူ့အိမ်လိပ်စာ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ကလည်း မနည်းရှာရတယ်…လှေကားကလည်းမှောင် ပိတ်ကျဉ်းမြောင်းပြီး လေဝင်ပေါက်လည်းမရှိ…တက် ရင်း အသက်ရှူတောင်ကြပ်လာတယ်…အပေါ်ရောက် တော့ ကေသီမှာ အသက်ထွက်မတတ် မောနေပြီ၊ တံခါးခေါက်တော့လည်း 'ခဏစောင့်' လို့ အထဲကနေ လှမ်းပြောပြီး တော်တော်နဲ့ လာဖွင့်မပေးဘူး၊ တံခါး လာဖွင့်ပေးပြန်တော့လည်း သူက သူ့စာရေးစားပွဲမှာ သူ ပြန်ထိုင်ပြီး စာဆက်ရေးနေတာ…ကေသီကို တစ်ချက်ပဲ ကြည့်တယ်"

"ကေသီက ပျိုဖြူမဂ္ဂဇင်းကပါ…စာမူလာယူတာပါဆို တော့ မပြီးသေးဘူးတဲ့၊ ဒါနဲ့ ကေသီက ဘယ်တော့ ပြီးမှာလဲဆိုတော့ စာရေးဆရာကို အချိန်လာကန့်သတ် လို့မရဘူးတဲ့၊ တကယ့်ကို ဘုဂလန့်ခွစာသီလား… သူ့အခန်းကလည်း ရှုပ်ပွညစ်ပတ်နေတာပဲ မမရယ်… သူ့ကြည့်တော့လည်း ခေါင်းစုတ်ဖွားနဲ့ မျက်နှာတောင် သစ်ပြီးရဲ့လား မသိပါဘူး၊ အဲဒါနဲ့ ကေသီလည်း စိတ်ညစ်ပြီး ပြန်လာခဲ့တာ"

"တချို့ စာရေးဆရာတွေဟာ သာမန်လူတွေနဲ့တော့ ဘယ်တူမလဲ ကေသီရယ်…သူတို့လည်း သူတို့မာနနဲ့၊

www.foreverspace.com.mm



ဒါကို မမတို့နားလည်သည်းခံရမှာပေါ့၊ စာရေးဆရာကို နားလည်မပေးတတ်ရင် မဂ္ဂဇင်းအလုပ်ကိုလုပ်လို့မဖြစ် ဘူးလေ…ကေသီက စိတ်ရှည်ရှည်နဲ့ သူရေးလက်စစာ ပြီးတဲ့အထိ စောင့်ပြီး သေသေချာချာ နားဝင်အောင် ပြောခဲ့ရောပေါ့"

"မမပြောတော့ အလွယ်လေးရယ်…သူ ဘယ်လောက် ခက်ကျတယ်ဆိုတာ မမ မသိဘူးနော်…မမ စိတ်ဆတ်ပုံနဲ့ ဆို သူနဲ့တွေ့ရင် ကေသီ့ထက်တောင် ပိုပြီး စိတ်တို မိဦးမယ်"

"ဟုတ်တယ်…မမကျော်၊ ဒီလူက လူတစ်မျိုးဗျ… ပေါင်းရသင်းရ လက်ပေါက်ကပ်တယ်"

အယ်ဒီတာ ကိုငြိမ်းမောင်က proof ဖတ်နေရင်း က လှမ်းပြောသည်။

"ဒုက္ခပါပဲ…ဒါဆို ဘယ်လိုလုပ်မလဲ…ဒီလ သူ့ဝတ္ထု အတွက် ဒမ်မီလည်း ထည့်ဆွဲပြီးပြီ…သန်ဘက်ခါဆို ဖောင်ပိတ်တော့မှာ"

"တခြား စာမူတစ်ခုခု အစားထိုးလိုက်တာပေါ့ဗျာ"

"မဟုတ်သေးပါဘူး…တခြား ဘယ်စာမူရှိလို့လဲ…

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရှိလည်း အချိန်မရတော့လို့ ကောင်းကောင်း မကောင်းကောင်း မရှိသုံးဆွဲသုံးလိုက်တာမျိုးလည်း မဖြစ်စေချင်ဘူး၊ မမက ဒီလ ဒီစာမူ ထည့်မယ်ဆို ထည့်ကိုထည့်ရမှ"

"ရမှ မရတဲ့ဥစ္စာ"

"မရရအောင် ကြိုးစားရမှာပေါ့ ကေသီရဲ့…အဲဒီလိုဘာမှမလုပ်ရသေးခင် စိတ်လျှော့ပြီး နောက်ဆုတ်တာမျိုးကိုမှ မမ မကြိုက်ဘူး…ဒီလို စိတ်မျိုးနဲ့သာ စ,ခဲ့ရင် ဒီမဂ္ဂဇင်းလည်း ခုလို အောင်မြင်ခဲ့မှာကို မဟုတ်ဘူး"

မမက ဘာလုပ်ရင်ကောင်းမလဲဟု စဉ်းစားပါသည်။ ဒီစာရေးဆရာက လူတစ်မျိုး ဆိုတာကိုတော့ မမ သတင်းရထားပြီးသား ဖြစ်သည်။ သို့သော် သူ့စာတွေကတော့ တစ်ပုဒ်ဆို ဆိုသလောက် ပြောစမှတ် ပြုရသည်။ တစ်နှစ်ကျော်မှ သူလုံးချင်းတစ်အုပ် ထွက်လာတာကို စာပေသမားတွေက စောင့်ဖတ်ကြရသည်။ ဝတ္ထုတိုကလေးတွေကတော့ တစ်နှစ်ကို ငါးပုဒ်လောက် ဖတ်ရသည်။ မမက သူ့စာတွေကို ကြိုက်နှစ်သက်တာမို့ မဂ္ဂဇင်းမှာ ထည့်ဖို့ စိတ်ကူးကာ သူ့လိပ်စာကို မနည်းကြိုးစားပမ်းစား စုံစမ်းထားခဲ့ရတာဖြစ်သည်။



"ကဲ…ကေသီ…လိပ်စာ စာအုပ်ထဲက သူ့လိပ်စာရှာပေး"

"ဟင်…မမ သွားမလို့လား"

"ဟုတ်တယ်"

"ဖြစ်ပါ့မလား မမကျော်ရယ်…မမကလည်း စိတ်ဆတ်ဆတ်နဲ့ ဟိုဆရာကလည်း ခွကျကျနဲ့"

"စိတ်မပူပါနဲ့ ကိုငြိမ်းမောင်ရယ်…မမ ရအောင်တောင်းနိုင်မှာပါ၊ စာရေးဆရာဆိုတာ ဘယ်လောက်ခွကျကျ နှလုံးသားက နူးပါတယ်…သူတို့ စာရေးဖြစ်ဖို့တွန်းအားလိုတယ်…အားနာစိတ် ဖြစ်လာဖို့လိုတယ်၊ မမတို့ရဲ့ ခွဲလည်း လိုတာပေါ့"

"မမ ခွဲကိုတော့ ကျွန်တော် ယုံပါတယ်…အောင်မြင်ပါစေဗျာ"

သူများ စိတ်ပျက်လက်လျှော့ထားတာကိုမှ မရ,ရအောင် ကြိုးစားတတ်သော မမက ကိုယ့်ကိုယ်ကို ယုံကြည်စွာပင် ထွက်လာခဲ့သည်။

မမက စိတ်တိုတတ်တာ မှန်ပေမယ့် ကိုယ်လိုတာ ရဖို့ဆိုရင်တော့ အလွန်ပင် စိတ်ရှည်တတ်သူဖြစ်ပါသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm





မမကျော့်သည် ကိုပဥ္စရဲ့ အခန်းရှေ့တွင် ရပ်မိလျှင် မောလွန်းတာမို့ ခဏရပ်ကာ အသက်ဝဝရှူနေရလေသည်။ မမ မျက်စိရှေ့တွင် အချိုးမပြေသော ဆိုင်းဘုတ်တစ်ခုကိုလည်း တွေ့ရသည်။ သူများတကာလို ကိုပဥ္စဖြင့် ကိုပဥ္စ၊ ဒါမှမဟုတ် 'စာရေးဆရာ ကိုပဥ္စ'ဟု မရေးဘဲ **ကိုပဥ္စ(စာရေးသူ)**ဟု ရေးထားပုံကြီးကလည်း ဘယ်လိုမှန်း မသိပေ။

မမက အမောမပြေသေးသော်လည်း စိတ်စောနေတာမို့ အခန်းတံခါးကို ခပ်ဆဆ ခေါက်လိုက်ရာ အခန်းထဲမှ…

"တွန်းဖွင့်လိုက်…"

ဟူသော အသံတစ်သံ ထွက်ပေါ်လာသည်။

မမတို့ မဂ္ဂဇင်းက လာမယ်ဆိုတာကလည်း သေချာတာမဟုတ်။ ဘယ်သူဘယ်ဝါမှန်းလည်း မသိဘဲ သူ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ထ မဖွင့်ချင်တိုင်း အခန်းတံခါးကို အမြဲ ချက်မချဘဲထားပုံရပါသည်။ သူဟာ သူများတကာနဲ့တော့ မတူပေဘူး။

မမက အခန်းတံခါးကို အသာအယာ တွန်းဖွင့်ဝင်လိုက်သည်။ စိုထိုင်းထိုင်း အနံ့အသက်များကို စ ရသည်။ မမက မသိမသာ နှာခေါင်းရှုံ့လိုက်မိရင်း အခန်းထဲကို ဝေ့ဝဲကြည့်လိုက်သောအခါ ခေါင်းတောင် မူးသွားရပါသည်။ ခပ်ကျဉ်းကျဉ်း အခန်းထဲမှာ ပစ္စည်းပစ္စယတွေ ရှုပ်ယှက်ခတ်နေသည်။ စာအုပ်များ၊ ဂျာနယ်များ၊ တိပ်ခွေများ၊ ဗီစီဒီအချပ်များ၊ ထိုင်ခုံပေါ် စားပွဲပေါ် စာအုပ်ထပ်တွေပေါ်မှာ ပစ်တင်ထားတဲ့ အင်္ကျီများ၊ ကြမ်းပြင်ပေါ်မှာလည်း ဖုန်အထပ်ထပ်နံရံပေါ်မှာလည်း ပန်းချီကားတွေကို အတည့်ချိန်မထားဘဲ ခွေစောင်းပြီး ထားလိုက်သေးသည်။ လူကိုတော့ မမ ခုထိရှာမတွေ့သေးချေ။

မမက ဖိနပ်ချွတ်ကြမ်းခင်းပေါ် နင်းလိုက်သောအခါ ခြေရာက အတိုင်းသား ထင်သွားသည်။ လူက ဘယ်မှာပါလိမ့်။

မမသည် သူ့အခန်း ညစ်ပေပွဲထဲ ရှုံ့တွံ့တွံ့ ဝင်လာရင်းခေါင်းကို ချာချာလည်ကာ လူကိုရှာရသည်။ အခန်းကဘေးပြတင်းပေါက် မရှိဘဲ အရှေ့ဘက်ဝရန်တာမှာသာ တံခါး



တစ်ချပ်ရှိသည်။ ရှေ့ဘက်မှ လေတစ်ချက် အဝှေ့မှာ သူဘယ်နားမှာ ချထားမှန်းမသိသော ဆေးလိပ်ပြာတွေဟာ ကြမ်းပြင်ပေးမှာ ရှုပ်တိုက်ပြေးလွှားသွားသည်။

မမက မျက်နှာရှေ့မှာ လက်ကို ယမ်းလိုက်ပြီး အသေအချာ ကြည့်လိုက်တော့မှ ဝရန်တာဆီမှာ စာထိုင်ရေးနေသော စာရေးဆရာကို တွေ့ရလေသည်။ စာရေးဆရာက အပြင်ဘက်ကို မျက်နှာမူထားသဖြင့် သူ့ရဲ့ ကျောပြင်ကိုသာ လှမ်းမြင်ရသည်။ ခန္ဓာကိုယ်က ခပ်ပိန်ပိန်၊ ဆံပင်ခပ်ရှည်ရှည်က စုတ်ဖွားဖွား၊ ဝတ်ထားသည့် အင်္ကျီကလည်း ခါးကပုဆိုးထဲ တစ်စဝင် တစ်စထွက်၊ သူ့အခန်းကော လူကော တက်ညီလက်ညီ ရှုပ်ပွနေပုံကိုကြည့်ကာ မမ တော်တော်စိတ်ပျက်သွားရလေသည်။

သူက သူ့ဆီ ဧည့်သည်မလာသလိုပင် အနေအထား တစ်ချက်မပြောင်း၊ လှည့်လည်းမကြည့်ပါ။

"အဟမ်း..."

မမက သူ့နောက် မလှမ်းမကမ်းမှာ ရပ်ကာ ချောင်းတစ်ချက် ဟန့်ကြည့်သည်။ သို့သော် သူက လှုပ်မလာပါ။ ဘယ်လိုလူပါလိမ့်။

"ကျွန်မ ပျိုဖြူမဂ္ဂဇင်းက အယ်ဒီတာ ဒေါ်မမကျော့ပါ၊

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

www.foreverspace.com.mm



ဆရာက ဆရာကိုပဲ့ မဟုတ်လားရှင်"

သူက ထိုတစ်ခွန်းပဲ ပြန်ပြောကာ စကားဆက် မလာပါ။ မမက ဘာပြောရင် ကောင်းမလဲ စဉ်းစားဆဲသူက စာရွက်တစ်ရွက်ကို ဖြန့်ခနဲဆွဲဆုတ်ကာ စားပွဲဘေးရှိ အမှိုက်ခြင်းထဲ လှည့်မကြည့်ဘဲ ပစ်ထည့်လိုက်သည်။ စာရွက်အလုံးက အမှိုက်ခြင်းထဲ မဝင်။ မမက အမြင်မတော်တာမို့ စက္ကူလုံးကို ကပျာကယာ ငုံ့ကောက်ကာ အမှိုက်ခြင်းထဲဝင်အောင် ထည့်ပေးလိုက်ရသည်။

"ဆရာ့ကို ကျွန်မတို့မဂ္ဂဇင်းက ဝတ္ထုတိုလေး တောင်းထားတာ…အဲဒါလေး လာယူတာပါ ဆရာ"

မမက သူ့နောက် မလှမ်းမကမ်းမှာ ရပ်ရင်း လှမ်းပြောလိုက်၏။ သူက ချက်ချင်း စကားမပြန်ပါ။ သူ ပြန်ပြောမည့်အချိန်ကို မမက စိတ်ရှည်လက်ရှည်ထား စောင့်ဆိုင်းနေရသည်။ ခဏကြာမှ လှည့်မကြည့်ဘဲ ပြန်ပြော၏။

"ဒီနေ့ ဒီအချိန်မှာ ရ,ရမယ်လို့ ကျုပ် ကတိမပြုခဲ့ဘူး၊ ကြိုးစားကြည့်မယ်လို့ပဲ ပြောခဲ့တယ်"

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာ၊ဒါပေမယ့် ကျွန်မတို့ကလည်း ဒီလ ဆရာ့စာမူ ထည့်ဖို့ စီစဉ်ထားတာဆိုတော့…"

www.foreverspace.com.mm



"အဲဒီတော့ ကျုပ်က ဘာလုပ်ပေးရမလဲ"

"ဒီတစ်ရက် နှစ်ရက်အတွင်း ကြိုးစားပေးနိုင်မလားလို့ပါ"

"ကျုပ်ကို အချိန်လာ မကန့်သတ်နဲ့လို ဘယ်နှစ်ခါ ပြောရမလဲ"

"အချိန်ကန့်သတ်တာတော့ မဟုတ်ပါဘူး ဆရာ၊ တွန်းအားပေးတာပါ"

"ခင်ဗျားတို့ အယ်ဒီတာတွေ တွန်းအားပေးတိုင်း စာမူဖြစ်ရင်ပြီးရောဆိုပြီး ကောင်းကောင်း မကောင်းကောင်း ရေးထုတ်လိုက်ရင် တန်ဖိုးရှိတဲ့ အနုပညာပစ္စည်းဆိုတာ ရှိလာပါဦးမလား"

"ဘယ်နေရာမှာမဆို တွန်းအားလေးတစ်ခုတော့ လိုအပ်တာပဲရှင့်၊ ကမ္ဘာကျော် စာရေးဆရာကြီးတွေတောင်မှ ထုတ်ဝေသူက တွန်းအားပေးလို့ တစ်စုံတစ်ယောက်က တိုက်တွန်းလို့ ရေးခဲ့တာတွေရှိတာပဲ၊ အဲဒါတွေကြောင့် ရေးရပေမယ့်လည်း ပြောင်မြောက်တဲ့အနုပညာပစ္စည်းတွေ ဖြစ်လာတတ်တာပဲ"

"ကျုပ်ဆီ စာမူလာတောင်းတဲ့ အယ်ဒီတာတွေထဲမှာ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



တော့ ခင်ဗျားက စကားပြောအကောင်းဆုံးပဲ၊ ဒါပေမယ့် အခု လုံးချင်းရေးနေတာ ဘယ်တော့မှ ပြီးမယ်မှန်း မသိဘူး၊ ဒီလုံးချင်း မပြီးမချင်း ကျုပ် တခြား ဘာမှ လုပ်တာမဟုတ်ဘူး၊ ရေတောင်ချိုးချင်မှ ချိုးတယ်… ထမင်းချက်မစားအားလို့ ရှိတဲ့မုန့်တွေပဲ စားနေရတာ နှစ်ရက် ရှိပြီ"

မမက မသိမသာ နှာခေါင်းရှုံ့မိပါသည်။ ညစ်ပတ်လိုက်တာ၊ ဒါကြောင့် သူ့အခန်းက ကြွက်သိုက်ဖြစ်နေတာ။ စာကို လေးစားတာက တစ်ပိုင်း၊ လူက ညစ်ကျယ်ကျယ်နိုင်တာကို စိတ်ကုန်ရတာက တစ်ပိုင်း။

"ဒါပေမယ့် ဆရာရေးတဲ့ ဆောင်းပါးတစ်ပုဒ်ထဲမှာ ကျွန်မ ဖတ်ဖူးတယ်…လုံးချင်းရေးရင်လည်း စိတ်ကူးပေါက်ရင် ဝတ္ထုတိုလေးတစ်ပုဒ်တလေ ဖြတ်ရေးဖြစ်တယ်ဆို"

"အခု စိတ်ကူးမပေါက်သေးဘူးဗျာ"

သူက မမကို ပြန်သာပြောပေမယ့် လှည့်ကြည့်တာ မဟုတ်ပေ။ သူ့စားပွဲပေါ်က စာအုပ်တချို့ကို ဆွဲယူလိုက်၊ လှန်လှောလိုက်၊ မှုန်းတားလိုက်။ ပြီးတော့ စာရွက်တချို့ကို ဆွဲဆုတ်လိုက် သူ့ဟာနဲ့သူ ယောက်ယက်ခတ်နေသည်။ သူ



ပစ်ပစ်ချသဖြင့် အမှိုက်ပုံးထဲ မရောက်သော စက္ကူစုတ်တွေကို မမက ကြည့်မနေနိုင်ဘဲ စကားပြောရင်း လိုက်ကောက်ထည့်ပေးနေရတာလည်း လက်မလည်။

"ဘာပဲဖြစ်ဖြစ်လေ ရှင့်ဆီက ရေးပေးပါ့မယ်ဆိုတဲ့ ကတိ မရမချင်း ကျွန်မ မပြန်နိုင်ဘူး"

"ဒါတော့ ခင်ဗျား သဘောပဲ၊ ကျုပ်အခန်းက မရှင်းဘဲထားတာ တစ်ပတ်ရှိပြီ…ကြွက်တွေကလည်း ဘယ်က ဘယ်လိုထွက်လာမှန်းမသိဘူး၊ အနံ့အသက် မကောင်းလို့ ကျုပ်တောင် ဝရန်တာ ထွက်ရေးနေရတယ်"

မမကလည်း ခွဲမလျှော့တတ်သူမို့ သူဘာပြောပြော ထီမထင်လှပါ။

ရပ်နေရာ ညောင်းလာတာမို့ ဟိုဟိုဒီဒီ လှည့်ကြည့်ကာ ထိုင်စရာ ရှာမိသည်။ ရှိသည့် ကုလားထိုင် နှစ်လုံးပေါ်မှာလည်း စာအုပ်တွေ အပုံလိုက် အထပ်လိုက် တင်ထားတာမို့ ထိုင်စရာနေရာက မရှိ။ ကြမ်းပြင်ပေါ်မှာကလည်း ဖုန်အထပ်ထပ် တင်နေသည်။

မမက စလင်းဘတ်အိတ်ထဲက တစ်ရှူးတွေ ထုတ်ယူကာ ထိုင်စရာ တစ်နေရာရအောင် သုတ်လိုက်ပြီး အေးအေးဆေးဆေး ထိုင်ချလိုက်သည်။ သူကတော့ မမကို ခုထိ လှည့်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ကြည့်ဖော်မရပါ။ မမက ခပ်ငြိမ်ငြိမ်ထိုင်နေရင်း ကြာတော့ ပျင်းလာကာ အနားက စာအုပ်ပုံဆီကို လှမ်းကြည့်ရင်း…

"ဒီမှာ…ကျွန်မ ဒီပေါ်က စာအုပ်တစ်အုပ် ယူဖတ်မယ်နော်"

သူက တစ်ခွန်းမှ ပြန်မပြောပါ။ မမက စိတ်တိုနှင့် မျက်စောင်းထိုးလိုက်ရင်း…

"ပြန်မပြောရင် သဘောတူတယ်လို့ပဲမှတ်လိုက်မယ်…"

မမက သူ့စာအုပ်ပုံထဲက စာအုပ်တစ်အုပ် ဆွဲထုတ်ပြီး အေးအေးလူလူ ထိုင်ဖတ်နေလိုက်သည်။ ခဏကြာတော့ မမ ရေဆာလာပြန်ကာ…

"ရှင့်အခန်းက အရမ်းမြင့်တာပဲ၊ ကျွန်မမှာ မောင်းမိုက်ကျဉ်းမြောင်းပြီး အသက်ရှူပေါက် မရှိတဲ့ လှေကားကို မနည်းတက်လာရတာ အသက်တောင် ထွက်ချင်ပါတယ်၊ ကျွန်မ အခု ရေဆာနေလို့ ရေတစ်ခွက်လောက် တိုက်နိုင်မလား"

သူက မမကို အရေးလုပ် စကားမပြောတော့ပါ။

"ဒါဆို ကျွန်မဘာသာ ကျွန်မ ယူသောက်လို့ ဖြစ်မလား ရှင့်"

"… … … …"

www.foreverspace.com.mm



"ဒါဆိုလည်း ကိုယ့်ဘာသာ ယူသောက်လိုက်တော့မယ်"

မမက အခန်းထောင့်မှာ ချထားသည့် ရေသန့်ဘူးကြီးဆီ ထ,သွားလိုက်သည်။ ရေခွက်က ဘယ်ဆီရောက်နေမှန်း မသိပြန်တာမို့…

"ရေခွက် မရှိဘူးလားရှင့်…"

"ရှာကြည့်ပေါ့ဗျာ…"

ဒီတစ်ခါတော့ စကားပြန်ပြောဖော်ရတာမို့ မမက ပခုံးတွန့်မိရင်း အခန်းထဲမှာ ရေခွက်လိုက်ရှာရသည်။ နောက်ဆုံးတော့ ကြမ်းပြင်ပေါ်မှာ ဒီအတိုင်းချထားကာ အပေါ်ကအင်္ကျီစဖုံးနေသော ရေခွက်ကို သွားတွေ့ပါသည်။ မမက ရေခွက်ကို ကောက်ယူကာ ကြည့်မိတော့ ရေညှိလိုလို အဝါဖတ်တွေ ကပ်နေတာ တွေ့လေသည်။ မမသည် နှာခေါင်းရှုံ့မိကာ…

"ရေခွက်ကို ဘာဖြစ်လို့ ကြမ်းပေါ်ချထားရတာလဲရှင့်၊ ပြီးတော့ အင်္ကျီစနဲ့ ထိနေသေးတယ်…ရေခွက်ကလည်း ညစ်ပတ်နေတာပဲ…"

မမက တစ်ရှူးစတွေ ထုတ်ယူကာ ရေခွက်ကို အတွင်းအပြင် အထပ်ထပ် သုတ်ပစ်လိုက်ပြီးမှ ရေသန့်ဘူး Tap ကို ဖွင့်လိုက်ရာ ရေက တစ်စက်နှစ်စက်သာ ထွက်ကျလာသည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.m



"ဟော်တော့…ရေကလည်း မရှိ…"

မမက ရေခွက်ကို စိတ်ပျက်လက်ပျက် ပြန်ချထားလိုက်ပြီး…

"ဒီမှာ စာရေးဆရာရယ်…ရှင့်အခန်းကို နည်းနည်း ပါးပါးများ ရှင်းပါဦးတော့လား…ဒီလောက် ရှုပ်ပွပြီး အနံ့အသက်မကောင်းတဲ့ အခန်းထဲမှာ ရှင် စာရေးနေရင် ရှင့်စိတ်က ကြည်ပါဦးတော့မလား"

သူ့ဘာသာ ကျောခိုင်းလို့ပဲနေနေ၊ နားပဲ ပိတ်ထားထား မမကတော့ ပြောချင်တာတွေကိုသာ တတွတ်တွတ် ပြောလျက်ရှိပေသည်။ မမသည် အနည်းငယ် အိုက်စပ်လာကာ ချွေးထွက်လာသည်နှင့်…

"ရှင့်အခန်းက ပြတင်းပေါက် မရှိတော့ လှောင်ပိတ်နေတာပဲ၊ အိုက်လိုက်တာ…ယပ်တောင်ရှိလားရှင့်"

သူက ဘာမှပြန်မပြော။ မမက စာအုပ်တချို့ကို တွန်းဖယ်ရင်း…

"ယပ်တောင်တော့ မတွေ့ဘူး…စာအုပ်တစ်အုပ်ယူပြီး ယပ်ခပ်မယ်နော်"

"ကျုပ်စာအုပ်ကို မထိနဲ့၊ ယပ်တောင်ရှိတယ်…ရော့"

"ပြီးရော"

www.foreverspace.com.m



မမက ကိုယ်ကြားရုံသာ တိုးတိုးကလေးပြောရင်း သူ့ကျောပြင်ကို အားပါးတရ မျက်စောင်းထိုးမိလေသည်။

မမက စာအုပ်ပုံတချို့ကို တွန်းကာဖယ်ကာဖြင့် ယပ်တောင်ရှာရင်း ပေါင်းရသင်းရ လက်ပေါက်ကပ်သည့် စာရေးဆရာကို အမြင်ကပ်နေခဲ့သည်။ ဒီလိုလူမျိုးဆီက စာမူရဖို့ စိတ်ရှည်လက်ရှည်တော့ စောင့်ရလိမ့်မည်။ မမက ကိုယ့်အတွေးနှင့်ကိုယ် နံရံထောင့်နားက စာအုပ်တစ်အုပ်ကို ဆွဲဖယ်လိုက်စဉ်…

"ကျွိ…ကျွိ…"

"အမယ်လေး…"

စာအုပ်ပုံထဲက ခုန်ထွက်လာသော ကြွက်ပေါက်စကလေးက တကျွိကျွိအော်ကာ မမ ရင်ခွင်ထဲ ဖြန်းဆို ခုန်ဝင်လာလေသည်။ မမသည် ငယ်သံငယ်ရင်းပါအောင် အော်လိုက်မိသည်။ မျက်လုံးကို စုံမှိတ်ကာ ကိုယ့်ရင်ခွင်ထဲ ဝင်လာသော ကြွက်က ဘယ်ကဘယ်ကို ရောက်သည်မသိဘဲ တစ်ကိုယ်လုံး ဆတ်ဆတ်ခါ တုန်ယင်ကာ တောင်ပြေးရမလို မြောက်ပြေးရမလို ဆွေ့ဆွေ့ခုန်နေရလေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဥ်တင်ဆက်သည်။



"အမယ်လေး····"

ဖြုန်းဆို ဝက်ဝက်ကွဲအောင် အော်လိုက်တဲ့ ရူးရူးဝါးဝါး အသံကြောင့် စာရေးဆရာခေါင်းထဲက စကားလုံးတွေ လွင့်စင်သွားရသည်။ လူက လန့်ဖျပ်တုန်ယင်လျက် ရုတ်တရက် ဘာတွေဖြစ်ပျက်သွားမှန်း မသိဘဲ ဂုန်းခနဲ ထိုင်ရာမှ ထ,ရပ်လိုက်ရသည်။

"အမယ်လေး···ကြွက်···ကြွက်···"

စာရေးဆရာမှာ အသံလာရာအရပ်ဆီ ချာခနဲ လှည့်ကြည့်မိသောအခါ ဆွေ့ဆွေ့ခုန်နေသော အမျိုးသမီးကို တွေ့ရလေသည်။ ထိုမြင်ကွင်းက အလွန်ရယ်စရာကောင်းပြီး အလွန်လည်း စိတ်ပျက်စရာ၊ ဒေါသထွက်စရာ ကောင်းလှပါသည်။ သူမက မျက်စိစုံမှိတ်ကာ 'ကြွက်···ကြွက်'ဟု အော်နေပြီး လူက ခုန်ဆွခုန်ဆွဖြစ်နေသည်။ ရွှေကိုင်းမျက်မှန်လေးက နှာခေါင်းဖျားမှာ ချိတ်ကာ ပြုတ်ကျလုတဲတဲလေး···

"တိတ်စမ်းဗျာ"

သူက စိတ်တိုတိုနှင့် သူမနားနားကပ်၍ အော်လိုက်ရာ သူမက သူ့ဆီချာခနဲ လှည့်အကြည့်···ပြုတ်ကျလုတဲတဲ မျက်မှန်လေးက ကြမ်းပြင်ပေါ် အရှိန်နှင့် လွင့်စင်ကာ ခွမ်းခနဲ ကျကွဲသွားလေသည်။



"အမယ်လေး···ကျွန်မ မျက်မှန် ကွဲပါပြီ"

"ဖြစ်ရပြန်ပြီ"

သူမက မျက်မှန်ကွဲကို ငုံ့အကောက်···လက်ကို ရှသွားတာမို့ လက်ကို ပြန်အရုပ်နှင့် မှာယာခတ်နေသည်။

စာရေးဆရာသည် လွင့်စင်သွားသော သူ့စကားလုံးတွေကို နှမြောဒေါသထွက်စွာဖြင့်ပင် သူ့ရှေ့ ယောက်ယက်ခတ်နေသော အမျိုးသမီးကို ရပ်ကြည့်နေပါသည်။

"ခင်ဗျား···ဘယ်လိုအမျိုးသမီးလဲဗျာ···ကျုပ်ကို သက်သက် လာနှောင့်ယှက်တော့တာပါပဲလား"

"ဘယ်မှာ နှောင့်ယှက်လို့လဲရှင့်···ကျွန်မဘာသာ ရှင့်ဆီက ကတိရဖို့ ငြိမ်ငြိမ်လေး ထိုင်စောင့်နေတာပဲ"

"ခင်ဗျား ဘယ်မှာငြိမ်လို့လဲဗျ၊ ပါးကပ်ကော လူကော မငြိမ်တာ ကျုပ်လှည့်မကြည့်ပေမယ့်သိတယ်၊ တော်ကြာ စကားလှမ်းပြောလိုက်၊ မေးခွန်းလာထုတ်လိုက်၊ ရေသောက်ချင်တာနဲ့၊ အိုက်ရတာနဲ့၊ အသက်ရှူကျပ်ရတာနဲ့ နောက်ကနေ တကျိကျိလုပ်နေတာ···ကျုပ် အာရုံတွေ လွင့်သွားအောင် ဒုက္ခပေးနေရတာနဲ့ အတူတူပဲ"

"တမင်လုပ်တာမှ မဟုတ်တာ···ရှင်က ဧည့်သည်ကို ဧည့်မခံတော့ ကိုယ့်ဘာသာ အဆင်ပြေအောင် နေရတာပဲ"

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



စာရေးဆရာသည် ပြောရင်းက ဒေါသထွက်လာကာ…

“ခင်ဗျား အဆင်ပြေပေမယ့် ကျုပ် မပြေဘူးဗျ… အဲ့ဒါ ခင်ဗျားသိလား၊ ခင်ဗျားရဲ့ အသံနက်ကြီးနဲ့အော်သံကြောင့် ကျုပ်စုစည်းထားသမျှ အာရုံတွေ လွင့်ထွက်သွားပြီ၊ ဒီအနေအထိ စာရေးလို့ မရတော့ဘူး”

“ဒါကတော့ ကျွန်မ တမင်အော်တာမှ မဟုတ်တာ၊ ရှင့်ကြွက်က ထွက်လာတာကိုး”

“ကျုပ်ကြွက်မဟုတ်ဘူး…ကျုပ် မွေးထားတဲ့ ကြွက် မဟုတ်ဘူး”

“ရှင့်အိမ်မှာရှိတာ ရှင့်ကြွက်ပဲ၊ ရှင့်အခန်းကိုက ကြွက်သိုက်နဲ့တူလို့ ကြွက်ကပျော်နေတာပေါ့ စာရေးဆရာရဲ့”

မမကျော်သည် ကိုယ့်ရှေ့မှာ ခါးထောက်ရပ်ကာ ဒေါသတကြီး စကားပြောနေသော စာရေးဆရာရဲ့ မျက်နှာကို ပထမဆုံး မြင်တွေ့ရတာမို့ ပြန်ရန်တွေ့ရင်းကပင် အသေအချာ ကြည့်မိလေသည်။

ရုပ်ကိုက တကယ့်ကို ဖြတ်စဖျင်းတောင်း။ မမက စိတ်ထဲ ကြိတ်ရှုံ့ချလိုက်သည်။ စာကသာ လေးစားစရာကောင်းပေမယ့် ရုပ်ကမစွံ။ ဆံပင်က ဘုတ်သိုက်၊ မျက်နှာပေါ်မှာ



နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အတိုအစတွေ ထိုးထိုးထောင်ထောင် ထွက်နေသည်။ ရေမချိုးတာ ဘယ်နှစ်ရက်ရှိပြီလည်း မသိသော သူ့ရုပ်အင်္ကျီကော်လံပေါ်က ချေးများကိုပင် မမက စစ်စစ်ပေါက်ပေါက် မြင်မိရသေးသည်။ ကိုပဍ္စနဲ့ သူ့အခန်းဟာ တကယ့်ကို တက်ညီလက်ညီ ရှုပ်ပွနေတာဖြစ်ပါသည်။

သူက မမကို စိုက်ကြည့်ရင်း…

“ဒီမှာ ဒေါ်မမကျော်…လူတိုင်းမှာ လွတ်လပ်ခွင့် ကိုယ်စီရှိတယ်၊ ကျုပ်အခန်းနဲ့ကျုပ် ရှုပ်ချင်ရှုပ်မယ်၊ ရှင်းချင်ရှင်းမယ်၊ ခင်ဗျားနဲ့ မဆိုင်ဘူး၊ ဒါ ကျုပ် လွတ်လပ်ခွင့်ပဲ၊ ကျုပ်က လွတ်လပ်ခွင့်ကို အင်မတန် မြတ်နိုးတယ်၊ ကဲ…ခင်ဗျား ပြန်ပါတော့ဗျာ”

“ရှင် ကတိပေးလေ”

“ဘာကတိလဲ”

“စာမူပေးပါ့မယ်ဆိုတဲ့ ကတိ”

“ကျုပ်ပေးရင် ခင်ဗျား ပြန်မလား …”

“ပြီးပြီးရော ပေးတဲ့ ကတိတော့ မဖြစ်စေချင်ဘူး”

“ကောင်းပြီ…ပေးတယ်ဗျာ”

“ဒါဆို…ကျွန်မ မနက်ဖြန် လာခဲ့ဦးမယ်”

“မနက်ဖြန်တော့ ရ,မရ မသေချာဘူး”

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"ရလို ရငြားပေါ့ရှင်၊ ရှင့်ကို ကျွန်မ မနှောင့်ယှက်ပါဘူး…ကတိပေးပါတယ်၊ တွန်းအားတစ်ခု လာပေးရုံပါ၊ ကျွန်မ သွားတော့မယ်"

မမက လှည့်ထွက်မည့်ဟန် ပြင်ပြီးမှ သတိရသွားကာ…

"ဟယ်…ကျွန်မမှာ မျက်မှန်မှ မပါတော့တာ၊ ကျွန်မက အဝေးမှုန်တယ်၊ ဒုက္ခပဲ ရှင့်လှေကားက မှောင်မှောင်နဲ့ ကျွန်မ မမြင်မစမ်းဖြစ်နေမှာ၊ ပြီးတော့ ကျွန်မ ကားက ဝပ်ရှော့ပို့ထားလို့ တက္ကစီနဲ့လာတာ၊ မျက်မှန်မပါရင် ကျွန်မ တက္ကစီ တားဖို့တောင် အဆင်မပြေဘူး"

"ကဲ…လာဗျာ…လာ၊ ဒီနေ့အဖို့တော့ တကယ်ဂြိုဟ်ပဲ"

စာရေးဆရာမှာ သူမ လက်ထဲက ကိုင်ထားသည့် လက်ကိုင်အိတ်ကို ဆွဲကာ လှေကားထစ်ဆီ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ သူမကလည်း ထိုလက်ကိုင်အိတ်ကို ခပ်တင်းတင်း ပြန်ဆုပ်တွဲကာ အားပြုရင်း သူ့နောက်က ဝရန်းသုန်းကား ပါလာသည်။

အောက်ရောက်တော့လည်း တက္ကစီတစ်စီး လှမ်းတားပေးလိုက်ရပါသေးသည်။



"တကယ့်ကို အပိုပစ္စည်းတွေပဲ၊ မိန်းမဆိုတာ ယောကျ်ားတွေကို အလုပ်ရှုပ်စေတဲ့ အပိုပစ္စည်းပဲ"

ကိုပဥ္စက အပေါ်ထပ်သို့ ပြန်တက်လာရင်း တီးတိုးရေရွတ်၍ လာလေသည်။

⌘ ⌘ ⌘

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm









နောက်တစ်နေ့ နေ့လယ်တွင် မမကျော်သည် စာရေးဆရာ ကိုပဥ္စထံသို့ ဒုတိယအကြိမ်မြောက် ရောက်ရှိလာလေသည်။

မမက မနေ့ကလိုပင် အခန်းတံခါးကို ခပ်ဆဆ ခေါက်လိုက်သည်။ သူ့ထံက 'တွန်းဖွင့်လိုက်' ဆိုသည့် အသံကို တောင် မကြားရပါ။ မမက တံခါးထပ်ခေါက်လိုက်၊ ခဏ ငြိမ်စောင့်လိုက်နှင့် ကြာသောအခါ စိတ်မရှည်နိုင်တော့ဘဲ အသာတွန်းကြည့်လိုက်သည်။ တံခါးက အလွယ်တကူပင် ပွင့်သွားသည်။ မမက အသံပေးမှ ဖြစ်မည်ဟု စိတ်ကူးကာ…

"အဟမ်း…ကျွန်မ ဝင်လာပြီနော်"

ဟု ချောင်းဟန့်ရင်း ခပ်ကျယ်ကျယ်နှင့် လှမ်းပြောလိုက်သည်။

အခန်းကတော့ မနေ့ကထက်တောင် ပိုရှုပ်ပွလာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm



သေးရဲ့။ ကိုယ့်ကိုယ်ကို အမှိုက်ပုံထဲ ရောက်လာသည်ဟုပင် ထင်ရသည်။ မမကျော်ဆိုတဲ့ မိန်းမကလည်း သိပ်စည်းကမ်းရှိလှတာတော့ မဟုတ်ပါဘူး။ မမ အခန်းထဲမှာလည်း စာအုပ်စာတမ်းတွေဖြင့် ရှုပ်ပွနေတတ်လွန်းလို့ မေမေ့ အဆူခံထိတာ အခါခါပင်။ သို့သော် မမ ရှုပ်တာ သူ့လောက်တော့မဆိုး။ မမ အိမ်မှာတော့ အိမ်ဖော်ကောင်မလေးနှင့် မေမေက ကြုံရင်ကြုံသလို ဝင်ရှင်းပေးတတ်ပါသည်။

မမသည် အခန်းထဲ ဝင်လာရင်း ဝရန်တာဆီ လှမ်းကြည့်လိုက်တော့ သူ့ကို မတွေ့ရပါ။ မမက ဟိုဟိုဒီဒီ ဝေ့ကြည့်ရင်း…

"ကိုပဥ္စ…ရှင် ဘယ်မှာလဲ…"

ဟု အသံပြုလိုက်သည်။ ဘာသံမှ မကြားရတော့ မမ စိတ်ပျက်သွားသည်။

"အဟမ်း…"

ဟင်…ချောင်းဟန့်သံပါလား။ မမက ချောင်းဟန့်သံ လာရာဆီ အသေအချာ ကြည့်မိတော့မှ စာအုပ်ပုံကြွယ်မှာ ငုတ်တုတ်ထိုင်နေသော သူ့ကို တွေ့ရသည်။ သူ ဒီနေ့ စာရေးတာက ဒီဇိုင်းတစ်မျိုးဖြစ်သည်။ အခန်းရဲ့ အရှေ့ဘက်ကျကျ ထောင့်နားမှာဝရန်တာဘက်သို့ မျက်နှာမူလျက်

www.foreverspace.com.mm



ကြမ်းပြင်ပေါ် တင်ပျဉ်ခွေထိုင်ပြီး စားပွဲခုံပုလေးနဲ့ စာထိုင်ရေးနေခဲ့တာဖြစ်သည်။ မနေ့က ထိုင်နေခဲ့သော စားပွဲအမြင့်နှင့် ကုလားထိုင်ပေါ်မှာတော့ စာရွက်ကြမ်းတွေ ရှုပ်ပွထ၊ စားပွဲဘေး အမှိုက်ခြင်းထဲမှာ စာရွက်အမှိုက်တွေ မောက်လျှံနေရုံမက စက္ကူလုံးတွေဟာ ပြန့်ကျဲလို့နေပါသေးသည်။

"ကျွန်မ စာမူလာယူတာပါ…စာရေးဆရာ"

သူက ထုံးစံအတိုင်း စကားတစ်ခွန်းမှ ပြန်မပြောချေ။ မမ တစ်သက် ဒီလောက် ဆက်ဆံရခက်တဲ့ စာရေးဆရာမျိုးနဲ့ မကြုံဖူးခဲ့ပါ။ ဒီလို ဖြုတ်စဖျင်းတောင်း နေပုံထိုင်ပုံမျိုးကိုလည်း မျက်ဝါးထင်ထင် မမြင်ဖူးခဲ့ပါ။

သို့သော် မမမှာက သူများ အလွယ်တကူ လုပ်မရတာကိုမှ ရအောင်စွမ်းဆောင်ချင်သော ဉာဉ်လေးရှိသေးရာ ဘယ်လိုခက်ခဲသည့် ကိစ္စမဆို နောက်ဆုတ်အလျှော့မပေးလိုက်ချင်ပါ။ ရုံးမှာလည်း လူတိုင်းက ကိုပဥ္စဆီမှာ စာမူတောင်းရတာ ဘယ်လောက်ခက်ခဲကြောင်း၊ ဆက်ဆံရ လက်ပေါက်ကပ်ကြောင်း၊ မမ ဘယ်လောက်ကြိုးစားကြိုးစား ရမှာမဟုတ်ကြောင်း စစ်မရောက်ခင်မှာ မြားကုန်သည့် စကားမျိုးတွေ ပြောနေသည့် ကြားထဲက မမက စွတ်တိုးလာခဲ့ခြင်း ဖြစ်ပါသည်။ ပြီးတော့ ကိုပဥ္စရဲ့ ဝတ္ထုတိုလေးတွေ ဖတ်ချင်တယ်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ဟူသော မမတို့ မဂ္ဂဇင်း ပရိသတ်ရဲ့ တောင်းဆိုမှုကိုလည်း မမက ဖြည့်ဆည်းပေးချင်သည်။ ဒီလ ဒီဝတ္ထု ထည့်မယ်ဆိုသည့် ရည်ရွယ်ချက်ကိုလည်း ဖျက်သိမ်းမပစ်ချင်။ ကိုယ့်လက်အောက်က လူတွေ မစွမ်းဆောင်နိုင်တာကို ကိုယ်က စွမ်းဆောင်ပြနိုင်မှ ခေါင်းဆောင်ကောင်း ပီသမှာ မဟုတ်လား။ သူတောင်မှ မရသေးတာ ငါတို့က ဘယ်ရပါ့မလဲဆိုသည့် စိတ်ဓာတ်မျိုးတွေ မမရဲ့ ဝန်ထမ်းတွေထဲမှာ ဝင်သွားလို့ မဖြစ်ပါ။ ကိုယ်လိုချင်သည့်အရာကို ရအောင်ယူနိုင်မှသာ ကိုယ့်ကိုယ်ကို ယုံကြည်မှု အရည်အသွေးလည်း တက်လာမည်လေ။

မမသည် အကြောင်းကြောင်းကို ထောက်ရှုကာ မမရဲ့ တိုသောစိတ်ကို ရှည်အောင်ဆွဲဆန့်ထားရပါသည်။ ပြီးတော့ မနေ့က ကိုယ့်ရဲ့ အချိုးမပြေမှုကို သူ့ဘက်က သည်းခံထားရတာကလေးလည်း ရှိသေးသည်။ ကိုယ့်ကြောင့် စာရေးလည်း ပျက်၊ မမြင်မစမ်း ကိုယ့်ကို လိုက်ပို့ရ၊ တက္ကစီငှားပေးရနှင့် သူ ဗျာများသွားရတာတွေကို ပြန်တွေးကြည့်လျှင် မမ ရယ်ချင်သည်။ မနေ့က ကြွက်နှောင့်ယှက်၍ ခုန်ဆွခုန်ဆွ ဖြစ်ခဲ့ရသော ကိုယ့်အဖြစ်နှင့် သူ့ရဲ့ ဒေါသမျက်နှာကြီးကို မြင်ယောင်ကာ တစ်ယောက်တည်း ကျိတ်ရယ်နေခဲ့မိသေးသည်။ မေမေကပင် 'ဒီအပျိုကြီး ဘာတွေ အူမြူးနေတာလဲ' ဟု

www.foreverspace.com.mm



ကျီစယ်ရလောက်အောင် မမက မကြာခဏ တွေးမိတိုင်း ပြုံးစေ့စေ့ ဖြစ်နေခဲ့ရတာ ဖြစ်ပါသည်။

"ကျွန်မ မနေ့ကိစ္စ တောင်းပန်ပါတယ်ရှင်…ရှင့်ကို အနှောင့်အယှက် ပေးသလိုဖြစ်သွားတာ ခွင့်လွှတ်ပါ၊ ဒီနေ့လည်း အနှောင့်အယှက် လာပေးတယ်လို့တော့ မထင်စေချင်ပါဘူး…စာမူပြီးပြီလားလို့လည်း မမေးပါဘူး၊ ရှင် စာရေးတာ ခဏနားပြီး ကျွန်မကို စကားပြန်ပြောဖို့ အားလပ်မယ့်အချိန်ထိ ငြိမ်ငြိမ်လေး စောင့်ပါမယ်၊ မနေ့ကလို စကားလည်း လာမပြောတော့ပါဘူး၊ ရှင့်ဘာသာ အေးအေးဆေးဆေး အလုပ်လုပ်ပါ"

မမက ခပ်အေးအေး ပြောပြီး ကြမ်းပြင်ပေါ် ထိုင်ချလိုက်သောအခါ လွှတ်ခနဲ အော်မိမလို ဖြစ်သွားသော ကိုယ့်ပါးစပ်ကို အမြန်ပိတ်ပစ်လိုက်ရလေသည်။ ကြမ်းပြင်ပေါ်ကျနေတဲ့ စားလက်စ ပေါင်မုန့်အိတ်ထဲမှာ ပုရွက်ဆိတ်တွေ အုံခဲကာ ကြမ်းပြင်တစ်လျှောက် စီတန်းလှည့်လည်နေသည်။ နံရံပေါ်မှာလည်း ပုရွက်ဆိတ်တန်းကြီးက မျက်နှာကြက်ထိ မြင့်တက်နေပါသည်။

မမမှာ ပုရွက်ဆိတ်တန်းပေါ် တည့်တည့် ထိုင်ချမိတာမို့ ဖြုန်းခနဲ ပြန်ထ,ကာ မနေ့က ကြွက်တွေ့သလိုပင်

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ခုန်ဆွခုန်ဆွနှင့် ပုရွက်ဆိတ်တွေကို ခါချနေသည်။ ပါးစပ်က တော့ အသံမထွက်ရဲ။ ဒီတစ်ခါ မမထ,အော်မိလျှင် ဒီတစ်သက် သူ့ဆီက စာမူရဖို့ မလွယ်ကူတော့ပါ။

သူကတော့ ကျောခိုင်းထားတာမို့ မမ ဖြစ်ပုံကို မမြင်ချေ။

"အမယ်လေး…ကိုက်လိုက်တာ…သေပါပြီ…"

ခြေထောက်ကို ပုရွက်ဆိတ်အနီ ကိုက်ခံရတာမို့ မမမှာ နာလည်းနာ၊ ယားလည်းယား၊ နေမထိ ထိုင်မထိဖြစ် ကာ သူနဲ့ ခပ်ဝေးဝေးနောက်ဘက်သို့ ခပ်ဖွဖွ ပြေးသွားပြီး သူ…မကြားအောင် ညည်းရလေသည်။

ထဘီစကို ခါချရ၊ ခြေထောက်ပေါ်က ပုရွက်ဆိတ် တွေကို ပွတ်ချရနှင့် မမတစ်ယောက်တည်း ခြောင်းဆန်နေ ရသည်။

မမသည် စိတ်လည်းတိုလာရကာ ကျောခိုင်းနေ သော သူ့ကို ခါးထောက်ရပ်ကြည့်ရင်း ဘာလုပ်ရင် ကောင်း မလဲ စဉ်းစားရလေသည်။ ဒီအခန်းကြီး ဒီလိုရှုပ်ပွနေတာကို ဘယ်လိုလုပ်ပေးရပါ့မလဲ။

မမက ပုရွက်ဆိတ် တက်နေသည့် မုန့်ထုပ်ကို ယူကာ နောက်ဘက် ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။ မမရဲ့

www.foreverspace.com.mm



မှုရင်းရည်ရွယ်ချက်ကတော့ အမှိုက်ပုံးရှာပြီး ပစ်ခဲ့ဖို့ဖြစ်သည်။ သို့သော်…မီးဖိုချောင်ထဲက မြင်ကွင်းက မမကို မရှုမလှ ဆီးကြိုလေသည်။

ထမင်းသိုး, ဟင်းသိုးနံ့က မီးဖိုချောင်ထဲမှာ လှိုက် နေသည်။ ဘေစင်ထဲက မဆေးရသေးသည့် ပန်းကန် အထပ် လိုက်ပေါ်မှာ ဖြုတ်တွေ အုံခဲနေသည်။ ကျွတ်ကျွတ်အိတ်ထဲ ဖြစ်သလို ထိုးထည့်ထားသည့် စားကြွင်းစားကျန်တွေကို ကြွက် ဆွဲခံထားရတာမို့ ကြွက်ဆွဲသွားသည့် စပ်ကြောင်းတစ်လျှောက် ထမင်းစတွေ၊ အရိုးအစအနတွေ တန်းနေသည်မှာ အထုပ် ဆီမှသည် ကြွက်တိုးပေါက်အထိပင်ဖြစ်သည်။

စားပွဲပေါ်တွင် စားလက်စ တစ်ပိုင်းတစ်စ ငှက် ပျောသီး တစ်လုံးနှင့် အခွံများ၊ မုန့်ထုပ်အခွံများ၊ ညှိုးခြောက် ပုပ်ရိနေပြီဖြစ်သော ဟင်းသီးဟင်းရွက်များ၊ မဆေးရသေးသည့် စဉ်းတီတုံးနှင့် ဓားက ကပ်လျက်သား။ ပုရွက်ဆိတ်တွေက တဖွားဖွား၊ ကြွက်ချေးအခြောက် မည်းမည်းတောင့်လေးတွေက စားပွဲပေါ်မှာ တချို့၊ ဟင်းအိုး ထမင်းအိုးတွေ တင်သည့် အုတ်ခုံပေါ်မှာ တချို့ ပြန့်ကျဲလျက်သား။ အမယ်လေး… မှုးလိုက်တာ…အန်ချင်လိုက်တာ။

မမသည် ထိုမြင်ကွင်းကို ကြည့်ကာ တစ်မိနစ်

စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.m



သာသာလောက် ငြိမ်သက်သွားသည်။ ဒါတွေကို ရှင်းလင်းပေးမည့်သူလည်း သူ့မှာရှိပုံမရ။ တစ်ယောက်တည်း ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ အမှိုက်ပုံထဲမှာ ပျော်နေပြီး စိတ်ရမှ ထ၊ ရှင်း၊ ဘယ်လောက်များ ဖြုတ်စဖျင်းတောင်း နိုင်လိုက်ပါသလဲ စာရေးဆရာရယ်…။

တိုက်ခန်း ကျဉ်းကျဉ်းလေးတော့ မီးဖိုခန်းနှင့် ရှေ့ဘက် Hall ခန်းတစ်ခန်းသာပါပြီး တခြားအခန်းဖွဲ့ထားတာလည်းမရှိ။ အိမ်ရှေ့ Hall ထဲက စာအုပ်တွေ၊ အရုပ်တွေကြားမှာ ဖျာတစ်ချပ်နှင့် ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်တော့ တွေ့သည်။ ရှိရှိသမျှ ပစ္စည်းတွေဟာ အရောရော အနှောနှော အရှုပ်ရှုပ်အပွပွပင်။

မမသည် စိတ်ကောင်းနှလုံးကောင်းလေး မွေးမိကာ မီးဖိုခန်းထဲကအရှုပ်တွေကို ရှင်းပေးဖို့ ကြိုးစားမိလေသည်။ စားပွဲပေါ်၊ အုတ်ခုံပေါ်ကဟာတွေ အားလုံးကို ရှင်းလင်းသိမ်းဆည်းပေးလိုက်သည်။ ပစ်ရမည့် အမှိုက်တွေကို သပ်သပ်ရပ်ရပ် ပြန်ထုပ်ပေး။ မီးဖိုခန်း ကြမ်းပြင်ကို လှဲကျင်းပေးလိုက်တော့ အတော့်ကို ရှင်းလင်းသွားပါသည်။

မမသည် နောက်ဆုံးအဆင့်အဖြစ် ဘေစင်ထဲက ပန်းကန်တွေကို ဆေးကြောပေးရမည်ဖြစ်သည်။ နံစော်

www.foreverspace.com.m



ညစ်ပတ်နေတာတွေကို သိပ်တော့ မရှင်းချင်ပါ။ သို့သော်ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့လိုက်ပါ့မယ်လေဟု ဆုံးဖြတ်လျက် ပန်းကန်တွေကို အသံမထွက်အောင် ဆေးပေးလိုက်သည်။

ဆေးပြီးသား ပန်းကန်တွေနှင့် ကော်ဖီခွက်ကို ထပ်လိုက်ပြီး ပန်းကန်စင်ပေါ် ပို့ရန် ယူလာလျှင်…ဆပ်ပြာသိပ်မစင်သော အောက်ဆုံးက ပန်းကန်တစ်ချက်က လျှောခနဲထွက်သွားကာ…

"ခွမ်း…ခလွမ်း…ချွမ်း…"

"အမယ်လေး…ကုန်ပါပြီ…"

⌘ ⌘ ⌘

စာရေးဆရာသည် မြိုင်မြိုင်ဆိုင်ဆိုင် ထွက်လာသော တချွမ်းချွမ်း အသံကြီးကြောင့် လူက ဆတ်ခနဲ တုန်သွားကာ လက်ထဲက ဘောလ်ပန်ကို လွှတ်ချလိုက်မိသည်။

သူ ချက်ချင်းမို့လတ်တလော အခြေအနေကို မသုံးသပ်နိုင်သေးဘဲ အူကြောင်ကြောင် ဖြစ်နေသည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



သူ တွေခနဲ စဉ်းစားလိုက်သည်။ ဒါ ဘာသံလဲ။ ဘာဖြစ်တာလဲ။

မြတ်စွာဘုရား…ဟိုမယ်မင်းကြီးမ ငါ့အိမ်ထဲ ရောက်နေတာ မဟုတ်လား။

သူသည် မမကျော့်ရဲ့ မျက်နှာကို ကွက်ခနဲ မြင်ယောင်ကာ သတိဝင်လာသည်။ မမကျော့်…အဝိုပစ္စည်း၊ သူမရဲ့ အလွဲအချော်တွေ၊ ဘုရား … ငါ့ပန်းကန်တွေ…။

သူ ဝုန်းခနဲ ထ၊ ရပ်ကာ အခန်းထဲ ပြန်ပြေးဝင်လာသည်။ အသံက မီးဖိုချောင်ထဲက လာတာ။ သူ မီးဖိုချောင်ထဲ ပြေးဝင်လာခဲ့သည်။

တွေ့ပါပြီ…ကွဲကြေနေတဲ့ ပန်းကန်ပုံကြီးကို ကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတဲ့ အဝိုပစ္စည်းကြီးကို။ သူမှာ ပန်းကန်ကွဲပုံကြီးကိုကြည့်ကာ နှမြောလွန်းလို့ ရင်တွေ တလှပ်လှပ်တုန်လာသည်။

"ကုန်ပါပြီ…ကျုပ်ပန်းကန်တွေ ကုန်ပါပြီ…ဒါ ဘယ်လိုဖြစ်ရတာလဲ…ဒါဘာဖြစ်တာလဲ၊ ခင်ဗျားက ဘာကိစ္စ မီးဖိုချောင်ထဲ ရောက်နေရတာလဲ၊ ခင်ဗျားပြောတော့ ငြိမ်ငြိမ်လေး စောင့်ပါ့မယ်ဆို"

"အမယ်လေး…နားကွဲပါတော့မယ်၊ ဒီလောက်လည်း



မအော်ပါနဲ့၊ ကျွန်မက စေတနာနဲ့ပါ၊ အိမ်ရှေ့မှာ ရှင် စည်းကမ်းမရှိ ရှုပ်ပွထားလို့ ပုရွက်ဆိတ်တန်းကြီးက တစ်မိုင်လောက် ရှည်နေတာကို"

"ခင်ဗျား အပိုမပြောနဲ့…ကျုပ်အခန်းတောင် တစ်မိုင် မကျယ်ဘူး၊ ဆယ့်နှစ်ပေခွဲပဲ ရှိတယ်…"

"ဒါကတော့ ငေါ့ပြောတာကို နားလည်မှုပေါ့ရှင်… ကျွန်မပြောတာကိုလည်း ဆုံးအောင်နားထောင်ပေးပါဦး၊ ရှင့်မုန့်အိတ်အခွံကို ပုရွက်ဆိတ်တက်နေလို့ လွှင့်ပစ်ဖို့ အမှိုက်ပုံးလိုက်ရှာရင်း မီးဖိုချောင်ထဲကို ရောက်လာတာ၊ ဒီရောက်တော့ ရှင့် မီးဖိုခန်းက အမှိုက်ပုံ ဖြစ်နေလို့ စေတနာနဲ့ ဆေးကြောရှင်းလင်းပေးရင်း မတော်တဆ ဖြစ်သွားတာ"

"ကျုပ်အခန်းနဲ့ ကျုပ်…ကျုပ်ဘာသာ ဘာဖြစ်ဖြစ်ဗျာ၊ ကျုပ်ရှင်းချင်တဲ့ အချိန်ကျ ထ၊ ရှင်းမှာပေါ့၊ ခင်ဗျားအပူ ဘယ်နှစ်ပြားပါလို့ ကျုပ်အခန်းကို လာပြီး ကြီးစိုးမင်းမူ နေရတာလဲ၊ အခုကြည့်…ကျုပ်ရဲ့ မရှိမဲ့ရှိမဲ့ ပန်းကန် တွေ ကွဲကုန်ပါပြီ၊ ဒီကော်ဖီခွက်က ကျုပ် အင်မတန် ကြိုက်လို့ ဝယ်ထားတဲ့ခွက်၊ ကျုပ် ညဘက်စာရေးရင်း ကော်ဖီသောက်တိုင်း ဒီခွက်နဲ့ပဲ သောက်လာတာ ငါးနှစ်

www.foreverspace.com.mm



တိတိရှိပြီ၊ ခုတော့ ခင်ဗျား လက်ချက်နဲ့ တစ်စက္ကန့်အတွင်း အကောင်းပကတိကနေ ဘဝပြောင်းသွားပြီ"

သူက ပန်းကန်ပွဲပုံနားမှာ ဆောင့်ကြောင့်ထိုင်ချကာ ပန်းကန်ကွဲစ,တွေကို နှမြောတသစွာ ဆွဲထုတ်ပြရင်း ဒေါသက ပိုထွက်လာရပါသည်။

"ကြည့်စမ်း…ဒီပန်းကန်ပြားတွေဆို…ကျုပ်ဝတ္တုတို စာမူခ သုံးပုဒ်စာစုပြီး ဝယ်ထားရတဲ့ ပန်းကန်တွေ၊ ဘယ်လောက် နှမြောဖို့ ကောင်းလိုက်သလဲဟင်"

"ရှင်က ကြီးကျယ်တာပါ…ရှင်လို ကဗျာစ်ညစ်ကျယ် နိုင်ပုံမျိုးနဲ့ ဘာဖြစ်လို့ ကြွေပန်းကန်တွေ သုံးနေမလဲ၊ မယ်လ်မင်းလောက်ပဲ သုံးပေါ့၊ ရှင်သာ တန်ရာတန်ရာ သုံးရင် ဒီလိုကွဲကြေတဲ့ အဆင့်ထိကိုတောင် မရောက်ဘူး"

"ကျုပ်က ကျုပ်ကြိုက်တာသုံးတာ၊ ဒါ ကျုပ်အခွင့်အရေးပဲ၊ ခင်ဗျားနဲ့ လုံးဝမဆိုင်ဘူး၊ ကျုပ်က ကြွေပန်းကန်နဲ့ မတန်ဘူးလို့ ခင်ဗျားက ဘာအထောက်အထားနဲ့ ပြောနေတာလဲ…ဆိုစမ်းပါဦး"

"ရှင်က စည်းကမ်းမှမရှိတာကိုး၊ ရှင့်လို စည်းကမ်းမရှိ ပုံစံမျိုးနဲ့ အကောင်းစား ဝယ်သုံးလည်း အလကားပဲ၊



အကောင်းစားပုံကို မထွက်တာ၊ ဒီလောက် ပုပ်ပွန်စော်နေတာတွေကို ပန်းကန်ရပ်ပေါက်အောင် မနည်းဆေးထားရတာ၊ တကယ်တမ်း ရှင်နဲ့ သင့်တော်တာက တစ်ခါသုံး ပန်းကန်တွေပဲ၊ တစ်ခါထည့်စားလိုက် လွှင့်ပစ်လိုက် ဆေးစရာမလိုတော့ဘူး၊ ဒါတောင် ရှင်က မှန်မှန်လွှင့်ပစ်မှာကို မဟုတ်ဘူး"

သူက နှုတ်သီးကောင်းလျှာပါး ပြောနေသည့် မမကျော့်ကို စိတ်ပျက်လက်ပျက် စိုက်ကြည့်လိုက်လေသည်။ အသက်ကလည်း သိပ်မငယ်လှတော့ပါဘဲ လုပ်တာကိုင်တာ အချိုးမပြေ၊ အူကြောင်ကျားနဲ့ စကားကို ကတ်သီးကတ်သပ် ပြော၊ ဓိစာကြောင်၊ ပြောရဆိုရ လက်ပေါက်ကပ်နဲ့၊ အပြုအမူတွေက သိမ်မွေ့မိန်းမဆန်မှုမရှိဘဲ တစ်ချက်တစ်ချက် ကလေးဆန်ချင်သေးလား။ ဒီလိုမိန်းမမျိုးက အပျိုကြီးကလွဲလို့ ဘာများ ဖြစ်နိုင်ဦးမလဲ။ သူမမှာ အိမ်ထောင်သည် အမျိုးသမီးတစ်ယောက်ရဲ့ မိန်းမဆန်မှု၊ စနစ်ကျမှု၊ ရင့်ကျက်မှုမျိုး မရှိတာတော့ သေချာပါသည်။

ကြွက်တွေ့တုန်းက တစ်ခါ ငယ်သံငယ်ရင်းပါအောင် အော်နေပုံကို သူအမြင်လည်းကပ်၊ ဒေါသလည်းထွက်၊ ရယ်လည်း ရယ်ချင်မိရပါသည်။ ခုလည်း ပန်းကန်ကွဲပုံရှေ့

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



မှာ ခြေမကိုင်မိ၊ လက်မကိုင်မိ အူကြောင်ကျား ဖြစ်နေပုံက တကယ့်ကို ရယ်စရာကောင်းပါသည်။ သို့သော် သူကတော့ မရယ်နိုင်ဘဲ ပန်းကန်တွေကို နှမြောစိတ်ဖြင့် ချိချိတုန်နေမိပါသည်။

"နေစမ်းပါဦး ... ခင်ဗျားကို ကျုပ် တစ်ခုမေးစမ်းပါရစေ၊ ခင်ဗျားက အပျိုကြီးလား"

"ဟမ်...ဒါ ဘာဆိုင်လဲ...ကျွန်မတို့ ပြောနေတဲ့ အကြောင်းအရာနဲ့ ဘာဆိုင်သလဲ"

မမကျော့်သည် ရုတ်တရက် အငိုက်မိသွားကာ အပြင်းအထန် ကာကွယ်လိုက်သည်။ ကိုယ့်ဘာသာ အပျိုကြီးဖြစ်ရော သူနဲ့ ဘာဆိုင်သလဲ။ ဒီအကြောင်းအရာကို နည်းနည်းလေးမှ ဒီကိစ္စထဲ ဆွဲသွင်းမခံနိုင်ပါ။ သူက မမကို အပျိုကြီးမှန်း ဘာကြောင့် သိသွားရတာပါလိမ့်။

သူ့ကျတော့ရော လူပျိုကြီး မဟုတ်လို့လား။ ဒီလိုဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ရေချိုးချင်မှချိုး၊ ညစ်ပေရှုပ်ပွနေတဲ့ သူကို ဘယ်သူကယူမှာလဲ၊ ယူမယ့်သူမရှိလို့သာ ဒီလို ထင်ရာစိုင်းနေတာ မဟုတ်လား။

"ဒီမှာ မမကျော့်...ခင်ဗျားဝန်မခံလည်း ကျုပ်က ရိပ်မိတယ်၊ ခင်ဗျား အပျိုကြီးပဲ...၊ ဒီလို မသိတတ်၊

www.foreverspace.com.mm



မလိမ်မာ၊ အူကြောင်ကြောင်၊ မရင့်မကျက်၊ ကလေးကလား၊ စိတ်ကြောင်ကြောင် စကားခပ်များများ မိန်းမတွေဟာ အပျိုကြီးတွေပဲဖြစ်တာ များတယ်၊ ခင်ဗျားမှာ အပျိုကြီးတစ်ယောက်ရဲ့ လက္ခဏာတွေ အပြည့်ရှိတယ်"

"ရှင့်ကျတော့ရော လူပျိုကြီးပဲ မဟုတ်လား...ရှင့်လို စည်းကမ်းမရှိ၊ ထင်ရာစိုင်း၊ ဖြုတ်စဗျင်းတောင်း၊ ကပ်စေးနဲ၊ ညစ်ပေရှုပ်ပွ၊ ပေါင်းရသင်းရလက်ပေါက်ကပ်ပြီး ခွကျတဲ့ လူမျိုးဟာ လူပျိုကြီးပဲ ဖြစ်ဖို့များတယ်... ရှင့်မှာ လူပျိုကြီးတစ်ယောက်ရဲ့ လက္ခဏာတွေ အပြည့်ရှိတယ်"

"ဒါကတော့ စာရေးဆရာ ကိုပဥ္စဆိုတာ လူပျိုလူလွတ်ပါဆိုတာ ခင်ဗျား ကြိုသိနေတာပဲ ဖြစ်ပါလိမ့်မယ်"

"မသိပါဘူး၊ ကျွန်မက စာပဲစိတ်ဝင်စားတယ်...လူကို စိတ်မဝင်စားဘူး"

"ဘာပဲပြောပြောလေ...ကျုပ်ကို လူပျိုကြီးဆိုပေမယ့် မိန်းမတွေကို စိတ်မဝင်စားလို့ မလိုချင်လို့ ဖြစ်လာရတဲ့ လူပျိုကြီး"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ဖြစ်နိုင်ဘူး…ရှင် ကြွားတိုင်း ကျွန်မက ယုံရမှာလား စာရေးဆရာ၊ ရှင့်ကို ဘယ်မိန်းမက စိတ်ဝင်စားမှာလဲ၊ ကိုယ့်ပုံစံနဲ့ ကိုယ့်အနေအထိုင်ကို ပြန်ကြည့်လိုက်ဦးလေ၊ ဘယ်မိန်းမက ဒီလိုမျိုးကို ယူချင်မှာလဲ"

"ကျုပ် လိုချင်ရင် ချာတိတ်မလေးတွေက စလို့ ခင်ဗျားတို့ အရွယ်ထိ ဘယ်အရွယ်ယူမလဲ…ကြိုက်တာခေါင်းခေါက်ယူလို့ရတယ်၊ အင်း…ခင်ဗျားကတော့ ဟိုင်းပါပြီဗျာ…မသေချာတော့ပါဘူး"

"ဒီမှာ စာရေးဆရာရဲ့…ကျွန်မမှာလည်း ဝိုင်းလို့ပါပဲ"

"ဘာတွေလဲ…ယင်တွေလား…"

"ရှင် လဲသေလိုက်ပါလား…"

မမက ဒေါသထွက်လာကာ အိမ်ရှေ့ဘက် ပြန်ထွက်လာခဲ့သည်။ သူက နောက်ကလိုက်လာကာ…

"ကဲ…ကျုပ်ပန်းကန်ကွဲက ဒီအတိုင်းပဲ ထားလိုက်တော့မှာလား…တန်ရာတန်ကြေးတော့ ပြန်လျော်ပေးဦးမှပေါ့ဗျာ"

"ကဲ…ဒီမှာ…ရော့"

မမက ပိုက်ဆံထုတ်ယူကာ စားပွဲပေါ် ဆောင့်ချပေးရင်း စိတ်က တိုသထက် တိုလာသည်။ စေတနာနဲ့



လုပ်ပေးမိကာမှ ကိုယ့်ပိုက်ဆံက ထွက်သွားရသည်။ ပိုက်ဆံထုတ်ပေးတဲ့ လက်တွေတောင် တုန်ချင်နေသည်။

"နှစ်ထောင်တည်းလား…ကျုပ် ပန်းကန်က နှစ်ထောင်မက တန်တယ်"

"အဟောင်းက အဟောင်းဈေးပဲ ရမယ်"

မမက အိတ်ကို လှမ်းဆွဲယူကာ သူ့အခန်းဆီမှ ထွက်လာခဲ့သည်။ လှေကား လေးငါးထစ်လောက်ထိ ဆင်းသွားပြီးမှ သတိရသွားကာ…

"ဘုရားရေ…စာမူကိစ္စ၊ လာရင်းကိစ္စက စာမူကိစ္စ၊ ရမှဖြစ်မယ်"

မမသည် လှေကားထစ်တွေဆီမှာ တဖျပ်ဖျပ် ပြန်နင်းတက်လာကာ ပိတ်တော့မည့်ဆဲဆဲ သူ့အခန်းတံခါးကို အမြန်ပြန်ဆွဲထားရင်း…

"ဒီမှာ စာရေးဆရာ…စာမူက ဘယ်လိုလုပ်ရမှာလဲ၊ ဒီနေ့ မရဘူးလား…မနက်ဖြန်ဆို ဖောင်အပြီးပိတ်ရတော့မှာ"

စာရေးဆရာသည် အမောတကော ပြန်ပြေးလာကာ မေးခွန်းထုတ်ရင်း သူ့ကို ကြည့်နေသည့် မျက်မှန်အောက်က မျက်လုံးပြူးဝိုင်းတစ်စုံကို ရယ်ချင်စွာပင်…

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

"စိတ်အေးအေးထား သွားပါ…သုံးပုံနှစ်ပုံ ပြီးနေပါပြီ၊ မနက်ဖြန် အသေအချာ ရမှာပါ"

"ဒါဆို…အိုကေ"

သူမက မျက်နှာ ခပ်မော့မော့နှင့် အောင်မြင်သူကြီးလို နောက်သို့ ချာခနဲ လှည့်လိုက်ရာ လှေကားမှ တက်လာသော ခပ်ဝဝ ဦးလေးကြီးနှင့် တိုက်မိသွားလေသည်။

"ဆောရီး…ဆောရီး…အဲ…ကန်တော့နော် ဦးလေး၊ မတော်လို့ပါ…တောင်းပန်ပါတယ်…"

ပျာယီပျာယာ တောင်းပန်ကာ ခပ်သုတ်သုတ် ထွက်သွားသော မမကျော့်ကို ရပ်ကြည့်ကျန်ခဲ့သော စာရေးဆရာရဲ့ နှစ်ပေါင်းများစွာ ခပ်တင်းတင်းစေ့ထားတတ်သော နှုတ်ခမ်းအစုံဟာ ရယ်ဟဟ ပွင့်သွားခဲ့ရလေသည်။

⌘ ⌘ ⌘







"ဆရာ့…"

လာပြန်ပြီ အပိုပစ္စည်းတစ်ခု။

သူက သူ့အခန်းထဲ ကန့်ကလန့် ဝင်လာသော နုနုနိုင်ကို စိတ်ပျက်စွာ လှည့်ကြည့်မိလေသည်။ ဒီအပိုပစ္စည်းက ဟိုအပိုပစ္စည်းထက် အဆရာထောင်ပိုလို့ သူ့ကို ဒုက္ခပေးနိုင်ပါသည်။ ခေါ်တာကိုက ဆရာဖြင့် ဆရာ တည်တည်တံ့တံ့ မဟုတ်။ ဆရာ့…ဆရာ့နှင့် အသံက နွဲ့ဆိုးလိုလို ဘာလိုလို ဆောင့်အင့်အင့် ဖြစ်နေတာကြီးကို လူတကာကြားလို့လည်း မတော်…ကိုယ်ကြားလို့လည်း မတော်…။

သို့သော် သူက ကိုယ့်စာတွေကို သိပ်ကြိုက်သည့် ကိုယ့်ပရိသတ်လို့ ဆိုထားသကိုး။ ဒါကြောင့် ဆရာ…ဆရာ ခေါ်ပြီး သူ့အချိန်တွေ လာလာဖြုန်းနေတာကို မနည်း သည်းညည်းခံထားရပါသည်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ဒီအခန်းကို သူ ရောက်ရောက်ချင်း အခန်းရှေ့မှာ *'ကိုပဉ္စ(စာရေးသူ)'*ဟု ဆိုင်းဘုတ်ကလေး ချိတ်လိုက်မိကတည်းက ကံဆိုးမှုကို လက်ယပ်ခေါ်သလို ဖြစ်ခဲ့ရပါသည်။ ကိုယ်နဲ့ အခန်းချင်း ကပ်လျက် အဲ့ဒီ မြီးကောင်ပေါက်မလေးဟာ ဆိုင်းဘုတ်ချိတ်သည့် နေ့မှာပင် သူ့အခန်းကို တရကြမ်းတံခါးခေါက်ပြီး အိမ်ထဲ ပိုင်စိုးပိုင်နင်း ဝင်လာကာ…

"ဝမ်းသာလိုက်တာ ဆရာရယ်၊ နုနဲ့ ဆရာနဲ့ အိမ်နီးချင်းဖြစ်ရတာ နု ကံကောင်းလို့ပေါ့နော်၊ နုက စာရေးဆရာဆိုသိပ်လေးစားတာ…ဆရာနဲ့ အိမ်နီးချင်းဖြစ်ရတာ နု ဂုဏ်ယူပါတယ်၊ နုက ဆရာ့စာတွေကို သိပ်ကြိုက်တာ…ဆရာက တစ်ယောက်တည်း နေတာလားဟင်…အကူအညီလိုရင်လည်း ပြောပါနော်…စားရေးသောက်ရေးက အစပေါ့…နု အားလုံး ကူညီနိုင်ပါတယ်၊ဆရာ နုအခန်းနားမှာ နေတာသိရင် နုသူငယ်ချင်းတွေကလည်း အရမ်းဝမ်းသာမှာ၊ တစ်ရက်လောက် သူငယ်ချင်းတွေခေါ်လာပြီး ဆရာနဲ့ မိတ်ဆက်ပေးရဦးမယ်"

သူမက အဲ့ဒီလို ဝေဝေဆာဆာ နိဒါန်းပျိုးပြီးတဲ့နောက်မှာ သူ့အိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ပါ ထွက်ပါတော့



သည်။ တော်ကြာ စားစရာ လာပို့လိုက်၊ တော်ကြာ စာအုပ်လာငှားလိုက်၊ စကားလာပြောလိုက်နှင့် အပိုပစ္စည်းပီသစွာပင် သူ့ကို စိတ်အနှောင့်အယှက်ပေး၊ အလုပ်ရှုပ်စေပါတော့သည်။ များလိုက်တဲ့ စကားတွေကလည်း မိုးကိုမွှန်နေသည်။ မိန်းမသဘာဝထဲမှာ အဲ့ဒီလို စကားများသည့် သဘာဝကြီးကို သူ အလွန် မုန်းတီးပါသည်။ ကိုယ့်ပရိသတ်လည်းဖြစ်၊ အိမ်နီးနားချင်းလည်း ဖြစ်၊ ကိုယ့်ထက် အသက်များစွာငယ်သည့် မလိမ်မိုး မလိမ္မာလေးမို့သာ အော်ထုတ်လိုက်ချင်သည့် ကိုယ့်ပါးစပ်ကို ပိတ်ပိတ်ထားခဲ့ရတာ ဖြစ်ပါသည်။

ဒီနေ့တော့ လုံးချင်းဝတ္ထုလည်းပြီး၊ ဟိုအပိုပစ္စည်းကြီး တဂျီဂျီ တောင်းနေသည့် ဝတ္ထုလည်း ပြီးတာမို့ စိတ်အေးလက်အေးနှင့် ရှုပ်ထားသမျှ ရှင်းမည်ပြင်ဆဲ သူမက 'ဆရာ့'ဟု ခပ်နွှေနွှေခေါ်ကာ ရောက်လာတာမို့ သူစိတ်ရှုပ်သွားရပါသည်။

"နုတို့အိမ်မှာ မြီးရှည်လုပ်စားလို့ ဆရာစားဖို့ လာပို့တာ၊ ဆရာ မြီးရှည်ကြိုက်တယ် မဟုတ်လားဟင်"

"တကူးတက လာလာမပို့ပါနဲ့…ကျုပ်က အစားကိုထွေထွေထူးထူး စားချင်စိတ် မရှိပါဘူး…ကြုံသလိုစားလို့ရနေတာပဲ…ဗိုက်ဝရင် ပြီးပါတယ်"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဥ်တင်ဆက်သည်။



"အဲဒါတော့ ဘယ်သဘာဝကျပါ့မလဲ ဆရာရယ်… ဆရာ ဟိုကြော်ငြာလေးမကြားဖူးဘူးလား…ထက်ထက်မိုးဦးပြောတာလေ…လူဆိုတာ အသက်ရှင်နေထိုင်ဖို့အတွက် Feel ရှိဖို့ လိုတယ်တဲ့…ဗိုက်ပြည့်ပြီးရောစားနေတာ သဘာဝမကျပါဘူး…ဘယ်နေရာမဆိုခံစားမှုလေးပါမှ စာရေးတဲ့အခါ ပြန်အသုံးချလို့ ရတာမဟုတ်လား…နုလက်ရာ မြီးရှည်ကို ဆရာနည်းနည်းမြည်းကြည့်စမ်းပါ၊အကြိုက်တွေ့သွားရပါစေမယ် …ခုပဲစားလိုက်တော့နော် ဆရာ၊ နု ပန်းကန်ပြင်ပေးမယ်"

"ဟာ‥နေပါစေ…ရပါတယ်…မစားချင်သေးပါဘူး"

"စားလိုက်ပါ ဆရာရယ်…ဒီအတိုင်းထားခဲ့ရင် ဆရာက အမွှေမွှေ အလျှော့လျှော့နဲ့ စာရေး စာဖတ်လုပ်ရင်းမေ့ပြီး မစားဖြစ်မှာ စိုးလို့ပါ"

"ကျုပ် အခုပဲ ထမင်းစားပြီးတာ၊ ထပ်စားရင် အန်ထွက်မှာ သေချာလို့"

"ဩော်…ဒါဆိုလည်း နု ပြန်ကာနီးမှပဲ စားချင်းစားပေါ့"

မြတ်စွာဘုရား။ သူက ဘယ်လောက်ကြာကြာထိနေဖို့ စိတ်ကူးထားလို့တုန်း။ ညက ဝတ္ထုပြီးအောင် ရေးရင်း



အိပ်ရေးပျက်ထားတာမို့ ဒီနားလေးတစ်ဝိုက်ရှင်းပြီး စိတ်အေးလက်အေး အိပ်ချပစ်ဖို့ ကြံစည်ထားကာမှ အပိုပစ္စည်းကအလုပ်လာရှုပ်နေတော့သည်။ သူမက သူ့ကိုကြည့်ရင်းနဲ့ ခွဲ့ခွဲ့လေး ပြုံးကာ…

"ဆရာ့ကို နု အကြောင်း ပြောပြရဦးမယ် သိလား၊ ဆရာ မရယ်ရဘူးနော်"

အဲ့ဒီလို ကိုယ့်အကြောင်း သူများတကာ လျှောက်ပြောတတ်တဲ့၊ သူများအကြောင်းဆို သိပ်စပ်စုတတ်တဲ့ အကျင့်ကို သူ မကြိုက်ပါ။ သူက ကပျာကယာ လက်ကာတားမြစ်ရင်း…

"နေ…နေ…မပြောပါနဲ့"

"ဟင်…ဘာဖြစ်လို့လဲ…ဆရာကလည်း…"

"အဲဒါ မကောင်းဘူး နုနု…တတ်နိုင်သမျှ ကိုယ့်အကြောင်းကို သူများမပြောဘဲ ထားတာ ပိုအန္တရာယ်ကင်းတယ်…ကိုယ့်အားနည်းချက်ကိုပြောမိရင် သူများတကာက တစ်ချိန်ချိန်မှာ အဲ့ဒီအားနည်းချက်ကို နင်းပြီးအခွင့်အရေးယူတတ်တယ်"

"ဆရာက သူများတကာမှ မဟုတ်တာ…နု လေးစားရတဲ့ ဆရာပဲ…ဆရာ့ကို နု ယုံပါတယ်…နု ဘဝ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။



မှာလေ အဖြစ်ချင်ဆုံး အရှုံးသွပ်ရဆုံး ဝါသနာက ရုပ်ရှင်မင်းသမီးဖြစ်ဖို့ပဲ''

ဘုရားရေ…ဒါလည်း ရောဂါတစ်မျိုးပါလား။ ဘာဖြစ်လို့ ဒါတွေ ငါ့လာပြောနေရတာပါလိမ့်။

''နုလေ…ဆရာ့ကို အကူအညီတောင်းချင်တယ်…''

''ဟာ…ကျုပ်က ဒါရိုက်တာတို့၊ ပရိုဂျူဆာတို့မှ မဟုတ်တာ…ဘယ်လိုလုပ် ကူညီနိုင်မှာလဲ''

''ဆရာကလည်း နုပြောတာဖြင့် ဆုံးအောင်နားမထောင်ဘဲနဲ့…ဆရာက အောင်မြင်တဲ့ စာရေးဆရာပဲ ဥစ္စာ၊ ပြီးတော့ ဆရာ့ဆီ ဝင်ထွက်နေတဲ့ နုရဲ့အသံ၊ နုရဲ့ ဟန်ပန်၊ နုရဲ့ ကာရိုက်တာကိုလည်း ခုလောက်ဆို ဆရာဖမ်းမိနေပါပြီ၊ နုနဲ့လိုက်ဖက်မယ့် ဇာတ်ကောင်မျိုး ဖန်တီးပြီး ဝတ္ထုတစ်ပုဒ် ရေးပေးပါလား ဆရာရယ်၊ ပြီးရင် ဆရာ့ဆီ တစ်ခါတစ်ခါလာတတ်တဲ့ ဒါရိုက်တာတွေကို ပြကြည့်ပေါ့၊ ပြီးတော့ နုနုနဲ့လည်း မိတ်ဆက်ပေးကြည့်လေ''

''ကျုပ်ရေးတဲ့ ဝတ္ထုတွေက ရုပ်ရှင်ရိုက်လို့ သိပ်ရတာမှ မဟုတ်တာ၊ မင်း လိုချင်တဲ့ ဝတ္ထုမျိုး ကျုပ် မရေးတတ်ဘူး၊ ရေးတတ်ရင်တောင်မှ အဲဒီလို ခိုင်းတိုင်း



ရေးပေးမယ့်သူမျိုး မဟုတ်ဘူးဆိုတာ မင်း သိစေချင်တယ်''

''ဆရာ စိတ်ဆိုးသွားတာလား၊ စိတ်မဆိုးပါနဲ့ ဆရာရယ်…ဆရာမကူညီနိုင်ရင်လည်း နုစိတ်ထဲ ဘယ်လိုမှ သဘောမထားပါဘူး၊ ဆရာနဲ့ခင်မင်ခွင့်ရတာကိုပဲ နုကျေနပ်လှပါပြီ''

အသက်လေးက ခပ်ငယ်ငယ်၊ ရုပ်ကလေး လှတပတနဲ့ ဒီလိုမိန်းကလေးမျိုးက ကိုယ့်အနားလာပြီး နွဲ့နေလည်း ကိုယ်က မသာယာနိုင်ဘဲ စိတ်သာရှုပ်နေပါသည်။ အရှုံးအနှမ်းလိုလိုနှင့် ဘယ်လောက်ပြောပြော မနာတတ်တဲ့ သူမက အပြုံးမပျက်ဘဲ ရှိနေသည်။ သူ့မျက်နှာကသာ အပြုံးနှင့် ရန်ဖြစ်ထားသလို မှုန်တည်တည် ရှိနေခဲ့သည်။ သူက အားမနာတတ်သူပီပီ…

''နုနုနိုင်ကို ကိုယ် တစ်ခုတော့ သတိပေးထားရဦးမယ်၊ ကိုယ်က နေ့ညအချိန်မရွေး စာရေးချင် ရေးနေတဲ့သူ၊ ကိုယ်စာရေးနေချိန်မှာ ဧည့်သည်လာရင် အရမ်းစိတ်တိုတယ်၊ ကိုယ့်ကို စကားလာပြောတာဟာလည်း ကြီးမားတဲ့ အနှောင့်အယှက်တစ်ခုပဲ၊ ကိုယ် စာရေးနေတုန်း တံခါးလာခေါက်ရင်တောင် အာရုံပျက်သွားမှာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



စိုးလို့ တံခါးသွားဖွင့်မပေးနိုင်တာနဲ့ တံခါးကို Lock မချဘဲ ထားထားတာ၊ ဒီနေ့တောင် ကိုယ့်ရေးလက်စ ဝတ္ထုပြီးသွားတဲ့အချိန်မို့လို့ မင်းကို စကားပြန်ပြောနိုင်တာ…"

"ဩော်…ဆရာ့ဝတ္ထုပြီးသွားပြီလား…ဒါဆို ဆရာ အားသွားပြီပေါ့"

"မအားဘူး…စာရေးဆရာဆိုတာ ဘယ်တော့မှ မအားဘူး"

"ဟုတ်ရဲ့လား…ဆရာရဲ့၊ နှ သိတာကတော့ ဆရာက ဝတ္ထုတစ်ပုဒ်ပြီးရင် အပြင်ထွက်၊ လက်ဖက်ရည်ဆိုင်ထိုင်၊ အဲဒါ အားသွားတာ မဟုတ်လား…ဆရာက တစ်အုပ်ပြီးတစ်အုပ် ဆက်တိုက်ရေးနေတာမှ မဟုတ်တာ…ဆရာ အားနေတုန်း နှ လာစကားပြောရင်တော့ ဆရာ ခုလိုပဲ ပြန်ပြောနိုင်တယ် မဟုတ်လား"

"လူအားပေမယ့် စိတ်က မအားဘူး၊ ကိုယ့်ဘာသာ တွေးနေ…စာဖတ်နေချင်တဲ့အချိန်တွေလည်း ရှိတာပဲ"

သူမကို ပြောရတာလည်း ကျွဲပါးစောင်းတီး ရသလိုပင်။ ဒါဟာ ယောကျ်ားတွေရဲ့ ဝဋ်ဒုက္ခတစ်မျိုး ဖြစ်ပါသည်။ ယောကျ်ားဆိုတာ ကိုယ့်ကို အတင်းခင်မင်ရော



နှောလာတဲ့ မိန်းမတွေကို ပစ်ပစ်ခါခါ ပြောထုတ်ပစ်လိုက်လို့ မရ။

"ကိုပဥ္စ…ကျွန်မ ဝင်လာလို့ ရမလား…"

သူ နှနှနှင့် စိတ်ဒုက္ခရောက်နေဆဲ…ခပ်ဟဟ ဖွင့်ထားသည့် အခန်းတံခါးမှ မမကျော့်ရဲ့အသံ ပေါ်လာပါသည်။

"ရပါတယ်…ဝင်ခဲ့ပါ"

မမကျော့်က ဝင်လာရင်း နှနှနိုင်ကို အကဲခတ်သလို ကြည့်လိုက်သောအခါ သူ့စိတ်ထဲ အာရုံတစ်ခု နိုးကြားသွားရသည်။ အပျိုကြီးမရဲ့ စကားတွေကို သူမခံချင်။ ရှင့်ကို ဘယ်မိန်းမက စိတ်ဝင်စားမှာလဲတို့…ဘယ်မိန်းမက ဒီလို လူမျိုးကို ယူချင်မှာလဲတို့…အဲဒီစကားလုံးတွေက သူ့ရဲ့ ယောကျ်ားမာနကို နှိုးဆွလိုက်ပါသည်။ တကယ်ဆို သူက သူမ နှိမ်သလို ဂေါ်မစွံတော့ မဟုတ်ရပါ။ ခုတောင်မှ နှနှနိုင်လို ခပ်ငယ်ငယ် ကောင်မလေးတွေက စိတ်ဝင်တစား စေတနာတွေ ရေစီးကမ်းပြို လိုက်နေခဲ့တာ၊ ဒါတွေကို သူမ သိစေချင်လှပါသည်။

"ထိုင်ပါ…ဒေါ်မမကျော့်၊ စာမူ ပြီးနေပါပြီ၊ နှရေ ကိုယ့်စားပွဲပေါ်က စာမူ သွားယူပေးလိုက်ပါကွာ၊ပြီးရင်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



နုလက်ရာ မြီးရှည် အတူစားရအောင်၊ နုလက်ရာက တော့ ကောင်းမှာသေချာတယ်၊ ဒေါ်မမကျော် ကြုံတုန်း စားသွားပါဦးလား ခင်ဗျ"

"မစားတော့ပါဘူး…စာမူရေးပေးတာ ကျေးဇူးတင်ပါ တယ်…မဂ္ဂဇင်းထွက်တဲ့အခါ ပို့ပေးလိုက်ပါ့မယ်… စာမူခကိုတော့ အခုကတည်းက တစ်ခါတည်း ချီးမြှင့် ခဲ့ပါ့မယ်"

မမကျော်သည် မဂ္ဂဇိုင်တက်ပြချင်လှတဲ့ စာရေး ဆရာရဲ့ အချိုးကို မရိပ်မိလောက်အောင် နုံအသူတော့လည်း မဟုတ်ပါ။ မမ သူ့အခန်းရှေ့မှာ ခဏရပ်မိစဉ်က နုနုကို ပြောနေတဲ့ သူ့စကားသံက ခပ်စိမ်းစိမ်း ခပ်တောင့်တောင့်။ မမဝင်လာတော့မှ ချိုသာပျောင်းညွတ်ပြလိုက်တာ မမ မသိဘဲ နေပါ့မလား။ 'ဟောဒီအရွယ်ကလေးတောင်မှ ငါ့ကို စိတ်ဝင် စားတယ်ဟဲ့'လို့ မပြောရုံတမယ် တမင်လုပ်ပြနေတာကြီးကို မမဖြင့် ရယ်ချင်မိပါသည်။ သူ့လိုသာဆို ကိုယ့်မလဲ အရောမဝင် ရင်သာ နေမယ်၊ ဒါမျိုးတွေ အများသားပေါ့…။

"ဟယ်…စာမူခ ချက်ချင်း ရတာလား၊ အင်းပေါ့… ဆရာက နာမည်ကြီးဆိုတော့ ရမှာပေါ့…နုကို မုန့်ဝယ် ကျွေးရမယ်နော်…ဆရာ"



"ကျွေးပါ့မယ်ဗျာ…နုကြိုက်တာသာပြော၊ ခုလောလော ဆယ်တော့ နု ကျွေးတာပဲ စားရဦးမယ်"

ဟို ကလေးမလေးက အကဲပါတာနဲ့တော့ ဒီလူ ဘယ်အချက် ဒုက္ခရောက်မလဲ။ မမက စောင့်ကြည့်လိုက်ချင် ပါသေးသည်။

"ခွင့်ပြုပါဦးရှင်"

"ဩော်…ကောင်းပြီ…ကောင်းပြီ"

မမကျော် ထွက်သွားသောအခါ စာရေးဆရာ မျက်နှာက ချက်ချင်း သံပတ်ပြန်တင်သွားရပါသည်။ နုနုနိုင် ကတော့ ခုနစကားတွေကို အဟုတ်မှတ်ကာ…

"ဆရာက ဒီနေ့ အရင်နေ့နဲ့ မတူဘူး…အရမ်းသဘော ကောင်းနေတယ်၊ နုကို တကယ်မုန့်ဝယ်ကျွေးရမှာနော် ဆရာ"

"အင်း…သိပ်တော့ မသေချာဘူး"

"ဟင်း…ခုန ဆရာပဲ ပြောပြီး"

"ကိုယ်က ကိုယ်ရတဲ့ စာမူခကို မိန်းကလေးတစ်ယောက် အတွက် သုံးပစ်ရမှာလောက် နုမြော်တာမရှိဘူး"

"ဆရာပဲ တစ်မျိုးပြီး တစ်မျိုး"

နုနုနိုင်က မျက်စောင်းထိုးကာ စိတ်ကောက်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



သယောင်ပြုလိုက်မိသော်လည်း အပြုံးတော့ မပျက်မိပါချေ။ ဘာပဲပြောပြော နုကို ဒီလို ကောင်းကောင်းမွန်မွန် စကား ပြန်ပြောတာကိုပဲ နုက ကျေနပ်လှချေပြီ။ ခါတိုင်းနေ့တွေဆို မျက်နှာထား တည်တည်ကြီးနဲ့ စကားမပြောချင်သလို ပြောချင် သလို ဆက်ဆံတတ်တာမို့ နုစိတ်ထဲ မကျေမနပ် ဖြစ်စမြဲပင်။ ဒီလို အခြေအနေဆိုရင်တော့ သူငယ်ချင်းတွေကို ပြန်ကြွားဖို့ နု အားရှိလာသည်။ တစ်နေ့နေ့ကျ သူ နုကို တုံ့ပြန်စိတ်ဝင် စားလာမည်ဆိုတာ နု ယုံကြည်ပါသည်။ သစ်ငုတ်တိုဆိုရင် တောင် နှဲ့ပါများရင် နှဲ့တတ်တာ သဘာဝမဟုတ်လား။

⌘ ⌘ ⌘



မမကျော့်သည် စာမူရလာပြီ ဖြစ်သော်လည်း ရင်ထဲမှာ ပေါ့မသွား၊ တအုံ့နွေးနွေးနှင့် စိတ်တိုနေရလေ သည်။ စာရေးဆရာရဲ့ အပြောအဆိုတွေက မမရဲ့ မာနကို ထိရှစေပါသည်။ ကိုယ့်အသက် သုံးဆယ်ကျော်ကလေးကို အပျိုကြီးရယ်လို့ ခေါင်းစဉ်တပ်တာကိုလည်း မခံချင်။ သူရော ကိုယ်ပါ လွတ်လပ်သူချင်း အတူတူ သူကျတော့ မလိုချင်လို့ပါ ဟု အပေါ်စီးက ကြွားပြနေပြီး မမကိုကျ ယူမယ့်လူမရှိလို့ တစ်ကိုယ်တည်း ဖြစ်နေရတော့သလိုလို အထင်သေးတာကို ပိုပြီး မခံချင်ပါ။

ပြီးတော့ သူက ခပ်ငယ်ငယ် ကောင်မလေး တစ်ယောက်နဲ့တောင် မတ္တာပ်တိုင်တက်ပြလိုက်သေးရဲ့။

"မ၊နေမကောင်းဘူးလား…မျက်နှာ ညှိုးနေသလိုပဲ"

"အင်ဟင်…"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ကိုယ့်မျက်နှာကို ဂရုတစိုက် ငုံ့ကြည့်ပြီး မေးလိုက်သံကြောင့် မမ သတိပြန်ဝင်လာတော့ ခေတ်ပုံဆရာလေး နန္ဒကို တွေ့ရလေသည်။

"ဟင်…မ၊ နေမကောင်းဘူးလား"

နန္ဒက နူးနူးညံ့ညံ့အသံဖြင့် ထပ်ဆင့်မေးလိုက်ပြန်ပါသည်။

"ကောင်းပါတယ်…အလုပ်ကိစ္စတွေ စဉ်းစားနေတာပါ"

"အလုပ်ချည်းပဲ ဖိလုပ်မနေပါနဲ့ မ၊ရယ်…မ၊ကို ကြည့်ရတာ Strees တွေ သိပ်များတယ်…ကြာရင် ကျန်းမာရေးကို ထိခိုက်လာလိမ့်မယ်"

ဒီတစ်ခါတော့ ဘာကြောင့်မှန်းမသိဘဲ နန္ဒရဲ့ ဂရုစိုက်မှုကို ခပ်တင်းတင်း မတုံ့ပြန်ဘဲ ကျေးဇူးတင်ပြုံးလေး ပြန်ပြုံးလိုက်မိပါသည်။ ဟိုတုန်းကတော့ နန္ဒရဲ့ ဂရုစိုက်မှုတွေကို မမ လုံးဝမနှစ်မြို့ခဲ့တာပါ။ ကိုယ့်ထက် အသက်ငယ်သူကလေးက ပိုးပန်းတာကို ခံရရင်ပဲ သိက္ခာကျသွားတော့ သလိုလို မမစိတ်ထဲ မခံချိမခံသာ ဖြစ်ရကာ ခပ်ကင်းကင်း ခပ်တင်းတင်းသာ နေခဲ့ပါသည်။



ကိုယ့်ကို 'မ' ဟု တစ်လုံးတည်းခေါ်ကာ ပျာယာခတ်အောင် ဂရုစိုက်ချင်တဲ့ နန္ဒလို ယောက်ျားမျိုးဟာ မမရဲ့ စိတ်ကူးထဲကိုတောင် အလည်မလာခဲ့ဖူးပါ။

မမ နှစ်သက်တဲ့ 'စံ' တွေထဲမှာ ကိုယ့်ထက် အသက်ငယ်တာ မပါ။ နားကွင်းလေး တစ်ဖက်ဝတ်ကာ စတီးလိုလို ပြောင်ပြောင်လက်လက် ဆွဲကြိုးတွေ ဟန်းချိန်းတွေ ဝတ်ထားတဲ့ ဆိုင်ကယ်အမြင့်ကြီးကို ရှိလထုတ်စီးတတ်တဲ့ နန္ဒလို လူကြီးလူကောင်း မဆန်သူကလေးကို ယောင်လို့တောင် စိတ်မဝင်စားခဲ့ဘူးပါ။

သို့သော်…ခုတော့ မမစိတ်က ဖြုန်းစားကြီး ပြောင်းလဲသွားတာ ကိုယ့်ကိုယ်ကိုတောင် မယုံချင်။ သူ့ကို ကိုယ်က ကြိုက်တာ မကြိုက်တာ အပထားလို့ သူလို ခေတ်မီမီ လူငယ်လေးက ကိုယ့်ကို နှစ်သက်အလေးထားနေတာကိုပဲ ကျေနပ်မိသလိုလို ရှိလာသည်။ ဘယ်သူတွေ ဘယ်လောက်တောင် အပျိုကြီးလို့သတ်မှတ် သတ်မှတ်…ဒီလို လူငယ်လေးကတောင် ကိုယ့်ကို ကြိုက်တယ်ဆိုတော့ ကိုယ်ဟာ သိပ်တော့ မကြီးရင့်သေးဘူး

နန္ဒရဲ့ ပိုးပမ်းမှုက မမရဲ့ အတ္တကို အရောင်လက်စေခဲ့ပါသည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"နန္ဒတို့ကတော့ သူ့မမဆို အရိပ်လို ကြည့်နေတာပဲ ပေါ့"

"ဟုတ်ပါ့ဟယ်…အလုပ် ရှိရှိ မရှိရှိ မဂ္ဂဇင်းတိုက်ကို တစ်နေ့တစ်ခေါက် မှန်မှန်ရောက်နေတာကို ကြည့်ပါ လား"

"ဒီကောင်လေး မမနိုင်းတဲ့ အလုပ်ဆို အရင်ပြီးအောင် လုပ်ပေးတတ်တာ ထုံးစံတောင် ဖြစ်နေပြီ"

"ကြည့်လည်း လုပ်ပါဦး နန္ဒရယ်…မနေ့ကတောင် (… …)ဂျာနယ်က ဒယ်ဒီတာနဲ့ ပွဲတစ်ပွဲမှာဆုံလို့ မင်းအကြောင်း ပြောလိုက်သေးတယ်…မင်းကို မကျေ နပ်ဘူးတဲ့၊ သူတို့ အရင်အပ်တဲ့ အလုပ်ကို နောက်မှ လုပ်ပြီး မမအပ်တဲ့ အလုပ်ကို အရင်လုပ်ပေးလို့တဲ့"

နန္ဒကို ဝိုင်းနောက်ပြောင်နေကြတဲ့ အသံတွေဟာ တိုးတိုးကြိတ်ကြိတ်ဆိုပေမယ့် မမ ကြားပါသည်။ အရင်တုန်း ကတော့ ဒီလို အသံတွေ ကြားပြီဆို မမက မျက်နှာထား တင်းတင်းနှင့် တစ်ချက်လှမ်းကြည့်ပြီး ထ,သွားတတ်စမြဲ။ ခုတော့ မမက မသိမသာတောင် နားစွင့်နေမိသေးသည်။

ခဏကြာတော့ နန္ဒက ရှေ့ဘက်ပြန်ထွက်လာခဲ့ ကာ မမ စားပွဲရှေ့ လာရပ်ရင်း…

www.foreverspace.com.mm



"မ…မ, ရိုက်ခိုင်းထားတဲ့ ဓာတ်ပုံတွေ ကေသီတို့ကို ပေးခဲ့ပြီနော်…မ, ကျွန်တော့ကို ဘာခိုင်းစရာ ရှိသေး လဲ"

"အခု လောလောဆယ်တော့ မရှိသေးဘူး…ရှိရင် ဖုန်းဆက်ပြောလိုက်မယ်လေ"

"တကူးတက ဖြစ်နေရင်လည်း မဆက်ပါနဲ့ မ,… ကျွန်တော် ဒီတိုက်ကို တစ်နေ့တစ်ခေါက်တော့ မှန်မှန် ရောက်နေမှာပဲ"

"ကောင်းပြီလေ…သြော်…မနက်ဖြန် ညနေတော့ Hotel Nikko မှာ အကယ်ဒမီ ညစ္စာ်ခံပွဲတစ်ခုရှိတယ်၊ တို့ သွားရမှာလေ…ဓာတ်ပုံရိုက်ဖို့ မင်းလာရမယ်၊ တခြား သွားစရာ မင်းမှာရှိသေးလား…အားရဲ့လား"

"တခြား လက်ခံထားတာတွေက ဖျက်လို့ရပါတယ်၊ ကျွန်တော် လာခဲ့ပါ့မယ်"

နန္ဒက နူးနူးညံ့ညံ့ ပြုံး၍ ရိုရိုကျိုးကျိုး ပြောနေ တာကို အမှတ်မထင်စိုက်ကြည့်မိရင်း စာရေးဆရာကို ဖျတ်ခနဲ မြင်ယောင်ကာ မမက နှုတ်ခမ်းကို မသိမသာ မဲ့လိုက်မိပါ သည်။

"မ…ဒီနေ့ ဖောင်ပိတ်ရက်ဆိုတော့ အိမ်ပြန်နောက်ကျ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.m



မှာပေါ့၊ မ,ဘာစားချင်လဲ…ကျွန်တော် လမ်းထိပ်မှာ တစ်ခုခု သွားမှာလိုက်မယ်လေ…"

မမက ခဏ တွေသွားပြီးမှ ထိုင်ရာမှ ထ,လိုက်ရင်း…

"အင်း…ကောင်းသားပဲ…သွားလေ၊ ကဲပါ…တို့လည်း လိုက်ခဲ့ပါ့မယ်…ရုံးက လူတွေအားလုံးအတွက်ပါ ဝယ်ရအောင်၊ မင်းလည်း ဝယ်လာပြီး ဒီမှာပဲ အတူတူစားသွားပေါ့…ဟုတ်လား"

"ဟုတ်ကဲ့"

နန့မှာ ရှင်ပျစွာ ခေါင်းညိတ်ရင်း မမရဲ့ တုံ့ပြန်မှုကို အံ့သြတကြီး ဖြစ်ရလေသည်။ မ,ဟာ ဘယ်တုန်းကမှ သူ့ကို ခုလောက်ထိ အရေးတယူ စကားလက်ခံ မပြောခဲ့ဘူးပါ။ ကိုယ်ကလည်း ပိုးသာ ပိုးရတယ်…ခပ်ရွံ့ရွံ့မို့ ရှေ့ဆက်တိုးရဲခဲ့တာ မဟုတ်ပါ။ ခုတော့ မရဲ့ မျက်နှာလေးဟာ အပြုံးရိပ်ကလေးပင်သမ်းကာ သူနဲ့အတူ မုန့်ထွက်ဝယ်ဦးမယ်တဲ့။ သူ အားတက်လာရပါသည်။ သူ မမျှော်မှန်းရဲခဲ့တဲ့ တော်ဝင်နတ်ပန်းတစ်ပွင့်ကို သူ တစ်နေ့တော့ ခူးခွင့်ရတော့မည်လား ဟုပင် စိတ်ကူးယဉ်စ ပြုလေသည်။

⌘ ⌘ ⌘

www.foreverspace.com.m







မမကျော်သည် ထိုနေ့က တနင်္ဂနွေနေ့မို့ ရေချိုး၊ ခေါင်းလျှော်ပြီး အိပ်ရာထက်မှာ လှဲလျောင်းကာ ရုံးကယူလာသော စာမူတွေကို ဖတ်နေခဲ့ပါသည်။ အမျိုးအမည် စုံစုံလင်လင် ချက်ပြုတ်ထားသော မေမေ့လက်ရာ ထမင်းဟင်းကို တဝစား ထားခဲ့တာမို့ ဗိုက်ဝကာ လူက ထိုင်းမှိုင်းလာသည်။ ပြီးတော့ အနားမှာလည်း လက်ဖက်ပန်းကန်နှင့်။ အင်း…ဒီလို ခိမ်ရှိလှတဲ့ ရုံးပိတ်ရက်နေ့မျိုးကို မမတို့အရွယ် ဘယ်လို အိမ်ရှင်မမျိုးက ပိုင်ဆိုင်နိုင်မှာတဲ့လဲ။

မမသည် စာမူဖတ်ရင်း ငိုက်မြည်းလာပါသည်။ ခဏကြာတော့ စာရွက်တွေ လက်ထဲမှ ပြုတ်ကျကာ အိပ်ပျော်သွားလေသည်။

"မမ…မမ…ဟဲ့…အိပ်နေလိုက်တာ၊ ဒီနေ့ညနေ Hotel Nikko မှာ ပွဲရှိတယ်ဆို…ညည်း White board ပေါ်မှာ ရေးထားတာ မဟုတ်လား…ထ,တော့လေ"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



''ကိုယ်က သူများတကာလို ငယ်ဂုဏ်နဲ့မပြင်ဘဲ လှနေတာမှ မဟုတ်တာ…ဒီအရွယ်ဆိုတာ မိတ်ကပ်ကူမှ''

''ပြီးပြီ…ပြီးပြီ…မမ သွားပြီ…''

မမသည် မေမေ့ရဲ့ အပျိုကြီးတရားကို ဘာမှ တုံ့ပြန်မတော့ဘဲ အမြန်ပြေးထွက်လာခဲ့သည်။ ကားနား ရောက်တော့မှ စလင်းအိတ်ထဲ နှိက်ရင်း သော့ပါမလာ ပြန်တာကို သတိရသည်။

''မမ ဒီမှာ ကားသော့…မေမေကြီး ပေးခိုင်းလိုက်လို့''

''အေး…အေး… ငါ မေ့နေလို့''

အိမ်ဖော်ကောင်မလေးက နောက်က ပြေးလိုက် လာတာမို့ မမ သက်သာရာ ရလေသည်။

မမ ထွက်လာသောအခါ မှောင်စပျိုးနေခဲ့ပြီ။ Hotel Nikko ရဲ့ မြက်ခင်းပြင်ကို ရောက်တော့ လူစုံနေခဲ့ပြီ ဖြစ်သည်။

ရောက်ရောက်ချင်း အသိမိတ်ဆွေတွေကို နှုတ် ဆက်၊ မင်းသားနဲ့ မင်းသမီးကို ကွန်ဂရက်ကျူလိတ်ရှင်း လုပ်ပြီးမှ မှောင်ရိပ်နည်းနည်းကျသော စားပွဲဝိုင်းမှာ ထိုင်ချလိုက် သည်။ ဟိုဟိုဒီဒီကြည့်ရင်း နန္ဒကိုရှာတော့ နန္ဒက အရင်

www.foreverspace.com.mm



ကြိုရောက်ကာ ဓာတ်ပုံရိုက်နှင့်နေပြီ။ နန္ဒက မမကို လှမ်းကြည့် ပြီး လက်တစ်ဖက်မြှောက်ပြသည်။ မမက Carry on ဆိုသည့် သဘော လက်ပြန်ပြလိုက်ရသည်။

ထိုအခိုက်တွင် မမ နောက်စားပွဲဝိုင်းဆီမှ အသံ များကို ကြားလိုက်ရလေသည်။

''အဲဒါ စာရေးဆရာ ကိုပဥ္စ မဟုတ်လား…''

''ညာဘက်ထောင့် စားပွဲမှာ ထိုင်နေတာလေ၊ ရှပ်အင်္ကျီ ဖြူနဲ့ တစ်ယောက်ဟာ…ဖြည်းဖြည်းချင်း လှည့်ကြည့် လိုက်''

''အင်း…တွေ့ပြီ…မဆိုးဘူး၊ သူ့ရုပ်က ဆွဲဆောင်မှု ရှိတယ်''

မမသည် ကြားရသော အသံတွေကြောင့် စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားရလေသည်။ မမသိတဲ့ ဆရာ ကိုပဥ္စက သူတို့ပြောသလို ဆွဲဆောင်မှုရှိရှိ ရုပ်ရည်မျိုး မပိုင်ဆိုင်ပါ။ မျက်နှာပေါ်မှာ အမွှေးအမှျင် ဗလပွနဲ့ ညစ်ထပ်ထပ် ကိုပဥ္စပဲ မဟုတ်လား။ သူတို့ လူမှားမှားနေသလား။ မမသည် repoter ကောင်မလေးတွေ ပြောနေသည့်ဘက်ကို လှည့်ကြည့်ချင်စိတ် ဖြင့် မရိုးမရွ ဖြစ်လာရပါသည်။

မမသည် မျက်နှာကို တစ်ရှုးစလေးဖြင့် ဖိသုတ်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရင်း သူတို့ပြောနေသည့် ဘက်ခြမ်းကို ခပ်ဖြည်းဖြည်း လှည့်ကြည့်လိုက်လေသည်။

အလို…ကိုပဥ္စမ ဟုတ်ပါလေစ။ မမသည် ကိုယ့်မျက်စိကို ကိုယ်တောင် မယုံနိုင်ပေ။ နံဘေးက လူနှင့် စကားပြောနေတဲ့ ကိုပဥ္စမျက်နှာပေါ်မှာ ဘာအမွေးအမျှင်မှ မရှိဘဲ ရှင်းသန့်ကြည်လင်နေသည်။ ဆံပင်ကိုလည်း ခပ်တိုတို ပုံကျကျ ညှပ်ထားသေးသည်။ ရှပ်အင်္ကျီအဖြူကလည်း သပ်ရပ်တောက်ပြောင်နေသည်။ ရှင်းလင်းနေသည့် သူ့မျက်နှာပေါ်မှာ တောက်ပရူးရှသော မျက်ဝန်းတွေရှိသည်။ ပြုံးယောင်ယောင် နှုတ်ခမ်းတစ်စုံရှိသည်။ မမသည် ဟုတ်မှဟုတ်ပါ့မလားဟု နှစ်ကြိမ်တိတိ ခိုးကြည့်တော့မှ ဒါဟာ ကိုပဥ္စဆိုကို မယုံချင့် ယုံချင် ယုံလိုက်ရလေသည်။

သို့သော် မမကတော့ အထင်မကြီးလှပါဘူး။ သူ့ပုံက ဘယ်လောက် သပ်သပ်ရပ်ရပ် နေပါစေ သူ့အိမ်ထဲ ပေပွနေတာကြီးကို မမက သိပြီးသားပင်။ သူ့ အနေအထိုင် ညစ်ပတ်တာကြီးကို မျက်ဝါးထင်ထင် တွေ့ပြီးသားပင်။

မမက သူ့ကို နှုတ်မဆက်ဘဲ မသိချင်ယောင် ဆောင်နေလိုက်သည်။ မမကို ခပ်နိမ့်နိမ့် ပြောခဲ့တာ၊ ပန်းကန်ဖိုး အလျော်ပေးခဲ့ရတာတွေကို မမ အခဲမကျေနိုင်ပါ။



ကျေးဇူးတင် စကားတွေ၊ အခမ်းအနားအစီအစဉ်တွေ ဆုံးသွားသောအခါ ဘူဖေးစနစ်ဖြင့် ပြင်ဆင်ပေးထားသော စားစရာတွေကို သွားယူစားရလေသည်။

မမ မတ်တပ်ထရပ်သောအခါ သူ မမကို လှမ်းကြည့်လိုက်တာကို မျက်လုံးထောင့်စွန်းဆီမှာ ဖျတ်ခနဲ မြင်လိုက်ရသည်။ ဘူဖေးစားပွဲရှည်နား မမ ရောက်သွားချိန်မှာ သူကလည်း မမနှင့် မလှမ်းမကမ်းမှာ လာရပ်လိုက်သည်။ ထိုအချိန်နှင့် ကွက်တိပင် နန္ဒက မမ အနားရောက်လာခဲ့ကာ…

“မ…နောက်ကျတယ်နော်”

“ဟုတ်တယ်…နန္ဒရဲ့၊ ရုံးက စာမူတွေ အိမ်ယူဖတ်နေရာလေ…နာရီ မကြည့်လိုက်မိဘူး၊ နန္ဒရော ရိုက်ရတာ အဆင်ပြေရဲ့လား”

“ပြေပါတယ် မ…ကျွန်တော် အစောကြီးကတည်းက ရောက်နေတာ၊ ဖလင်တစ်လိပ်စာတော့ ရိုက်ထားပြီးပြီ”

“ကာဗာရိုက်ဖို့ကော ချိန်းပြီးပြီလား”

“ချိန်းပြီးပြီ…မ”

“နန္ဒ ဗိုက်ဆာနေရောပေါ့…သွားယူစားတော့လေ”

“မ့အတွက် အရင်ယူပေးမယ်လေ…လူတွေများနေ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.m



တယ်…မ‚ဒီမှာပဲ ရပ်နေလိုက်ပါ…ကျွန်တော်သွားယူလာခဲ့ပေးမယ်"

"ကျေးဇူးပဲ နန္ဒရယ်"

နန္ဒကို ပြောမိနေတဲ့ စကားသံဟာ ခါတိုင်းထက် နူးညံ့နေရပါသည်။ မမတို့ ပြောစကားကို ကြားနိုင်လောက်သည့်နေရာမှာ ကိုပဥ္စ ရှိနေသည်လေ။ ဘယ်တုန်းကမှ နန္ဒကို အရောမဝင်ခဲ့ဘူးတဲ့ မမဟာ မခံချင်စိတ်ကြောင့်ပင် နန္ဒရဲ့ ဂရိုက်စိုက်မှုတွေကို လက်သင့်ခံနေမိပါသည်။ တွေ့ပြီလား စာရေးဆရာ။ မမကျော်မှာလည်း အဲ့ဒီလို ဂရုစိုက်တဲ့ သူမျိုး ရှိသေးတယ်ဆိုတာကိုလေ။

နန္ဒက မမအတွက် ယူလာပေးပြီး သူ့အတွက် သွားယူနေတာမို့ မမ တစ်ယောက်တည်း စားပွဲမှာ ဝင်ထိုင်နေလိုက်သည်။ ခဏကြာတော့ စာရေးဆရာက မမဘက်သို့ လျှောက်လာတာမို့ မမက တမင် ခေါင်းငုံ့ကာ အစားကိုသာ အာရုံစိုက် စားနေလိုက်သည်။ သူက မမရှေ့ ဖြည်းဖြည်း ဖြတ်လျှောက်သွားရင်း…

"ကျွဲတစ်ဖက်…နွားတစ်ဖက်…"

ဟု ခပ်တိုးတိုး ပြောသွားလေသည်။ မမသည် သူ့စကားကို ချက်ချင်း သဘောမပေါက်နိုင်။ အိမ်ကတော့

www.foreverspace.com.m



ခပ်ပျာပျာ ထွက်လာခဲ့တာပဲ…ဘာတွေမှားယွင်းလာသလဲ။ မမက ကိုယ့်ကိုယ်ကို ပြန်လည်သုံးသပ်ရင်း စားရတာပင် လည်ပင်းနင်လာသည်။

"ကျွန်တော် ထိုင်မယ်နော်"

"ထိုင်လေ…နန္ဒ"

နန္ဒက မမ အနားလာထိုင်ကာ သူ့ပန်းကန်ထဲက အသားဖတ်တွေကို မမ ပန်းကန်ထဲသို့ ထည့်ပေးတာကိုလည်း မမက မတားမိ။ စာရေးဆရာ မြင်ပါစေဟုသာ ဆုတောင်းမိသည်။ တစ်ပြိုင်နက်တည်း ကျွဲတစ်ဖက် နွားတစ်ဖက်ကိစ္စကို ဦးနှောက်ခြောက်အောင် စဉ်းစားဆဲ…

"ဖိနပ်…ဖိနပ်… ဒါ ဖိနပ်ကို ပြောတာမဟုတ်လား"

မမရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်ကာ ဖိနပ်ကို ငုံ့ကြည့်လိုက်မိလေသည်။ မမ စီးလာတာ လေဒီရှူးအနက်ရောင် ဖြစ်သည်။ မမမှာက နံပါတ်တူ၊ ပုံစံတူ၊ အမျိုးအစားတူ လေဒီရှူး နှစ်ရန် ရှိနေပါသည်။ တစ်ရန်က အနက်၊ တစ်ရန်က နီညို။

အဲ့ဒီ ဖိနပ်နှစ်ရန်ဟာ အရောင်လေးသာ မသိမသာ ကွဲလွဲပြီး ကျန်တာတွေကတော့ အားလုံးတူညီနေတာမို့ စီးရသည့် Feeling ကလည်း မကွဲလွဲပေ။ စင်ကာပူကနေ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



မောင်လေး ဝယ်ပို့ပေးလိုက်တာက နီညိုရောင်၊ မမဘာသာ ဝယ်ထားတာက အနက်ရောင်။ ဘုရားရေ…မမ ဖိနပ်မှာ စီး ခဲ့ပြီလား။

မမက စားနေရင်းက မသိမသာ ဖိနပ်ကို ငုံ့ ကြည့်ရင်း ချွေးတွေပင် ပျံလာရပါသည်။ မီးက သိပ်မလင်း တာမို့ မှောင်ရိပ်ကျနေသည့် ကိုယ့်ခြေထောက်ကို ကိုယ် သဲသဲကွဲကွဲ မမြင်ရ။ သဲကွဲအောင် ငုံ့ကြည့်လို့ကလည်း မဖြစ်။ မမကသာ ကိုယ့်ခြေထောက်က ဖိနပ်ကို ကိုယ်မမြင်ရပေမယ့် မြင်တဲ့သူတွေက ကြိတ်ပြုံးနေကြမှာကို တွေးကာ မမကျောထဲ ပ,ထုတ်လိုက်သည်။

"နန္ဒ … ဟိုဘက်ဝိုင်းမှာ ထိုင်နေတဲ့ သူတွေကို တစ်ယောက်ချင်းစီ ရိုက်ပေးပါဦး"

"ဟုတ်ကဲ့…မ"

"တို့ ပြန်နှင့်တော့မယ်"

"စိတ်ချသွားပါ မ၊ အားလုံးအဆင်ပြေအောင် လုပ်ပေး ပါ့မယ်"

နန္ဒ ထွက်သွားသောအခါ မမက ဟိုဟိုဒီဒီ အရိပ်အခြည် ကြည့်လိုက်သေးသည်။ ကိုပဉ္စကို မတွေ့ရတော့

www.foreverspace.com.mm



သောအခါ ပြန်သွားပြီဟု မှတ်ထင်လျက် မမ စိတ်အေး သွားရသည်။

မမသည် သူ့အာရုံနှင့်သူ ဟိုနားစုစု ဒီနားစုစု ရှိနေကြသော လူများအနီးမှ ဖွဲ့ထွက်လာကာ မလှမ်းမကမ်း ရေကူးကန်နားသို့ ခပ်သွက်သွက် လျှောက်လာခဲ့လေသည်။

"ဒီဖိနပ်က သေသေချာချာစီးလာတာပဲ…ဘာဖြစ်လို့ ကျွဲတစ်ဖက် နွားတစ်ဖက် ဖြစ်ရမှာလဲ…ဖြစ်နေရင် မေမေ မြင်ပြီးသတိပေးမှာပေါ့၊ ဒါ ဟိုလူ တမင် ကသိကအောက်ဖြစ်အောင် လုပ်တာပဲနေမှာ…"

မမက ပါးစပ်က ပွစိပွစိလုပ်ရင်း ရေကူးကန်နား ရောက်လာသည်။

ရေကူးကန်မှာ ဘယ်သူမှ မရှိပါ။ မမက ဖိနပ်နှစ်ဖက်လုံးကို ချွတ်လိုက်ပြီး အသေအချာ ကိုင်မြှောက် ကြည့်လိုက်မိလေသည်။

"ဘုရားရေ…တကယ်ပါပဲလား…"

ဖိနပ်မှာ တကယ့်ကို အနီတစ်ဖက်၊ အနက် တစ်ဖက်တည်း။ မမသည် ရှက်စိတ်ဖြင့် ထူပူသွားရပါသည်။

အမှန်ဆိုလျှင် ပွဲပြီးသည်အထိ ဆက်နေဖို့ စဉ်းစား

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ထားသော မမသည် ခုတော့ ချက်ချင်းပြန်ရန် ဆုံးဖြတ်ချက်ချပြီး ရေကန်စပ်မှ လှည့်အထွက်…

"ဗွမ်း"

ကိုယ့်ကိုယ်ကို ဘာဖြစ်သွားသည်တောင် မသိတော့ဘဲ မမ ရေကူးကန်ထဲမှာ ယက်ကန်ယက်ကန် ဖြစ်နေလေသည်။

⌘ ⌘ ⌘

စာရေးဆရာသည် ရေကူးကန်ဘေး မှောင်ရိပ်ကလေးမှာ တိတ်ဆိတ်စွာ ထိုင်နေခဲ့တာ ဖြစ်ပါသည်။

သူက လူအုပ်ထဲ ခဏတာစ်ဖြုတ်သာ နေလိုသူဖြစ်သည်။ မိတ်ဆွေ ဒါရိုက်တာက ဖိတ်ထားလို့သာ လာခဲ့ရပေမယ့် သူက ပွဲတက်ဖို့ ဝါသနာပါသူ မဟုတ်ခဲ့ပါ။

နောက်ကျမှ ခပ်ပျာပျာ ရောက်လာခဲ့သော မမကျော်ကို လှမ်းမြင်ရစဉ်မှာတော့ သူ့စိတ်ထဲ ပြုံးရယ်ချင်သလိုဖြစ်လာခဲ့ရပါသည်။ ဖိနပ်က ကျွဲတစ်ဖက်၊ နွားတစ်ဖက်ဖြစ်နေတာကို သူ အဝေးကပင် လှမ်းမြင်ခဲ့သည်။ သူမကတော့ သူ့ကိုမြင်လျှင် မမြင်ချင်ယောင်ဆောင်ကာ ဟိုဓာတ်ပုံ



ဆရာလေးရဲ့ ဂရုစိုက်မှုတွေကို သူမြင်အောင် ပြနေခဲ့သေးသည်။

သူမကို ဘယ်တော့ တွေ့လိုက်တွေ့လိုက် အလွဲအချော်တွေ ဖြစ်ဖြစ်လာတတ်သည်။ ပထမတော့ အဲ့ဒီအလွဲအချော်တွေကို သူ ခေါသဖြစ်ရပြီး ခုတော့ သူမကိုတွေ့တိုင်း ဘာလွဲလာမလဲဟု စောင့်ကြည့်ရယ်မောချင်လာပါသည်။

သူမ ပါးစပ်တလှုပ်လှုပ်နှင့် ရေကူးကန်နားခပ်သုတ်သုတ် လျှောက်လာတော့ သူ မှောင်ရိပ်ထဲမှာပင် သူမ ဘာလုပ်လေမလဲဟု စောင့်ကြည့်နေခဲ့သည်။

သူမက ဖိနပ်ကိုချွတ်ပြီး မြှောက်ကြည့်လိုက်တာမို့ သူ ရယ်လက်စ မဆုံးခင်မှာပင် ရေကူးကန်ထဲ ဖြုန်းခနဲ ပြုတ်ကျသွားခဲ့တာဖြစ်သည်။

သူ မှောင်ရိပ်ထဲက ထွက်လာခဲ့ကာ ရေကူးကန်ဆီ လက်ကမ်းလိုက်ရင်း…

"ကဲ…ကျုပ်လက်ကို ဆွဲပြီး တက်ခဲ့…"

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm





မမသည် ရေကူးကန်ထဲ ဆင်းသည့်လှေကားကို ဖက်တွယ်ထားရင်း ကိုယ့်ထံ လက်တစ်ဖက် ကမ်းပေးလာသော ကိုပဥ္စကို ဘွားခနဲ တွေ့လိုက်ရသောအခါ ရှက်လွန်းတာမို့ ရေကူးကန်ထဲ ပြန်ငုပ်နေလိုက်ချင်တော့သည်။

မမက တွေဝေနေဆဲ မြက်ခင်းပြင်ဆီက လူတချို့က ရေကူးကန်ဘက် လျှောက်လာတာ တွေ့ရသည်။ မမသည် ရေကန်ထဲ အသာပြန်ငုပ်နေရင်း…

"ကျွန်မ…ကျွန်မ…တက်မလာရဲဘူး…ဟိုမှာ လူတွေ လာနေပြီ…ကျွန်မမှန်း သူတို့သိသွားရင် ကျွန်မ ရှက်လွန်းလို့ သေသွားလိမ့်မယ်…"

"ဩော်…ဒါက ကျုပ်တာဝန်ထားပါ…"

စာရေးဆရာက ရေကူးကန်ဘက် လျှောက်လာနေသော လူတွေဘက်သို့ လှည့်၍ ရင်ဆိုင်လိုက်သည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ဘာဖြစ်တာလဲ ခင်ဗျ…ခုန အသံကြားလိုက်လို့ပါ… ရေကူးကန်ထဲ လူပြုတ်ကျသွားသလားလို့…"

"ဩော်…ကိုယ်နဲ့ပါလာတဲ့ ကလေးတစ်ယောက်ပါ… မတော်တဆ ခြေချော်ကျသွားတာ…ကိုယ် ဆွဲတင်ပေးလိုက်ပါ့မယ်…ဘာမှမဖြစ်ပါဘူး…သိတယ် မဟုတ်လား…ကလေးဆိုတာ ငြိမ်ငြိမ်မနေဘူးလေ…ခြေဆော့ လက်ဆော့နဲ့ဆိုတော့ ပြုတ်ကျသွားတော့တာပေါ့ ဟဲ…ဟဲ"

ရှင် လဲသေလိုက်ပေါ့ စာရေးဆရာရဲ့…။

ကိုယ့်ကို ကူညီတာ မှန်ပေမယ့် ရိသဲ့သဲ့ပြောတာကို မမက မခံချင်လှပါ။

"ကဲ…လာ…တက်ခဲ့တော့"

မမက သူ့လက်ကို ချက်ချင်း မဆွဲသောအခါ သူက လက်ပြန်ရုပ်ရင်း…

"ဩော်…ခင်ဗျား ဆန္ဒကို ကျုပ်သိပြီ…ဟို ဓာတ်ပုံဆရာလေးကိုသွားခေါ်ပေးမှ အဆင်ပြေမယ်ထင်တယ်"

"ရှင် လဲသေလိုက်…"

"ဟ…အကောင်းပြောတော့လည်း တစ်မျိုး"

မမက ကိုယ့်ဘာသာ ရေကူးကန်ထဲက ကုပ်ကပ်တက်လာခဲ့ပြီး ချမ်းလည်းချမ်း၊ ရှက်လည်းရှက်၊ ကိုပဥ္စကိုလည်း ဒေါသထွက်ကာ လူက ကတုန်ကရင် ဖြစ်နေရသည်။ မမသည် အံတစ်ချက်ကြိတ်ရင်း…



"အဲဒါ ရှင့်ကြောင့် သိလား…ရှင် ပါးစပ်ဆော့သွားလို့ ဒီလိုဖြစ်ရတာ"

"ဘာဆိုင်လဲဗျ…ကျုပ်က စေတနာနဲ့ သတိပေးတာ"

"ရှင် မသိချင်ယောင် ဆောင်နေလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ…ကျွန်မဘာသာ အိမ်ရောက်မှသိရင် ဒီလောက်စိတ်ညစ်ရမှာ မဟုတ်ဘူး…အမယ်လေး ချမ်းလိုက်တာ သေတော့မယ်"

သူက သူ့လက်မှာ မွေ့ပိုက်ထားသော ဂျာကင်ကို မမထံ ကမ်းပေးရင်း…

"ကဲ…ရော့…ဒါကို ဝတ်ပြီး ကျုပ်နဲ့ကွယ်ပြီးလိုက်ခဲ့၊ ခင်ဗျား ကားနားထိ ကျုပ် လိုက်ပို့ပေးမယ်"

မမက သူ့ကို အမြင်ကပ်လှသော်လည်း ခုလိုအချိန်မျိုးမှာ သူ့အကူအညီ မယူလို့တော့ မဖြစ်ပါ။ ပျို့ဖြူမင်္ဂလာဆောင်က မမကျော် ရေကူးကန်ထဲပြုတ်ကျတဲ့အဖြစ်ကို ဒီပွဲထဲက လူတွေသိလို့ကတော့ အချင်းချင်း လက်တို့ရယ်မောစရာ ဖြစ်ရပါလိမ့်မည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m



မမက စာရေးဆရာကို ခပ်စောင်စောင်ကြည့်ကာ မျက်နှာထားကို တင်းထားလျက်၊ စာရေးဆရာက အမြဲတလွဲဖြစ်ရတဲ့ မမကျော့်ကို ရယ်ချင်စိတ်ဖြင့် တစ်ဘက်လှည့်ပြုံးလျက် ကပင် ကားနားသို့ အတူတကွ လျှောက်လာခဲ့ကြလေသည်။ မမက ကားပေါ်လှမ်းတက်ရင်း…

"သွားမယ်"

ဟု ခပ်ပြတ်ပြတ်ပြောလျှင် စာရေးဆရာက ပခုံးတစ်ချက်တွန့်ကာ…

"လူမှုရေး ခေါင်းပါးတယ်နော်…ကျေးဇူးတင်စကားလေးတောင် ပြောမသွားဘူး"

"ရှင်ကျတော့ရော လူမှုရေး သိတတ်လို့လား…ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကိုတောင် လှည့်ကြည့်ဖော်မရတဲ့သူကများ၊ ပြီးတော့ ဒီကိစ္စက ရှင့်ကြောင့်ဖြစ်ရတဲ့ကိစ္စ…အဲဒါကြောင့် ရှင့်ကို ကျေးဇူးတင်ဖို့ မလိုဘူး"

"အပျိုကြီးလို့ မပြောရဘူး…တကယ့်ကို အပေါက်ဆိုးတာ"

"ရှင်…လဲသေ"

မမက ကားကို လီဗာဆောင့်နင်းပြီး ထွက်လာခဲ့ပါသည်။ နောက်ကြည့်မှန်တစ်ဆင့် တစ်ချက်လှမ်းကြည့်

www.foreverspace.com.m



လိုက်သောအခါ ပြုံးယောင်ယောင် သူ့မျက်နှာကို အသည်းယားစဖွယ် တွေ့ရလေသည်။

ဘယ်ဘဝက ရေစက်မှန်းမသိဘဲ မမနဲ့သူဟာ တစောင်းစေးနဲ့မျက်ချေး ဖြစ်နေရလေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m



www.foreverspace.com.m







"ဆရာ…နကို ဒီပန်းချီကားလေး လက်ဆောင်ပေးပါ လား ဟင်"

ကိုပဠမှာ နကိုကြည့်ရင်း စိတ်ညစ်သွားရပါသည်။ ဒီမိန်းကလေးဟာ သူဘယ်လောက်ပြောပြော နားလည်းမနေ တတ်။ သူ့ကို နည်းအမျိုးမျိုးဖြင့် အရောဝင်ဖို့သာ ကြိုးစား နေတတ်ပါသည်။ ခုလည်း သူ့အခန်းထဲ မဖိတ်ခေါ်ဘဲ ဘာ သည်။ သူ့အခန်းထဲက ရှိရှိသမျှ ပစ္စည်းတွေကို စပ်စု၊ သူ အပျော်တမ်း ဆွဲထားသည့် ပန်းချီကားတစ်ချပ်ကို တဂျီဂျီ တောင်းနေတော့သည်။

မိန်းမဆိုတာ အပိုပစ္စည်းဖြစ်ကြောင်း နုနုနိုင်နဲ့ မမကျော်တို့ နှစ်ယောက်နဲ့တင် ဉပမာပြဖို့ လုံလောက်နေသည်။ အဲ့ဒီ အပိုပစ္စည်းတွေဟာ သူ့ကို တစ်နည်းမဟုတ် တစ်နည်း အလုပ်ရှုပ်စေသည်။ သို့သော် အလုပ်ရှုပ်ရတာချင်းအတူတူ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဉယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m



မမကျော့်အတွက် အလုပ်ရှုပ်ရသည့် အလုပ်က သူ့ကို စိတ်ပျော်ရွှင်စေပြီး နုနုနိုင်အတွက် ရှုပ်ရသော အလုပ်ကတော့ သူ့စိတ်ကို ညစ်ညူးစေပါသည်။

တကယ်တော့ မမကျော့်ဟာ စိတ်ကူးယဉ်စရာ နုနွဲ့သည့် မိန်းမမျိုးလည်း မဟုတ်။ နုနုကသာ စာဖွဲ့ချင်စရာ ကောင်းလောက်အောင် ပြေပြစ်နူးညံ့သူဖြစ်သည်။ အလှပြင်ထားလိုက်တာများ ဦးထိပ်ဆံစကနေ ခြေဖျားအထိ အကြားအလပ်မရှိစေရ။ ဆံပင်အဖျားတွေကို အလိပ်ကြီးကြီး ကောက်ထား၏။ မျက်ခုံးမွေးကိုကျတော့ ခပ်သေးသေးလေး ရိပ်ထားကာ မျက်လုံးရဲ့အပေါ်မှာ အောက်မှာ ဆေးရောင်တွေ ခြယ်သထားပါသည်။ မျက်တောင်မွေးကတော့ စေးပျစ်ထူထဲစွာ ကော့နေသည်။ နှုတ်ခမ်းနီ အရောင်ကလည်း တစ်နေ့တစ်မျိုး၊ သူမမှာ နှုတ်ခမ်းနီအရောင် ဘယ်နှစ်မျိုးရှိသလဲဆိုတာကပင် အတော်စိတ်ဝင်စားဖို့ ကောင်းပါသည်။

သူမက သူမရဲ့ မျက်ခုံးတွေ၊ မျက်လုံးတွေကို အလွန်လှုပ်ရှားတတ်သူလည်း ဖြစ်ပါသည်။ စကားသံ ချိုနွဲ့နွဲ့နှင့် ဆရာ့ ဆရာ့ ခေါ်သံကလည်း သူ့ကို စိတ်ပျက်ခြင်းကြီးစွာ ဖြစ်စေသည်။

မမကျော့်ကတော့ နုနုနိုင်နှင့် ဆန့်ကျင်ဘက်ပင်။

www.foreverspace.com.m



မျက်နှာက အရယ်အပြုံး သိပ်မရှိတဲ့ မျက်နှာသေ။ ပြောပုံဆိုပုံ သွားလာလှုပ်ရှားပုံက သွက်လက်ရုံမက ပျာယာခတ်ချင်သလိုတောင် ဖြစ်နေပါသေးသည်။ သူမ လုပ်လိုက်သမျှ ရယ်စရာ တလွဲတွေ ဖြစ်နေတတ်တာကို သူက ပထမတော့ ဒေါသထွက်ရင်း ဒေါသနောက်က ရယ်ချင်စိတ်တွေကပါ မသိမသာ ကပ်ပါလာခဲ့ရတာ ဖြစ်သည်။

"နော်…ဆရာ…နု ဒါလေးယူမယ်နော်"

သူက နုနုလက်ထဲက ပန်းချီကားကို ပြန်ဆွဲယူကာ…

"ဒါ…ကိုယ် ဝတ္ထုရေးပြီးလို့ ခဏ အပန်းဖြေတဲ့ သဘောနဲ့ တောင်ခြစ် မြောက်ခြစ် ရေးထားတဲ့ ပန်းချီကားပဲ၊ လှလည်းမလှဘူး၊ ကိုယ်က ပန်းချီကို ဟုတ်တိပတ်တိ ဆွဲတတ်တာမှ မဟုတ်ဘဲ၊ မကောင်းပါဘူး… မလိုချင်ပါနဲ့"

"ဟင်…ဆရာကလည်း ဆရာက မကောင်းဘူး ပြောနေ နုဖြင့် သိပ်ကြိုက်တာပဲ…မော်ဒန်ပန်းချီဆိုတာ ဒါမျိုးပေါ့၊ ဆရာ့စိတ်ကို ဒီထဲထည့်ထားတာ မဟုတ်လား၊ ဒါကြောင့် နုက အမှတ်တရ လိုချင်တာ"

"ကိုယ် မပေးနိုင်ဘူး"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"ဘာဖြစ်လို့လဲ…ဆရာရဲ့"

"ကိုယ်က ကိုယ့်ပစ္စည်း အတိုအစလေးကအစ နဲ့မြော တတ်တယ်…ကပ်စေးနဲတယ်…ဘယ်သူ့ကိုမှ ဘာ တစ်ခုကိုမှ အလကားမပေးချင်ဘူး"

"ဒါ မပေးချင်လည်း အသစ်တစ်ခု ဆွဲပေးပါလား၊ ဆရာ၊ နု ပန်းချီပစ္စည်းတွေ ဝယ်ပေးမယ်လေ…ဒါမှ မဟုတ် ဆရာ့ဘာသာ ဆွဲထားပေး၊ နု ပိုက်ဆံပေးပြီး ဝယ်မှာပေါ့"

နုနုက တကျီကျီ ပြောနေတာမို့ ကြာတော့ သူ နားညည်းလာကာ ခုချက်ချင်းပင် သူမ အိမ်နားက ပြောင်း ပြေးချင်စိတ် ပေါ်လာပါသည်။ နုနုက ခုထိ မပြန်နိုင်သေး တာမို့ သူ အပြင်ထွက်မည် စဉ်းစားဆဲ အခန်းတံခါးဝမှာ မမကျော့် ပေါ်လာပါသည်။ သူက တင်းထားသည့် မျက်နှာ ထားကို အသာပြန်လျှော့ကာ…

"သော်…မမကျော့်"

ဟု နှုတ်ဆက်လိုက်သည်။ မမကျော့်က မျက်နှာ ရှစ်ခေါက်ချိုးနှင့်ပင်…

"ဒီမှာ…ရှင့်အင်္ကျီ လာပို့တာ"

www.foreverspace.com.mm



ဟု ပြောရင်း သူ့လက်ထဲကို အင်္ကျီထည့်ပေး လိုက်သည်။ သူက မမကျော့်ကို ကသိကအောက်ဖြစ်အောင် လုပ်ချင်သေးတာမို့ နုနုဘက်လှည့်ရင်း…

"နုနု…ဒါ ကိုယ့်မိတ်ဆွေ ဒေါ်မမကျော့်တဲ့၊ ပွဲတစ်ပွဲ မှာဆုံကြရင်း သူ့မှာအရေးပေါ်ကိစ္စတစ်ခု ကြုံလာတာနဲ့ ကိုယ့်အင်္ကျီ ခဏငှားလိုက်ရတာ…သော် အဲ့ဒီ ပန်းချီ ကား နုလိုချင်ရင် ယူလိုက်လေ…ကိုယ်အားရင် နု ပုံတူဆွဲပေးမယ်…ဟုတ်လား"

"တကယ်နော်…ဆရာ၊ နု ပျော်လိုက်တာ…နု ပုံတူ တကယ်ဆွဲပေးရမယ်နော်…နု သွားတော့မယ် ဆရာ၊ အစ်မ…နု သွားလိုက်ပါဦးမယ်"

"ကောင်းပါပြီ"

ဆတ်ကော့လတ်ကော့ ထွက်သွားသော နုနုကို မမက သဘောပေါက်ပါသည်။ စာရေးဆရာကို စိတ်ဝင် စားနေပုံက အသိသာကြီးပင်။ စာရေးဆရာ ကြည့်ရတာ မမရှေ့ကျမှ တမင်ချိုသာပြောနေတာ သိသာပါသည်။ မမက သူ့ကို အမြင်ကပ်လှတာမို့ မြန်မြန်ထွက်ခွာဖို့ ခြေလှမ်းပြင် ကာ…

"ကျွန်မကို ခွင့်ပြုပါဦး"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



"ဟင်…မထိုင်တော့ဘူးလား"

"ရှင့် အရိုက်ပုံထဲဝင်ထိုင်လိုက်ရင် စိတ်ရှုပ်လွန်းလို့ မဝင်တော့ဘူး….ပြီးတော့ ရှင့်မှာက ဧည့်သည်လာရင်တောင် စကားမပြောနိုင်ဘဲ စာတွေတကုပ်ကုပ်ရေးရ၊ စကားပြောချင်တဲ့ ဧည့်သည်ကျတော့ ခဏခဏ တွေ့ရဆုံရ ချော့မော့ရနဲ့ မအားလပ်ဘူး မဟုတ်လား"

"မမကျော့်က ကျုပ်ကိုမှ သဘောမပေါက်သေးတာ၊ လူပဲဗျ…အမြဲတော့ ဘယ်ရှုပ်မှ ညစ်ပေနေမှာလဲ၊ ကျုပ် ဝတ္ထုထဲ ရှာန်ဝင်နေရင်သာ ရှုပ်ပွနေတာပါ၊ အခုလို ဝတ္ထုပြီးသွားတဲ့ အချိန်ကျတော့ ရှုပ်ထားသမျှ တွေရှင်းတယ်…ဆံပင်ညှပ်တယ်၊ ရေမှန်မှန် ချိုးတယ်၊ ထမင်း ကောင်းကောင်းချက်စားတယ်၊ အပြင်သွားတယ်၊ လူတွေနဲ့ စကားပြောတယ်၊ ခုလိုအချိန်မျိုး မှာသာခင်ဗျားလာခဲ့ရင် ကျုပ်က ကောင်းကောင်းမွန်မွန် လက်ခံစကားပြောမှာပါ…ဒီအချိန်က ကျုပ် အာရုံ လာတဲ့ သူတွေနဲ့ သိပ်စကားပြောချင်နေတဲ့ အချိန်ပါ"

"ရှင် သိပ်စကားပြောချင်နေတဲ့ ခုန ကောင်မလေးကို ပြန်ခေါ်ပြီး စကားပြောနေရင် အဆင်ပြေတာပေါ့…ကျွန်မကတော့ အရည်မရ အဖတ်မရ စကားတွေ ပြော



နေဖို့ မချိန်မရဘူး…အလုပ်ကိစ္စတွေ ရှိနေသေးလို့ သွားလိုက်ပါဦးမယ်"

မမကျော့်က လှည့်ထွက်လိုက်ပြီးမှ သူ့ဘက်သို့ ချာခနဲ ပြန်လှည့်လာကာ…

"ဒီမှာ စာရေးဆရာ၊ ရှင် ကျွန်မကို ကတိတစ်ခုတော့ ပေးထားရမယ်"

"ဘာကတိပါလိမ့်"

"ကျွန်မ ကျွဲတစ်ဖက် နွားတစ်ဖက်ဖြစ်လာတဲ့ ကိစ္စရယ်၊ အဲဒီညက ရေကူးကန်ထဲ ပြုတ်ကျတာ ကျွန်မဆိုတာရယ် ရှင် ဘယ်သူ့ကိုမှ မပြောမိပါစေနဲ့"

"ပြောမိရင်…"

"သတ်ပစ်မယ်"

သူမက အံကြိတ်ပြောလိုက်တာမို့ သူ ပခုံးတွန့်မိရင်း…

"ကြောက်စရာပဲ"

"ဘယ်လိုလဲ…ရှင် ကတိပေးနိုင်မလား"

"မင်းက ကတိတောင်းတာ ဝါသနာထုံပုံရတယ်…ချက်ချင်းကြီးတော့ မပေးနိုင်သေးဘူး…စဉ်းစားလိုက်ဦးမယ်၊ လူတစ်ယောက်ရဲ့ပါးစပ်ဆိုတာ အလွယ်တကူ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ပိတ်ဖို့မလွယ်ဘူး…မရှည်ရှယ်ဘဲ ပြောမိသွားတာလည်း ရှိတတ်တယ် မဟုတ်လား၊ ကတိပေးပြီးမှ မတည်နိုင်ရင် ကျုပ်အတွက်လည်းမကောင်းဘူးလေ…အလိုလိုနေရင်း ကတိမတည်တဲ့ပုဂ္ဂိုလ် မဖြစ်ချင်ဘူး"

"ဒီကိစ္စ ကျွန်မ အသိုက်အဝန်းထဲက တစ်ယောက်ယောက် သိသွားလို့ကတော့ ရှင်နဲ့ ကျွန်မ ကမ္ဘာရန် ဖြစ်ပြီပဲ စာရေးဆရာ"

သူမက သွားကြိုတ်သံဖြင့် ပြောကာ သူ့ရှေ့မှ ချာခနဲ လှည့်ထွက်သွားလေသည်။ တစ်ခါတစ်ခါတော့ အဲဒီလို တလွဲတချော် ဇီဇာကြောင်ကြောင် မိန်းမမျိုးရဲ့ ဒေါသကို ဆွရတာ ပျော်စရာတော့ အကောင်းသားဟု စာရေးဆရာက ပထမဦးဆုံးအကြိမ် တွေးမိရလေသည်။

⌘ ⌘ ⌘

www.foreverspace.com.mm



"ဒီမှာကြည့်…ဒါ ငါ့အတွက် အမှတ်တရပေးတဲ့ ပန်းချီကား…သူ စာရေးပြီးတဲ့အချိန်တွေမှာ အပန်းဖြေတဲ့ အနေနဲ့ ဆွဲထားတာလေ…သူ့စိတ်ကို အဲဒီထဲ ထည့်ထားတာ…ငါ့အတွက်တော့ ဒီပန်းချီကားလေး ရလိုက်တာ သူ့စိတ်ကို ရလိုက်ရသလိုပဲ"

နုနုနိုင်သည် ပန်းချီကားကို သူငယ်ချင်းများရှေ့သို့ ဂုဏ်ယူဝင့်ကြွားစွာ ချပြလိုက်လေသည်။ သူမရဲ့ သူငယ်ချင်းများက ပန်းချီကားကို အလုအယက် ဝိုင်းအုံကြည့်လိုက်ကြပါသည်။ အဲ့ဒီနောက်မှာတော့ 'ဝေ' တို့ 'ရီ'တို့ရဲ့မျက်လုံးတွေဟာ အထင်ကြီးမှုဖြင့် တောင်ပြောင်လာသည်။ နု လိုချင်တာဟာ အဲ့ဒါပဲ။

အောင်မြင်သော ယောကျ်ားတစ်ယောက်ရဲ့ မြတ်နိုးခြင်းကို ခံရတဲ့ အဖြစ်ဟာ ဘယ်လောက်အရသာရှိသလဲဆို

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



တာ နုက သိပါသည်။ (နုက ကိုပဥ္စရဲ့ နာမည်ကြီးမှုကိုသာ သိကာ ကိုပဥ္စ စာတွေကိုတော့ မကြိုက်ပါ။ သူ့စာတွေက နုကို ဦးနှောက်ခြောက်စေပါသည်။ သို့သော် သူ့ရှေ့မှာတော့ နုဟာ သူ့ပရိသတ်ပါဟု ပြောကာ ရင်းနှီးမှုကို ရယူသည်။ တကယ်တမ်း နု ကြိုက်တာက အပြင်းစား စိတ်ကူးယဉ် အချစ်ဝတ္ထုတွေသာ ဖြစ်ပါသည်။) အဲဒီအရသာကို နုက ခံစားချင်လှသည်။ ခုကြည့်စမ်း…နုရဲ့ သူငယ်ချင်းတွေဟာ နုကို အထင်တကြီး ငေးကြည့်ကြရပြီ။ နုထံ စိတ်ဝင်တစား ဝိုင်းအုံလာကြပြီ။

“သူက နင့်အိမ်နား ပြောင်းလာတာ သိပ်မကြာသေးဘူး မဟုတ်လား…ခု သူနဲ့ နင်နဲ့က ချစ်သူတွေ ဖြစ်သွားကြပြီလား”

နုက အောင်မြင်စွာ ပြုံးလိုက်ရင်း ဘယ်လိုဖြေရကောင်းမလဲဟု ခဏ စဉ်းစားကာ…

“ဒါက နင်တို့ စဉ်းစားကြည့်ပေါ့…ငါ ရှင်းပြစရာ လိုလို့လား…သူက သူ့စာမူခ ရရင် ငါ့ကို မုန့်ဝယ်ကျွေးဦးမယ်တဲ့…ငါ့ပုံတူ ပန်းချီကားလည်း ဆွဲပေးမယ်တဲ့…ငါ့ကို အရမ်းအလိုလိုက်တာ”

“ဟယ်…နင် အရမ်းကံကောင်းတာပဲ နုနုရယ်…



ကိုပဥ္စလို နာမည်ကြီး စာရေးဆရာတစ်ယောက်ကို ချစ်သူတော်ရတာ နင် တကယ် ကံထူးလို့ပဲ”

“ဒါပေါ့…”

ထိုသတင်းက နုတို့ သူငယ်ချင်းတွေကြားမှာ ရေပမ်းစားသွားပါသည်။ တကယ်တော့ နုက သူတို့ကို တမင်သက်သက် လိမ်ညာထားတာတော့ မဟုတ်ပါ။ တစ်နေ့တော့ ကိုပဥ္စဟာ နုကို ချစ်ရေးဆိုလာလိမ့်မယ်လို့ နု စိတ်ထဲက အလိုလိုယုံကြည်နေခဲ့တာ ဖြစ်သည်။

သူ့လို မိန်းမတွေကို စိတ်မဝင်စားတဲ့ လူမျိုးက နုကို ချိုသာလိုက်လျောလာတာဟာ နုကို စိတ်ဝင်စားလို့သာ ဖြစ်ရမည်။ တစ်နေ့ ကိုယ့်ချစ်သူဖြစ်လာမယ့် လူတစ်ယောက်အဖြစ် ခုကတည်းက ကြိုတင်အသိပေးထားတာဟာ နု အလွန်တော့မရှိပါ။ သူနဲ့ နု အခန်းချင်းကပ်လျက်မှာ လာဆုံနေရတာကိုက ဖူးစာကြောင့်သာ ဖြစ်ပါလိမ့်မည်။

ထိုသတင်းကို ကြားပြီးကတည်းက နုသူငယ်ချင်းတွေက နုထံ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာခဲ့ကာ…

“နု…စာရေးဆရာ ကိုပဥ္စက နင့်ချစ်သူဆို”

“မိန်းမ…လျှို့ထားတာ…စောစောကတော့ မပြောဘူး”

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"ငါတို့ကို မိတ်ဆက်ပေးဦးလေဟယ်"

"အေးလေ…အော်တိုလည်း ရေးနိုင်းချင်သေးတယ်"

နုက စာရေးဆရာ ရည်းစားမို့ လူကြီးဆန်ဆန် ပြုံးကာ…

"အေးပါ…တစ်နေ့လောက် နင်တို့အားလုံးကို ဆရာ့ဆီ ခေါ်သွားပေးပါ့မယ်"

"ဟင်…နင်က သူ့ကို ဆရာလို့ပဲ ခေါ်တယ်"

"ဒါပေါ့…လေးစားသမှုနဲ့ ခေါ်ရတာပေါ့…နောက်ကျ တော့မှ တစ်မျိုးပြောင်းခေါ်တာပေါ့…ခုလောလော ဆယ်တော့ ဘယ်လိုခေါ်မယ်ဆိုတာ မစဉ်းစားရသေး ဘူး၊ ဩော်…နင်တို့ကို သတိပေးထားရဦးမယ်… သူနဲ့တွေ့ရင် နောက်ပြောင်ကျီစယ်တဲ့ စကားမျိုးတွေ မပြောနဲ့နော်၊ သူက အရမ်းလူကြီးဆန်ပြီး ရှက်တတ် တယ်၊ သူက ငါ့ထက်အသက်အများကြီး ကြီးနေ တော့ နည်းနည်းတော့ ရှက်ကိုးရှက်ကန်း ဖြစ်တာပေါ့ ဟယ်၊ လူပျိုကြီးဖြစ်မှ ရည်းစားထားရတာကိုး"

"အေးပါ…ငါတို့က အော်တိုပဲ ရေးခိုင်းမှာပါ"

"နင်က ငါတို့ကို ဘယ်တော့ ခေါ်သွားမှာလဲ နုနု"

"သူအားတဲ့ တစ်နေ့ပေါ့ဟယ်…သူ့ကို ငါ မေးလိုက်

www.foreverspace.com.mm



ပါဦးမယ်…သူက စာတွေရေးရ…စာတွေဖတ်ရနဲ့ အားတာ မဟုတ်ဘူး…တစ်ခါတစ်လေများဆို ထမင်း တောင် ချက်မစားနိုင်လို့ ငါကိုယ်တိုင် စားစရာ သွား ပို့နေရတာ…မအားပါဘူးဆိုမှ အယ်ဒီတာဆိုလား ဘာလား အဲဒီလိုလူတွေက ဝတ္ထုတိုတွေ လာလာတောင်း နေလို့ သူ အရမ်းစိတ်ညစ်နေတာ"

"နင်က သူ့အကြောင်း တော်တော်တောင် သိနေပြီနော်"

"သိတာပေါ့…သူ့အိမ်မှာလည်း ငါ့လက်ငါ့ခြေချည်းပဲ ဥစ္စာ"

နု ပြောရတာ တော်တော် အရသာရှိလေသည်။ စာရေးဆရာ ကိုပဥ္စကို နှစ်သက်သဘောကျကြသော နု သူငယ်ချင်းတွေရဲ့ အားကျမှု၊ အထင်ကြီးမှုတွေကို နု လက်ခံ ရရှိခဲ့သည်။ ယစ်မူးစရာ ကောင်းလေစွ။

အဲဒီ စာရေးဆရာ ကိုပဥ္စဟာ တစ်နေ့ နု ချစ်သူ သာ ဖြစ်ရမည်ဆိုတဲ့ ရည်ရွယ်ချက်ဟာ နု သူငယ်ချင်းတွေ ကြောင့်ပင် ပိုမို ခိုင်မာလာခဲ့ရလေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm





အဲ့ဒီနေ့က ကားပျက်လေသည်။

မမသည် တုံ့ခနဲ ရပ်သွားသော ကားနားမှာ ရပ်ရင်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ယောက်ယက်ခတ်နေသည်။

ညှိခံပွဲ တစ်ခုကအပြန် ခုလို ည(၁၀)နာရီလောက်အချိန်မှာ လူရှင်းသည့် နေရာကျမှ ပျက်သွားသောကားကို မမ ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ မသိ။ မမက ကားသာမောင်းနေပြီး ကားအကြောင်း နကန်းတစ်လုံး သိသူမဟုတ်ပါ။ နှစ်ပတ်တစ်ခါ ရုံးက ကောင်လေးတစ်ယောက်ကို ဝပ်ရှော့ပို့ခိုင်း၊ လိုအပ်တာ စစ်ဆေးခိုင်းပြီး စီးနေတာမို့ ပျက်တော့ပျက်ခဲ့သားပင်။

မမသည် ခုကျမှ ဗွေဖောက်လာသော ကားကို ခါးထောက်ကြည့်နေရင်းက ကားရှေ့ဖုံးကို ဖွင့်ကြည့်လိုက်သည်။ ဒါတစ်ခုတော့ မမ လုပ်တတ်သည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကားထဲမှာ ရှုပ်ယှက်ခတ်နေသည့် ပစ္စည်းကိရိယာတွေကိုတော့ တွေ့ပါသည်။ သို့သော် မမက ကြည့်ရှုံ့သာ ကြည့်တတ်တာမို့ ကြည့်ပြီး ပြန်ပိတ်လိုက်သည်။ ဝပ်ရှော့ကို ဖုန်းဆက်၊ ကားထားခဲ့ပြီး တက္ကစီ ငှားပြန်ဖို့သာ ရှိတော့သည်။

မမက စလင်းဘတ်ခ်ထဲက hand phone လေးကို ထုတ်ယူပြီး ဝပ်ရှော့က မိတ်ဆွေတစ်ယောက်ကို ဖုန်းဆက်ခေါ်လိုက်ရပါသည်။ ဝပ်ရှော့က မမ ရောက်နေတဲ့နေရာနဲ့ သိပ်မဝေးတာမို့ ချက်ချင်းရောက်လာသည်။ ကားက ပြင်ရတာကြာဦးမည်ဆိုတာမို့ ကားသော့ပေးခဲ့ပြီး ကားတားဖို့ လမ်းမပေါ် ထွက်လာခဲ့သည်။

တက္ကစီ အသွားအလာကလည်း ကျဲ၊ လာသည့်ကားမှန်သမျှ ခရီးသည်တွေ ပါတာမို့ တော်တော်နဲ့ တားလို့မရချေ။ နာရီဝက်လောက်ကြာတော့မှ ကားတစ်စီး ရပ်လာကာ ကားပြတင်းပေါက်ဆီမှ စာရေးဆရာက ခေါင်းပြူလာပြီး…

"ဘယ်လိုလဲ ဒေါ်မမကျော်…အချိန်မတော်ကြီးမှာ ဘာတွေ တလွဲဖြစ်လာပြန်ပြီလဲ"

မမျှော်လင့်ဘဲ သူ့ကို တွေ့တာမို့ နည်းနည်းအားတက်လာသော မမက မျှားမျှား စိတ်တိုသွားကာ…



"ကားပျက်နေလို့ရှင့်"

"ကားကဘယ်မှာလဲ"

"ဝပ်ရှော့ဆရာနဲ့ ထားခဲ့ပြီ"

"ဒါဆို လာလေ…ဒီကားနဲ့ပဲ ပြန်လိုက်ပေါ့၊ ကားဆရာကို ခင်ဗျားအိမ် လှည့်ပို့ခိုင်းလိုက်မယ်…ဒါပေမယ့် အလကားတော့ မရဘူးနော်…ကားခ တစ်ဝက်ရှယ်ရမယ်"

"ဘာတစ်ဝက်လဲ…ရှင် သိပ်လူလည်မကျနဲ့…ရှင့်အိမ်က အဝေးကြီး…ကျွန်မအိမ်က နီးနီးလေး…ကျွန်မက ကျွန်မအိမ်ထိ ကျင့်သင့်သလောက်ပဲ ပေးမှာပေါ့"

"ဒီလိုမရဘူးလေ…ခင်ဗျားဘာသာ ကားတားနေရင် နောက်တစ်နာရီလောက်အထိတောင် ကားရဖို့မသေချာဘူး…ဒီလိုလူရှင်းတဲ့ညမျိုးမှာ မိန်းကလေးတစ်ယောက်တည်း ဒုက္ခရောက်နေမှာစိုးလို့ ကျုပ်က စေတနာနဲ့ ခေါ်တင်လာကာ…ကျုပ်တောင် ခရီးဖင့်သေးတယ်၊ ဒီလို ခရီးနှောင့်နှေးခံရတဲ့အတွက် ပိုက်ဆံအကုန်အကျတော နည်းနည်း သက်သာချင်သေးတာပေါ့"

"တော်ပြီ…ရှင့်လို ကပ်စေးနှဲနဲ့ စကားဆက်မပြောချင်ဘူး…စေတနာနဲ့ ဆေးပေးတဲ့ ပန်းကန် မတော်တဆ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျက်ခဲ့တာတောင် အလျော်တောင်းတဲ့လူ…လူမှုရေး ခေါင်းပါးတဲ့လူ…ကပ်စေးနဲ ကော်တရာ"

"ကပ်စေးနဲတယ်ဆိုတာ နာမည်ဆိုးပေမယ့် အကုန် အကျတော့ သက်သာတယ်"

မမက အံတစ်ချက်ကြိတ်ကာ မျက်နှာကို တစ်ဘက်လှည့်ထားလိုက်ပါသည်။

ဒီလိုလူနဲ့ ဘယ်လိုရေစက်ကြောင့် ခဏခဏ ဆုံနေရသလဲ မသိပါ။ ဒီလိုယောကျ်ားမျိုးလည်း မမ တစ်သက် တစ်ခါမှမတွေ့ဘူးပါ။ ကပ်စေးနဲလိုက်တာကလည်း ယောကျ်ား နဲ့တောင်မတူ။ ဈေးဆစ်တတ်တဲ့ အဒေါ်ကြီးနဲ့ တူတူလာ ပါသည်။

ဒီလိုယောကျ်ားမျိုးကို ဘယ်လိုမိန်းမမျိုးက ယူမှာလဲ။ Hotel Nikko မှာ တွေ့တုန်းက တစ်ခဏမှာသာ သူ့ရုပ်က ခဏတစ်ဖြုတ် သားနားသယောင်ရှိပေမယ့် ခုတော့ အရင်အတိုင်း ညစ်ထပ်ထပ် ပြန်ဖြစ်လာတာဟာ ခုလို မီးရောင် မလင်းတလင်း အချိန်မှာတောင် သိသာသည်။ မျက်နှာပေါ် မှာ အမွေးအမျှင်တွေ ထိုးထိုးထောင်ထောင် ထွက်စပြုလာပြီး တစ်လမှာ (၂၉) ရက် ညစ်ပေပြီး တစ်ရက်လောက်သာ စိတ် လိုလက်ရ သပ်သပ်ရပ်ရပ်နေမည့် ယောကျ်ားမျိုးဖြစ်သည်။



စိတ်ရမှ ကောင်းကောင်းမွန်မွန်နေပြီး စိတ်မရလျှင် ညစ်ပတ် ပေပွနေမယ့် ယောကျ်ားမျိုး…။ ပုံမှန်ဝင်ငွေရှိတဲ့ စီးပွားရေး ကလည်းမရှိ။ ဒီလိုလူမျိုး ဘယ်တော့ကြီးပွားမှာလဲ။ ဒီလို ယောကျ်ားမျိုးကို ဘယ်မိန်းမက လက်ထပ်ရဲမှာတဲ့လဲ။

မမက စိတ်ထဲ အထပ်ထပ် ပြစ်တင်ရှုံ့ချနေဆဲ ကိုပဥ္စကလည်း မမလိုပင် တွေးပါသည်။ ဒီလို အမြဲတလွဲ တချော် ပျာယာခတ်ပြီး မိန်းမ မပီသတဲ့ မိန်းမမျိုးမို့ အပျိုကြီး ဖြစ်နေတာ ဆန်းသလား။

မိန်းမဆိုတာ ယောကျ်ားတွေကို နိုင်းရရင် နိုင်းရ၊ မနိုင်းရရင် ယောကျ်ားတွေရဲ့ ပိုက်ဆံအိတ်ကို ပြားချပ်စေတဲ့ အမျိုးအစားတွေမို့ သူက မိန်းမတွေနဲ့ ပတ်သက်တိုင်း သတိ ကြီးစွာထားတတ်တာ အကျင့်တောင်ပါနေခဲ့ပြီ။ သူက ဘယ် မိန်းမကိုမှ ကူညီချင်သူ မဟုတ်ပါ။ မိန်းမတွေဟာ အကူအညီ တောင်းတာပါဆိုတဲ့ နာမည်လှလှလေးတပ်ပြီး ယောကျ်ား တွေကို နိုင်းချင်ကြတဲ့ အမျိုးအစားတွေ ဖြစ်သည်။ သူက သူ့ပိုက်ဆံအိတ်ကို မိန်းမတွေအတွက်တော့ ဘယ်တော့မှ အပါးမခံ။

"ရပြီ…ရပြီ…အဲဒီရှေ့နားမှာပဲ ရပ်လိုက်"

ကားက တုံ့ခနဲ ရပ်သွားပါသည်။ မမကျော်က ပိုက်ဆံအိတ်ကို ဖွင့်ရင်း…

စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ဦးလေးကြီး ကားခ ဘယ်လောက်ကျသလဲ"

"ခရီးနှစ်ခုပေါင်း ထောင့်ရှစ်ရာပဲ ပေးပါ"

"ဒါဆို တစ်ယောက် ကိုးရာပေါ့"

"ဒီမှာ တစ်ထောင်တန်ရှင့်…တစ်ရာ ပြန်အမ်းပါ"

"ဟာ…ကျွန်တော့်မှာ တစ်ထောင်တန်တွေချည်းပဲ၊ ဟိုဆရာ ခင်ဗျားကော ဘာတန်လဲ"

"ကျုပ်လည်း တစ်ထောင်တန်ပဲ"

"ဒါဆို ဒီလိုလုပ်ဗျာ…ကျုပ်မှာ နှစ်ရာတန်တော့ ရှိတယ်၊ ခင်ဗျားတို့နှစ်ယောက် တစ်ယောက် တစ်ရာ ယူလိုက်ပေါ့"

မမက ပျာပျာသလဲ ဖြစ်သွားကာ…

"မဖြစ်ဘူးရှင့်…ရှင်းရှင်းလင်းလင်းပဲ လုပ်ပါ"

"ခင်ဗျားတို့ အချင်းချင်း မိတ်ဆွေတွေပဲ မဟုတ်လား"

"မိတ်ဆွေက မိတ်ဆွေ၊ ပိုက်ဆံက ပိုက်ဆံပါပဲဗျာ… အဲ့ဒီ ပိုက်ဆံနှစ်ရာတန်ကို သူယူသွားပြီး အမှေ့ခံနေရင် ကျုပ်မှာ ဒီတစ်ရာလေးကို တောင်းနေရမှာ သိက္ခာကျပါတယ်"

မမသည် ကပ်စေးနဲ့လွန်းသော စာရေးဆရာကို ဒေါသထွက်လာရလေသည်။



တက္ကစီဆရာမှာ နှစ်ရာတန်ကို ကိုင်ပြီး ဘယ်သူ့ ပေးမှန်းမသိ အူလည်လည်ဖြစ်နေဆဲ မမက ဆတ်ခနဲ ဆွဲယူ လိုက်ကာ တစ်ပိုင်းကို ဆွဲဆုပ်လိုက်ပြီး…

"ကဲ…ရော့…ရှင်းသွားပြီ မဟုတ်လား"

"ဟာ…ခင်ဗျား ဒါဘာလုပ်တာလဲ၊ ပိုက်ဆံဆိုတာ အလကားမရဘူးဗျ…ခင်ဗျား ဒီလိုလုပ်တာ ဘယ်သူ့ အတွက်မှ အကျိုးမရှိဘူး"

မမက ဘာမှဆက်မပြောတော့ဘဲ ကားတံခါး ကို ဆောင့်ဖွင့်ကာ ဆင်းလာခဲ့လေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



www.foreverspace.com.mm



မမသည် ပထမတော့ ဒေါသဖြစ်စွာ အခန်းထဲ ဝင်လာခဲ့သော်လည်း နည်းနည်းကြာလာတော့ ပိုက်ဆံတစ်ပိုင်းကို ကြည့်ရင်း ရယ်ချင်လာရလေသည်။ မမက အိပ်ရာထဲ လှဲချလိုက်သောအခါ သူ့ရဲ့ အချိုးမပြေမှုတွေက တစ်ခုပြီးတစ်ခု ပေါ်လာတော့သည်။ ယောကျ်ားကြီးတန်မဲ့ နှမြောတွန့်တိုပုံကြီးဟာ ပြန်တွေးတိုင်း ရယ်ချင်စရာ ကောင်းလှပါသည်။ သူနဲ့ မမရဲ့ တွေ့ဆုံပုံတိုင်းဟာ ဘယ်တော့မှ အချိုးတကျ မရှိခဲ့။ ရယ်ချင်စရာ စိတ်တိုစရာများနှင့်သာ ပြည့်နှက်နေခဲ့တာ ဖြစ်သည်။

မမသည် ပိုက်ဆံတစ်ရာကို နှမြောလွန်းလို့ တုန်ရီသွားသော သူ့မျက်နှာကြီးကို မြင်ယောင်လာကာ အသံထွက်လို့တောင် ရယ်မိလေသည်။ မမရယ်လို့မှ မဆုံးသေးခင် မေမေက အခန်းထဲ ဝင်လာကာ…

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"မမ ဒါက ဘာဖြစ်နေရတာတုန်း"

"ဘာမှ မဖြစ်ပါဘူး မေမေရယ်"

"ဘာ မဖြစ်ရမှာလဲ...ညည်းတစ်ယောက်တည်း ကြိတ်ရယ်နေတာ ငါ ကြားလိုက်သားပဲ"

"ဒီလိုပါပဲ မေမေရယ်...ရယ်စရာတွေးမိလို့ပါ"

"မသိပါဘူးအေ...ငါက ညည်းစံနှုန်းတွေအားလုံးနဲ့ ကိုက်ညီတဲ့ ချစ်သူမျိုးများ ရနေပြီလားလို့ပါ"

မေမေက ခပ်ငေါ့ငေါ့ ပြောကာ ထွက်သွားလေသည်။

မေမေက မမဟာ တော်ရုံယောကျ်ားကို စိတ်ကူးမည့်သူ မဟုတ်တာကိုတော့ ယုံကြည်ထားကာ ထိုယုံကြည်ချက်ကိုပင် အမြင်ကတ်နေပုံ ရလေသည်။

မမကာ အမှန်တကယ်လည်း တော်ရုံယောကျ်ားကို စိတ်ကူးချင်သူ မဟုတ်ပါ။ သို့သော် မမ အခု စိတ်ကူးတွေးတောနေမိတာက မမရဲ့ စံနှုန်းတွေနှင့် လုံးဝ မကိုက်ညီသော ဗြုတ်စဗျင်းတောင်း ကိုပဥ္စရဲ့ အကြောင်းတွေဖြစ်သည်။

မမသည် စိတ်တိုလာကာ အတွေးတွေကို ခါထုတ်ပစ်လိုက်ရလေသည်။

⌘ ⌘ ⌘

www.foreverspace.com.mm







မမကျော်သည် လူထူထပ်သော လက်ဖက်ရည်ဆိုင်မှာ မမတို့လောက၊က လူသုံးယောက်နှင့် အတူထိုင်စကားပြောနေသော ကိုပဥ္စကို လှမ်းတွေ့တွေ့ချင်းပင် ရင်ထဲဝုန်းခနဲ ဆောင့်ခုန်သွားရလေသည်။

ထိုလူသုံးယောက်သည် ဖြုန်းခနဲ ထရယ်လိုက်တာတွေ့တော့ ခြေဖျားလက်ဖျားတွေပင် အေးလာသည်။ ဒီလူဟာ မမကို ပိုက်ဆံကိစ္စ အမြင်ကတ်နေတာနဲ့ပဲ မမရေကူးကန်ထဲ ပြုတ်ကျတဲ့အကြောင်းတွေကို ဖောက်သည်ချနေပြီလား။ ဒီလက်ဖက်ရည်ဆိုင်က စာရေးဆရာတွေ၊ စာနယ်ဇင်းသမားတွေ ထိုင်တတ်တာမို့ ဒီလူပြောသမျှအားလုံး ကြားကုန်မှဖြင့်...

မမသည် လမ်းဘေး ဆီးသီးသည်ထံမှာ ဆီးသီးတွေ ရွေးခြယ်ဝယ်ယူနေရင်းက အနားက ဘယာကြော်သည် ကုလားလေးကို အသာလက်တို့ကာ...

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"မောင်လေး…အစ်မကို တစ်ခုလောက် ကူညီစမ်းပါ"

"ဘာကူညီရမလဲ…အစ်မ"

"ဟိုးမှာတွေ့လား….ဟိုလက်ဖက်ရည်ဆိုင်မှာ ထိုင်နေတဲ့ အင်္ကျီဖြူညစ်ညစ်အရောင်နဲ့ တစ်ယောက်…ဟော…ဟော…လက်ဖက်ရည်ပန်းကန် ယူပြီးသောက်နေတာလေ…တွေ့လား"

"တွေ့ပြီ အစ်မ…ဒီဘက်အစွန်းကဟာ ဆံပင်ခပ်ရှည်ရှည် မသပ်မရပ်နဲ့"

"အေး…ဟုတ်ပြီ၊ အဲ့ဒီလူကို သွားခေါ်ပေးစမ်းပါ…မောင်လေးရယ်၊ သူ့မိတ်ဆွေတစ်ယောက် ခေါ်နိုင်းတာလို့ပြောပြီးခေါ်ခဲ့…အစ်မ ဒီနားက စောင့်နေမယ်"

ကောင်လေးက ထွက်သွားသည်။ မမက ရုံးခန်းက လူတွေအတွက်ရော…အိမ်အတွက်ပါ ဝယ်လာသည့် ဆီးသီးထုပ်ကိုကိုင်ကာ ဘယာကြော်ဇုန်းနားမှာ ရပ်နေလိုက်ပါသည်။

"ဘယာကြော် ဝယ်မလို့ဟာ ဘယာကြော်သည်က ဘယ်ရောက်သွားပြီလဲ မသိဘူး…"

မမနားကပ်ပြီး အဒေါ်ကြီးတစ်ယောက်က ညည်းညူလိုက်တာမို့ မမက ကောင်လေး ရောင်းရပါစေတော့ဟု စေတနာထားကာ…



"ယူပါ အန်တီ…တစ်ခု နှစ်ဆယ်ထင်ပါတယ်"

"ဟင်…သမီးက ဒီဘယာကြော်နဲ့ ဘယ်လိုပတ်သက်လို့လဲ…"

"ဘယာကြော်ရောင်းတဲ့ကောင်လေးကို သမီး ဟိုနားခိုင်းလိုက်လို့ပါ၊ အန်တီ ဘယ်နှစ်ခုယူမလဲ…ဆယ်ခုယူလိုက်ပါလား၊ ဘယာကြော်တွေက ရှနေတာပဲ"

"အေး…အေး…ဆယ်ခုပဲ ထည့်"

မမက ဘယာကြော်တွေကို ထည့်ပေးနေဆဲ…

"ဒီအစ်မ ခေါ်ခိုင်းတာ အစ်ကို…အစ်မ ဒီမှာ အစ်ကို ရောက်နေပြီ"

"ဩော်…ဘယာကြော် ကုလားမက အခေါ်ခိုင်းလိုက်တာကိုး"

မမက ဆတ်ခနဲ ခေါင်းထောင်ကြည့်မိတော့ သူက ပြုံးစေ့စေ့မျက်နှာထားနှင့် လက်ပိုက်ရပ်ကြည့်နေကာ….

"ဆိုစမ်းပါဦး…ဘာကိစ္စ…"

"ဒီမှာ…ရှင် ကျွန်မကို လှောင်သလို သရော်သလို လုပ်မနေနဲ့…ကျွန်မက ပြောစရာရှိလို့ ခေါ်ခိုင်းတာ"

"လက်ဖက်ရည်ဆိုင်နေတဲ့ လူကိုတောင် ခေါ်ခိုင်းရ

www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။



တယ်လို့ဗျာ…ခင်ဗျားကိစ္စက ဘယ်လောက်အရေးကြီး နေလဲ…ဒါ ကျုပ်ရဲ့ ကိုယ်ပိုင်အချိန်"

"ရှင် ကျွန်မ မေးတာကိုသာ မှန်မှန်ဖြေပါ…စာရေးဆရာ"

"ဘာမေးမှာလဲ"

"ရှင် ခုန ဟိုလူတွေနဲ့ ဘာတွေပြောနေတာလဲ"

"ဟာ…ဒါ ကျုပ်ကိုယ်ရေးကိုယ်တာပဲ…ခင်ဗျားနဲ့ ဘာဆိုင်လဲ…"

"ဆိုင်နေမှာစိုးလို့ မေးရတာရှင့်"

"ဘာမှမဆိုင်ဘူး…ကျုပ်ပြောနေတဲ့စကားထဲမှာ ခင်ဗျား အကြောင်း တစ်ခွန်းမှ မပါဘူး"

"သေချာတယ်နော်…"

"သေချာတယ်ဗျာ…ဘာကိစ္စကျုပ်က ခင်ဗျားအကြောင်းတွေ တဖွဖွပြောနေရမှာလဲ…မိန်းမတွေအကြောင်းကို စကားထဲ ထည့်ထည့်ပြောတတ်တဲ့အကျင့် ကျုပ်မှာ မရှိဘူး"

"ထည့်ပြောရလောင်အောင်လည်း ရှင့်ကို အရေးတယူ ပြုမယ့် မိန်းမမျိုးမှ မရှိဘဲကိုး"

"ရှိတယ် မရှိဘူးဆိုတာ ခင်ဗျား သိပါတယ်"



"ဒီမှာ…ရှင် ကျွန်မကို ကတိပေးစမ်းပါ"

"တောင်းပြန်ပြီ…ဒီကတိကို"

"ရှင် ကျွန်မကို ရေကူးကန်ထဲ ပြုတ်ကျတဲ့ ကိစ္စကို ဒီတစ်သက် ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးစမ်းပါ"

"ဒါတော့ မပေးနိုင်ဘူး…ကြုံရင် ကြုံသလိုတော့ ပြောရမှာပဲ…ဒါ တကယ်ထိမိတဲ့ ဟာသကွက်လေး တစ်ကွက်ပဲ၊ ခင်ဗျားပြောလိုက်မှ သတိရတယ်၊ အခု ကိုပဲ ဟိုလူတွေကို ပြောပြရဦးမယ်…ပြီးရင် ဝတ္ထုထဲ လည်း ထည့်ရေးလိုက်ဦးမယ်"

"ရှင်နော်၊ ရှင် ဘယ်လိုလူလဲ၊ နည်းနည်းလေးမှ ယဉ်ကျေးမှု မရှိပါလား"

"ဒါ ကျုပ် အခွင့်အရေးပဲဗျာ…ခင်ဗျား လာရှုပ်တွေ့ မနေစမ်းပါနဲ့…ကဲ ကျုပ်သွားတော့မယ်"

"စာရေးဆရာ…ရှင် ကျွန်မကို ဒေါသဖြစ်အောင် မဆွနဲ့နော်"

မမသည် ခပ်တည်တည် မှန်တောတော ပြောနေသော သူ့ကိုကြည့်ရင်း ဒေါသဖြင့် တဆတ်ဆတ် တုန်လာလေသည်။

စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



www.foreverspace.com.mm

ဒီလိုလူမျိုးက အစိုးရတာ မဟုတ်ချေ။ သူ စိတ်မထင်လျှင် မထင်သလို နှုတ်လွယ်လွယ်နဲ့ ပြောချပစ်လိုက်ရင်တော့ မမမှာ အဟားခံရတော့မည်။ လက်ဖက်ရည်ဆိုင်ထိုင်တဲ့ ယောကျ်ားတွေဟာ ဒီလို လူစုမိတိုင်း သတင်းအစုံကို လက်ဖက်ရည်နဲ့ မြည်းကြတာဖြစ်သည်။ မမအကြောင်းဟာ သူတို့ လက်ဖက်ရည်နဲ့ မြည်းစရာတော့ အဖြစ်မခံနိုင်ပါ။ မမ ဘာလုပ်ရရင် ကောင်းမလဲ။ သူကတော့ မမကို မခံချင်အောင်ပြောကာ လှည့်ထွက်သွားပါသည်။ ထိုခဏမှာ မမ နောက်နားဆီက အသံတစ်သံ ကြားလိုက်ရသည်။

"ဟာ…လမ်းလယ်ကောင်မှာ ဘာရပ်လုပ်နေတာလဲ"

အသံနဲ့တစ်ဆက်တည်း မမ လက်ထဲက ဆီးသီးတွေထည့်သည့်အိတ်ကို တိုက်ချခံလိုက်ရသည်။ အိတ်က လွတ်ကျသွားကာ ဆီးသီးတွေဟာ ကိုပဥ္စ၏ ခြေဦးတည့်ရာဆီ ဝေါခနဲ ပြေးဝင်သွားလေသည်။

"ဟာ…ဟာ…ဟာ…"

စာရေးဆရာမှာ ရုတ်တရက်မို့ အလုံးအရင်းနှင့် ပြေးဝင်လာသော ဆီးသီးတွေကို ခြေမကိုင်မိ၊ လက်မကိုင်မိ ရှောင်ရင်းကပင် ချော်နင်းမိကာ ဗိုင်းခနဲ ဖင်ထိုင်ရက်သား လဲကျသွားတော့သည်။



www.foreverspace.com.mm

"ခင်ဗျားဗျာ…ခင်ဗျား…ကျုပ်ကို လုပ်ကြံတာ… ဒါ တမင်လုပ်ကြံတာ"

မမသည် လူလည်ကောင်မှာ ရပ်ပျက်ဆင်းပျက် လဲကျသွားသော ကိုပဥ္စကို လက်ကာပြရင်း…

"ဟင့်အင်း…မဟုတ်ဘူး…မဟုတ်ဘူး၊ ဒါ ကျွန်မ တမင်လုပ်တာ မဟုတ်ဘူး…ဒုက္ခပဲ ဘယ်နာသွားလဲ၊ ထ…ထ၊ ထ,နိုင်လာ…ကျွန်မကို တွဲထ,လိုက်"

စာရေးဆရာမှာ မျက်နှာတစ်ခုလုံး ရဲတွတ်ကာ သူ့ဘာသာသူ ကြုံးရုန်းထလာပါသည်။ သို့သော် သူ့ခြေထောက်က ထော့နဲ့နဲ့ ဖြစ်နေသည်။

"ရှင့်ပုဆိုးမှာလည်း ရွှံ့တွေရေတွေနဲ့၊ ခြေထောက်လည်း နာတယ်မဟုတ်လား၊ ကျွန်မကား ဟိုနားမှာ ရပ်ထားတာ…လာပါ…ကျွန်မ ကားနဲ့လိုက်ခဲ့ပါ၊ လိုက်ပို့ပေးပါ့မယ်"

သူက မမကို ခပ်စွေစွေ မကျေမချမ်း ကြည့်လိုက်သည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။

www.foreverspace.com.mm





မမသည် သူ့ကို အမြင်ကပ်သော်လည်း ခုလို ကိုယ့်ရှေ့မှာ ကိုယ့်ပယောဂ မကင်းဘဲ ရုပ်ပျက်ဆင်းပျက် လဲပြိုသွားရသည့် အတွက်တော့ စိတ်မကောင်းဖြစ်ရလေသည်။

စာရေးဆရာက မမတွဲတာလည်း လက်မခံဘဲ ထော့နဲ့ထော့နဲ့နှင့် တိုက်ခန်းလှေကားထစ်တွေကို နင်းတက်နေသည်။ မမက သူ့နောက်က တိတ်ဆိတ်စွာ လိုက်ပါလာပါသည်။

သူ့မျက်နှာက မှုန်ကုပ်တည်တင်းနေပြီး မမကို စကားတစ်ခွန်းမှ မပြောတော့ချေ။

အခန်းထဲ ဖွင့်ဝင်လာတော့ သူက ပက်လက် ကုလားထိုင်မှာ ဝင်ထိုင်ရင်း အခန်းပတ်ပတ်လည်ကို ကြည့်မိသည်။ သူ့ တိုက်ခန်းကျဥ်းကလေးဟာ မှုန်ကုပ်ကုပ်နှင့် ဆိတ်သုဥ်းနေသည်။ ပစ္စည်းတွေက အရင်လောက် မရှုပ်မပွတော့

စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဥ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

www.foreverspace.com.mm



သော်လည်း သပ်တော့မသပ်ရပ်။ အခန်းထဲမှာ လေဝင်လေထွက်ကလည်း မကောင်းချေ။ ဘာပစ္စည်းမှလည်း မည်မည်ရရ မရှိဘဲ စာအုပ်တွေသာ တောင်ပုံရာပုံ ရှိနေလေသည်။

ဒီလိုအခန်းမျိုးမှာ တစ်ယောက်တည်း နေပြီး စာပေကို ဖက်တွယ်နေတဲ့သူ့ကို မမက ပထမဦးဆုံးအကြိမ်အဖြစ် ကရုဏာသက်မိရလေသည်။

သူက မမကို ကျောခိုင်းထိုင်နေရင်းက လှမ်းပြောသည်မှာ…

“ခင်ဗျား ကိုယ့်ကိုယ်ကို ကာကွယ်တာက အိုဗာဖြစ်လွန်းတယ်…မမကျော်၊ ပြီးတော့ ခင်ဗျားက ကျုပ်ကို မယုံသင်္ကာ ဖော်ကားရဲသေးတယ်…ခင်ဗျားမှာ ဦးနှောက်ရှိရင် စဉ်းစားကြည့်ဖို့ကောင်းတယ်…ခင်ဗျား ရေကူးကန်ထဲ ပြုတ်ကျတုန်းကတောင် ကျုပ် အကာအကွယ်ပေးခဲ့သေးတာပဲ…ဒီအကြောင်းတွေကို ကျုပ်က လူတကာကို လျှောက်ပြောနေပါ့မလား”

“ဒါပေမယ့် ရှင်က ကတိမပေးခဲ့တော့ ကျွန်မက စိတ်ပူတာပေါ့…ပြီးတော့ ရှင်က လူတကာကို ပြောပြမယ်လို့ပြောသွားသေးတော့ ကျွန်မက စိတ်ပူရတာပေါ့”

“ခင်ဗျား မခံချင်အောင် ပြောနေတာ ခင်ဗျား မသိဘူးလား၊ ဒီအရွယ်ပဲ ရောက်နေပြီ…အတည်ပြောမှန်း နောက်ပြောမှန်းတောင် မသိရလောက်အောင် ခင်ဗျားက မအူလည်နိုင်လွန်းတယ်”

“ရှင်ကလည်း ဝှကျုကျုနဲ့ ပေါင်းရသင်းရ လက်ပေါက်ကပ်တဲ့သူမျိုးပဲ မဟုတ်လား…ထားလိုက်ပါတော့…အခု ရှင် ချော်လဲတဲ့ ကိစ္စက မတော်တဆ ဖြစ်ရတာဆိုတာကိုတော့ ရှင် လက်ခံရမယ်”

“ခင်ဗျား ပယောဂတော့ နည်းနည်းပါတယ်…”

“ဒီ့အတွက် အိမ်အထိ လိုက်ပို့ပေးတယ် မဟုတ်လား၊ ကျေနပ်တော့ပေါ့”

မမက မမနားက ရှုပ်ပွနေသည့် စာအုပ်တစ်ချို့ကို ဆွဲထပ်ပေးလိုက်ရင်း…

“ရှင့်အိမ်မှာ ဘာစားစရာရှိလဲ”

“ဘာမှမရှိဘူး”

“ဒါဆို ညနေစာ ဘယ်လိုစားမလဲ…ခြေထောက်ကလည်း နာနေတာ”

“ကိစ္စမရှိဘူး…မစားလည်း ရတယ်”

သူက မမကို ကျောခိုင်းထားလျက်ပင် တိတ်ဆိတ်နေတော့သည်။ မမသည် သူ့ကို တစ်ချက် လှမ်းကြည့်ရင်း

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



စိတ်မကောင်း ဖြစ်လာရတာမို့ အသာခြေဖွနင်းကာ မီးဖိုချောင်ထဲ ဝင်လာခဲ့သည်။

မမက အသံမထွက်အောင် ဂရုစိုက်၍ ပေါင်းအိုးနှင့် ထမင်းအိုး တည်ထားပေးရင်း သူ့ မီးဖိုချောင်ထဲ ဘာစားစရာ ရှိလေမလဲဟု ရှာဖွေသောအခါ ကြက်ဥနှစ်လုံးကို တွေ့ရလေသည်။

မမ ကြက်ဥနှစ်လုံးကို ကြော်လိုက်သည်။ မမက အိမ်မှာ ဟင်းမချက်တာ ကြာပြီဖြစ်ပေမယ့် ကြက်ဥလောက်တော့ ကြော်တတ်သေးသည်။

ထမင်းအိုးအကျက်ကို စောင့်ရင်း မျက်စိထဲ အမြင်မတော်တာ တချို့ကိုပါ သိမ်းဆည်းပေးလိုက်သည်။ ထမင်းကျက်တော့မှ ထမင်းပန်းကန်ထဲ ကြက်ဥကြော်နှစ်လုံးထည့်၊ ဇွန်းတပ်ကာ သူ့ရှေ့မှာ ချပေးလိုက်ပြီး…

"ဒီမှာ…တတ်သလောက် မှတ်သလောက်တော့ လုပ်ပေးခဲ့တယ်…စားလိုက်ဦး"

ဟု ပြောပါသည်။ သူက မမကို အံ့ဩတကြီး လှည့်ကြည့်ဆဲ…မမက သူ့ကို နှုတ်မဆက်ဘဲ ထွက်လာခဲ့လေသည်။

⌘ ⌘ ⌘







စာရေးဆရာသည် သူ့ဘယ်တုန်းကမှ မခံစားခဲ့ဘူးသော ခံစားချက်တစ်မျိုးဖြင့် ဘာမှ မစားရသေးခင်မှာပင် ရင်ပြည့်၍ ကျန်ခဲ့လေသည်။

ဒါဟာ သူ့အတွက်တော့ ဆန်းကြယ်သော ရသအသစ်တစ်မျိုး ဖြစ်ပါသည်။ ခပ်တည်တည် မာနကြီးကြီး မိန်းမတစ်ယောက်ရဲ့ ပျော့ပျောင်းခြင်းမရှိတဲ့ လိုက်လျောမှုက ပျော့နွဲ့နွဲ့ မိန်းမတစ်ယောက်ရဲ့ ချိုသာမှုနွဲ့ဆွာ လိုက်လျောခြင်းထက် ဆန်းကြယ်နက်နဲစေသည်။ သူဟာ မာယာများတဲ့ မိန်းမမျိုးကို မကြိုက်ခဲ့သလို သူ့ကို လွှမ်းမိုးလိုသော မိန်းမမျိုးကိုလည်း အလိုမရှိခဲ့ပါ။ မမကျော်လို တလွဲတချော်တွေ ဖြစ်တတ်တဲ့ မိန်းမ တစ်ယောက်ကိုတော့ သူက စိတ်တိုခြင်းတစ်ဝက်၊ ရယ်မောခြင်းတစ်ဝက်နှင့် အမှတ်တရ ရှိနေခဲ့ပါသည်။

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ကြည့်စမ်း…ဒီလိုမိန်းမမျိုးက သူ့အိမ်ထဲက ပစ္စည်းတွေကို သိမ်းဆည်းပေးခဲ့တာ…သူစားဖို့တောင် အဆင်သင့် လုပ်ပေးသွားခဲ့သေးရဲ့။

သူသည် လူ့ဘဝရဲ့ ရသတစ်ခုကို စတင်ခံစားရသည်။ မိန်းမတစ်ယောက်ရဲ့ စီမံခန့်ခွဲမှု၊ ညွှန်ကြားခြယ်လှယ်မှု၊ အနိုင်ယူချင်မှု၊ ပူပန်တတ်မှု၊ ဝေဆာသော စကားလုံးများစွာဖြင့် ယောကျ်ားတစ်ယောက်ရဲ့ ငြိမ်သက်ခြင်းကို အသက်ဝင်နိုင်စေမှု၊ ဒါတွေဟာ ယောကျ်ားတစ်ယောက်အတွက် အမှန်တကယ် လိုအပ်သလား…။ သူက သူ အပိုပစ္စည်းဟု သတ်မှတ်ထားသော အရာအတွက် နေရာပေးချင်စိတ်ပင် ပေါ်ပေါက်လာရပါသည်။ တစ်ခါတစ်ခါတော့ အပိုပစ္စည်းတွေအတွက် အလုပ်ရှုပ်ခြင်းကပဲ တစ်မျိုးတမည် အဓိပ္ပာယ်ရှိစေသလား။

သူက သူမ ပြန်သွားသွားချင်းပင် ထမင်းပန်းကန်ကို ကောက်ယူကာ အားပါးတရ စားလိုက်သည်။ အရသာထူးကဲလေစွ။

သူ့စိတ်ထဲမှာ ကျေနပ်နေသည်။ ကြည်နူးနေသည်။ နူးညံ့သော အလှတစ်ခုရဲ့ အုပ်ဆိုင်းထားခြင်းကို ခံရသလိုလည်း လုံခြုံနွေးထွေးနေရပါသည်။







သူ့အိပ်ရာထဲမှာ လဲလျောင်းပြီး မျက်စိစုံမှိတ်လိုက်သောအခါ သူမရဲ့ အချိုးမပြေမှုများ တစွတ်ထိုးဆန့်မှုများကို တစ်ခုပြီးတစ်ခု မြင်ယောင်မိလာသည်။ ထိုအခါ သူ့ရင်ထဲမှာ တလှုက်လှိုက်နှင့် ရယ်ချင်လာရပါသည်။ ထိုမိန်းမအကြောင်း တွေးမိတိုင်း သူ့စိတ်နှလုံးကို ရွှင်မြူးတက်ကြွလာကာ ရင်မောချင်လာရတာဟာ တွေ့စကတည်းကပင် ဖြစ်ပါသည်။

လူက စမတ်တကျ ရှိပေမယ့် သူမရဲ့ ရုပ်ရည်ဟာ စာဖွဲ့လောက်အောင်လည်း မလှပါ။ သူမမှာ ထူးခြားဆုံးကတော့ အလန့်တကြားဖြစ်ရတိုင်း ပြူးထွက်လာသည့် မျက်မှန်အောက်က မျက်လုံးပြူးကလေးသာ ဖြစ်ပါသည်။ သွားပုံ လာပုံကအစ တောက်တက် တောက်တက်နှင့် ဘယ်လိုမှန်းမသိ။ မိန်းမရယ်လို့ နူးညံ့ပျောင်းနွဲ့ခြင်းလည်း မရှိ။ သူမထံမှာ သူစိတ်တိုင်းမကျ မနှစ်သက်တဲ့ အပြုအမူ အပြောအဆိုတွေက တစ်ခုမက ရှိနေပါသေးသည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



သူက သူမအကြောင်း တွေးရင်းကပင် ပြုံးမိ၏။ နောက်တော့ ကြိတ်ရယ်မိ၏။ ခဏကြာသော် အသံထွက်၍ အူလှိုက်သဲလှိုက် ရယ်မောမိလေသည်။

မိန်းမတွေရဲ့ ခပ်ကင်းကင်းနေမှ ဘဝဟာ လွတ်လပ်ငြိမ်းချမ်းမည်ဟု ယုံကြည်ထားသော သူ့ယုံကြည်ချက်တွေလည်း ယိုင်နဲ့စ ပြုလာသည်။

အင်း…သူ့ဘဝမှာ ကော်ဖီတစ်ခွက်ရယ်၊ ဆေးလိပ်တစ်တိုရယ်၊ စာအုပ်တစ်အုပ်ရယ်အပြင် အခြားဘာများလိုအပ်သေးသလဲ။

အချစ်…ဟုတ်ပြီ…အချစ်တစ်ခုတော့ ထပ်မံလိုအပ်လိမ့်မည်။

⌘ ⌘ ⌘

www.foreverspace.com.mm







"မ…ဒီမှာ မ့ကြိုက်တဲ့ ဘာဂါ ကျွန်တော် ဝယ်လာတယ်"

နန္ဒက ဘာဂါထည့်ထားသည့် ဘူးကို မြှောက်ပြပြီး မမ စားပွဲရှေ့မှာ ဝင်ထိုင်လိုက်သောအခါ မမ စိတ်အနှောင့်အယှက် ဖြစ်သွားရလေသည်။ မမတစ်ယောက်တည်း ရုံးခန်းထဲမှာရှိသောအချိန်မို့ သူ ကြာကြာထိုင်နေမှာကိုလည်း မမက စိုးရိမ်မိပါသည်။

ဘာရယ်ကြောင့် မသေချာဘဲ ခုတလော နန္ဒကို မမ စကားပြောချင်စိတ် မရှိပါ။ နန္ဒရဲ့ ရွှန်းလဲ့လဲ့ အကြည့်တွေကိုလည်း ရင်မဆိုင်ချင်ပါ။ နန္ဒကို ဝေးဝေးကသာ ရှောင်ချင်သော မမရဲ့ နဂိုမူလစိတ်တွေသာ ပြန်ပေါ်လာရပါသည်။ နန္ဒက ဂရုတစိုက် လုပ်လာတိုင်း မမစိတ်တွေ လေးနေရသည်။ မမက နန္ဒကို ခပ်တည်တည် ကြည့်လိုက်ရင်း…

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



"တို့ မစားချင်ဘူး နန္ဒ၊ ကေသီတို့ လာမှ ကျွေးလိုက်ပါ၊ ကေသီ ဘာဂါကြိုက်တယ်"

"ကျွန်တော်က မ႕အတွက် ဝယ်လာတာပါ"

"တို့ မစားချင်လို့ပါ"

"ဟိုတစ်နေ့ကတော့ မ႕က ဘာဂါစားချင်တယ်…နန္ဒလမ်းနဲ့ ဘာဂါဆိုင်နဲ့ နီးလို့ ဝင်ဝယ်ခဲ့ပါဆို"

"ဟုတ်လား…တို့ပြောမိသလား၊ အမှတ်တမဲ့ ပြောမိတာ ထင်ပါတယ်၊ မင်းကို ကရိကထဖြစ်အောင် လုပ်သလိုဖြစ်နေပြီ၊ နောက်ကို ဝယ်မလာပါနဲ့"

"ဒါဆိုလည်း…ခု ဝယ်လာတာလေးတော့ စားလိုက်ပါဦး မ႕ရယ်"

"တို့ ရင်ပြည့်သလို ဖြစ်နေလို့ပါ"

"မ႕ ကြည့်ရတာ ခုတလော တစ်မျိုးပဲ၊ ကျွန်တော့်အပေါ်လည်း ခပ်စိမ်းစိမ်း ဆက်ဆံတယ်…အရင်လို မနွေးထွေးတော့ဘူး"

ဘုရားရေ…ဒုက္ခပါပဲလား။ မမသည် နန္ဒအပြောတွေကို ကျောထဲကစိမ့်လာပါသည်။ သူပြောပုံက သမီးရည်းစားချင်းလိုလို။ သူ့ကို ကိုယ် တကယ်ပဲ နွေးထွေးမိခဲ့သလား။

မမရဲ့ ကိုယ့်အတ္တကို အရောင်လက်စေလိုမှုတစ်ခု

www.foreverspace.com.mm



ကြောင့်သာ သူ့ကို ချိုချိုသာသာ ဆက်ဆံခဲ့မိတာပါ။ မမသည် ကိုယ့်ရဲ့ မဆင်မခြင် ကလေးဆန်ခဲ့မိမှုအတွက် နောင်တရချင်လာရပါသည်။ တကယ်တော့ ကိုယ့်ဆီမှာ သူ့အတွက် နေရာမှ မရှိခဲ့တာ။

"ဟင်…မ၊ မ…ဘာကို စိတ်ကွက်နေတာလဲ၊ ကျွန်တော် ဘာအမှားလုပ်ခဲ့မိလို့လဲ၊ မ႕စိတ်ကောက်နေတာရှိရင် ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်၊ မ႕အလိုကျ ကျွန်တော် နေနိုင်ပါတယ် မရယ်၊ မ႕ကို ကျွန်တော်…"

ဘုရား…ဘုရား…ဘာတွေလာပြောနေတာလဲ။ မ႕က ထိုင်ရာမှ ဖြုန်းကနဲ ထ႕ရပ်လိုက်ရင်း…

"မင်းကို တို့ ကူးခိုင်းထားတဲ့ ဓာတ်ပုံတွေ ကူးပြီးပြီလား နန္ဒ၊ အဲ့ဒီပုံတွေကို အမြန်ရမှ ဖြစ်မှာနော်"

"ဓာတ်ပုံက ပါလာပါပြီ…မ၊ ကျွန်တော်ပြောတာ ဆုံးအောင် နားထောင်ပေးပါဦး"

"တို့ အချိန်မရဘူး…နန္ဒ၊ သွားစရာကိစ္စတစ်ခု ရှိတယ်၊ ဓာတ်ပုံတွေကို ကိုငြိမ်းအောင်လာရင် ပေးလိုက်ပါ"

မမက ပြောလည်းပြော၊ အိတ်ကိုလည်း လှမ်းယူ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကာ ကားရပ်ထားသည့် နေရာဆီ မပြေးရုံတမည် လှမ်းလာခဲ့ရင်း ဒေါသ တနံ့နံ့ ထွက်လာသည်။ ပြီးတော့ နောင်တလည်း ရသည်။ ဒီလို ကိုယ့်စိတ်ကူးထဲ လုံးဝမထည့်နိုင်တဲ့ ကောင်လေးမျိုးကို မမ မျှော်လင့်ချက်ပေးသလို ဖြစ်ခဲ့ပြီလား။ မခံချင်စိတ်က မမကို ဒုက္ခပေးခဲ့တာ ဖြစ်ပါသည်။

မမက ကားမောင်းလာရင်း အသက်ရှူတောင် မဝချင်သလို ဖြစ်လာရလေသည်။

⌘ ⌘ ⌘

နန္ဒသည် မရဲ့ ကားကို လှမ်းကြည့်ရင်း ဆံပင်တွေကို ဖွပစ်မိကာ လေပူတစ်ချက်ကို ဖူးခနဲ မှုတ်ထုတ်ပစ်မိလေသည်။

မမဟာ နားလည်ရခက်ပါလား။ နန္ဒရဲ့ မျှော်လင့်ချက် ကလေးတွေပင် မှေးမှိန်သွားရပါသည်။

မ,တစ်ယောက်ဟာ ဟိုတစ်လောလေးကမှ ချိုသာနူးညံ့ခဲ့ပါသေးသည်။ မရဲ့ ဆက်ဆံရေးကြောင့်ပင် သူ့ မျှော်လင့်ချက်တွေ ရှင်သန်တောက်ပလာခဲ့ရတာ ဖြစ်သည်။

ခုတော့ မ,က ချက်ချင်းကြီး ပြောင်းလဲသွားကာ



သူ့ကို မခေါ်မပြောချင်သလို…မရောမဝင်ချင်သလို…ခပ်စိမ်းစိမ်းသာ ဆက်ဆံလေသည်။

ဘာပဲဖြစ်ဖြစ် သူကတော့ လက်မလျှော့ချင်တော့ပါ။ မ,လို ထက်မြက်အောင်မြင်တဲ့ မိန်းမတစ်ယောက်ရဲ့ အရေးပေးမှုက သူ့ကို ကျေနပ်ဂုဏ်ယူစေသည်။

မ,ကြောင့် သူ စိတ်လှုပ်ရှားခဲ့ရသည်။ မ,ကို ပိုင်ဆိုင်ချင်သည်။ မ,ဟာ နန္ဒအတွက်တော့ ကြီးမြတ်သော ဆုလာဘ်တစ်ခုလည်း ဖြစ်ပါသေးသည်။

သူက မ,ရဲ့ စားပွဲပေါ် လက်နှစ်ဖက်ထောက်ကာ ခေါင်းငိုက်စိုက်ကျနေဆဲ ကေသီ ရောက်လာကာ…

“နန္ဒ…အစောကြီးပါလား…မမရော မရောက်သေးဘူးလား”

“ရောက်ပြီး ပြန်ထွက်သွားတယ်”

“ဟုတ်လား…ဘယ်ထွက်သွားတာလဲ”

“ငါ့ကို ရှောင်တာ ဖြစ်မှာပေါ့ဟာ”

“ဟင်…ဘာဖြစ်ကြလို့လဲ”

“မမက ခုတလော တစ်မျိုးပါကွာ…ငါ့ကို အရော မဝင်ချင်သလိုပဲ”

“ဟိုတလောကတော့ မမက နင့်အပေါ် ကြည်ကြည်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm



သာသာ ပြောဆိုဆက်ဆံနေတာပဲ မဟုတ်လား''

''ဟုတ်တယ်…ခုမှ ဘာဖြစ်မှန်း မသိတာ''

''ဒါဆိုလည်း စိတ်လျှော့ထား နန္ဒရေ…မမက တော်ရုံ လူ ဘယ်သူ့ကိုမှ စိတ်တိုင်းကျတာ မဟုတ်ဘူး…နင့်လို ချွတ်ကလေးကတော့ဝေးရောပဲ… စိတ်ကူးယဉ်မနေနဲ့'' ဘာပဲဖြစ်ဖြစ် ငါကတော့ ဆက်ကြိုးစားမှာပဲ''

နန္ဒက ခပ်ပြတ်ပြတ်ပြောကာ လှည့်ထွက်လာပြီး သူ့ဆိုင်ကယ်ကြီးပေါ် လွှားခနဲ ခွလိုက်ပါသည်။

မမကို သူသိပ်တော့ မကျေနပ်ပါ။ မမရဲ့ ရှောင်ထွက်မှုကြီးကလည်း သူ့လို ခပ်ဆတ်ဆတ် လူငယ်တစ်ယောက်ရဲ့ မာနကို ထိပါးစေပါသည်။

⌘ ⌘ ⌘

www.foreverspace.com.mm







ထိုနေ့ မနက်က ကိုပဥ္စ တစ်ယောက်တည်း အေးအေးလူလူ စာဖတ်နေဆဲ အခန်းပြင်ဆီမှ ကျွတ်စီကျွတ်စီ အသံများနှင့် တစ်ဆက်တည်း တံခါးခေါက်သံက ဝုန်းဒိုင်းကျဲ ထွက်ပေါ်လာလေသည်။

''ဘယ်လိုဖြစ်လို့ ဒီလောက်တောင် ဆူညံနေသလဲ မသိပါဘူး''

သူက စိတ်တိုတိုနှင့် တံခါး ထ,ဖွင့်လိုက်သော အခါ နုနုနိုင်နှင့် အပေါင်းအပါများက သူ့အခန်းထဲ ဝရုန်းသုန်းကား ဝင်လာကြတာမို့ သူပင် လန့်ဖျပ်ကာ နောက်ဆုတ်ပေးလိုက်ရပါသည်။

နုနုနိုင်က သူ့လက်မောင်းကို ဖက်တွယ်တော့ မတတ် တိုးကပ်လာကာ…

''ဆရာ…ဒါ နု သူငယ်ချင်းတွေလေ၊ သူက ဝေ၊

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m



သူက ရီ၊ သူက နိုင်နိုင်၊ သူက လှဲ့ဝင်း၊ သူတို့က ဆရာနဲ့ မိတ်ဆက်ချင်တယ်လို့ဆိုပြီး နုကို တဂျီဂျီ ပူစာနေလို့…နုမှာ ဆရာ အလုပ်ပျက်မှာစိုးတဲ့ကြားက ခေါ်လာခဲ့ရတာ"

ပရိတ်သတ်နဲ့ မိတ်ဆက်ချင်တယ်ဆိုတော့လည်း သူ့မှာ မငြင်းသာပါ။ ကောင်မလေးတွေက စာအုပ်ကိုယ်စီ ထုတ်လာကာ…

"ဆရာ…ရီတို့ကို အော်တိုရေးပေးပါနော်"

"ဪ…အင်း…ရေးပေးရမှာပေါ့"

"ခပ်ရှည်ရှည် ရေးပေးနော် ဆရာ၊ ဝေတို့ အမှတ်တရ သိမ်းထားချင်လို့ပါ"

သူက ကောင်မလေးတွေ ထိုးထိုးပေးနေသည့် စာအုပ်တွေကို လှမ်းယူပြီး အော်တိုကို တတ်နိုင်သမျှ ဆွဲဆန့်ကာ ရှည်ရှည် ရေးပေးနေရရင်း ကောင်မလေးတွေ နားငြီးလောက်အောင် စကားပြောနေတာကိုလည်း နားထောင်ပေးရသေးသည်။

"နုက သူတို့အိမ်နားကို ဆရာပြောင်းလာကတည်းက ဆရာ့အကြောင်း တဖွဖွပြောနေတတ်တကာ ဆရာရဲ့"

"နုက သိပ်လျှိုတာ ဆရာ၊ ဆရာနဲ့သူ…ဟိုဒင်း… အဲ…အရမ်းခင်နေကြတာကို ခုမှ ဖွင့်ပြောတာ…"

www.foreverspace.com.m



"ဆရာ နုကို အမှတ်တရ လက်ဆောင်ပေးထားတဲ့ ပန်းချီကားလေးက နိုင်တို့ သိပ်နားမလည်ပေမယ့် ခံစားလို့ရတယ် ဆရာ၊ အဲ့ဒီပန်းချီကားလေးကို နိုင်တို့ သူငယ်ချင်းကို လက်ဆောင်ပေးတဲ့အတွက် နိုင်တို့ သူငယ်ချင်းတွေအားလုံးက ကျေနပ်ဂုဏ်ယူနေကြတာ"

"ဆရာ နုရဲ့ ပုံတူဆွဲပေးမယ်ပြောတယ်ဆို…မြန်မြန် ဆွဲပေးလိုက်ပါ ဆရာရယ်…"

များပြားလှသော စကားတွေကို ကြားကာ သူ နုနုကို သံသယ ဝင်လာရလေသည်။ နုနုဟာ သူ့ သူငယ်ချင်းတွေကို ဘယ်လောက်တောင် ကြွားထားသလဲ မသိပါ။ ပြောနေကြတဲ့ စကားတွေကို နားထောင်ရတာတော့ သူတို့အားလုံး နုနုနဲ့ သူ့ကို သမီးရည်းစားဟု ယူဆနေပုံရပါသည်။

သူက တဖြည်းဖြည်း ရိပ်မိလာရတာ နုနုကို လှမ်းအကဲခတ်မိတော့ နုနုက ရှက်သလိုလို ကျေနပ်သလိုလို အပြုံးမျိုးဖြင့် ငြိမ်နေပါသည်။

သူက ဘယ်လိုဖြေရှင်းရမည် မသိဘဲ စိတ်လည်း ရှုပ်၊ စိတ်လည်း တိုလာရသည်။ နုနုလို မနုးမနပ်ကလေးမလေးကို သူ ဘယ်တုန်းကမှ စိတ်မကူးခဲ့မိပါ။ လူတကာက နုနုနဲ့ သူ ချစ်သူတွေ ဖြစ်နေကြပြီဟု ယူဆမှာကိုလည်း သူ ရှက်ကြောက်စိုးရွံ့မိလေသည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



သူ အကြပ်ရိုက်နေဆဲ တံခါးခေါက်သံ ပေါ်လာလေသည်။ သူက မမများလားဟု တွေးမိကာ ရင်တွေ ဘာတွေပင် ခုန်ချင်လာရပါသည်။ သုံးဆယ်ကျော်မှ ခုန်ရသော ရင်ဖြစ်သည်။

သူ ချော်လဲပြီးတဲ့ နေ့ကတည်းက မမကို သူ မျှော်နေခဲ့သည်။ တံခါးခေါက်သံကြားတိုင်း သူ ရင်ခုန်တတ်ခဲ့ပါသည်။ သူ့ရဲ့ ခံစားချက်ကြီးကို သူကိုယ်တိုင်လည်း အံ့သြနေခဲ့ရသည်။ ဒါဟာ သူ့အတွက်တော့ ထူးခြား ဖြစ်စဉ်တစ်ခုဖြစ်လေသည်။

သူက ရုတ်တရက် အနားက အုပ်စုကြီးကိုပင် မေ့လျော့ကာ တံခါးဆီ အမြန်သွားဖွင့်လိုက်ပါသည်။

"မမ…"

သူ ခပ်တိုးတိုး ခေါ်မိကာ ဘာဆက်ပြောရမှန်း မသိအောင် အနည်းငယ် ဆွံ့အသွားသည်။ မမက မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ကိုင်ကာ သူ့ရှေ့မှာ ရပ်နေသည်။ မမ မျက်နှာပေါ်မှာလည်း အမည်မဖော်နိုင်သော အငွေ့အသက်တချို့ကို တွေ့ရသည်။ အရင်လို ခပ်မာမာ မျက်နှာထားလည်း မဟုတ်၊ အကြောင်ကြောင်မျက်လုံးပြူးကလေးနဲ့လည်း မကြည့်ဘဲ မျက်နှာက ခပ်လွဲလွဲ အိုးတိုးအမ်းတမ်း ဖြစ်နေသည်။



"ဟို…ကြက်ဥကြော် စားလို့ကောင်းတယ်"

သူက သူမ ကြော်ပေးခဲ့သည့် ကြက်ဥကြော်ကို ပြန်နှုန်းခနဲ သတိရကာ ပြောမိပြောရာ ပြောလိုက်သည်။ သူမက ပြုံးချင်ဟန်ဖြင့် မျက်နှာလွှဲသွားကာ…

"ဒီမှာ မဂ္ဂဇင်းထွက်လို့ လာပို့ရင်း ရှင့်ကို သတင်းလာမေးတာ…ခြေထောက် ဘယ်လိုနေသေးလဲ"

"ကောင်းသွားပါပြီ"

သူတို့နှစ်ယောက်လုံး ဘာကြောင့်မှန်းမသိ ခပ်အမ်းအမ်း ဖြစ်နေဆဲ နောက်နားဆီက အသံက ညံခနဲ ထွက်ပေါ်လာသည်။

"ဆရာ ဧည့်သည်လား…"

"ဆရာ့ဧည့်သည်ကို အခန်းဝမှာ မတ်တတ်ကြီး၊ အထဲခေါ်လေ…"

မမက တအံ့တသြ မျက်ခုံးပင့်သွားကာ အခန်းထဲ လှမ်းကြည့်တော့ သူက ပျာပျာသလဲ…

"နုနုရဲ့ သူငယ်ချင်း ကိုယ့် ပရိသတ်တွေပါ…ခုပဲ ရောက်လာတာ…ကျွန်တော့်ကို လာမိတ်ဆက်ကြတာပါ"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ဒီတစ်ခါတော့ နုနုကို ဂရုစိုက်မပြတော့ဘဲ မမ အထင်လွဲမှာကိုသာ သူ ကြောက်နေသည်။

သူက ခပ်ကြာကြာတော့တွေဝေမနေခဲ့ပါ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲဟု စဉ်းစားဆုံးဖြတ်လိုက်ပြီး မမ လက်ကို ဖျတ်ခနဲ လှမ်းဆွဲခေါ်လိုက်ရင်း…

"မင်းတို့အားလုံးနဲ့ မိတ်ဆက်ပေးရဦးမယ်…ဒါ ဆရာ့ ချစ်သူ မမကျော့တဲ့…"

မမက အံ့အားသင့်ထူပူသွားကာ သူ့ကို အလန့်တကြား မော့ကြည့်လိုက်သည်။ ကောင်မလေးတွေက ရုတ်တရက် တိတ်ဆိတ်သွားပြီး နုနုဘက်ကို မေးခွန်းထုတ်သလို လှမ်းကြည့်လိုက်ကြသည်။ နုနုမျက်နှာကတော့ အကြီးအကျယ် ပျက်ယွင်းနေလေသည်။

⌘ ⌘ ⌘

ကောင်မလေးတွေ အားလုံး နှုတ်ဆက်ပြန်သွားပြီး တံခါးပိတ်သည်နှင့် မမက သူ တင်းတင်းဆွဲထားသည့် ကိုယ့်လက်တစ်ဖက်ကို ဆတ်ခနဲ ဆောင့်ရုန်းလိုက်ရင်း…

"ရှင်…ဒါ ဘာအချိုးချိုးတာလဲ စာရေးဆရာ…ဒါ

www.foreverspace.com.mm



ဘာသဘောလဲဟင်၊ ရှင် ကျွန်မကို အသုံးချလိုက်တာ မဟုတ်လား၊ ရှင် ပ,ထုတ်ချင်တဲ့သူရှိလို့ ကျွန်မကို အသုံးချလိုက်တာ မဟုတ်လား"

"အသုံးချတာတော့ မဟုတ်ဘူး…မမ သိစေချင်တာ တော့ပါကောင်းပါမယ်…ဒါပေမယ့် ကျွန်တော့်စကား ကတော့ တကယ့်အမှန်ပဲ…ကျွန်တော် မမကို ချစ်တယ်"

"ဘာ၊ ရှင်…လဲသေ…လဲသေ…"

မမသည် ရင်ခုန်ထူပူနေသည့် ကိုယ့်အဖြစ်ကို ကိုယ် လက်မခံနိုင်စွာ မျက်စိစုံမှိတ်ရင်း အော်ပစ်လိုက်မိပါသည်။ အချိန်တွေ အကြာကြီး ငြိမ်သက်မာကျောခဲ့တဲ့ ကိုယ့်နှလုံးသားဟာ ဒီလို ဖြုတ်စဖျင်းတောင်း လူတစ်ယောက်အတွက် လှုပ်ရှားစရာလား။ ကိုယ့်နှလုံးသားကို ကိုယ် သတ်ပုံမှားနေပြီဟုသာ ယိုးစွတ်လိုက်ချင်ပါသည်။

ဒီလို ဋကျကျ လူမျိုးရဲ့ ပါးစပ်က ဒီလို စကားမျိုးထွက်လာတာ ရယ်ချင်စရာတောင် ကောင်းသေးရဲ့။ ပုံမကျပန်းမကျ စကားလုံးတွေသာ ပြောတတ်တဲ့ သူ့ပါးစပ်က ခုတော့လည်း ဒီလိုစကားမျိုးကို လျှောလျှောလျူလျူ ပြောတတ်လို့…။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



မမဘဝမှာ ဒီလို ယောကျ်ားမျိုးကို ဘယ်တုန်းကမှ မလိုချင်ခဲ့ပါ။ တော်ရုံလောက်တော့ စိတ်တိုင်းမကျနိုင်၊ အထင်မကြီးနိုင်တဲ့ မမကျော်ဟာ သူ့လို အနေအထိုင် စည်းစနစ်မကျ။ အလုပ်အကိုင် မရှိမာတဲ့ လူတစ်ယောက်ကို ဘယ်လိုမှ လက်မခံနိုင်ပါ။

မမသည် ငိုလည်း ငိုချင်၊ ဒေါသလည်း ထွက်၊ စိတ်လည်း ရှုပ်၊ ရှက်လည်း ရှက်၊ ရင်လည်းခုန်ကာ ခံစားချက်ပေါင်းစုံဖြင့် တုန်ရီနေဆဲ သူက မမပခုံးကို ခပ်ဖွဖွဆုပ်ကိုင်လျက် ထိုင်ခုံတစ်လုံးပေါ် ထိုင်စေလိုက်ပြီး အေးဆေးစွာ ပြောသည်မှာ…

"တစ်ယောက်ကိုတစ်ယောက် အမြင်ကတ်…ကြည့်မရတဲ့ လူနှစ်ယောက် ချစ်သူတွေအဖြစ် ပြောင်းလဲသွားတယ်ဆိုတာ သိပ်လွယ်ပါတယ် မမရယ်…တကယ့်ကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပြောင်းလဲနိုင်ပါတယ်၊ တစ်ယောက်ကိုတစ်ယောက် သာမန်ထက်ပိုပြီးဂရုစိုက်မိကြလို့သာ အမြင်ကပ်တာတွေ၊ အခဲမကြေတာတွေအငေါ်တူးတာတွေ၊မခံချင်တာတွေ ဖြစ်လာရတာပေါ့…အဲဒီလို အနေရာကနေ အပြောင်းအလဲလေးတစ်ခု…နူးညံ့မှုလေးတစ်ခု ကြုံလိုက်ရတာနဲ့ မသိစိတ်

www.foreverspace.com.mm



ထဲက ချစ်ခြင်းက ဘွားခနဲ ပေါ်ထွက်လာတတ်ကြတာပဲ"

"လုံးဝပဲ…ကျွန်မကတော့ ရှင့်ကို လုံးဝမချစ်ဘူး…ချစ်သူအဖြစ် လက်ခံဖို့ ဝေးစွပဲ…"

"မမ မချစ်တာ မဟုတ်ပါဘူး…ဒီအရွယ် ဒီအဖြစ်ဒီအချစ်ကို လက်မခံနိုင်တာပါ…လက်ခံဖို့ သတ္တိမရှိတာပါ၊ မမ စိတ်ကို မမ မသိတာလည်း ဖြစ်နိုင်ပါတယ်…"

"ကျွန်မကလည်း ရှင့်ကို ချစ်နေပါတယ်လို့ စွပ်စွဲချင်တာလား"

မမက ဖြုန်းကနဲ ထ,ရပ်လိုက်တော့ သူက မမပခုံးကို ဖျတ်ခနဲ ပြန်ဖိချလိုက်သည်။ မမက ပြန်ထိုင်ကျသွားရဆဲ၊ သူက မမရှေ့ကို စားပွဲတစ်လုံး သွားဆွဲယူလာပါသည်။ ပြီးတော့ သူကပါ မမရှေ့မှာ ထိုင်ခုံတစ်လုံး ဆွဲယူထိုင်လိုက်ပြီး…

"မမ မျက်စိ ခဏမှိတ်လိုက်…"

"အမ်…ဘာလို့ မှိတ်ရမှာလဲ…ရှင် ကျွန်မကို ရုပ်ရှင်ထဲကလို အချိုးမျိုး လာမချိုးနဲ့…"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m



"မဟုတ်ပါဘူး…ကျွန်တော် မမကို ဘာမှမလုပ်ပါဘူး၊ ကျွန်တော်ကလည်း ဒီစားပွဲပေါ် လက်ထောက်ပြီး မျက်စိမှိတ်ထားမယ်…မမလည်း ကျွန်တော့်လိုပဲ မျက်စိမှိတ်လိုက်…ကျွန်တော်တို့ အတူတူ စဉ်းစားကြည့်ရအောင်"

"ဘာကို စဉ်းစားကြည့်မှာလဲ…"

"ကျွန်တော်တို့ စ,တွေ့တဲ့ အချိန်က စ,ပြီး ခုချိန်ထိ ကြုံရတဲ့ အဖြစ်အပျက်တွေ၊ ပြောကြတဲ့ စကားတွေကို တစ်ခုချင်း ပြန်စဉ်းစားမယ်…ပြီးရင် မမ စိတ်ထဲ ဘယ်လိုဖြစ်လာတယ်ဆိုတာပြော… ကျွန်တော်လည်း ပြောမယ်…"

မမကျော့်က သူ့အစီအစဉ်ကို စိတ်ဝင်စားလာရတာမို့ မျက်လုံးမှိတ်ရင်းက စဉ်းစားကြည့်လေသည်။

ပထမဦးဆုံး မမ စိတ်ထဲပေါ်လာသည်မှာ သူ စာရေးရင်း စက္ကူစုတ်တွေကို ပစ်ချနေပုံဖြစ်သည်။ စက္ကူလုံးတွေက အမှိုက်ပုံးထဲမဝင်။ မမက ကျောခိုင်းထားသော သူ့ကို စကားလှမ်းပြောရင်း အမြင်မတော်တာမို့ သူက ပစ်ချလိုက်၊ မမက ကောက်ထည့်လိုက်၊ မမသည် ထိုမြင်ကွင်းကို မြင်ယောင်ကာ ပြုံးစိစိ ဖြစ်လာလေသည်။

www.foreverspace.com.m



နောက်ထပ် မြင်ယောင်မိသည်မှာ ပန်းကန်ကွဲတွေကို နှမြောတသစွာ ဆွဲမြှောက်ပြရင်း မိန်းမကြီးလို ရန်တွေ့နေသော သူ့ပုံပန်းကို ဖြစ်သည်။ မမက တလွဲတချော်လုပ်တိုင်း ပြူးပြူးပျာပျာ ဖြစ်သွားတတ်ပုံ၊ ကပ်စေးနှဲလွန်းစွာ တက္ကစီကို တစ်ဝက်ခွဲနေသော သူ့စကားသံများ၊ နှစ်ရာတန် တစ်ပိုင်းကို ကိုင်ရင်း ဒေါသဖြစ်ကျန်ခဲ့သော သူ့မျက်နှာ၊ လူမြင်ကွင်းမှာ ဗိုင်းခနဲ လဲကျသွားပြီး ကိုးယို့ကားယား ကြုံးထလာသော ပုံ…

မမသည် ပြုံးနေရာကနေ တစိမ့်စိမ့် ရယ်မောချင်လာရတော့သည်။

ကိုပဋ္ဌလည်း မမလိုပင်တည်း။

ပထမဦးဆုံး ကိုပဋ္ဌရဲ့ မျက်စိထဲ ဝင်လာသည်မှာ မျက်စိစုံမှိတ်ကာ ခုန်ဆွ ခုန်ဆွနှင့် 'ကြွက်၊ကြွက်' ဟု ဝက်ဝက်ကွဲ အော်နေသော မမကျော့်ရဲ့ ပုံစံပင်ဖြစ်ပါသည်။ သူက ထိုရုပ်လွှာကို မြင်ယောင်မိသည်နှင့် ပါးစပ်ကို ပိတ်ကာ ခွိခနဲ ရယ်လိုက်လေသည်။ မျက်မှန်ကျကွဲပြီး စမ်းတဝါးဝါး ဖြစ်နေသော ပုံကို မြင်ယောင်တော့ ရယ်ချင်စိတ်ဟာ အူထဲက လိပ်တက်လာသည်။

နောက်ထပ် မြင်ယောင်မိသည်မှာ နောက်ဖေး

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ချောင်ထဲက ပန်းကန်ကွဲပုံကြီးရှေ့မှာ မျက်လုံးအပြူးသားနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော ပုံဖြစ်သည်။

ပျာပျာ၊ ပျာပျာနှင့် ဖိနပ်အနီတစ်ဖက် အနက်တစ်ဖက်ကို စီးကာ Hotel Nikko သို့ ရောက်လာသောပုံ၊ ရေကူးကန်နားမှာ ဖိနပ်နှစ်ဘက် ချွတ်ကြည့်နေပုံ၊ ရေကူးကန်ထဲ ချော်ကျသွားပုံ။

ကိုပဥ္စသည် တွေးလေ…စဉ်းစားလေ…ရယ်ချင်လေဖြင့် မျက်နှာကြီးက ပြုံးဖြီးဖြီးဖြစ်လာကာ ရုတ်တရက် အူလိုက်သဲလိုက် ရယ်မောမိတော့သည်။

ကိုပဥ္စအသံနှင့်ပြိုင်တူ ထွက်လာသည်မှာ မမကျော့ရဲ့ ရယ်သံဖြစ်သည်။

သူတို့ မျက်လုံးဖွင့်လိုက်ကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အတန်ကြာသည်အထိ ရယ်မောနေမိကြသည်။

အားရအောင် ရယ်ပြီးတော့မှ ကိုပဥ္စက မမရဲ့ ကြည်လင်တောက်ပသော မျက်နှာလေးကို ပြုံးကြည့်ကာ…

"မမ သိပြီမဟုတ်လား…ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက်အကြောင်း တစ်ယောက် တွေးမိတိုင်း ရယ်ချင်လာတယ်၊ ပျော်ရွှင်လာတယ်၊ အဲ့ဒီခံစားချက်ကို

www.foreverspace.com.mm



လုပ်ယူလို့ မရဘူး၊ မမတော့ မသိဘူး…ကျွန်တော်ကတော့ ဒီအရွယ်ထိ ဒါမျိုး တစ်ခါမှ မခံစားခဲ့ဖူးဘူး၊ မိန်းမတစ်ယောက်ကို အပိုပစ္စည်းလို့ မမြင်နိုင်တော့တာလည်း မမကြောင့်ပဲ၊ မမက ကျွန်တော့်စိတ်ကို အကြီးအကျယ် ပြောင်းလဲသွားစေတယ်၊ မမ ဝတ်ခဲ့ဖူးတဲ့ ကျွန်တော့် ဂျာကင်လေးကို ကျွန်တော် ပြန်ဝတ်တိုင်း သာမန်ထက်ပိုပြီး နွေးထွေးနေတာလည်း အမှန်ပဲ…"

မမသည် သူ့စကားတွေကို အငိုက်မိသွားကာ ဆွံ့အငြိမ်သက်နေပါသည်။ အလုပ်တွေနဲ့ပဲ အမြဲလို နပန်းလုံးနေခဲ့ရတဲ့ မမဟာ သူ့အကြောင်းတွေကို တွေးတိုင်း ပျော်ရွှင်လာရတာတော့ အမှန်ပင်ဖြစ်သည်။ ပြီးတော့ တဖျုပ်ဖျုပ်ခုန်လာနေသည့် ကိုယ့်နှလုံးသားအကြောင်းကိုလည်း ကိုယ်သိပါသည်။ သို့သော် မမက ဝန်မခံချင်သူမို့ သူ့ကို မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း…

"ရှင် လိုရာ ဆွဲမပြောပါနဲ့…"

သူက ပြုံးစေ့စေ့ ဖြစ်လာပြန်ကာ…

"မမက ဇွတ်ဇတ်ကြဲ သတ္တိခဲပဲ၊ မမသာ ကိုယ့်ကို မချစ်ရင် ခုန ဟိုကောင်မလေးတွေရှေ့မှာတင် မမလက်ကို ဆောင့်ရုန်း၊ ကျွန်တော့်ကိုပါးချပြီး မဟုတ်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ကြောင်း ငြင်းလိုက်မှာပေါ့၊ ခုတော့ မမက အဲဒီလို မလုပ်ခဲ့ဘူးလေ၊ မမ ကိုယ့်ကို အဲဒီလို မလုပ်ရက်ဘူး မဟုတ်လား…"

"ရှင် လဲသေ…လဲသေ…"

"အင်း…သေပြီ"

မမကျော့်က ရှက်ဒေါသနှင့် အော်လိုက်ရာ စာရေးဆရာက လူငယ်ကလေးလို နှပျို့လာခဲ့ကာ ကြမ်းပြင်ပေါ် စန့်နေအောင် လှဲချလိုက်သည်။

"အရူးကျနေတာပဲ…မကြီးမငယ်နဲ့…"

မမသည် သူ့ကို မျက်စောင်းအခါခါထိုးရင်းက ပင် ပျောင်းနဲ့စွာ…ညင်သာစွာ…တဟင်းဟင်းရယ်မောနေခဲ့မိလေသည်။

⌘ ⌘ ⌘



www.foreverspace.com.m



မမကျော်ဆိုသော မိန်းမ တစ်ယောက်သည် နှစ်ပေါင်းများစွာ ယောကျ်ားလေး တော်တော်များများကို ကဲ့ရဲ့ ရှုတ်ချ အထင်သေး စိတ်တိုင်းမကျစွာ နေလာခဲ့ပြီးမှ မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ကိုပဥ္စလို ဖြုတ်စဗျင်း တောင်း စာရေးဆရာကို ချစ်သူအဖြစ် လက်ခံရရှိလေသည်။

မျက်နှာပေါ်က မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေနဲ့ ခေါင်းပေါ်က ဆံပင်ကို ရိတ်ချင်၊ညှပ်ချင်သည့်အခါမှ ရိတ်၊ ရိတ်ရမှာ ပျင်းနေလျှင် ဒီအတိုင်းနေ၊ အဝတ်အစားကိုလည်း စိတ်ရမှ ကောင်းကောင်းဝတ်၊ စိတ်မရလျှင် ဖြစ်ကတတ်ဆန်း၊ ကိုယ်နေသည့် အိမ်ကိုတောင် မှန်မှန် ရှင်းရကောင်းမှန်းမသိ၊ ဒီကြားထဲ ကပ်စေးနှဲလိုက်တာကလည်း တရားလွန်၊ ဝင်ငွေက လည်း ပုံမှန်မရှိ။ သူစာသူ ရှာနဝင်ပြီး ရေးပြီဆို ရူမှန်းမသိ သူမှန်းမသိ၊ နေ့မှန်းမသိ ညမှန်းမသိ၊ ရေချိုးရမှန်းမသိ၊



www.foreverspace.com.m

ထမင်းစားရမှန်းမသိဘဲ လူတွေကိုတောင် စကားဟဟ မပြော ဘဲ ဥပက္ခာပြုထားတတ်သေးသည်။ ဒီလိုလူမျိုးကိုမှ ချစ်သူ တော်ရတာဟာ မမ ကံဆိုးဖို့သာ ရှိပါသည်။

မမသည် စိတ်တစ်ဝက်သာ အပျိုဖြန်းကလေးလို ကြည်နူးလှိုက်မောနေရကာ ကျန်စိတ်တစ်ဝက်ကတော့ စိတ် ညစ်ညစ်နှင့် တွက်ချက်ကြည့်နေမိပါသည်။

သူ့ကိုသာ ယူရလျှင် မမ ရှုံးဖို့သာ ရှိပါသည်။

သူ့မှာ ဘာမှလည်း စုမိဆောင်းမိပုံမရ၊ အိမ်က လည်း ငှားနေရတာ ဖြစ်သည်။ သူ့အတွက်တော့ မမကို ယူရင် အမြတ်ကြီးပဲ မဟုတ်လား။ မမ အိမ်ပေါ် အသင့်တက် နေ၊ မမကားကိုစီး၊ မယားပစ္စည်း လင်တစ်ဝက်ပိုင်တယ်လို့ ဆိုထားတယ် မဟုတ်လား။ ပြီးတော့ သူဖောက်ပြန်လျှင်လည်း မမသာ နစ်နာဖို့ ရှိပါသည်။ ယောကျ်ားဆိုတာ ယုံရတာတော့ မဟုတ်ပါ။

မမသည် အကျင့်ပါနေပြီမို့ မတွက်ချက်ဘဲတော့ မနေနိုင်။ တွက်ချက်ကြည့်လေ မမက ရှုံးရလေ။

သို့သော် တွက်တာက တစ်ပိုင်း၊ ချစ်တာကလည်း တစ်ပိုင်း။ သူ့ဟာနဲ့သူ သပ်သပ်စီမို့ တွက်ကြည့်လို့ ကိုယ့်ဘက် က အသာမရလည်း ချစ်တာကိုတော့ ရပ်သိမ်းလို့ မရပါ။

မမက ကိုယ့်အဖြစ်ကို မေမေ့ကိုလည်း ဖွင့်မပြော

www.foreverspace.com.m



ပြရဲပါ။ မေမေ့ စကားကို ကြားယောင်တိုင်း မမ ကြက်သီး ထ,လာရစမြဲ။

"လေတစ်လုံး မိုးတစ်လုံး ပြောထားပြီး ဘာမဟုတ်တာနဲ့ ကြိုက်လာလို့ကတော့ ငါနဲ့ အတွေ့ပဲ···"

မမက စဉ်းစားရင်း ပခုံးတွေတောင် ကျုံ့လိုက်မိပါသည်။ မမ ခေါင်းမော့လျက် လက်တစ်ချောင်းချင်း ချိုးပြကာ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ် ပြောထားတဲ့ အချက်တွေဟာ ဆယ်ချက်လောက်ရှိမည် ထင်ပါသည်။ အဲဒီအချက်တွေထဲက ကိုပဥ္စနဲ့ ကိုက်ညီတဲ့အချက်က အနည်းအကျဉ်းကလေးသာမို့ မေမေ့ရှေ့မှာ မမ ခေါင်းမမော့ရဲ။

မေမေက သမားရိုးကျ လူကြီးတစ်ယောက်မို့ မမ ယူမယ့် ယောကျ်ားကို ငွေကြေးအခြေအနေ၊ ရုပ်ရည်၊ အနေအထိုင်တွေကိုသာ အဓိကထားပြီး ကြည့်မှာပင်။ ကိုပဥ္စလို လူတစ်ယောက်အဖို့တော့ မေမေ့ရှေ့မှာ မျက်နှာသာရဖို့ လမ်းမမြင်။ ပြီးတော့ မမရဲ့ လေတစ်လုံး မိုးတစ်လုံး ပြောထားတာတွေကို မေမေက လှောင်ပြောင်ရယ်သွေးကာ 'ငါ့သမီး မမကတော့ အပြောတခြား၊ အလုပ်တခြား' ဟု ပြောမှာလည်း သေချာသလောက်ပင်။

မမသည် မေမေ စပ်ဟပ်တာတွေကို အကြောင်းအမျိုးမျိုးပြ၍ ပယ်ချခဲ့တာမို့ ကိုယ့်သဘောနှင့်ကိုယ်၊ ကိုယ့်



ရင်ခုန်မှုနဲ့ကိုယ် ရလာတဲ့ ချစ်သူက မေမေ စပ်ဟပ်တာတွေထက်တော့ သာမှဖြစ်မည်ပင်။ မမ စိတ်ထဲမှာတော့ ကိုပဥ္စက ရှေ့က ရှေ့က လူတွေထက် မမ စိတ်ထဲကို ဝင်ရောက်မှု အလေးသာပါသည်။

ယောကျ်ားတစ်ယောက်ကို ကိုယ့်စိတ်ထဲအရောက် ခေါ်ဖို့ဆိုတာ လွယ်ကူလှတာတော့ မဟုတ်ပါ။ စိတ်ကို စိတ်ချင်းခေါ်မှသာရသည်ဟု မမထင်ပါသည်။ မမက ကိုပဥ္စကို စိတ်စိတ်ချင်း ခေါ်လာပေမယ့် ရုပ်က နောက်မှာ ကျန်ခဲ့သည်။

တကယ်ဆို မမကျော်တို့ကလည်း ဒီအရွယ်မှာ··· ဒီလို အမှန်တကယ် ရင်ခုန်စွာ···ကဗျာဆန်စွာ···ချစ်သူတစ်ယောက်ကို ကိုယ်စွမ်းကိုယ်စနှင့် ရနိုင်သေးတာပဲရယ်လို့ မေမေရှေ့မှာ ကြွားချင်ပါသေးသည်။ သို့သော် ကိုယ့်လူက သိပ်အချိုးမပြေလှတာမို့ ကဲ့ရဲ့ခံရမှာတော့ ကြောက်သည်။

တကယ်တော့ အချစ်ဆိုတာ ပျော်တာတစ်ဝက်၊ စိတ်ရှုပ်ရတာ တစ်ဝက်လားတော့ မသိ။ မမမှာ ချစ်သူရကတည်းက အဲ့ဒီချစ်သူနဲ့ ပတ်သက်တဲ့ အကြောင်းအရာပေါင်း သောင်းခြောက်ထောင်ကို အမျှင်မပြတ် တွေးကောစိတ်ရှုပ်လာရပါသည်။

⌘ ⌘ ⌘

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



သူချစ်မိတဲ့ မမကျော်ဟာ အပျိုကြီးပီပီ တကယ့်ကို စီစဉ်ကြောင်း ပေါင်းရခက်သော၊ ပြီးတော့ ရယ်စရာကောင်းသည့် တလွဲတချော်တွေကို ပြောတတ် လုပ်တတ်သော မိန်းမတစ်ယောက်ဆိုတာ တစ်နေ့တခြား သေချာလာပါသည်။

ချစ်သူဘဝမှာ သူမ ပြောသည့် စကားတွေက ဥစ္စာခြောက်သည့် စကားမျိုးတွေ ဖြစ်နေတတ်ပါသည်။ တစ်နေ့တွင် သူမက စတင်ညည်းညူလာသည်မှာ…

"တကယ်တော့ ယောကျ်ားယူတယ်ဆိုတာ မိန်းမတစ်ယောက်အတွက် ကြိုးတန်းပေါ်လမ်းလျှောက်နေရသလိုပဲ၊ အသည်းထိတ်စရာ ကောင်းတယ်…အမြဲရင်တမမနဲ့…"

"ဆိုစမ်းပါဦး မမရယ်…ဘာတွေများ ကြောက်နေရသလဲဆိုတာ…"

www.foreverspace.com.mm



"ရှင် စဉ်းစားကြည့်ပေါ့ စာရေးဆရာရယ်…မမကျော်ဆိုတဲ့ မိန်းမက ကိုယ့်ဘဝကိုယ် ကိုယ်စွမ်းကိုယ်စနဲ့ တည်ထောင်လာခဲ့တာ၊ ကိုယ် ရှာထားတဲ့ပစ္စည်းကို ကိုယ်မက်မောတယ်၊ ကိုယ့်ပစ္စည်းကို ကိုယ်ပဲ ပိုင်ချင်တယ်"

"အင်း…အင်း…ဥစ္စာခြောက်နေတယ် ဆိုပါတော့"

"ရှင်နော်…မမအကောင်းပြောနေတာ…အဲ့ဒီခေါင်းစဉ်ကြီး လာမတပ်နဲ့…"

"အဲ့ဒီခေါင်းစဉ်မတပ်လည်း အဓိပ္ပာယ်က အဲဒီအတိုင်းပဲထွက်နေတာပါဗျာ…"

"တော်ပြီ…ရှင်နဲ့ မငြင်းတော့ဘူး၊ တကယ်တော့ ဥပဒေကိုက စိတ်ညစ်စရာ ကောင်းတာ၊ မိန်းမတစ်ယောက်က ယောကျ်ားယူလိုက်တာနဲ့ ကိုယ့်ဘာသာမိန်းမတန်မဲ့ ပင်ပင်ပန်းပန်း ရှာထားရတဲ့ ပစ္စည်းကို လင်ကပါ ဘာမဆိုင်ညာမဆိုင် လာပိုင်ခွင့် ရှိနေရော"

"ကိုယ်…ဥပဒေစာအုပ်ထဲမှာ ဖတ်ဖူးတာကတော့ မိန်းမရဲ့ ပါရင်းပစ္စည်းဆိုတာ လင်က သုံးပုံတစ်ပုံပဲ ပိုင်ခွင့်ရှိတာပါကွာ…"

"သုံးပုံတစ်ပုံလည်း မနည်းဘူးလေ…ယောကျ်ားရင့်မာ

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ကြီးက မိန်းမပစ္စည်းတွေကို လာပိုင်ခွင့်ရှိနေတာကိုက ပိုင်စိုးပိုင်နင်း နိုင့်ထက်စီးနင်း ဖြစ်နေဘူးလား…"

"ဒါက မိန်းမတွေဘက်က ပစ္စည်းဥစ္စာ ပါလာလို့သာ ပြောနေရတာ မဟုတ်လား…ယောကျ်ားတွေမှာ ပါလာတော့လည်း မိန်းမက ပိုင်ရတာပဲ၊ ဒါတော့ တရားသလား မမရယ်…"

"အို…ဒါကတော့ ပိုင်ရမှာပေါ့…ယောကျ်ားဆိုတာ မိန်းမအတွက် တင့်တောင့်တင့်တယ်ဖြစ်အောင် လုပ်ပေးရမှာပဲ…မိန်းမတွေခမျာ ကိုယ့်ဘဝကို လင့်ခြေရင်းမှာ မြှုပ်နှံလိုက်မှတော့ ဒီလောက်မကတောင် ရသင့်နေသေးတယ်…"

"မမရယ်…မင်းအတွေးအခေါ်ကိုက ဘက်လိုက်နေတာပါ"

"ဘက်မလိုက်ပါဘူး…မိန်းမဆိုတာ ဖောက်ပြန်မယ့် ရာခိုင်နှုန်းက နည်းနည်းလေးရယ်…ယောကျ်ားကတော့ ရာခိုင်နှုန်းပြည့်နီးပါးပဲ…ဒဲ့ဒီအခါကျတော့ ယောကျ်ားတွေက မိန်းမတွေဆီက ပိုင်ထားတဲ့ ပစ္စည်းကိုယူ…နောက်မိန်းမကိုပေး၊ ဘယ်လောက်နစ်နာသလဲ၊ တွေးကြည့်လေ ကြောက်စရာကောင်းလေ…"



ကိုပဥ္စမှာ ပူပူပန်ပန် စကားဆိုနေသော မမကိုကြည့်ကာ ခွက်ထိုးခွက်လန်ပင် ရယ်ချင်လာရလေသည်။ သူမကြည့်ရတာ သူမမှာတော့ ပိုင်ဆိုင်မှုတွေပါလာပြီး သူ့မှာ ဘာမှမပါနိုင်တာကို တွေးပြီး ခုကတည်းက သုံးပုံတစ်ပုံမျှ ပိုင်ရမှာကို တွန့်တိုဥစ္စာခြောက်နေပါသည်။

သူကတော့ မမကို ချစ်သွားတာကလွဲရင် မမမှာ ဘာပိုင်တယ်,ညာပိုင်တယ်ဆိုတာ တစ်ခါမှ တွေးတောမဆန်းစစ်ခဲ့ဘူးပါ။ သူသာတယ်၊ ကိုယ်သာတယ်လို့လည်း တွက်မကြည့်ခဲ့မိပါ။ သူက ဥစ္စာပစ္စည်းတွေကို မက်မောတတ်သူ မဟုတ်ပါ။ သူ့ဘဝမှာ သူလုပ်ချင်တာကလေးတွေကို လွတ်လွတ်လပ်လပ် လုပ်နေရလျှင် ကျေနပ်ပြီ။ ထမင်းငတ်မှာလည်း သူ မပူပင်ပါ။ သူ့ကို ဘယ်သူဘယ်ဝါက အထင်သေးမှာစိုးလို့ဆိုပြီး ဟိတ်ဟန်တွေလည်း ထုတ်မပြခဲ့ဘူးပါ။ သူ့အဖေက သူ့ထံ တကျိုကျို လှမ်းခေါ်နေတာတောင် သူ မပြန်ဘဲ တိုက်ခန်းကျဉ်းလေးမှာသာ လွတ်လပ်စွာနေသည်။ သူ့အဖေရဲ့ အမွေတစ်ပုံတစ်ပင်ကို သူ မမက်ပါ။ သူရှာဖွေထားတဲ့ ပိုက်ဆံကလေး နှစ်ပဲတစ်ပြားနှင့် ပတ်သက်လာလျှင်သာ နှမြောတွန့်တိုကပ်စေးနှဲရတာဖြစ်သည်။

မမ ဖြစ်ပုံကတော့ ရယ်ဖွယ်အတိပင်။ သူမ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m



စိတ်ထဲ တွက်ချက်နေတာတွေကို သူ့ကို အားနာရကောင်းမှန်း မသိစွာ ထုတ်ဖော်ညည်းညူနေပါသည်။

သူကတော့ အငုံ့စိတ်တွေ၊ သိမ်ငယ်စိတ်တွေ၊ တလွဲမာနတွေ မရှိသူမို့ သူမစကားအတွက် ရုပ်ရှင်ပြကွက် တချို့လို နာကြည်းစွာ မပေါက်ကွဲပါ။ ပစ္စည်းမဲ့မာနနှင့် သူမကို နာကျင်စွာ စွန့်ခွာမသွားပါ။ မင်းထက် ပိုက်ဆံရှိတဲ့ တစ်နေ့ ပြန်လာမယ်လို့ ကြွေးကြော်ပြီးတော့လည်း ငွေများများ ရှာလို့ရမယ့် တစ်နေရာကို ခြေရာဖျောက်မသွားပါ။

သူက သူမရဲ့ ခပ်တိုတို စိတ်ကို ဆွချင်၊ စချင် လာရကာ ခပ်တည်တည် မျက်နှာထားနှင့်ပင်…

"မမနဲ့ယူလိုက်ရင် ကိုယ့်ဘက်ကတော့ အသာစီးချည်းပဲ နော်…"

"ရှင်က ဘာကိုဆိုလိုတာလဲ…"

"ကိုယ်…မမနဲ့အတူ ပိုင်ဆိုင်ခွင့်ရမှာတွေက ပါရင်း ပစ္စည်းတင် မကဘူးလေ…မမနဲ့ ကိုယ်နဲ့ လက်ထက် ပြီးရင် မမက စီးပွားဆက်ရှာဦးမှာဆိုတော့ လက်ထက် ပွား ပစ္စည်းတွေ ရှိလာဦးမယ်…လင်ရှာတဲ့ လက်ထက် ပွား ပစ္စည်းပဲဖြစ်ဖြစ် မယားရှာတဲ့ လက်ထက်ပွား ပစ္စည်းပဲဖြစ်ဖြစ် နှစ်ဦးအညီအမျှ ရပိုင်ခွင့် ရှိတယ်လို့



ဥပဒေက ဆိုထားတယ် မဟုတ်လား…ဒီတော့ မမ ရှာသမျှ ကိုယ်က အေးအေးဆေးဆေးစောင့်ပြီး တစ်ဝက် တိတိ ပိုင်ခွင့်ရနေမှာလေ…"

"ရှင်နော်…ရှင်…"

"အင်း…ပါရင်းက သုံးပုံတစ်ပုံ၊ လက်ထက်ပွားက တစ်ဝက်တိတိ၊ ပေါင်းလိုက်ရင် နောက်ထပ် အိမ်ထောင် တစ်ခုတော့ တင့်တောင့်တင့်တယ် ထူထောင်နိုင်မှာပဲ"

"ကဲ…ကဲ…"

ပြုံးစေ့စေ့နှင့် ရှိနေသော သူ့ကို မမက အသည်း ယားလာပုံနှင့် အားရပါးရ ထုရိုက်လေသည်။

သူ့ပါးစပ်က ဘာပြောပြော သူ့မျက်လုံးထဲမှာ လောဘမရှိတာကိုတော့ မမ တိတ်ဆိတ်စွာ ယုံကြည်နေလိမ့် မည်ဟု သူ အနိုင်အမာ ယုံကြည်နေခဲ့ပါသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/





မိန်းမဆိုတာ ကိုယ်စိတ်တိုင်းမကျတဲ့ ယောက်ျား တစ်ယောက်ကို ချစ်မိပြီးတဲ့နောက်မှာ ကိုယ့်စိတ်တိုင်းကျ ပုံစံမျိုး ဖြစ်လာအောင် ပြုပြင်လို့ ရသည်ဟု မမ ကြားဖူးသည်။ မမက ထိုပုံသေနည်းကို လက်ကိုင်ပြုကာ သူ့ကို ပြုပြင်ဖို့ ကြိုးစားကြည့်ခဲ့မိပါသည်။

“စာရေးဆရာရယ်…ရှင့် ပုံစံကြည့်ရတာ တစ်သမတ်တည်းကို မရှိဘူး…လွန်ခဲ့တဲ့ တစ်ပတ်လောက်က သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ပုံမျိုး ဖြစ်နေတယ်၊ အခု မျက်နှာပေါ်မှာ မုတ်ဆိတ်မွေး ငုတ်စိစိတွေနဲ့ အင်္ကျီဖြူကလည်း ညစ်ထပ်ထပ် ဖြစ်နေပြန်ပြီ…”

“တစ်သမတ်တည်း မရှိတာကိုက လူတစ်ယောက်ရဲ့ ပုံမှန်အခြေအနေပဲ မမ၊ တသမတ်တည်း ရှိနေတယ်ဆိုတာ ပုံမှန် မဟုတ်ဘူး၊ တမင်ပြုပြင် ကြိုးစားအား



ထုတ်ထားရတာ၊ ကိုယ်က အဲဒီလို ကြိုးစားအားထုတ်တာမျိုးတွေ မလုပ်ချင်ဘူး…”

“ရှင့်မျက်နှာပေါ်က အမွေးလေးတွေတော့ ရိတ်လိုက်ပါလား…ဆံပင်လည်း ညှပ်လိုက်လေ…နော်”

“မညှပ်ချင်သေးဘူး…”

“ဘာဖြစ်လို့လဲ…”

“စိတ်မပါသေးလို့၊ စိတ်ပါရင် မမတောင် မတိုက်တွန်းရဘူး…”

“ရှင့်မှာ ချစ်သူတောင် ရှိနေပြီပဲ…ကိုယ့်ကိုယ်ကို ကြည့်ကောင်းအောင်ပြုပြင်ဖို့ စိတ်ကူးမရှိဘူးလားဟင်”

“အဲဒါ အချစ်နဲ့ သိပ်မဆိုင်ဘူး ထင်တယ်…”

“ဆိုင်သင့်သလောက်တော့ ဆိုင်တာပေါ့ရှင်…ဘယ်လို မိန်းမက ရှင့်လို ဖြုတ်စဗျင်းတောင်း လူမျိုးကို ကိုယ့်ချစ်သူပါလို့ ကြွေးကြော်ရဲမလဲ…”

မမက စိတ်တိုလာကာ ရန်တွေ့လိုက်သော်လည်း သူက မတုန်လှုပ်ပါ။

“ကိုယ်…ခုတလော စာရေးဖို့ပဲ စိတ်ရောက်နေတယ် မမ၊ တခြားဘာမှလုပ်ရတာ စိတ်မပါလို့ပါ၊ ကိုယ့်ကိုယ်ကိုတောင် စိတ်မဝင်စားနိုင်တဲ့အချိန်မျိုးမှာ မမနဲ့စိတ်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ဝင်တစား လာတွေ့ပြီး စကားပြောနေတာကိုက မမအတွက် ကံကောင်းမှုတစ်ခုလို့တောင် ပြောရင် ရပါတယ်"

"ဩော်…ဟုတ်ကဲ့ပါ ဆရာကိုပဥ္စရယ်…ကျေးဇူးတင်ပါတယ်…"

မမက ငေါ့ပြောလိုက်ပြီး မျက်နှာကို ရှုပုပ်ထားသော်လည်း သူက လာမချော့ပါ။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲက အချစ်ကြီးသူတွေလို ချစ်သူအလိုကျရယ်လို့ ကိုယ့်အယူအဆတွေ၊ ကိုယ့်အတွေးအခေါ်တွေ အားလုံးကိုလည်း ပြောင်းပြန်လှန်မပစ်လိုက်ပါ။ သူ့ဘာသာပင် ပိုနေမြဲ ကျားနေမြဲ လွတ်လပ်စွာ ရှိနေပါသည်။ ပြီးတော့ သူကပင် ပြောလိုက်သေးသည်။

"ကိုယ် ခုချိန်မှာ မမအကြိုက်လိုက်ပြီး မမ အလိုကျနေပြလိုက်လည်း ရတာပဲ…ဒါပေမယ့် လူဆိုတာ ကိုယ့်အကျင့်ကိုပြင်ပြီး ဘယ်လောက်ကြာကြာနေနိုင်မှာလဲ၊ နှစ်ယောက်အတူနေကြတော့မှ ကိုယ့်အပြစ်တွေပေါ်လာရင် မမ ကိုယ့်ကို စိတ်နာလိမ့်မယ်၊ ခုတစ်မျိုးတော်ကြာတစ်မျိုး…မရခင်ကသာ အလိုအကျနေပြပြီး ရပြီးတော့မှ မင်းသားခေါင်းကျွတ်သွားတယ်လို့ ကျွန်မ



ကို ရှင် ညာယူတာတို့…ဘာတို့ ရန်တွေ့တာမျိုး မခံပါရစေနဲ့…"

"ကိုယ်လည်း မမကို ဖွတ်အတင်း ပုံမသွင်းဘူး…၊ ဒီအသက်အရွယ်ထိ မမရော ကိုယ်ပါ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ထင်သလိုနေလာတာ…ငါတကောကောနေကြတာ…ခုမှ ဘယ်သူကမှ ဘယ်သူ့ကို လွှမ်းမိုးပြုပြင်လို့ မရနိုင်တော့ဘူး၊ မမရဲ့ ဥစ္စခြောက်ပြီး တုတ်ထိုးအိုးပေါက် ပြောသမျှတွေ တလွဲတချော်တွေ…ဘဝင်မြင့်သလိုလို ဘာလိုလိုတွေ အားလုံးကိုလည်း ကိုယ်အရှိအတိုင်း လက်ခံတယ်၊ မမလည်း ကိုယ့်ကို အရှိအတိုင်း လက်ခံ"

မမမှာ သူ့ကိုပြုပြင်လို့ မရတာမို့ ပထမတော့ ဒေါသဖြစ်ရ၊ စိတ်တိုရ၊ ရန်တွေ့ရနှင့် ပူလောင်ဆူပွက်နေခဲ့ပါသည်။ သို့သော် တဖြည်းဖြည်း ကြာလာတော့ တစ်ယောက်ကိုတစ်ယောက် အရှိအတိုင်း လက်ခံလိုက်ကြဖို့သာ သဘောတူညီချက် ရသွားလေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



သူတို့နှစ်ဦးသည် တစ်ဦး၏ အချိုးမပြေမှုများကို တစ်ဦးက သည်းညည်းခံရင်းကပင် ဟိုတုန်းကထက် အသက်ဝင် စိုပြေလာသော ဘဝကို အတူတကွ ဖြတ်သန်းခဲ့ကြတာ ဖြစ်သည်။

သို့သော် မကြာခင်မှာပင် စိတ်ရှုပ်ထွေးစရာ အဖြစ်အပျက်တွေက ဆက်တိုက်လိုလို ပေါ်ပေါက်လာခဲ့ပါသည်။

ထိုနေ့က စာအုပ်တိုက်ဖွင့်ပွဲ တစ်ခုသို့ မမရော စာရေးဆရာပါ အတူတကွ ရောက်ရှိနေခဲ့ကြသည်။

စားပွဲတစ်ဝိုင်းမှာ မမတို့နှစ်ယောက်တည်း ထိုင်ကာ စကားပြောနေဆဲ မဂ္ဂဇင်းအတွက် ဓာတ်ပုံလာရိုက်နေသည့် နန္ဒက ဂျစ်ကန်ကန် မျက်နှာထားနှင့် မကြာခဏ လှမ်းလှမ်းကြည့်နေတာကို မမ သတိထားမိနေရသည်။



နန္ဒက မမကို မကျေနပ်တာကို မမလည်း သိပါသည်။ သို့သော် သူ ကျေနပ်အောင် အရောလည်း ဝင်မပြချင်ပါ။ မမက သူ့ကို မျှော်လင့်ချက်တွေ အများကြီးပေးပြီး မာယာနဲ့ ဖြားယောင်းခဲ့တာတော့ မဟုတ်ပါ။ မခံချင်စိတ်နဲ့ နည်းနည်းပါးပါး ချိုသာမိရုံကလေးပါ။ ဒါကိုပဲ သူက မကျေမလည်ဖြစ်ကာ မမနဲ့ ကိုပဋ္ဌကို ရန်သူလို ကြည့်ကြည့်နေသည်။ မမက နန္ဒနှင့်ပတ်သက်ကာ စိတ်အနှောင့်အယှက်ဖြစ်နေရဆဲ နုနုနိုင်က မမ မြင်ကွင်းထဲ ဖြုန်းခနဲ ပေါ်လာသည်။

ကိုပဋ္ဌသည် ဘယ်လိုက ဘယ်လို သတင်းရပြီး ရောက်လာသည် မသိသော နုနုကို တွေ့တော့ ရင်ထိတ်သွားရပါသည်။ သူမ သူ့ကိုမကျေနပ်တာကို သူသိသည်။ သို့သော် ဒီအထိတော့ ရောက်လာလိမ့်မည်ဟု သူမထင်ခဲ့မိပါ။ ပြီးတော့ သူက သူမ နာကြည်းလောက်စရာ ဘာမှလုပ်ခဲ့တာလည်း မဟုတ်။ ကိုယ့်ကို အတင်းလာရောသည့် မိန်းမလေးကို မမ ရှေ့မှာမို့ ဆယ်ခါတစ်ခါ ချိုသာပြမိရုံကလေး၊ သူမက တောင်းတဲ့ ပန်းချီကားကို ပေးမိရုံကလေးနဲ့တော့ သူမ အသည်းကွဲနာကျင်သွားလိမ့်မည်ဟု သူ မတွေးခဲ့မိပါ။

သူမက သူနဲ့မမကို ထီမထင် အပြုံးကလေးဖြင့် လှမ်းကြည့်ရင်း မျက်နှာ ခပ်မော့မော့နဲ့ သူတို့စားပွဲဆီ တန်း

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



တန်းမတ်မတ် လျှောက်လာသည်။ ပြီးတော့ သူတို့စားပွဲမှာ ခွင့်မတောင်းဘဲ ဝင်ထိုင်ရင်း…

"သိပ်ပျော်နေကြတယ်ပေါ့…"

သူမ ကြည့်ရတာ ရုပ်ရှင်ဆန်ပါသည်။ တကယ့်ကိုပဲ ရုပ်ရှင်ထဲက သရုပ်ဆောင်တစ်ယောက်ရဲ့ အမူအရာမျိုး၊ မျက်နှာထားမျိုး၊ စကားလုံးမျိုး၊ ဇာတ်ဝင်ခန်းကတော့ ကိုယ့်ချစ်သူက တခြားမိန်းမတစ်ယောက်နဲ့ ဖောက်ပြန်နေလို့ လာခဲ့ရသော အခန်းမျိုးဖြစ်သည်။ သူက သူမကို သွေးအေးအေးပင် ရင်ဆိုင်လိုက်ပါသည်။

"နုနု ဘာကိုဆိုလိုတာလဲ"

"ဆရာ…ဘာလုပ်ခဲ့တယ်ဆိုတာ ဆရာ မသိဘူးလား"

"ကိုယ် ဘာလုပ်ခဲ့လဲ…နုနုနဲ့ ကိုယ့်ကြားမှာ ဘာပတ်သက်မှု ရှိခဲ့သလဲ"

"ဆရာ…နုကို မျှော်လင့်ချက်တွေ ပေးခဲ့တယ်…ချိုသာတဲ့ စကားလုံးတချို့နဲ့လည်း နုကို မျှော်လင့်စေခဲ့တယ်…"

"စကားအခွန်းတစ်ရာပြောရင် အဲ့ဒီအထဲက သုံးလေးခွန်းလောက် ချိုချိုသာသာ ပြောမိရုံနဲ့ မျှော်လင့်ချက်ပေးတယ်လို့ ဆိုနိုင်မလား…"

www.foreverspace.com.mm



"အမြဲ ဘုဂလန့်စကားတွေ ပြောတတ်တဲ့ ယောက်ျားတစ်ယောက်က ထူးထူးခြားခြား ချိုသာပြတာဟာ နုကို စိတ်ဝင်စားလို့ပဲလို့ယူဆရင် နု မလွန်ဘူး ဆရာ၊ ဒီလောက်နဲ့တော့ ဆရာ့ကို နု မနာကြည်းသေးပါဘူး၊ ဒါပေမယ့် နု သူငယ်ချင်းတွေရှေ့မှာ ဒေါ်မမကျော်ဟာ ဆရာ့ ချစ်သူပါလို့ တမင်တကာ မိတ်ဆက်ပေးလိုက်တာကတော့ နုကို အရှက်ကွဲစေတယ်"

"ခက်တာပဲ နုနု…မင်း ဒီလောက်အထိ မဖြစ်သင့်ပါဘူး"

နုနုက သူ့ကို ခပ်စိမ်းစိမ်း စိုက်ကြည့်လိုက်ရင်း ငြိမ်သက်သွားပါသည်။ ဒါလည်း ရုပ်ရှင်ပြကွက်တွေထဲကလိုပင်။ ပြီးတော့ သူမက အံတင်းတင်းကြိတ်ရင်း…

"အဲ့ဒီအတွက်…နု ခံစားရတဲ့အတွက်…ဆရာလည်း တန်ပြန်ခံစားစေရမယ်၊ နုမရတဲ့ အရာတစ်ခုကို တခြား ဘယ်သူမှလည်း မရစေရဘူး…နု ဒီနေရာကပဲ သစ္စာဆိုလိုက်တယ်…"

သူက နည်းနည်းတော့ ရယ်ချင်သွားကာ…

"မင်း အပြင်းစား အချစ်ဝတ္ထုတွေ သိပ်အဖတ်များသွားပြီထင်တယ် နုနု…မင်းပြောနေတာတွေက ဝတ္ထုထဲက

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



လိုပဲ၊ ဒါမျိုးက ဝတ္ထုတွေထဲမှာပဲရှိပါတယ်၊ အပြင်လောကမှာ တော်ရုံမိန်းကလေးတွေက ဒါမျိုး မလုပ်ပါဘူး၊ မင်း အေးအေးဆေးဆေး ပြန်ပါတော့၊ မင်းကို နှမသားချင်းလိုပဲ ဆက်ဆံချင်ပါတယ်…"

"နုရဲ့ သစ္စာစကားကို ပြက်ရယ်မပြုပါနဲ့ ဆရာ…ဒါဟာ နုရဲ့ မပြောင်းလဲတဲ့ သစ္စာဖြစ်တယ်…"

"ခက်တော့တာပဲ…မင်း သရုပ်ဆောင် လေ့ကျင့်ချင်ရင် တခြားမှာ သွားကျင့်ပါကွာ…"

"ဒီမှာ ဆရာ…ဆရာတို့နှစ်ယောက် ယူရဲယူကြည့်ပါ၊ ဆရာတို့ မင်္ဂလာဆောင်ကို နုနု မရ,ရအောင် ဖျက်မယ်"

"အိုကေ….မင်း သတ္တိကို ကြိုက်သွားပြီ"

ဘုရားရေ…ဒါက နုနုအသံ မဟုတ်လား။ မမသည် ကိုယ့်ရှေ့မှာ စကားလုံးအပြင်းစားတွေနဲ့ လာခြိမ်းခြောက်နေသော နုနုကိုကြည့်ရင်း စိတ်ရှုပ်လို့မှ မဆုံးရသေးခင် နုနုက မမတို့ စားပွဲနားကို ရောက်လာခဲ့တာ ဖြစ်ပါသည်။ ပြီးတော့ နုနု နံဘေးက ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း…

"မင်းနဲ့ ကိုယ်နဲ့ ဘဝတူပဲ နုနု၊ မင်းကို ခုမှတွေ့ရပေမယ့် ကိုယ် လေးစားပါတယ်၊ မင်း အစီအစဉ်ကို



ကိုယ် ထောက်ခံတယ်၊ ကိုယ်တို့နှစ်ယောက် ပူးပေါင်းလိုက်ရင် မကောင်းဘူးလား…"

မမသည် နုနုကို အလန့်တကြား ကြည့်မိရင်း စိတ်တွေရှုပ်ထွေးဆူဝေကာ ခေါင်းတွေမူးလာသည်။ ကိုပဋ္ဌက အခြေအနေကို ရိပ်မိကာ မမလက်ကိုဆွဲ၍ ထ,ရပ်လိုက်ရင်း…

"အေးကွာ…မင်းတို့ချင်း အစီအစဉ်တူရင်လည်း ပူးပေါင်းတိုင်ပင်ကြပါ၊ ကိုယ့်တို့ကိုတော့ ခွင့်ပြုပါဦး"

သူက မမလက်ကို ဆွဲကာ Hotel ဝင်းထဲက ခပ်သုတ်သုတ် ထွက်လာသည်။ လူရှင်းသော နေရာရောက်တော့ တံ့ခနဲ မျက်နှာချင်းဆိုင် ရပ်လိုက်ကြလေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.m



"ကဲ…ခုတော့ ဘယ်လိုလုပ်ကြမလဲ"

တုံ့ခနဲ ရပ်သွားသော မမတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ဒေါသဖြင့်ကြည့်မိကြရင်း ပြိုင်တူလိုလို အသံထွက်လာသည်။ မမက အရင်ဦးဆောင် ရန်တွေ့မိသည်မှာ…

"ဒါ…ရှင် စ,မွေးတဲ့ မီးလေ၊ ရှင် ကျွန်မကို ငေါ့ချင်တာနဲ့ ကျွန်မရှေ့မှာ ဂုဏ်ယူပြချင်တာနဲ့ပဲ တစ်ဘက်သား မိန်းကလေးကို သွားပြီးရောဝင်တော့ အမှိုက်က စ ပြဿဒ်မီးလောင်တော့တာပေါ့"

"ကိုယ် ဘာမှမလွန်ဘူး မမ၊ ကိုယ့်ချည်း အပြစ်တင်မနေနဲ့၊ မင်းကျတော့ရော ဟိုကောင်လေးကို အရောသွားဝင်လို့သာ ဒီဇာတ်လမ်းထဲ သူပါဝင်လာတာ မဟုတ်လား၊ ဒီလိုကောင်လေးမျိုးကလည်း ကြိုက်ပါသေးတယ်

www.foreverspace.com.m



ဆိုတာမျိုး ကိုယ့်ရှေ့မှာ ကြွားပြချင်တာနဲ့ မထိတရိ သွားလုပ်နေတာကိုး"

"ဘာမှ မထိတရိမလုပ်ဘူး…မာယာနဲ့ဖြောင်းယောင်းခဲ့တာလည်းမဟုတ်ဘူး…သူ့ဘာသာ လိုရာဆွဲတွေးပြီး တစ်ဆိတ်ကို တစ်အိတ်လုပ် ချဲ့ကားခံစားနေတာ…"

"အေး…တော်ပြီ…ထပ်မငြင်းချင်တော့ဘူး…ခု ဘယ်လိုလုပ်ကြမလဲဆိုတာသာ စဉ်းစား…"

"ဘယ်လိုလုပ်တတ်မလဲ၊ သူတို့က မမတို့ ယူကြရင် မရရအောင် ဖျက်မယ်ဆိုမှတော့ မယူဘဲ နေလိုက်ရုံသာ ရှိတာပေါ့"

"ဒါတော့ ဖြစ်မလားကွ…မင်းနဲ့ ကိုယ်က အပျော် ရည်းစားထားနေတာမှ မဟုတ်တာ"

"ဒါဆိုလည်း နောက် သူတို့တွေ စိတ်ပြေမေ့လျော့သွားတဲ့အချိန်ကို စောင့်၊ ဒါမှမဟုတ် သူတို့အရင် အိမ်ထောင်ကျပြီးမှ ယူရုံပေါ့…"

"ဟာ…အခုတောင်မှ ကိုယ်တို့အသက်က မငယ်တော့တဲ့ဟာ၊ အဲ့ဒီအချိန်ကို စောင့်နေရရင် အိုမင်းရွတ်တွနေတော့မှ ယူဖြစ်လိမ့်မယ်…မစောင့်နိုင်ပါဘူး"

သူ့စကားကြောင့် မမ အနည်းငယ်တော့ ရယ်ချင်သွားရပါသည်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.m



"နေစမ်းပါဦး…သူတို့က တကယ်ဖျက်လိမ့်မယ်လို့ ကော ရှင် ယုံသလား…"

"ယုံတယ် မမ…ဒီလိုအရွယ်ဆိုတာ အချစ်အတွက်ဆို ဘာမဆိုလုပ်ရဲတယ်…မိုက်ရူးရဲဆန်တယ်…"

"မမသာဆိုရင်တော့ ကိုယ့်အသည်းခွဲပြီး ပစ်သွားတောင် အဲဒီလိုတော့ မလုပ်ရဲပါဘူး…"

"ဒါကတော့ မင်းက အသက်ကြီးပြီကိုးကွ…"

"ဒီအသက်ကို ခဏခဏ စကားထဲ ထည့်မပြောမနေနဲ့၊ ဒါ အသက်ကြီးတာ ငယ်တာနဲ့ မဆိုင်ဘူး၊ ဆင်ခြင်တုံ တရားနဲ့ဆိုင်တယ်…"

"မင်းက ဆင်ခြင်တုံတရား မရှိတဲ့သူနဲ့ သွားပတ်သက် တာကိုး…"

"ရှင်ကျတော့ရော…"

မမတို့သည် ငြင်းရခုန်ရတာ မောလာသောအခါ တိတ်ဆိတ်သွားကြပြန်ပါသည်။ ခဏကြာတော့ သူက လက် ဖျစ်တစ်ချက် တီးကာ…

"ဟာ…အကြံရပြီကွ…"

"ဘာအကြံလဲ…"

"နုနုနဲ့ ခတ်ပုံဆရာ နှစ်ယောက်အတူထိုင်ကျန်ခဲ့တာ မမ တွေ့တယ်မဟုတ်လား…သူတို့ချင်းက ရွယ်တူပဲ၊



မိုက်ရူးရဲဆန်တာလေးတွေကလည်း တူတယ်…သူတို့ ချင်း တော်တော်လိုက်ဖက်တယ်…သူတို့နှစ်ယောက် ကြိုက်သွားရင် ပွဲပြီးပြီ…သူတို့ နီးစပ်အောင် ကိုယ်တို့ ဖန်တီးပေးလို့ရတယ်…"

"ရှင်ကလည်း စာရေးဆရာပီပီ ဇာတ်လမ်းဆင်နေ ပြန်ပြီ…"

"ကိုယ်ပြော သဘာဝကျတယ်လေ…မင်းပဲ စဉ်းစား ကြည့်၊ သူတို့နှစ်ယောက်က ကိုယ့်ထက်မြင့်မားတဲ့ သူတွေကို အထင်ကြီးစိတ်နဲ့ စိတ်ဝင်စားပြီး ကြိုက်နေ တာ…ဒါ ခဏ စိတ်ကစားတာလည်း ဖြစ်နိုင်တယ်၊ ဘာပဲပြောပြော ခုချိန်မှာတော့ သူတို့နှစ်ယောက်လုံး အသည်းကွဲနေကြတာ…ဒါကို ဖြေသိမ့်ဖို့လိုတယ် မဟုတ်လား…အချစ်ကြောင့် နာကျင်နေတဲ့ သူတွေကို အချစ်နဲ့ပဲ ဖြေသိမ့်လို့ရတယ်…သူတို့ချင်း အဆင်ပြေ သွားရင် ကိုယ်တို့ကို သတိတောင်ရတော့မှာမဟုတ်ဘူး"

မမက သူ့ကို မျက်စောင်းတစ်ချက် ထိုးလိုက် ပြီး သက်ပြင်းကို တိတ်တခိုး ချမိပါသည်။ ရင်ထဲမှာတော့ လေးလံကာ ခေါင်းထဲမှာ ရှုပ်ထွေးနေရလေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mr







နောက်တစ်နေ့တါင် ကိုပဥ္စသည် ရုပါမတ်ကတ် တစ်ခုထဲ ဝင်သွားကာ လက်ဆောင်ပစ္စည်းတစ်ခု ဝယ်လေသည်။ သူက ပိုက်ဆံကိုလည်း နှမြောလှသည်ဖြစ်ရာ ဈေးအပေါဆုံး ပစ္စည်းကို ဒေါင်းတောက်အောင် ရှာဖွေရပါသည်။

ပစ္စည်းတွေကလည်း တစ်ခုမှ ဈေးမပေါ။ သူက လက်ဆောင်ကတ်ပြားတွေထားသည့် စင်နားသို့ သွားကာ ဈေးနှုန်းယူကြည့်လိုက်ပါသည်။

"ဟင်…ရှစ်ရာတောင်၊ ဈေးကြီးလိုက်တာ…"

ကိုယ့်ချစ်သူအတွက်လည်း မဟုတ်တာမို့ သူ ဒီလောက်တော့ ပိုက်ဆံမဖြုန်းချင်ပါ။ အမှတ်တရစာဆိုတာ ရိုးရိုးရေးလည်း ရတာပဲ မဟုတ်လား။

သူက ဆက်လက် ရှာဖွေပါသည်။

ဈေးလည်းပေါ၊ ကဗျာလည်းဆန်မည့် ပစ္စည်းမျိုး

www.foreverspace.com.mr



ကိုရှာနေတာမို့ တော်တော်နဲ့ မတွေ့နိုင်ဘဲ စူပါမတ်ကတ်ထဲမှာ ချာချာလည်နေလေသည်။

နောက်ဆုံးတော့ ပန်းအတုတွေထားသည့် နေရာနားမှာ သူ ရပ်ကြည့်လိုက်သည်။ ပန်းတွေဟာ မိန်းမတွေရဲ့ စိတ်ကို ပျော့ပျောင်းနူးညံ့စေသည်ဟု သူ ကြားဖူးပါသည်။

သူက ဈေးအပေါဆုံး ပန်းအတုခြင်း တစ်ခြင်း ဝယ်လိုက်သည်။ ပန်းအစစ်တွေကို flowral service တွေမှာ ထုပ်ပိုးနိုင်းလျှင် ဈေးထည်းကြီးဦးမည်။ အလုပ်လည်း ရှုပ်ဦးမည်။ ပန်းအတုကလေးကသာ ဈေးသက်သက်သာသာနှင့် အဆင်ပြေလိမ့်မည်ဟု သူ ယူဆပါသည်။

သူက တွေ့ရာစာရွက်အလွတ်ပေါ်မှာ လက်ရေးဖျက်ကာ ***'နုအတွက်…နုနု အမှတ်တရ'*** ဟု ရေးထားလိုက်ပါသည်။

စာကို ပန်းခြင်းထဲ ထည့်လိုက်ပြီး သူ့အသိကောင်လေးတစ်ယောက်ကို မုန့်ဖိုးပေးကာ နုနု အိမ်လိပ်စာအတိုင်း ပို့ခိုင်းလိုက်လေသည်။

သူကတော့ အိမ်အမြန် ပြန်လာကာ သူ့အခန်းတံခါးကို နားကပ်လျက် နားစွင့်နေသည်။ သိပ်မကြာခင် နုနုတို့အခန်းဘက်က တံခါးခေါက်သံ ပေါ်လာသည်။ သူက

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



တံခါးနား၊နားကပ်ကာ နားစွင့်နေဆဲ အသံတွေ စကြားရပါသည်။

"ဒီမှာ…အစ်မအတွက် အစ်ကိုတစ်ယောက် ပို့နိုင်းလိုက်လို့ပါ ခင်ဗျာ…"

"ဟင်…အပေါစား ပလတ်စတစ်ပန်းတွေကို ဘယ်သူက နောက်ပြီး ပို့လိုက်ပါလိမ့်…"

သူက သူ့နှုတ်ဖူးပြင် သူပြန်ရိုက်မိပါသည်။ ခဏကြာတော့ နုနုရဲ့ ဒေါသသံက ခပ်စူးစူးပေါ်လာသည်။

"အစုတ်ပလုတ်ကောင်…ငါက ဒီအပေါစားပန်းတွေကို ဘာလုပ်ရမှာလဲ၊ ပန်းအစစ်ဝယ်ဖို့တောင်ကပ်စေးနဲ့တဲ့ကောင်၊ ဟဲ့…ဒါကို နင့်ကိုပို့ခိုင်းတဲ့သူဆီ သွားပြန်ပေးလိုက်…"

တံခါးဆောင့်ပိတ်သံကို ကြားလိုက်ရလေသည်။

⌘ ⌘ ⌘

"ကိုယ့်အကြံကို အကောင်အထည် ဖော်ကြည့်တာ မအောင်မြင်တဲ့အပြင် ပိုတောင်ဆိုးသွားတယ်ကွာ…"

မမသည် မမရှေ့မှာ စိတ်ပျက်လက်ပျက် လာညည်းညူနေသော သူ့ကို နားမလည်စွာကြည့်ရင်း…



"နေစမ်းပါဦး…ရှင်က ဘာတွေလျှောက်လုပ်နေသလဲဆိုတာ မမကို ပြောဦးမှပေါ့…"

"ကိုယ်က နုနုပို့တဲ့အနေနဲ့ နုနုဆီကို ပန်းခြင်းပို့ခိုင်းလိုက်တာ မကြည်နူးတဲ့အပြင် စိတ်ဆိုးသွားတယ်…"

"ရှင်ပို့တာ ဘာပန်းမို့လဲ…"

"ပလတ်စတစ် ပန်းတု…"

"ဘယ်လောက်တန်လဲ…"

"ခုနစ်ရာငါးဆယ်တန်…"

"ဘာ…"

မမသည် ကိုပဥ္စကို မျက်လုံးပြူးကြည့်မိကာ ဒေါသတွေ တဖွားဖွား ထ,လာပါသည်။ မတတ်တတတ်နဲ့ အောင်သွယ်လုပ်ချင်ပြီး ဘာမှလည်း အသုံးမကျ၊ ကပ်စေးကလည်းနဲ့။

"ရှင် ဦးနှောက်မှ ကောင်းသေးရဲ့လားဟင်၊ ကလေးကစားသလို အပေါစားပန်း သွားပို့ရင် စိတ်ဆိုးမယ်ဆိုတာ ရှင်မသိဘူးလား…ရှင် ကပ်စေးနဲ့လို့ အဲ့ဒီလိုဖြစ်တာသိရဲ့လား…ခုတိုင်းဆို သူတို့ချင်းပြေလည်နေရင်တောင်မှ ရှင်လုပ်လို့ ပိုဆိုးသွားနိုင်တယ်…တစ်ခုခုလုပ်ချင်ရင် မမကိုလည်း တိုင်ပင်ဦးမှပေါ့…"

www.foreverspace.com.mm



"စိတ်မဆိုးပါနဲ့ မမရာ…ဒီကိစ္စနဲ့ ပတ်သက်ပြီး သူတို့ချင်း တွေ့ကြဆုံကြ ရှင်းလင်းကြဦးမှာပါ…အဲဒီ အခါကျ ရှင်းသွားမှာပါ…အထင်လွဲနေတာတွေ ရှင်းသွားရင် အရင်ကထက်တောင် ပိုရင်းနှီးလာဦးမှာပါ၊ ဒီအရွယ်တွေက အပြောင်းအလဲ မြန်ပါတယ်…"

မမသည် သူ့ကိုလည်း ဒေါသဖြစ်ရရင်း စိတ်တွေ ရှုပ်လာရပါသည်။ မမက စိတ်ရှုပ်ခံနိုင်သူ မဟုတ်ပါ။ ကိုယ် စိတ်တိုင်းမကျတဲ့ ချစ်သူတစ်ယောက်ကို ရထားတဲ့အပြင် ဟိုကဒီက နှောင့်ယှက်မည်၊ ပွဲဖျက်မည် ဆိုသောအခါ ယောကျ်ားယူဖို့ အရေးကိုတောင် စိတ်ပြန်ပျက်စ ပြုလာရပါသည်။

အစကတည်းက အိမ်ထောင်ပြုဖို့ ကိစ္စကို တွေးလိုက်တိုင်း မမက ကြောက်နေခဲ့ရသူ ဖြစ်ပါသည်။

ကိုယ့်ဘဝကို တော်ရုံလူလက်ထဲ မထည့်ချင်ဘူး ဆိုကာမှ ကိုယ့်လူကလည်း တော်ရုံလူလောက် ဖြစ်နေရသည်။ ပြီးတော့ မထင်မှတ်တဲ့ အနှောင်အယှက်ကြီးကလည်း ဘွားခနဲ ပေါ်လာသည်။ ဒီအတိုင်း နေတာကမှ အကောင်းသား။ ယောကျ်ားယူကာမှ ဒုက္ခရောက်ရမည့် အဖြစ်ကိုတော့ ရင်မဆိုင်ချင်။ မမက ဆံပင်တိုထဲ လက်ထိုးသွင်း ဆွဲဖွမိရင်း…



"စိတ်ညစ်လာပြီကွာ…ရှုပ်နေတာပဲ…ဒီအတိုင်းပဲ နေတော့မယ်…ယောကျ်ားယူမယ့် အစီအစဉ်ကို ဖျက်မယ်"

"မမ ကလေးမဆန်စမ်းပါနဲ့ကွာ…ဒါ ကလေး ကစားစရာကိစ္စမဟုတ်ဘူး…"

မမက စိတ်ပျက်လက်ပျက် မေးထောက်ထိုင်နေရင်း သူ့ကို စွေကြည့်ကာ…

"အလကား ကပ်စေးနဲ့ ကော်တာရာလူ…"

"ခုနေတော့ ကပ်စေးနဲ့ရတောပေါ့၊ မိန်းမယူပြီး မိန်းမက သုံးပုံတစ်ပုံ ရတော့မှ ကြိုက်သလောက်ဖြုန်းတော့မယ်လေ…"

"မုန်းစရာကြီး…"

မမက နှာခေါင်းရှုံ့၍ ပြောသောအခါ သူက မမနား ကပ်လာကာ ချော့သလိုလိုနှင့်…

"မနက်ဖြန် မမ မွေးနေ့ မဟုတ်လား…ကိုယ် ဘုရားလိုက်ပို့ပေးမယ်…မမ ရုံးဆင်းမယ့် အချိန်လောက် ကိုယ်လာစောင့်နေလိုက်မယ်…"

"ပြီးရော…"

⌘ ⌘ ⌘

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mr



ထိုနေ့ညနေက ဒေါ်ခင်အေးကျော်မှာ ကိုယ့်သမီးကလေးရဲ့ မွေးနေ့မို့ ရွှေတိဂုံဘုရားသို့ ရောက်လာခဲ့ပါသည်။

သမီးလေးခမျာ မိုးလင်းက မိုးချုပ် အလုပ်တွေ ဖယ်ဆက်သလိုမအားနိုင်တာမို့ သူ့မွေးနေ့တောင် သူ သတိရရဲ့လား မသိပါ။ ခုချိန်လောက်ဆို ဖောင်ပဲ ပိတ်နေမလား။ ပွဲတစ်ခုခုကိုပဲ သွားနေရသလား။

ဒေါ်ခင်အေးကျော်မှာ မမမွေးနေ့ ကြာသပတေးထောင့်ကို ရောက်လာကာ ရေသပ္ပာယ်ပြီး အေးအေးဆေးဆေး ဘုရားရှိခိုး၊ ဆုတောင်း မေတ္တာပို့သနေလိုက်ပါသည်။

ထိုခဏတွင် နောက်နား မလှမ်းမကမ်းဆီမှ ခပ်တိုးတိုး ကြိတ်ကြိတ် အသံတွေက အာရုံထဲ တိုးဝင်လာပါသည်။

"ပန်းတွေက ဈေးအဆမတန် ကြီးလိုက်တာကွာ…

www.foreverspace.com.mr



ကိုယ်တားနေတဲ့ကြားက မမက မဖြစ်ဖြစ်အောင် ဝယ်တယ်"

ဒီသူငယ်နှယ်…တွန့်တိုတတ်ရန်ကောဟု ဒေါ်ခင်အေးကျော် တွေးမိဆဲ မိန်းမအသံတစ်သံ ပေါ်လာပြန်သည်။

"ရှင် တော်တော် ကပ်စေးနဲ့ပါလား စာရေးဆရာ… ဘုရားကပ်မယ့်ဟာကို တွန့်တိုမနေစမ်းပါနဲ့…"

မြတ်စွာဘုရား…ဒါ…မမ…။ သမီး မမရဲ့အသံများလား…။

"ကိုယ်က ဘုရားကပ်ဖို့ကို တွန့်တိုတာ မဟုတ်ပါဘူး၊ ပန်းသည်တွေရဲ့ လောဘကို သိပ်ကြည့်မရလို့ပါ၊သူတို့တွေကို မတန်တဆ အမြတ်ပေးမယ့်အစား အလှူခံပုံးထဲပဲ ထည့်ပေးလိုက်မှာပေါ့…နောက် ဘုရားလာရင် အပြင်ကပဲ ပန်းဝယ်လာခဲ့…"

"ကဲပါ…တော်ပါတော့၊ ဘုရားရှိခိုးရအောင်ပါ… ကိုပဋ္ဌရယ်…"

ဒေါ်ခင်အေးကျော်မှာ ဘုရားရှိခိုးလက်စ တန်းလန်းကြီးနဲ့မို့ ချက်ချင်းလည်း လှည့်မကြည့်နိုင်ဘဲ တွေဝေချိန်ဆနေရပါသည်။ ဘုရားရှိခိုးစာတို့လည်း ဆက်မဆိုနိုင်ဘဲ ရပ်ထားလိုက်ရသည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



မမ အသံနဲ့တော့ ချွတ်စွတ်တူတာ အမှန်ပင်။ ယောက်ျားတစ်ယောက်နဲ့ တရင်းတနှီး အတူရှိတာကိုလည်း အံ့ဩဆန်းကြယ်နေရပါသည်။

မမ ချစ်သူများ ရနေပြီလားဟု တွေးမိသောအခါ ဝမ်းသာချင်သလိုလိုတောင် ဖြစ်သွားရပါသည်။ ကိုယ့်သမီးဟာ တော်ရုံယောက်ျားကိုတော့ စိတ်တိုင်းကျမှာ မဟုတ်။ သမီး စိတ်တိုင်းကျလျှင်လည်း တော်ရုံလူ မဟုတ်နိုင်ဟု ဒေါ်ခင်အေးကျော် အသေအချာ တွက်ထားခဲ့တာ ဖြစ်ပါသည်။

သို့သော် ခုန ကြားလိုက်ရတဲ့ ယောက်ျားအသံက သိပ်တော့လည်း မဟန်ပေဘူး။

ဒေါ်ခင်အေးကျော်မှာ သိချင်စိတ်ကို ထိန်းမရတော့တာမို့ လက်အုပ်ချီထားရင်းကပင် ဦးခေါင်းကို အသာအယာ လှည့်ကာ အသံလာရာဆီသို့ လှမ်းကြည့်မိလေသည်။

ရုတ်တရက်မို့ ဒေါ်ခင်အေးကျော်ရဲ့ ရင်ထဲမှာ အံ့ဩတကြီး တုန်ရီလို့သွားရပါသည်။

မလှမ်းမကမ်းမှာ ဘုရားထိုင်ရှိခိုးနေတဲ့…ကိုယ့်သမီးဘေးမှာ ရှိနေသော သူရဲ့ ပုံပန်းဟာ မယုံနိုင်စရာကောင်းလောက်အောင် ဖြစ်ကတတ်ဆန်း နိုင်လှပါသည်။ မျက်နှာပေါ်မှာ မုတ်ဆိတ်မွေး ငုတ်တို မသပ်မရပ်နှင့် ညစ်ထပ်ထပ်

www.foreverspace.com.mm



ဖြစ်ရတဲ့အပြင် ဆံပင်ကလည်း ဘုတ်သိုက်သိုက်၊ အင်္ကျီကလည်း ခပ်တွန့်တွန့်။ ထိုလူငယ်ရဲ့ ပုံစံဟာ မှိန်ကုပ်နေရကာ ကိုယ့်သမီးရဲ့ အသရေနဲ့ အပြတ်အသတ် ကွာဟနေခဲ့ပါသည်။

"ဘုရား…ဘုရား…သမီး မမတစ်ယောက် ဘယ်က ဘယ်လိုများ မျက်စိမှောက်လာရပါလိမ့်…"

ဒေါ်ခင်အေးကျော်က ကြိတ်၍ ညည်းညူမိဆဲ မမရဲ့ မျက်လုံးတွေဟာ ဖြုန်းခနဲ ပွင့်လာပါသည်။

"ဟင်…မေမေ…"

မမမှာ မျက်လုံးဖွင့်ဖွင့်ချင်း ကိုယ့်မျက်ရှေ့ တည့်တည့်က မေမေရဲ့ အံ့ဩဒေါသထွက်နေသော မျက်နှာကို ဘွားခနဲ မြင်လိုက်ရတာမို့ ရင်ဝသို့ အပူလုံးတစ်ခု လာဆောင့်သလို တုန်တက်သွားရလေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m







မေမေသည် အိမ်ရှေ့ အိမ်နောက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျှက်ရှိပါသည်။

"ပြောတုန်းကတော့ မိုးတစ်လုံး လေတစ်လုံး၊ လောကမှာ သူနဲ့တန်တဲ့ ယောက်ျား မရှိတော့သလိုပဲ၊ ငါ စပ်ဟပ်ပေးသမျှကိုလည်း တစ်စက်ကလေးမှ အကောင်းမမြင်ဘူး၊ ရွေးချယ်ချင်တဲ့ 'စံ' နှုန်းကလည်း မိုးလောက်ကြီး မြင့်ပါ့၊ လက်ချိုးရေပြလိုက်တဲ့ အချက်တွေကလည်း နားနဲ့တောင် မဆန့်ပါဘူး၊ ခုတော့ ရွေးလာတာက တကယ့်တာလွဲ၊ လူမြင်တာနဲ့ ဖြစ်သလိုနေ၊ ဖြစ်သလိုစားဆိုတာ သိသာတယ်၊ အလုပ်အကိုင်ကလည်း စိတ်ရမှ ထ,ရေးတဲ့ စာရေးဆရာတဲ့၊ ဒီလိုလူမျိုးကို ညည်းက ဘာစိတ်ကူးပေါက်ပြီး ရွေးထားရတာလဲဟင်၊ ညည်း အကျင့်အတိုင်း တွက်ပါချက်ပါဦးတော့



လား၊ ခုတော့ ပါးစပ်ကြီးက ဘာလို့ပိတ်နေသလဲ၊ ညည်းပြောတော့ တော်ရုံယောက်ျားကို အထင်မကြီးဘူးဆို…ခု ညည်းအထင်ကြီးတဲ့ဟာက ဘယ်လိုဟာမျိုးမို့လို့လဲ၊ ယောက်ျားတစ်ယောက်ကို ရွေးချယ်တာများ အင်္ကျီတစ်ထည် ဝယ်သလောက်တောင် စေ့စေ့ငုငု မရှိတာများ အံ့ပါရဲ့ဟယ်၊ ခု ညည်းရွေးထားတဲ့သူက ငါစပ်ပေးတဲ့သူတွေနဲ့ ဘယ်ဘက်ကများ သာနေတာလဲ ပြောစမ်းပါ…"

မမသည် မေမေရဲ့ ဆူပွက်မှုကို ငြိမ်နားထောင်ရင်းနားတွေလည်း အူ၊ ရင်ထဲလည်း ဗလောင်ဆူလာပါသည်။ နုနုတို့က 'ယူဝံ့ယူကြည့်၊ ရအောင်ဖျက်မယ်' ရယ်လို့ နှောင့်ယှက် ခြိမ်းခြောက်ထားတာကို စိတ်ဆင်းရဲရတာက တစ်မျိုး၊ မေမေ့ရဲ့ သဘောမတူပါဘူးရယ်လို့ ခါးခါးသီးသီးဖြစ်ရပုံက တစ်မျိုး၊ ချစ်သူရထားတဲ့ ကိစ္စကြီးဟာ တဖြည်းဖြည်းနဲ့ စိတ်ရှုပ်စရာကောင်းသည့် ဘက်ကိုသာ ဦးတည်နေပါသည်။

မမကလည်း အပြောကြီးထားမိသူမို့ မေမေ့ကို နှုတ်လှန်မထိုးသာပါ။

"ဒီမှာ မမကျော်…ခုကတည်းက မေမေ့ သဘောကို

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ပြတ်ပြတ်ပြောထားမယ်၊ အဲဒီလူနဲ့ဆို သဘောမတူနိုင်ဘူး၊ အဲ့ဒီလူနဲ့သာ မယူဘူးဆိုရင် အပျိုကြီးလုပ်ချင်လည်းလုပ်တော့…မေမေ လက်ခံနိုင်တယ်…"

"ဒီလောက်လည်း ခါးခါးသီးသီး မဖြစ်ပါနဲ့ မေမေရယ်၊ သူက အရမ်း ဆိုးဆိုးဝါးဝါးကြီးမှ မဟုတ်တာ…သူ့အတွေးအခေါ်နဲ့ စိတ်ဓာတ်က သိပ်မဆိုးလှပါဘူး၊ လူပုံကလည်း အမြဲဒီလိုဖြစ်မနေပါဘူး၊ သပ်သပ်ရပ်ရပ်နေတဲ့အခါ နေပါတယ်…"

"တော်ပြီ…တော်ပြီ…ညည်း ဘက်ပင်းပြီး ပြောနေတာတွေကို ငါ ဆက်နားမထောင်နိုင်ဘူး…"

မေမေက ထ,သွားတော့မှ မမက စိတ်ရှုပ်ရှုပ်နှင့် ကိုယ့်ဆံပင်ကိုသာ စုံကပ်ဖွလိုက်မိပါတော့သည်။

⌘ ⌘ ⌘

www.foreverspace.com.mm



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။







စိတ်ရှုပ်မခံချင်သော မမထံသို့ စိတ်ရှုပ်စရာများက တစ်ခုပြီးတစ်ခု ရောက်ရှိလာခဲ့ပါသည်။

သိပ်မကြာခင် တစ်ရက်မှာပင် မောင်လေးစည်သူ ကျော် စင်ကာပူမှ ပြန်ရောက်လာလေသည်။

မောင်လေး ရွေးချယ်လာသော မိန်းကလေးမှာ ရုပ်ကလေးလှသလောက် ခေတ်ရွှေ့ပြေးနေကာ အသုံးအဖြုန်း ကြီးကြီး၊ ဘဝမြင့်မြင့်၊ ဘယ်သူ့မှ ထီမထင်သော မိန်းကလေး ဖြစ်လေသည်။ ထိုမိန်းကလေးကို တွေ့ပြီးကတည်းက မမမှာ ဆွေ့ဆွေ့ခုန်နေသည်။ မမက ကိုယ့်နီးစပ်ရာ အဆက်အသွယ် တွေနှင့် စုံစမ်းကြည့်၍ သိရသလောက်တော့ ကောင်မလေးရဲ့ ရာဇဝင်ကလည်း သိပ်မကောင်း၊ မမက စည်သူ့ကိုသာ အကြိမ်ကြိမ် နားသွင်းဖျောင်းဖျရပါသည်။

"ငါ အကြိမ်ကြိမ် သတိပေးနေတဲ့ကြားက နင် လုပ်



ချင်ရာလုပ်လာတာပဲ စည်သူ၊ လှတာလေးတစ်ခုတည်း မက်နေရင် နင်ပဲ ဒုက္ခရောက်မှာပေါ့ မောင်လေးရယ်… ဒီကောင်မလေးက မြန်မာပြည်မှာနေပြီး ယောကျ်ား ထည်လဲ တွဲရှုပ်လို့ အားရတော့မှ နိုင်ငံခြားထွက်သွား တာ၊ နင်က ဒါမျိုးနဲ့မှ ရှားရှားပါးပါး သွားတွေ့တာ ကံဆိုးတာပဲ"

"မမ စိတ်မပူစမ်းပါနဲ့ဗျာ…သူ ကျွန်တော့်ကို ချစ်ပါ တယ်"

"ဟဲ့…ချစ်တယ်ဆိုတာ ပါးစပ်ပါ ပြောလို့ရတာပဲ… ဒါကို နင်ယုံနေသလား…ဟိုက နင့်ထက်သာတာ မရနိုင်တော့လို့ နင့်ဆီမှာပဲ တွယ်နေတာ…"

"သူ့မှာ အရင်တုန်းကတော့ ရှိချင် ရှိခဲ့ဖူးမှာပေါ့… ဒါပေမယ့် ကျွန်တော်နဲ့ ချစ်သူဖြစ်ပြီးကတည်းက သူ ဘယ်သူမှနဲ့ မတွဲတော့ဘူး…"

"ဒါ နင်သိနိုင်မလား၊ သူ့ဟာသူ နင်မသိအောင်တွဲလည်း ဖြစ်တာပဲ…"

"တော်ပြီ မမရာ…ဘာမှ ဆက်မပြောပါနဲ့တော့… တခြားဘာမှအရေးမကြီးဘူး၊ ကျွန်တော်တို့နှစ်ယောက် ချစ်ဖို့ပဲ အရေးကြီးတယ်၊ သူ ကျွန်တော့်ကို ချစ်တဲ့

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mr



အတွက် ကျွန်တော် ပြုပြင်တာကို လက်ခံတယ်၊ ကျွန်တော် သူ့ကိုချစ်တဲ့အတွက် သူ့ကို သည်းခံနိုင်တယ်…ဒီနှစ်ခုရှိရင် အားလုံးအဆင်ပြေတယ်"

"အဲဒါ နင် စိတ်ကူးယဉ်နေတာ…အချစ်ကို ရှေ့တန်းတင်ပြီး မိုက်ရူးရဲဆန်နေတာ…ငါကတော့ မောင်လေး တစ်ယောက်ပဲ ရှိတယ်ရယ်လို့ မျှော်လင့်လိုက်ရတာ၊ နင်ကတော့ ငါ့ကို စိတ်ဆင်းရဲအောင်လုပ်ဖို့ ဝန်မလေးဘူး…"

မမသည် စည်သူ့ကို ပြောမရသည့်အဆုံး ဒေါသစိတ် နှမြောတသစိတ်ဖြင့် မျက်ရည်နဲ့ မျက်ခွက် ဖြစ်ရလေသည်။ မေမေက မမကို မကြားတကြား ပြောသည်မှာ…

"ကြီးတဲ့သူက ဒီအချစ်ဆိုတာကြီးကို ရှေ့တန်းတင်ပြီး နေတဲ့နောက်တော့ အငယ်ကို ဆုံးမလို့ရပါ့မလား…"

မမ တကယ်ပဲ စိတ်ညစ်လာရပါသည်။ အဘက်ဘက်က ထိုးနှက်တာ ခံရသလိုမို့ အိပ်လို့တောင် မပျော်ချေ။ မမတို့အကြောင်း စည်သူသိရင် ဘာများပြောလိမ့်မလဲဟု တွေးမိတော့ တစ်မျိုးစိတ်ဆင်းရဲရလေသည်။

တစ်ညနေတွင် စည်သူက ဖုန်းကြိုမဆက်ဘဲ မမရုံးခန်းသို့ ရောက်လာရာ ကိုပဥ္စနှင့် ပက်ပင်းတိုးလေသည်။

www.foreverspace.com.mr



မောင်လေးသည် ရုံးထဲမှ အတူရယ်မော စကားပြောရင်းထွက်လာသော ကိုပဥ္စနှင့်အတူ ကားပေါ်တက်သွားသော မမကို ပြုံးခနဲ တွေ့လိုက်ရတာမို့ မျက်နှာကြီး နီမြန်းကာ ချာခနဲ လှည့်ထွက်သွားလေသည်။

⌘ ⌘ ⌘

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။







မမ ရုံးက ပြန်အလာတွင် မေမေ့ထံမှ အားလုံး သိထားပြီးဖြစ်သော စည်သူက မမကို ဒေါသဖြင့် ဆီးကြိုလေသည်။

"ကျွန်တော့်ကျ ပြောတယ်…မမကျတော့ ဘယ်လို လူကြီးကို ကြိုက်ထားတာလဲ…မမက ကျွန်တော့် အတွက်ကျတော့ အဘက်ဘက်က စဉ်းစားချင့်ချိန် တွေးတောပြုပြန်လိုက်ရတာ အကွက်ကိုစေ့လို့…မမကျ တော့ ဘာမှ မစဉ်းစားဘဲ ဒီလို ဥတီးဥကျ လက်ကြော မတင်းတဲ့ ယောကျ်ား ညှင်းသိုးသိုးကို ကြိုက်ရသလား ဗျာ…"

မမက စိတ်တိုသွားကာ…

"ဒါ…ငါ့ကိစ္စပါ…နင်နဲ့မဆိုင်ဘူး၊ နင် ဝေဖန်စရာ မလိုဘူး…"



"သြော်…မမကျတော့ဒီလိုကြေးလား၊ဒါဆို ကျွန်တော့် ကိစ္စလည်း မမ ဝင်မပြောနဲ့…မကန့်ကွက်နဲ့"

"ဟဲ့…နင်နဲ့ငါက တူသလား…နင်က အချစ်ဆိုတာ ကို ရှေ့တန်းတင်ပြီး…"

"မမလည်း အတူတူပဲ…အချစ်ဆိုတာကို ရှေ့တန်း တင်နေတာပဲ…"

မမမှာ ပြောရမည့် စကားလုံးတွေပင် ဆွံ့အ,သွားပါသည်။ စည်သူ့ကို ပြောတိုင်း သူက ကိုယ့်ပဲ ပြန်ထောက် ပြောနေတာမို့ ဘာဆက်ပြောလို့ ပြောရမှန်းပင် မသိဘဲ စိတ် ရှုပ်လာရသည်။

မမက စကားလုံးကို ကြိုးစားရွေးချယ်ရကာ…

"နင်က ဦးနှောက်မသုံးလို့ ငါ ပြောနေရတာ စည်သူ"

"မမလည်း ဦးနှောက်မသုံးခဲ့ဘူး မဟုတ်လား…အချစ် စိတ်ဖြစ်လာရင် ဦးနှောက်သုံးဖို့ မေ့တတ်တာ ထုံးစံပဲ၊ ဒါကို မမ ကိုယ်ချင်းစာမပေးနိုင်ဘူးလား၊တော်ရုံလူကို တူတာယ်တာနတယ် မထင်၊ အထင်မကြီးတတ်တဲ့ မမ တောင်မှ ဒီလိုအထင်ကြီးစရာမကောင်းတဲ့ သူကို ချစ် သေးတာပဲ မဟုတ်လား၊ တကယ်တမ်းချစ်တော့ မမ သူ့ကို တွက်ချက်ပြီး ချစ်ခဲ့သလား…တွက်ကြည့်လို့

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ကိုယ်က အသာစီးမရရင်ကော အရှုံးအမြတ်တွက်ပြီး နောက်ဆုတ်ခဲ့လို့လား…''

''စည်သူ… နင် ငါပြော နားထောင်…''

''မမ အခု ချစ်ထားတဲ့လူက မမရဲ့စံနှုန်းတွေနဲ့ ကိုက်လို့လား၊ ချစ်သူတစ်ယောက်ကို ကိုယ့်စံနှုန်းအတိုင်း ကွက်တိရွေးချယ်လို့ မရနိုင်ဘူး မဟုတ်လား…''

''ဟဲ့…ငါတို့က အသက်ကြီး…''

''အသက်ကြီးရင် ပိုပြီး ဦးနှောက်သုံးရမှာ မဟုတ်လား၊ ကျွန်တော့်အရွယ် အချစ်ကို ရှေ့တန်းတင်တာက လူကြားလို့ ကောင်းပါသေးတယ်…မမအရွယ်နဲ့ဆို လူရယ်စရာ ဖြစ်မနေဘူးလား…''

မမက တစ်ခွန်း မဟ,လိုက်နှင့် စည်သူက ရှည်ရှည်ဝေးဝေးတွေ ဖြတ်ပြောနေတာမို့ မမ ဘာမှပြန်မပြောနိုင်တော့ဘဲ ခေါင်းတွေမူးလာသည်။ ဒီကြားထဲ မေမေကပါ စည်သူ့ဘက်က အားဖြည့်လာကာ…

''အေး‥အဲဒါပဲ၊ ကြီးတဲ့သူက အလုပ်မဟုတ်တော့ ငယ်တဲ့သူကို ဆုံးမလို့မရတော့ဘူး…ကိုယ်ကအကြီးပဲ ကိုယ့်စကားနဲ့ညီအောင် နေပြမှပေါ့၊ ဘာဖြစ်လို့ အချစ်ကို ရှေ့တန်းတင်နေမလဲ၊ ညည်းရဲ့ စံနှုန်းတွေအားလုံးနဲ့ မကိုက်ညီရင်တောင်မှ အဲ့ဒီ စာမယ်မယ်ရရ



မရေးတဲ့ စာရေးဆရာထက်သာတာ ရနိုင်ပါသေးတယ်။ ခုတော့ ညည်းလူကို ညည်းယူရင် ညည်းပဲရှာကျွေးနေရမှာ မဟုတ်လား၊ ကိုယ့်သမီးကို အပျိုကြီး မဖြစ်စေချင်ပေမယ့် ကိုယ့်သမီးက ရှာကျွေးနေရမယ့် ယောက်ျားမျိုးကိုတော့ မယူစေချင်တာ အမှန်ပဲ၊ တကယ်တော့ ဒါဟာ… … …''

မမ နားထဲ ပွက်ပွက်ထ,လာကာ မေမေ ဘာတွေဆက်ပြောနေသလဲဆိုတာ မသဲကွဲတော့။ မေမေ့အသံနဲ့ မောင်လေးအသံဟာ ရောထွေးကာ မမနားထဲမှာ ကျယ်လောင်စွာ မြည်ဟီးနေသည်။

''မမကျတော့…အဲ့ဒီလူကြီးကို… … …''

''ညည်းက အပြောကြီးပြီး…ခုတော့… … …''

''မမက… … …''

''ညည်းက… … … …''

မမသည် မခံမရပ်နိုင်အောင် စိတ်ထဲ ဗလောင်ဆူလာတာမို့ မျက်စိမှိတ်ကာ ကြုံးအော်လိုက်လေသည်။

''တော်ကြပါတော့…တော်ကြပါတော့…တောင်းပန်ပါတယ်…မမကော့်လည်း ယောက်ျား မယူတော့ပါဘူး…မေမေတို့လည်း တော်ကြပါတော့…''

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

www.foreverspace.com.mm







မမကျော့သည် ဆံပင်စုတ်ဖွား၊ အင်္ကျီ ကသီးကရဲ့နှင့် အပူသည်ရုပ် ဖြစ်နေရကာ အခန်းထဲမှာပင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ရေရွတ်ညည်းတွားလျက်ရှိပါသည်။

"ငါ့ဘာသာ အပျိုကြီးနေတုန်းကလည်း ဒီအရွယ်ရောက်မှ အိမ်ထောင်မပြုရင် လူစဉ်မမီဘူး ပြောရတာနဲ့…အထီးကျန်မယ်လို့ ခြိမ်းခြောက်ရတာနဲ့…အပျိုကြီးမို့စိတ်ကြောင်တယ်တို့…ဒေါသကြီးတယ်လို့… ကပ်စေးနဲတယ်လို့…အတ္တကြီးတယ်လို့ အမျိုးမျိုး အပြစ်ရှာပြောတဲ့သူက မရှား…ခု အိမ်ထောင်ပြုမယ်ဆုံးဖြတ်ပြန်တော့လည်း အပြောနဲ့အလုပ်က မညီဘူးတို့…ဒီအရွယ်ကျမှ အချစ်ကိုရှေ့တန်းတင်တယ်တို့ ဦးနှောက်မသုံးဘူးလို့ ဖြစ်လာကြပြန်ပြီ…"

www.foreverspace.com.mm



မမသည် တကယ်ပဲ လောကကြီးထဲက လူတွေကို စိတ်ကုန်ခမ်းလျက် ရှိပါသည်။ စိတ်တွေ ရှုပ်ထွေးနောက်ကျိကာ ခေါင်းထဲမှာလည်း မကြည်လင်။

မိန်းမတစ်ယောက် အိမ်ထောင်ပြုဖို့ အရေးဟာ ဒီလောက် ခက်ခဲမှန်း မမ မသိခဲ့ပါ။ မမ မပြုချင်လို့ မပြုခဲ့ရင်သာရှိမယ်၊ ယောကျ်ားတွေကို စိတ်မဝင်စားရင်သာရှိမယ်။ ပြုချင်လို့ပြုရင် အလွယ်ကလေးပဲဟုသာ မမ တွေးခဲ့ပါသည်။ ဒီကိစ္စဟာ မမကျမှ လာပြီး ခက်ခဲနေသလားတော့ မသိပါ။

မမအတွက်တော့ အရာရာဟာ ခဲယဉ်းနေပါသည်။ ယောကျ်ားတစ်ယောက်ကို ချစ်မိဖို့လည်း ခဲယဉ်း၊ အိမ်ထောင်ပြုချင်စိတ် ဖြစ်ဖို့လည်းခဲယဉ်း၊ ပြုမယ် စိတ်ကူးပြန်တော့လည်း ပြုဖြစ်ဖို့ဟာ ထပ်ပြီးခဲယဉ်း…။

ဒီအချစ်တို့…အိမ်ထောင်ရေးတို့ မမ ဘဝထဲဝင်လာကတည်းက စ,လို့ စိတ်ရှုပ်ရ၊ ဒေါသဖြစ်ရ ပူပင်ရတာတွေဟာ စိတ်ကြည်နူးရတာလေးနဲ့တောင် မမျှတော့ပါ။ မင်္ဂလာဆောင်ရင် ပွဲဖျက်ဖို့တောင် စောင့်နေရတဲ့သူတွေက တစ်မျိုး။ မဆောင်ဖြစ်အောင် စကားလုံးတွေနဲ့ တိုက်စစ်ဆင်နေတဲ့ သူတွေက တစ်မျိုး။ အမျိုးမျိုး၊ အထွေထွေ အခက်အခဲတွေဟာ မမကို စိတ်ဖိစီးမှုတွေ ပေးနိုင်တာမို့ မမရဲ့ နောက်စေ့နားမှာ ထုပ္ပူအုံခဲကာ လေးလေးကြီး ဖြစ်နေခဲ့ရပါသည်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm



ညတွေ ညတွေမှာလည်း မမ အိပ်မပျော်။ အိပ်ပျော်သွားလည်း ခြောက်အိပ်မက်တွေနှင့် လန့်လန့်နိုးရတာ အခါခါပင်။

အိပ်မက်ထဲမှာ နုနုနိုင်နဲ့ နန္ဒရဲ့မျက်နှာကြီးတွေကို မကြာခဏ အနီးကပ် တွေ့ရပါသည်။ တစ်ညမှာ မမနှင့် ကိုပဥ္စတို့ မင်္ဂလာဆောင်သည်ဟု အိပ်မက်‚ မက်ပါသည်။ မမတို့ မင်္ဂလာပွဲ ကျင်းပနေတုန်း နုနုနိုင်နဲ့ နန္ဒက ခန်းမထဲ ဝင်လာကာ မမတို့နှစ်ယောက်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ အော်ဟစ်ပြောဆိုနေကြသည်။ နန္ဒက မမကို သူ့မိန်းမလို့ ပြောပြီး နုနုက ကိုပဥ္စကို သူ့ ယောကျ်ားဟု ယိုးစွပ်နေတုန်း မေမေနှင့် မောင်လေးရောက်လာကာ ဒါဟာ အမှန်ပဲရယ်လို့ နုနုတို့ကို ထောက်ခံပြီး မင်္ဂလာပွဲ ဖျက်သိမ်းကြောင်း ကြေညာလိုက်လေသည်။ ပြီးတော့ မေမေက တင်မောင်ကြူနဲ့ ထူးဗလကို လက်ဆွဲကာ မင်္ဂလာခန်းမထဲ ဝင်လာသည်။ မောင်လေးကတော့ သူ့ကောင်မလေးလက်ကိုဆွဲကာ ခန်းမထဲက ထွက်သွားသည်။

အိပ်မက်တွေက ရယ်စရာလည်း ကောင်းကာ စိတ်ညစ်စရာလည်း ကောင်းပါသည်။ အိပ်မက်က လန့်နိုးလာတိုင်း မမ စိတ်ဆင်းရဲရပါသည်။

www.foreverspace.com.mm



မမသည် ကိုပဥ္စနဲ့လည်း အတွေ့မခံ။ အိမ်က လူတွေနဲ့လည်း မတွေ့ချင်။ ရုံးလည်းမသွားဘဲ အခန်းထဲမှာသာ နှစ်ရက်လောက် အောင်းနေလိုက်သည်။

ဒီလို စိတ်ရှုပ်ထွေးရတာကြီးဟာ မမမှာ ပိုက်ဆံ သိပ်မရှိခင်…အလုပ်တွေ အဆင်မပြေစဉ်က စိတ်ရှုပ်ရတာနဲ့လည်း မတူ။ ဘယ်အရှုပ်နဲ့မှ မတူတဲ့ ရှုပ်ထွေးမှုကြီးကို မမ ရှေ့ဆက် လက်ခံမထားချင်တော့ပါ။

ကိုယ့်ဘာသာ တစ်ယောက်တည်း ကိုယ့်ဘဝထဲမှာ ကိုယ့်ဘာသာ သူတစ်လူငါတစ်မင်း လုပ်နေတာကမှ အကောင်းသားဟု မမက တွေးမိရလေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.m







"ဒေါက်…ဒေါက်…"

မနက်အစောကြီးမှာ တံခါးခေါက်သံ ပေါ်လာတာမို့ ကိုပဥ္စက အိပ်ရာမှ လူးလဲထ၊ကာ တံခါးဖွင့်ပေးလိုက်ရလေသည်။

"ဟင်…မမ…"

သူက အိပ်မှုန်စုံဖွား ဖြစ်နေသော သူ့မျက်လုံးတွေကို သူ မယုံနိုင်တာမို့ မျက်တောင် တဖျပ်ဖျပ် ခပ်မိရင်း အသေအချာ ကြည့်မိရသည်။ မမမှ မမ။ သို့သော် အရင် မမနဲ့တော့ မတူချေ။

သူ အခန်းတံခါး ဖွင့်ဖွင့်ချင်း ဘွားခနဲတွေ့လိုက်ရတဲ့ မမဟာ မျက်နှာ အချောင်သား။ မျက်တွင်းတွေလည်း ညိုချိုင်နေတာ သပ်သပ်ရပ်ရပ် ဖြီးမထားသော ဆံပင်တိုတိုကလည်း စုတ်တီစုတ်ဖွား။ မျက်မှန်က မျက်စိတည့်တည့်မှာ

www.foreverspace.com.m



တင်းတင်းရင်းရင်း ရှိမနေဘဲ နှာခေါင်းဖျားသို့ လျှောကျနေသည်။ ဖြစ်သလို ကောက်ဝတ်စားလာပုံရတဲ့ အင်္ကျီအပွကြီးကို ကြယ်သီးတပ်ထားပုံကလည်း တလွဲ၊ ထဘီဝတ်ထားပုံက ရှေ့စက ရှည်ကျနေကာ ခပ်စွေစွေ၊ ဖိနပ်ကလည်း အိမ်နေရင်းဝတ်သည့် ခပ်ဟောင်းဟောင်း ဖော့ဖိနပ်။ သူမက ကျောပိုးအိတ်လိုလို အိတ်ပျော့ပျော့ရှည်ရှည်ကို တရွတ်ဆွဲကာ စိတ်မပါသလို ကိုင်ထားရင်း သူ့ရှေ့မှာ အားမပါသလို ရပ်နေခဲ့ပါသည်။

"မမ…ဘာဖြစ်လာ…"

"ကျွန်မ ယောကျ်ားယူမယ့် အစီအစဉ်ကို လုံးဝ ဖျက်သိမ်းလိုက်ပြီ စာရေးဆရာ…"

"ဟာ…မဟုတ်သေးပါဘူး မမရာ…ထိုင်ပါဦး…မမ ဘာဖြစ်လာတာလဲ…ကိုယ့်ကို အသေအချာ ပြောစမ်းပါဦး…"

သူမက လက်ထဲက အိတ်ကို လွှတ်ချကာ အခန်းထောင့် ကြမ်းပြင်မှာ ခပ်ကုပ်ကုပ် ဝင်ထိုင်လိုက်သည်။ နံရံနားကပ်ကာ ဒူးနှစ်ဘက်ကို ပိုက်ထားသည့် သူမပုံက စိတ်ရောကိုယ်ပါ ချုံးချုံးကျနေသည်။

"ကျွန်မ စိတ်ရှုပ်မခံနိုင်ဘူး စာရေးဆရာ…အမိက

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



အဲဒါပဲ…၊ အဲဒါကြောင့် ကျွန်မ ဒီအစီအစဉ်ကို ဖျက်တယ်''

''မမ…တကယ်ပြောနေတာလား…''

''တကယ်ပဲ…''

''မဟုတ်သေးပါဘူး…မမက သတ္တိမရှိတာ…ရှောင်ထွက်တာပါကွာ…''

''ကျွန်မက ဒီအရွယ်အထိ ကိုယ့်ဘဝကို ကိုယ်ဦးဆောင်ပြီး ငါတကော ကောလာတာ…ဘယ်သူ့ကိုမှလည်း မကြောက်ရဘူး…ဘာမှလည်း ဂရုမစိုက်ဘူး…ခုကျမှ ဟိုလူ့ကြောက်ရ၊ ဒီလူ့ကြောက်ရနဲ့ စိတ်ရှုပ်ရတာကို ကျွန်မ ရှေ့ဆက်သည်းမခံနိုင်တော့ဘူး…''

''မမ…ကိုယ့်ကို မချစ်ဘူးလား…အရာရာကို ရင်မဆိုင်ရဲဘူးလား…''

''လာပြန်ပြီ ဒီအချစ်၊ တော်ပါပြီ…အဲ့ဒီ အချစ်အကြောင်းလည်း စကားထဲ ထည့်မပြောနဲ့၊အဲဒါကြီးကြောင့်ပဲ လူပြောသူပြော ခံနေရတာ၊ ဒီအရွယ်ထိ အိမ်ထောင်မပြုတော့လည်း မချစ်တတ်တဲ့ နှလုံးသားကို ပိုင်ဆိုင်တယ်လို့ ပြောကြတယ်၊ ဒီအရွယ်မှ ချစ်သူထားမိပြန်တော့လည်း ဒီအရွယ်ကြီးနဲ့ အချစ်ကို ရှေ့



တန်းတင်တယ်လို့ ပြောပြန်တယ်၊ အချစ်နဲ့ ခပ်ဝေးဝေးနေတာပဲ ကောင်းတယ်၊ ဒီအချစ်ကြောင့် စိုးရိမ်ထိတ်လန့်ရ…စိတ်ဆင်းရဲရ…အိပ်မက်ဆိုးတွေ မက်ရနဲ့ နည်းနည်းမှ ကောင်းကျိုးမပေးတဲ့အချစ်…''

''မမ စိတ်ခုတ်ကျတဲ့ စကားတွေမပြောစမ်းပါနဲ့ကွာ၊ ဒီမှာ…ကိုယ်ပြောတာ သေသေချာချာ နားထောင်…လူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်မိကြဖို့ဆိုတာ မလွယ်ပါဘူးကွာ၊ အချစ်ဆိုတာ ဒေဝ်ဥယျာဉ်ထဲကသစ်သီးလေးလိုပဲ…အဲဒီ သစ်သီးကို နှစ်ယောက်အတူ စားဖြစ်ဖို့ဆိုတာ မလွယ်ဘူး…အာဒမ်နဲ့ ဧဝတောင်မှ တားမြစ်ထားတဲ့ အဲဒီအသီးကို အရဲစွန့်ပြီး စားခဲ့ကြတယ်…ချိုမြိန်မှုရဖို့ စားရဲတဲ့သတ္တိလိုတယ်၊ ကိုယ်တို့အရွယ်ဆိုတာ နှလုံးသားထက် ဦးနှောက်ကို ပိုပြီး အသုံးချတဲ့ အရွယ်ဖြစ်နေပြီ…ငယ်ရွယ်နုပျိုတဲ့သူတွေလို နှလုံးသားချည်းသက်သက်နဲ့ ချစ်မိကြဖို့ဆိုတာ အင်မတန် ခဲယဉ်းနေပြီ၊ ဒီလိုအချိန်မျိုးမှာ မမနဲ့ကိုယ် ဦးနှောက်တွက်ချက်မှုတွေကို ဆန့်ကျင်ပြီး နှလုံးသားသက်သက်နဲ့ ချစ်မိကြတယ်ဆိုတာ ထူးခြားတဲ့ဖြစ်စဉ်ပဲ…

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

www.foreverspace.com.m



“ကိုယ်တို့ ဒီလိုအချစ်မျိုး ပြန်ရဖို့ မလွယ်တော့ဘူး…အသက်ကြီးလေလေ ပိုပြီးမရလေလေပဲ၊ ရှားရှားပါးပါး ကိုယ့်ရှေ့ရောက်လာတဲ့ သစ်သီးကို ပုတ်မချလိုက်ပါနဲ့ကွာ…”

မမသည် ကိုယ့်ရှေ့ ခေတ်သစ် အာဒမ်ကြီးကို စိတ်ပျက်လက်ပျက် ကြည့်မိရလေသည်။ အိပ်ရာထဲက အိပ်မှုန်စုံမွှား ထ‚လာပုံရတဲ့ အာဒမ်ကြီးရဲ့ မျက်စိထောင့်စွန်းမှာ မျက်ချေးဥကလေး တချို့တလေတောင် ကပ်နေရှာသေးရဲ့။ ဘယ်လိုမှ ကဗျာမဆန်သော အာဒမ် ဖြစ်ပါသည်။

ခေတ်သစ် ဧဝကတော့ ညက အိပ်မပျော်နိုင်ခဲ့တာမို့ မျက်တွင်းဟောက်ပက်နှင့် နွမ်းဖျော့စွာ ခပ်ကုပ်ကုပ် ထိုင်နေခဲ့ပါသည်။

မမသည သူ့စကားကို နားမဝင်နိုင်ဘဲ ထိုင်နေရာကနေ လေးပင်စွာ ထ‚ရပ်လိုက်ပါသည်။

“မမ သွားတော့မယ် စာရေးဆရာ၊ မနက်ဖြန် မမ ခရီးထွက်မယ်…”

“ဟင်…ဘယ်ကိုလဲ…”

“တောင်ကြီးဘက်ကိုပါ…မမ အဒေါ်ရှိတယ်၊ အဲဒီမှာ တစ်လလောက်နေပြီး ရှင့်ကိုမေ့နိုင်အောင် ကြိုးစားမယ်၊

www.foreverspace.com.m



ရှင့်ကို မေ့တော့မှ စိတ်သစ်လူသစ်နဲ့ ရန်ကုန်ပြန်လာပြီး ကျွန်မ ဘဝခရီးကို ကျွန်မ တစ်ယောက်တည်းပဲ ဆက်လျှောက်သွားတော့မယ်…”

“မမရယ်…အချစ်ဆိုတာ…”

“ရှင် အခု မျက်နှာမသစ်‚ သွားမတိုက်ရသေးဘူး မဟုတ်လား…စာရေးဆရာ၊ သွားမတိုက်ဘဲ သစ်သီးစားရင် စိတ်ထဲ ရှင်းရှင်းလင်းလင်း အရသာမခံနိုင်တာမျိုးကို ရှင်ခံစားရလိမ့်မယ်…အချစ်ဆိုတာ ဧဒင်ဥယျာဉ်ထဲက သစ်သီးတစ်လုံး ဆိုရင်တောင်မှ သွားမတိုက်ဘဲ သစ်သီး စားရသလို ခိုးလိုးခုလို အရသာမျိုးကို မမ မလိုချင်ဘူး”

မမက သူ့ကို နှုတ်ဆက်ကာ အိတ်ကို တရွတ်ဆွဲရင်း ခေါင်းငိုက်စိုက်ချ၍ ထွက်လာခဲ့ပါသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm







နောက်တစ်နေ့ နံနက်တွင် ကိုပဋ္ဌသည် စိတ်ထဲ ခပ်လေးလေးနှင့်ပင် မှန်ရှေ့မှာ ငုတ်တုတ်ထိုင်ကာ သူ့မျက်နှာကို ပြောင်စင်ကြည်လင်သွားအောင် မုတ်ဆိတ်မွေးတွေကို ရိတ်သင်နေသည်။

မမကို သူ လိုက်ပို့ချင်ပါသေးသည်။ မမ ဖြစ်စေချင်သော သပ်သပ်ရပ်ရပ် ပုံစံမျိုးဖြင့် မမစိတ်ကို ကြည်လင်သွားစေချင်ပါသည်။

သူဟာ ဘယ်တုန်းကမှ ရုပ်ကို ဦးစားပေးသော သူတစ်ယောက် မဟုတ်ခဲ့ပါ။ သူ့စိတ်ကိုသာ သန့်စင်အောင် လေ့ကျင့်ထားခဲ့ပါသည်။ သို့သော် လူတော်တော်များများဟာ နောက်မှ သိရသော စိတ်ထက် ပထမဦးဆုံး မြင်ရသော ရုပ်ကိုသာ ဦးစားပေး အကဲဖြတ်ကြတာမျိုးကို သူ မကြာခဏ ကြုံခဲ့ရပါသည်။ သူက အဲဒီလို လူမျိုးတွေကို အမြင်ကပ်ကာ

www.foreverspace.com.mm



သူ့ရုပ်ကို လူတကာ အထင်ကြီးအောင် ဘယ်တော့မှ ဂရုတစိုက် မပြုပြင်ခဲ့ပါ။ သူ့စိတ်ထဲက ပြုပြင်ချင်စိတ်ရှိမှ ထ,ပြုပြင်ပြီး စိတ်မပါလျှင် ထင်သလိုနေလိုက်တာ သူ့အကျင့်ဖြစ်နေခဲ့ပြီ။

သူသည် မုတ်ဆိတ်မွေး ရိတ်ပြီးသောအခါ ရေမိုးချိုးပြီး သပ်ရပ်သန့်စင်သော ရှပ်အင်္ကျီ မိုးပြာရောင်ကလေးနှင့် ပုဆိုးကွက်စိပ်လေးကို ဝတ်ဆင်လိုက်ပါသည်။

သူက ထိုအဝတ်အစားဖြင့်ပင် ခေါင်းငိုက်စိုက်ချကာ ထိုင်နေခဲ့မိပါသည်။

မမကို သူမခွဲချင်သော်လည်း တားတော့ မတားချင်ပါ။ အစကတည်းက အစစအရာရာ တွက်ချက်တတ်သော မမဟာ သူ့ကိုချစ်မိပြီး စိတ်ရှုပ်လာသောအခါကျမှ မူလ အတွက်အချက်တွေထဲ ပြန်ရောက်သွားတာမို့ သူ့ရင်ထဲ မကောင်းနိုင်။ သူက မမရဲ့ စစ်မှန်တဲ့ချစ်ခြင်းကိုသာ လိုချင်ပါသည်။

သူ ငိုင်နေဆဲ တံခါးခေါက်သံ ကြားရလေသည်။ သူ တံခါးထ,ဖွင့်ပေးလိုက်သောအခါ နုနုနိုင်နှင့် နန္ဒတို့ကို ပြုံးရွှင်စွာ တွေ့ရလေသည်။ သူက အံ့သြဝမ်းသာသွားရကာ…

"မင်းတို့…မင်းတို့က…"

"ဟုတ်တယ် ဆရာ၊ နတို့ ချစ်သူတွေ ဖြစ်သွားပါပြီ"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ဟာ…ဝမ်းသာလိုက်တာကွာ…"

"ဆရာ ဝမ်းသာတာ နသိပါတယ်…"

ဝမ်းသာအားရ ထ၍အော်လိုက်သော သူ့ကို နန နှင့် နန္ဒတို့က ပြုံးကြည့်ကာ…

"နတို့ချင်း ချစ်သွားတော့မှ နတို့ချစ်ခြင်းကို အခွဲခံရမှာကို ကြောက်လာပြီး ဆရာတို့ကို ကိုယ်ချင်းစာနိုင်လာတယ်၊ နတို့ မနှောင့်ယှက်တော့ပါဘူး ဆရာ…"

"အေး…အေး…မင်္ဂလာပါပဲကွာ…"

နနတို့ ပြန်သွားတော့ သူမှာ ဝမ်းသာမရမလို ဝမ်းနည်းရမလို ဖြစ်ကျန်ခဲ့ရပါသည်။ မမ သိရင် ဝမ်းသာမလား၊ သူ့ဆီ ပြန်လာလေမလား။ သို့သော် သူ အသိမပေးချင်သေးပါ။ သတ္တိမရှိဘဲ ရှောင်ပြေးချင်တဲ့ မမဟာ ဒါကို သိလို့ ပြန်လာတာမျိုး မဖြစ်စေချင်ပါ။ တကယ့် အချစ်စစ်နှင့် ဘာမဆို ရင်ဆိုင်ဖို့ သတ္တိရှိကာ ပြန်လာတာမျိုးပဲ ဖြစ်စေချင်ပါသည်။

တကယ်တော့ မမ အိမ်က သဘောမတူသည့် ကိစ္စကိုလည်း အလွယ်တကူ ဖြေရှင်းပေးလို့ ရပါသည်။ သူ့အနေအထိုင်၊ သူ့ရုပ်ရည်ကို ပြင်ဆင်ကာ ဖေဖေ့ဆီ လှမ်းဖုန်းဆက်လိုက်ရုံသာ ရှိပါသည်။ သူ မိန်းမယူမည်ဆိုလို့ကတော့



ဖေဖေ ဝမ်းသာအားရ ရောက်လာကာ မိန်းမတောင်းပေးဖို့ အဆင့်သင့်ပင်။ မန္တလေးက သူဌေး ဦးလွန်းမြတ်ရဲ့ သားဆိုတဲ့ အရေခွံကလေးကို ပြန်ကောက်ခြုံလိုက်ရုံနှင့် အစစ အရာရာ အားလုံး အဆင်ပြေသွားမည်ပင်။

သို့သော် ခုလို မမ သတ္တိမဲ့စွာ ရှောင်ထွက်သွားချင်သော အချိန်မျိုးမှာ ဒါတွေကို သူ ပြောမပြချင်သေးပါ။ သူ့လို ပိုက်ဆံမရှာနိုင်တဲ့၊ အဆောင်အယောင်မရှိ လူညစ်ထပ်ထပ် မသပ်မရပ်ကို အတွက်အချက်တွေကြားကပင် ဖြူစင်စွာ ချစ်မြတ်နိုးတဲ့ မမရဲ့နှလုံးသားကိုသာ သူ အလိုရှိပါသည်။ အချစ်ကြောင့် နောက်ပြန်လှည့်လာတာမျိုးကိုပဲ သူ ဆီးကြိုချင်ပါသည်။

သူက ကားဂိတ်သို့ တိတ်ဆိတ်စွာ လိုက်ပို့ရန် စိတ်ကူးဖြင့် ထိုင်နေရာမှ ထ၍လိုက်လေသည်။

⌘ ⌘ ⌘

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



မမသည် အဝေးပြေးကားပေါ် တက်ထိုင်မိသည်နှင့် မျက်ရည်က အိခနဲ ဝိုင်းလာလေသည်။ ထိုခဏမှာပင် ကက်ဆက်သံက ပေါ်လာကာ ရင်ဂိုသီချင်းသံက မမကို မီးလောင်ရာ လေပင့်လိုက်ပြန်ပါသည်။

*"တိမ်လို မတည်ငြိမ်အချစ်များနဲ့…*
*ဟိုဒီ ကိုယ်ပြန်ဝဲခဲ့ချိန်…*
*သူရယ် ဝမ်းနည်းခြင်းများ လှည့်မကြည့်ခဲ့တာ…*
*ခုတော့ ကိုယ့်အလှည့်များ…"*

သီချင်းစာသားက ကိုယ့်အဖြစ်နဲ့ သိပ်တော့ မဆိုင်။ သို့သော် သီချင်းသံက နောင်တနှင့် ငိုညည်းနေသလိုမို့ မမ ရင်ထဲက ဝမ်းနည်းစိတ်က တလှိုက်လှိုက် တက်လာပါသည်။



*"နိဝင်ရင်ခွင်ဝေးတော့မှ…*
*ပြန်လည်ရှင်သန်လာ အချစ်ရဲ့ သစ္စာ…*
*ရင်ထဲ ကိုယ်ချင်းစာတတ်ချိန်….မင်းကို*
*အရေးတကြီး တွေ့ချင်မိ…"*

မမသည် သူ့ကို တကယ်ပဲ အရေးတကြီး တွေ့ချင်လာရတော့သည်။

*"အချစ်ရေ…ခွင့်လွှတ်လှည့်ပြန်ခဲ့…*
*ဒီမှာ မင်းမရှိလို့ မဖြစ်ဘူး…*
*အချစ်ရေ…ဆွေးစားငွဲညှာဦး…*
*ရင်မှာ အရှုးမီးဝိုင်းနေပြီ…*
*စိတ်လိုက်မာန်ပါ မင်း…*
*ခြေသံများ အစွန်းတစ်ဖက် ရောက်မှာစိုး…"*

မမထံမှ ရှိုက်သံတစ်ချက် အစ်ခနဲ ထွက်လာကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပါသည်။ သီချင်းသံက သူ့ကိုယ်စား မမကို လာတောင်းပန်နေသလိုမို့ မမစိတ်က မခိုင်။ မမက မျက်ရည်တွေကို လက်ခုံနှင့် ပွတ်သုတ်လိုက်ရင်း ကားဆရာဆီ ထ,သွားမိကာ…

"ဒီမှာ ကားဆရာ…ကျေးဇူးပြုပြီး အဲ့ဒီသီချင်းလေး ပိတ်ပေးပါ…"

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



"ခင်ဗျာ…ဘာဖြစ်လို့လဲ"

"ကျွန်မ စိတ်မခိုင်တော့လို့ပါရှင်…"

ကားဆရာက မမကို အံ့သြသလို လှည့်ကြည့်လိုက်ပါသည်။ မမရဲ့ ဝမ်းပမ်းတနည်း မျက်နှာကို တွေ့တော့မှ သဘောပေါက်သွားကာ ကြိတ်ပြုံးလိုက်ရင်း ကက်ဆက်ကို ပိတ်လိုက်သည်။ နောက်တစ်ခွေ ထည့်ဖွင့်လိုက်တာက လေးဖြူရဲ့ ဆူဆူညံညံ Rock သီချင်းတွေမို့ မမ နည်းနည်း နေသာထိုင်သာ ဖြစ်သွားသည်။

မမသည် သူ မမဆီ လိုက်လာခေါ်မလားဟု မျှော်လင့်ကာ ကားထွက်သွားမှာကို ကြောက်နေသည်။ မမ ရုံးမှာ စုံစမ်းရင်တော့ မမ ဘယ်ကားနဲ့ ဘယ်အချိန်သွားမည်ဆိုတာ သူသိမှာပင်။

မျှော်သော်လည်း သူက ပေါ်မလာသောအခါ မမက ရှေ့ထိုင်ခုံနောက်မှီကို မျက်နှာအပ်ကာ ခေါင်းငိုက်စိုက်ကျနေပါသည်။ သို့သော် လူကသာ ငြိမ်သော်လည်း စိတ်က မငြိမ်။

သူနဲ့ တစ်လခွဲရဖို့ကိုတောင်မှ မမရင်ထဲ ဝမ်းပမ်းတနည်း ဖြစ်လှပါသည်။ တစ်သက်လုံး ဝေးရဖို့သာဆိုရင် မမ ခံနိုင်ရည်မရှိဖို့ သေချာပါသည်။



ခုလိုကျတော့လည်း အရာရာကို ရင်ဆိုင်ဖို့ သတ္တိတွေဟာ မမ ရင်ထဲကို တစိမ့်စိမ့် ဝင်ရောက်လာပါသည်။

ဒီအရွယ်ကျမှ မရူးမိုက်ရင် ဘယ်အရွယ်မှာရူးမိုက်ဦးမှာလဲ။

"အာဒမ်နဲ့ ဧဝတောင်မှ တားမြစ်ထားတဲ့ သစ်သီးကို အရဲစွန့်ပြီး စားခဲ့ကြတယ်…ချိုမြိန်မှုတွေရဖို့ စားရဲတဲ့ သတ္တိလိုတယ်…"

ဝေခွဲမရစိတ်ဖြင့် မမ စိတ်ဟာ လှိုက်ခါနေပါသည်။ သို့သော် မမ ဆုံးဖြတ်ချက်ကိုတော့ မပြင်ချင်၊ စိတ်ရှုပ်စရာတွေကို မလိုချင်၊ စိတ်ပျက်လက်စနဲ့ ပြတ်လိုက်တာပဲကောင်းပါတယ်လေ…။

"ကဲ…ခရီးသည်များ…အားလုံးစုံရင် ကားထွက်ပါမယ်"

စပယ်ယာ အသံကြောင့် ဒိတ်ခနဲ ရင်ထဲဆောင့်ခုန်ကာ ခေါင်းထောင်ကြည့်လိုက်သည်။ ခေတ်သစ် အာဒမ်ကြီးကို တွေ့ရနိုးနှင့် ဟိုဟိုဒီဒီ ခေါင်းချာချာလည်ကာ ရှာဆဲ သူ့ကို ဖြုန်းခနဲ လှမ်းမြင်လိုက်ရလေသည်။

ကားပေါ်မှာ Rock သီချင်းသံတွေက ဝုန်းဒိုင်းကျဲ၊ ကားက ဘီး စ,လှိမ့်နေပြီ။ မမရဲ့ ခေတ်သစ်အာဒမ်က

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



မြင်ရခဲ့သည့် သပ်သပ်ရပ်ရပ် ပုံစံနှင့် ငွေကြီးရပ်ကာ မမတို့ ကားကို လှမ်းကြည့်နေသည်။

ကားက ပိုမြန်လာသည်။ မမနဲ့ သူ ပိုဝေးသွားသည်။ ကားပေါ်မှာတော့ Rock သီချင်းသံကို ဖုံးလွှမ်းအောင် အော်လိုက်သော မမရဲ့ အသံက ကျက်ကျက်ညံ၍ သွားလေသည်။

"ကားရပ်ပါ၊ ကားရပ်ပေးပါရှင်…ကားအခုရပ်ပေးပါ၊ ကျွန်မ မလိုက်တော့ဘူး…"

⌘ ⌘ ⌘



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဉယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

www.foreverspace.com.mm







စာရေးဆရာ လှမ်းကြည့်နေဆဲ တောင်ပေါ်သား ကားကြီးက တုံ့ခနဲ ရပ်သွားလေသည်။

ကားပေါ်မှ ဒရောသောပါး ပြေးဆင်းလာသူမှာ မမတည်း။ အမြဲ တလွဲတချော် ဖြစ်တတ်သော သူရဲ့ ဧဝ မမကျော်တည်း။

မမက သူ့ကို လက်လှမ်းပြကာ ခပ်သွက်သွက် ပြေးနေသော်လည်း လုံချည်စကတ်က တုတ်နေတာမို့ ခြေလှမ်းက မတွင်။ စကတ် မတုတ်အောင် ခြေလှမ်းစိပ်စိပ်နှင့် တောက်တက်တောက်တက် ပြေးလာနေပုံက ကာတွန်းရုပ်နှင့် တူလေသည်။ သူမက သူ့ကိုသာ လှမ်းကြည့်ကာ အောက်ကို ငုံ့မကြည့်တာမို့ ခြေတစ်ဘက်က ဗွက်အိုင်ထဲ ချော်ကျကာ လျှောခနဲ ဖင်ထိုင်လျက် လဲကျသွားလေသည်။

သူက သူမထံ ပြေးသွားကာ ထူမပေးရပါသည်။ သူမက ဗွက်အိုင်ထဲမှ ကြုံးထ‚လာကာ မောဟိုက်သံဖြင့်…

www.foreverspace.com.mm



"စာ…စာရေးဆရာ၊ မမ…မမ ဒေင်ဥယျာဉ်ထဲက သစ်သီးကို သွား…သွားမတိုက်ရသေးဘဲ စား…စား တော့မယ်၊ မမ ဘာမဆို ရင်…ဆိုင်တော့မယ်"

သူက မောဟိုက်တုန်ယင်နေသော မမကို ထွေး ပွေ့နှစ်သိမ့်နေဆဲ မမကို ရပ်ပေးခဲ့သော ကားက ထွက်ခွာရန် ဘီးလှိမ့်နေတာကို နှစ်ဦးအတူ လှမ်းမြင်လိုက်ရလေသည်။ သူတို့နှစ်ယောက် ဖျတ်ခနဲ လှူချင်းခွာကာ တစ်ယောက်မျက်နှာ တစ်ယောက် မျက်လုံးပြူးကာ ကြည့်မိရင်း ပြိုင်တူအော်လိုက် မိကြသည်။

"အိတ်…အိတ်…မမရဲ့ အိတ်ပါသွားပြီ…"

ကပ်စေးနှဲသော စာရေးဆရာက မမရဲ့လက်ကို ဆွဲကာ ထွက်ခွာစ ပြုသော ကားဆီ လှစ်ခနဲ ပြေးထွက်လိုက် သည်။ သူတို့နှစ်ဦးရဲ့ ခြေလှမ်းက ညီညွတ်စွာ…မျှဝေစွာ ပေါ့ပါးစွာ…။

ချစ်မေတ္တာဖြင့်…

**ပုညခင်**

22.9.2003

4:09PM

မှတ်မှတ်ရရ…မွေးနေ့တွင် ရေးသားပြီးစီးသည်။

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။




စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/